# ပြိုင်ပွဲဝင်ဆုရ လက်ရွေးစင်ဝတ္ထုတိုများ




## သက်ဝေမောင်

ပြိုင်ပွဲအသီးသီး ဆုရဝတ္ထုတိုများ

## "စာရေးဆရာ သက်ဝေမောင်၏ ကိုယ်ရေးအကျဉ်း"



အဖ ဦးသောင်းဟန်၊ အမိ ဒေါ်အေးထွေးတို့မှ ၁၃၂၂ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ပန်းခိုင်ကျေးရွာတွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးသက်ဝေဖြစ်သည်။ ပညာအရည်အချင်းမှာ H.G. P, LLB ဖြစ်သည်။

၂၀၁၁ ခုနှစ်၊ မေလတွင် "နှစ်ဖက်မြင်ဇာတ်ခုံ" ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ရရှိခဲ့သော ဆုများမှာ -

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မိဘကျေးဇူးဆပ်ပူဇော်ဟောပြောမှုပြိုင်ပွဲတွင် အလွတ်တန်းအဆင့် ပထမဆု (၂၀၁၀ ခုနှစ်)၊ **Mother's Choice** ကုမ္ပဏီမှ ကြီးမှူးကျင်းပသော အမေ့မေတ္တာဝတ္ထုတိုပြိုင်ပွဲ ဒုတိယဆု (၂၀၁၂ခုနှစ်)၊ ပညာတန်ဆောင်စာပေပြိုင်ပွဲ၏ တစ်မျက်နှာဝတ္ထုတိုပြိုင်ပွဲပထမဆု (၂၀၁၂ခုနှစ်)၊ (၈)ကြိမ်မြောက် ကျိုက္ကလော့ အမေ့မေတ္တာဝတ္ထုတိုပြိုင်ပွဲ ဒုတိယဆု (၂၀၁၂ခုနှစ်)၊ (၅)ကြိမ်မြောက် မန္တလေးအဖေနေ့ ဝတ္ထုတိုပြိုင်ပွဲ တတိယဆု (၂၀၁၂ခုနှစ်)၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးဝတ္ထုတို ပြိုင်ပွဲတွင် ဒုတိယဆု (၂၀၁၄ခုနှစ်)၊ (၁၀) ကြိမ်မြောက် ကျိုက္ကလော့ အမေ့မေတ္တာဝတ္ထုတို ပြိုင်ပွဲတွင် ပထမဆု (၂၀၁၄) ခုနှစ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဒီဇင်ဘာလူထု လှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲတွင် တတိယဆု (၂၀၁၆ခုနှစ်)၊ (၁၂) ကြိမ်မြောက် ကျိုက္ကလော့ အမေ့မေတ္တာဝတ္ထုတို ပြိုင်ပွဲတွင် တတိယဆု၊ ပညာတန်ဆောင် စာပေပြိုင်ပွဲ၏ တစ်မျက်နှာဝတ္ထုတိုပြိုင်ပွဲတွင် အထူးဆု (၂၀၁၇ခုနှစ်)၊ စိမ်းလန်းရွှေပြည် စာပေပြိုင်ပွဲ ဝတ္ထုတိုပေါင်းချုပ် (စာမူ) ပြိုင်ပွဲတွင် တတိယဆု (၂၀၁၇ ခုနှစ်) တို့ ရရှိခဲ့ပါသည်။ ၂၀၁၅ ခုနှစ်က ကျင်းပသော ပထမအကြိမ် **Ocean Super Centre** ၏ အကောင်းဆုံး မေမေပြိုင်ပွဲတွင် မိခင်တစ်ဦးအား ငွေသား ၁၅ သိန်း၊ ဈေးဝယ်ခွင့်ကဒ် ၅ သိန်း (စုစုပေါင်း သိန်းနှစ်ဆယ်) တိတိ ရရှိအောင် ကလောင်စွမ်းရည်ဖြင့် အကူအညီပေးခဲ့သည်။

လက်ရှိတွင် စာပေဆုပေါင်း (၁၄) ဆုတိတိ ရရှိထားပြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စာရေးဆရာအသင်း၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ အ. မ. က (၆) မူလွန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အလယ်တန်းပြဆရာအဖြစ် အမှုထမ်းလျက်ရှိသည်။

# သက်ဝေမောင်

# ပြိုင်ပွဲဝင်ဆုရ လက်ရွေးစင်ဝတ္ထုတိုများ

“ပြိုင်ပွဲအသီးသီး ဆုရဝတ္ထုတိုများ”

ပထမအကြိမ် – ၂၀၁၈

ပုံနှိပ်မှတ်တမ်း

## ပြိုင်ပွဲဝင်ဆုရ လက်ရွေးစင်ဝတ္ထုတိုများ

### သက်ဝေမောင်

ထုတ်ဝေခြင်း – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (ပထမအကြိမ်)
မျက်နှာဖုံးဒီဇိုင်း – ရဲဝင်းကို
ကွန်ပျူတာစာစီ – ရဲဝင်းကို
အတွင်းပန်းချီ – စောနိုင်ထူး
ထုတ်ဝေသူ – ကြည်ဇော်ဝင်းစာပေ (၀၁၅၁၄)
ဖလင်ခွဲ – ကိုနေလင်း (ဘားလမ်း)
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် – ရွှေရောင်လင်းရောင်စုံပုံနှိပ်တိုက်
အမှတ် (၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၁၈၆၈၂၇၊ ၀၉–၄၂၈၁၉၉၁၇၁
ဖြန့်ချိရေး – ကြည်ဇော်ဝင်းစာပေ
အမှတ်(၄၇)၊ လှော်ကားလမ်း၊ တောင်ဒဂုံမြို့နယ်၊
ရန်ကုန်။ ဖုန်း–၀၉–၇၈၂၆၀၀၈၁၃
အုပ်ရေ – ၅၀၀ အုပ်
တန်ဖိုး – ၂၅၀၀ ကျပ်

သက်ဝေမောင်
ပြိုင်ပွဲဝင်ဆုရ လက်ရွေးစင်ဝတ္ထုတိုများ
၁၂. ၅စင်တီ× ၁၈. ၅စင်တီ စာ - ၂၃၀

# မာတိကာ


၁။ ဆရာကြီးလယ်တွင်းသားစောချစ်၏သုံးသပ်ချက်

၂။ စာရေးသူ၏ အမှာ

၃။ အဖြူရောင်မှုသား – ၁

၄။ ပန်းချစ်သူသဘာဝ – ၇

၅။ အဖြူရောင်နှလုံးသား၏ ထာဝရအမွေ – ၁၃

၆။ စုန်လမ်းမှသည် ဆန်လမ်းဆီသို့ – ၃၇

၇။ ဥယျာဉ်မှူးတို့၏ အဖြူရောင်နှလုံးသားများ – ၅၉

၈။ လောက၌ အခက်ဆုံးသောအရာ – ၈၃

၉။ သဘောတော် အတိုင်း – ၁၀၉

၁၀။ အိပ်မက်ပျော်အချစ်၏ ပြစ်ဒဏ်သင့်နှလုံးသား – ၁၂၇

၁၁။ မေတ္တာရောင်ပြန် – ၁၄၃

၁၂။ အဲဒါ ငါ့အဖေကွ – ၁၅၁

၁၃။ ဥယျာဉ်မှူး၏ ပန်းကလေးတစ်ပွင့် – ၁၆၅

၁၄။ ဘဝဆက်တိုင်း တောင်းမည့်ဆု – ၁၇၇

၁၅။ မြင်းမိုရ်ချင်းတော့ မတူပါလေ – ၁၉၅

၁၆။ တိမ်ညိုကြားက လမင်းမေတ္တာ – ၂၀၃

## ဆရာကြီးလယ်တွင်းသား စောချစ်၏ သုံးသပ်ချက်

သက်ဝေမောင်ရဲ့ ဝတ္ထု (အဖြူရောင်နှလုံးသား၏ ထာဝရအမွေ) ကို ကျွန်တော်ဘာဖြစ်လို့ ပထမရွေးရတာတုန်းဆိုတော့ --

ဝတ္ထုရဲ့ အင်္ဂါရပ်နဲ့ အင်မတန်ကိုက်ညီတယ်၊ ဝတ္ထု ပီသတယ်။ ဝတ္ထုကောင်းဖြစ်တယ်။ ကျွန်တော် ဘယ်လိုမှ (ကျွန်တော်ကိုယ်တိုင်လည်း စာရေးဆရာပါ) ကျွန်တော် မျှော်လင့်မထားတဲ့ ဇာတ်လမ်းနဲ့ ဖန်တီးသွားတယ်။ ချေးဖွဲ့သွားတယ်။ ကောင်းလိုက်တာ ---။

ဘယ်လိုမှ အဲဒီလို နောက်ဆုံးဇာတ်သိမ်းမယ်လို့ တွေးကို မတွေးမိဘူး။ အမေ့အကြောင်းလည်း မပါဘူး။ လျှို့ဝှက်သည်းဖိုလိုလို၊ စွန့်စားခန်းလေးလိုလို -- အဲဒါကို ဖတ်ပြီးတော့ "အော် ဒီလူကလည်း အမေ့မေတ္တာပြိုင်ပွဲကို ဘယ်လိုဝတ္ထုမျိုးနဲ့ ဝင်ပြိုင်နေတာပါလိမ့်" ဆိုပြီး အဲ့ဒီလိုတောင် အောက်မေ့မိပါတယ်။

နောက်ဆုံး နိဂုံးချုပ်တဲ့အခါကျတော့မှ မယင်ဘူးဗျာ။ ကောင်းလိုက်တာ---။ အမေ့ မေတ္တာပေါ်လာတယ်။ သူ့အသက်ကိုပေးဖို့ ဝန်မလေးတဲ့အမေ---။ ဝန်မလေးရုံတင်မကဘူး။ သူ့အသက်ကိုပေးပြီးတော့ သားလေးမျက်စိမြင်အောင်၊ ဒုက္ခိတ ဘဝက လွတ်မြောက်အောင် ကယ်တင်သွားတယ်။

အဲဒီဟာ ရေးထားတာ အင်မတန် ညက်ညောတယ်။ တင်ပြပုံ အလွန်ကောင်းတယ်။ ဝတ္ထုတိုတစ်ပုဒ်ကောင်းဖြစ်တယ်။ ဒါလေးကို ဒီနှစ် ကျွန်တော်တို့ ရလိုက်တယ်။

(၂၀၁၄ခုနှစ်၊ ကျီးကန်းလေ့ အမေ့မေတ္တာ စာမူပြိုင်ပွဲ ဆယ်စုနှစ်ပြည့် ဆုပေးပွဲတွင် ပြောကြားသည့်အမှာစကားမှ -)

## စာရေးသူ၏ အမှာ ----

စာရေးသူ၏ ပြိုင်ပွဲဝင်ဆုရ ဝတ္ထုတိုများ အနက် ရေးဖွဲ့ခဲ့သော အကြောင်းအရာ (၅)မျိုးအပေါ် မူတည်၍ ဤစာအုပ်တွင် လက်ရွေးစင် ဝတ္ထုတို (၁၄)ပုဒ်ရွေးချယ်ထားပါသည်။

**မိခင်၏မေတ္တာနက်ရှိုင်းပုံကို** ရေးဖွဲ့ခဲ့သော ဝတ္ထုတိုများအဖြစ် ''အဖြူရောင် နှလုံးသား၏ ထာဝရအမွေ''၊ ''စုန်လမ်းမှသည် ဆန်လမ်း ဆီသို့''၊ ''ဥယျာဉ်မှူးတို့၏ အဖြူရောင်နှလုံးသားများ''၊ ''မြင်းမိုရ်ချင်း တော့ မတူပါလေ''၊ ''တိမ်ညိုကြားမှ လမင်းမေတ္တာ''တို့ကို တွေ့မြင် နိုင်ပါသည်။

**ဖခင်၏ မေတ္တာကြီးမားပုံကို ကိုယ်တွေ့ဝတ္ထု**များအဖြစ် ''မေတ္တာရောင်ပြန်'' နှင့် ''အဲဒါ ငါ့အဖေကွ''တို့ကို ဖတ်ရှုနိုင်ပါသည်။

**ဆရာနှင့်တပည့်တို့၏ မေတ္တာ**ကို ပေါ်လွင်စေရန် ''အဖြူရောင်မှသား''၊ ''ပန်းချစ်သူသဘာဝ''၊ ''ဥယျာဉ်မှူး၏ ပန်းကလေး တစ်ပွင့်''၊ ''ဘဝဆက်တိုင်း တောင်းမည့်ဆု'' ဝတ္ထုတို့ကို ရေးဖွဲ့ခဲ့ပါ သည်။

**မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်**ကို ''သဘောတော် အတိုင်း''နှင့် ''အိပ်မက်ပျော်အချစ်၏ ပြစ်ဒဏ်သင့်နှလုံးသား'' ဝတ္ထု တို့တွင် တင်ပြထားပါသည်။

**ကျန်းမာရေးနှင့် အားကစားဆိုင်ရာ သုတရသ**များကို ''လောက၌ အခက်ဆုံးသောအရာ'' ဝတ္ထုတွင် အသိပေးဖော်ပြထားပါ သည်။

စာရှုသူအနေဖြင့် ဤစာအုပ်ပါ ဝတ္ထုများအနက် တစ်ပုဒ် တလေမျှ နှစ်သက်မိသည် ဆိုငြားအံ့။ စာရေးသူ ကျွန်တော်အနေဖြင့် ဝမ်းသာကျေနပ်နေမည်သာဖြစ်ပါသည်။

လေးစားစွာဖြင့်
သက်ဝေမောင်
ဖုန်း-၀၉-၄၂၀ ၁၆၀ ၃၆၀




၂၀၀၁ ခုနှစ်၊ ပညာတန်ဆောင်စာပေပြိုင်ပွဲ

တစ်မျက်နှာဝတ္ထုတိုပြိုင်ပွဲ ပထမဆုရ

ကျွန်တော်၏ ပြောစကားကြောင့်

ထက်နေခြည်ဦးရော၊ အေးချမ်းမေပါ

ပါးစပ်အဟောင်းသားဖြင့်

ကျွန်တော့်ကို

ငေးကြည့်နေကြ၏ ...

# အပြုံးရောင်မှုသား

( ၁ )

"ဆရာကြီး၊ အေးချမ်းမေလေ၊ သမီးပိုက်ဆံ ငါးရာကို ခိုးထားတယ်။ ပြန်တောင်းပေးပါဦး ဆရာကြီးရယ်"

အထက်ပါစကားကို ပြောလာသူမှာ ကျွန်တော်၏ စတုတ္ထတန်းမှ ကျောင်းသူလေး မထက်နေခြည်ဦးပင်ဖြစ်သည်။ ထက်နေခြည်ဦး၏ ပြောစကားနှင့်အတူ အေးချမ်းမေကို လှမ်းကြည့်လိုက်တော့ မလုံမလဲဟန်ဖြင့် ခေါင်းငုံ့သွား၏။ ထက်နေခြည်ဦး ပြောသည်မှာ ဖြစ်နိုင်ပါသည်။ အေးချမ်းမေမှာ မိဘများ မရှိတော့၍ အဖွားဖြစ်သူနှင့် နေရ၏။ မုန့်ဖိုး ငါးဆယ်ပင် နေ့စဉ်မရရှာပါ။ ထက်နေခြည်ဦးကတော့ ပြေလည်သော မိသားစုမှဖြစ်ပြီး တစ်နေ့လျှင် မုန့်ဖိုးငါးရာကျပ်ရသည်ကို တစ်တန်းလုံး လိုလိုသိကြ၏။ သူဝယ်ကျွေးသော မုန့်ကို စားနေကြသည့် သူငယ်ချင်းများက သူ့နံဘေးတွင် အမြဲဝန်းရံလျက်ရှိသည်။ ယခုလည်း အေးချမ်းမေယူသည်ကိုမြင်ကြသော ထက်နေခြည်ဦး၏ သူငယ်ချင်းများက သက်သေခံရန်အဆင်သင့်။ ကျွန်တော် မည်ကဲ့သို့ ဆုံးဖြတ်ရပါအံ့နည်း။

( ၂ )

ယနေ့ နံနက် ကျောင်းသို့ ကျွန်တော်လာစဉ် အေးချမ်းမေ၏ အဖွားနှင့် လမ်း၌ တွေ့၍ "ဆရာကြီးရယ်၊ မြေးလေး အေးချမ်းမေက ဆရာကန်တော့ပွဲ ပိုက်ဆံမထည့်ရသေးလို့ ကျွန်မကို စိတ်ဆိုးနေတယ်။ ကြည့်ပြောပေးပါဦး" ဟူ၍ ကျွန်တော့ကို အကူအညီတောင်းသွားရှာသည်။ ယနေ့နံနက် ထက်နေခြည်ဦးနှင့် ပြဿနာမဖြစ်ခင်ကပင် အေးချမ်းမေ တစ်ယောက် ကျွန်တော့်ထံလာ၍ ဆရာကန်တော့ပွဲအတွက် ငွေငါးရာ ထည့်သွား၏။ ကျွန်တော့်မှာ သူ့အဖွား၏ ပြောစကားအရလည်းကောင်း၊ လက်ရှိအခြေအနေအရလည်းကောင်း၊ ထက်နေခြည်ဦး၏ ပိုက်ဆံကို အေးချမ်းမေ ယူသည်မှာ သေချာသလောက်ပင်ဖြစ်နေသည်။ ဪ၊ မလွှဲမရှောင်သာ ဤကိစ္စကို ဖြေရှင်းရမည်။

( ၃ )

"ထက်နေခြည်ဦးရေ။ သမီးရဲ့ ပိုက်ဆံငါးရာက ဒီမှာကွဲ့။ စောစောက သမီးတို့ ခုံနားမှာ ဆော့နေတဲ့ ကျောင်းသားလေးတွေ ကောက်ရလို့ ဆရာကြီးကို လာအပ်ထားတယ်။ ရော့ -- ရော့၊ အေးချမ်းမေက သမီးပိုက်ဆံကို မယူပါဘူးကွဲ့"

ကျွန်တော်၏ ပြောစကားကြောင့် ထက်နေခြည်ဦးရော၊ အေးချမ်းမေပါ ပါးစပ်အဟောင်းသားဖြင့် ကျွန်တော့်ကို ငေးကြည့်နေကြ၏။

( ၄ )

ကျောင်းဆင်းခေါင်းလောင်းထိုး၍ ရုံးခန်းထဲ၌ ကျွန်တော် တစ်ဦး တည်းရှိစဉ်အေးချမ်းမေရောက်လာ၏။ ကျွန်တော့်ကို ထိုင်ကန်တော့ပြီးလျှင် ပါးစပ်မှလည်း "သမီးနောက်မလုပ်တော့ပါဘူး၊ ဆရာကြီးရယ်" ဟု

ပြောသွားသေး၏။

( ၅ )

တစ်နေ့ နံနက်သတင်းစာတွင် "ငွေငါးသိန်းကောက်ရ၍ ပိုင်ရှင်ထံ ရိုးသားစွာပြန်အပ်"ဟူသော သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ပြန်အပ်လာသူက တစ်ချိန်က ကျွန်တော့်တပည့်မလေး "အေးချမ်းမေ"။

( ၆ )

အဖြူရောင်ကို ပန်းချီပညာရှင်များက "မည်သည့်အရောင်မျှ မစွန်းထင်းသေးသည့် ပကတိဖြူစင် ရိုးသားသည့် ကုသိုလ်အရောင်" ဟု ဖွင့်ဆိုကြပါသည်။

မုသားကို မြန်မာအဘိဓာန်၌ "လိမ်လည်ပြောဆိုသောစကား" ဟု အနက်အဓိပ္ပါယ်ဖွင့်ဆိုထား၏။

သို့ဖြစ်ပါလျှင် "အဖြူရောင်မုသား"ဟူသည် ----။

သက်ဝေမောင်

(၂၀၁၂)ခုနှစ်၊ ပညာတန်ဆောင်စာပေပြိုင်ပွဲ၊ တစ်မျက်နှာဝတ္ထုတိုပြိုင်ပွဲ (ပထမဆု)




# ပန်းချီ၏သဘာဝ

သက်ဝေမောင်

၂၀၀၇ ခုနှစ်၊ ပညာတန်ခေတ်စာပေပြိုင်ပွဲ တစ်မျက်နှာဝတ္ထုတိုပြိုင်ပွဲ
(အထူးဆုရ)

အတန်းသားများ၏ လက်ခုပ်သံနှင့်အတူ

ကျွန်တော်၏ မျက်လုံးအိမ်မှ

မျက်ရည်များစီးကျလာခဲ့သည်၊

ဆရာနှင့် ကျွန်တော်

နှစ်ဦးသာနားလည်သော

သင်္ကေတအဖြစ်

မျက်လုံးချင်း ဆုံမိလိုက်ကြသည်။

# ပန်းချစ်သူ သဘာဝ

( ၁ )

ငယ်စဉ်ကလေးဘဝ ဤကဗျာလေးကို ရွတ်ဆိုစဉ်မှာပင် ဆရာ၏ မေတ္တာနှင့်စေတနာကို အမှတ်ရမိ၏။ ကျွန်တော်၏သားသမီးများ လက်ထက် ဤကဗျာလေးကို ရွတ်ဆိုစဉ်မှာလည်း ဆရာ၏မေတ္တာနှင့် စေတနာကို အမှတ်ရမိ၏။ နောင်အခါ အခြားကလေးများ ဤကဗျာကို ရွတ်ဆိုစဉ်မှာလည်း ဆရာ့မေတ္တာနှင့်စေတနာကို ကျွန်တော်အမှတ်ရနေမည်သာဖြစ်သည်။

( ၂ )

"မောင်အောင်သက်ပိုင်ရေ။ ဆရာများ နားနေခန်းက ခုံပေါ်မှာ ဆရာမ ကျောင်းခေါ်ကြိမ်လေးသွားယူပေးစမ်းပါကွယ်။"

"ဟုတ်ကဲ့ပါ ဆရာမ"

အတန်းပိုင်ဆရာမ ပြောစကားနှင့်အတူ ဆရာများနားနေခန်းသို့ ကျွန်တော်ရောက်သွားသည်။ အခန်းထဲ၌ မည်သူမျှ မရှိပေ။

ဆရာမ ကျောင်းခေါ်ကြိမ်စာအုပ်နှင့် မလှမ်းမကမ်းတွင် ဆရာဦးသန့်စင်၏ မှတ်စာစာအုပ်အနက်ကလေးရှိ၏။ ထိုစာအုပ်ကြားထဲတွင် တစ်ထောင်တန်အချို့ ညှပ်ထားသည်။

အခန်း၏ အပြင်ဘက်သို့ ကျွန်တော်လှမ်း၍အကဲခတ်လိုက်သည်။ ထို့နောက် တစ်ထောင်တန်တစ်ရွက်ကို အသာယူ၍ အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။ ဆရာမယူခိုင်းသော စာအုပ်ကိုယူ၍ စာသင်ခန်းဆီသို့ ကျွန်တော်ပြန်ခဲ့သည်။

( ၃ )

နေ့လည် မုန့်စားကျောင်းဆင်းသောအခါ မုန့်ဈေးတန်းက မုန့်အတော်များများကို ကျွန်တော်ဝယ်စားလိုက်၏။

( ၄ )

''မင်္ဂလာပါဆရာကြီး''

''မင်္ဂလာပါ တပည့်တို့''

ကျောင်းတက်ခေါင်းလောင်းထိုးသည်နှင့် ဆရာဦးသန့်စင်သည် မြန်မာစာသင်ရန် ကျွန်တော်တို့ ဒုတိယတန်းသို့ ဝင်လာ၏။ ဆရာ့ကို လှမ်း၍ မသိမသာအကဲခတ်လိုက်သည်။ ဆရာ့ထံက ထူးခြားဟန်မပြ။ ဆရာကကျောက်သင်ပုန်းပေါ်တွင် သူသင်ကြားမည့် စာကိုရေးလိုက်သည်။

**''ခွင့်တောင်းပါ''**

**မိဦးဖဦး၊ ဆရာ့ဦးကို၊ ခူး၍အလျင် မစားနှင့်။**

**မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျင်၊ မယူငင်နှင့်။**

**လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ၊ တောင်းပါကြ။**

ကျွန်တော့်ရင်များ တဒိတ်ဒိတ်ခုန်သွား၏။ ကျွန်တော့်ကိုများ ရည်ရွယ်၍ရေးနေသလားဟု ထင်မိ၏။ ဆရာက ပုံမှန်အတိုင်း စာသင်

ပြီးသည်နှင့် အချိန်စေ့သောအခါ အခန်းထဲက ထွက်သွားသည်။

( ၅ )

ကျွန်တော်သည် ဆရာ ပိုက်ဆံကို ယူပြီးသည့်နေ့မှစ၍ လိပ်ပြာမလုံဖြစ်ပြီး ကျောင်းတက်ရသည်ကို မပျော်တော့ပါ။ ဆရာဦးသန့်စင် စာသင်ချိန်များတွင် ဆရာ့မျက်လုံးများကို ရင်မဆိုင်ရဲတော့ပါ။ ကျူးလွန်မိသောအပြစ် မည်သို့ ပျောက်အောင်လုပ်ရမည်ကို ကျွန်တော်စဉ်းစားနေမိသည်။

( ၆ )

တစ်နေ့။ အတန်းပိုင်ဆရာမက စစ်ပြီးသော လေ့ကျင့်ခန်းစာအုပ်များသွားယူရန် ဆရာများနားနေခန်းသို့ ကျွန်တော့်ကို လွှတ်လိုက်သည်။ ပုံမှန်အတိုင်းနားနေခန်းတွင် မည်သူမျှမရှိ။

ကျွန်တော်ရသည့် နေ့စဉ်မုန့်ဖိုးထဲက စုဆောင်းထားသော တစ်ထောင်တန်လေးတစ်ရွက်ကို အသင့်ရှိနေသော ဆရာဦးသန့်စင်၏ ဒိုင်ယာရီစာအုပ်ကြားထဲသို့ ပြန်၍ ထည့်လိုက်သည်။

( ၇ )

မုန့်စားကျောင်းတက်သည့်နှင့် ဆရာဦးသန့်စင်သည် စာသင်ခန်းထဲသို့ ဝင်လာ၏။ ဆရာက ကျွန်တော်တို့ ဖြေဆိုထားသော သတ်ပုံလေ့ကျင့်ခန်းစာအုပ်များကို ပြန်ပေးပြီး ဤသို့ပြော၏။

''ဒီနေ့ သတ်ပုံတွေ ဖြေတဲ့အထဲမှာ အားလုံးမှန်တဲ့လူတစ်ယောက်ပဲရှိတယ်။ သူကတော့ မောင်အောင်သက်ပိုင်ပဲကွ။ ဒါကြောင့် ဆရာက သူ့ကို ဒီလိုဂုဏ်ပြုပါတယ်''

ကျွန်တော်၏ လက်ထဲသို့ ဆရာက စာအိတ်လေးတစ်အိတ် ထည့်ပေးပါသည်။ စာအိတ်ပေါ်တွင် ရေးထားသည်က ''သားရဲ့လုပ်ရပ်

အတွက် ဂုဏ်ပြုခြင်း''။ ဖွင့်ဖောက်လိုက်သောအခါ တစ်ထောင်တန်လေးတစ်ရွက်တွေ့ရသည်။ အတန်းသားများ၏ လက်ခုပ်သံနှင့်အတူ ကျွန်တော်၏ မျက်လုံးအိမ်မှ မျက်ရည်များစီးကျလာခဲ့သည်။ ဆရာနှင့် ကျွန်တော် နှစ်ဦးသာနားလည်သော သင်္ကေတအဖြစ် မျက်လုံးချင်းဆုံမိလိုက်ကြသည်။

( ၈ )

ငယ်စဉ်ကလေးဘဝ ဤကဗျာလေးကို ရွတ်ဆိုစဉ်မှာပင် ဆရာ၏ မေတ္တာနှင့်စေတနာကို အမှတ်ရမိ၏။ သားသမီးများလက်ထက် ဤကဗျာလေးကို ရွတ်ဆိုစဉ်မှာလည်း ဆရာ၏မေတ္တာနှင့် စေတနာကို အမှတ်ရမိ၏။ နောင်အခါ အခြားကလေးများ ဤကဗျာကို ရွတ်ဆိုနေစဉ်မှာလည်း ဆရာ့မေတ္တာနှင့် စေတနာကို ကျွန်တော် အမှတ်ရနေမည်သာ ဖြစ်သည်။

သက်ဝေမောင်

(၂၀၁၇)ခုနှစ်၊ ပညာတန်ဆောင်စာပေပြိုင်ပွဲ၊
တစ်မျက်နှာ ဝတ္ထုတိုပြိုင်ပွဲ (အထူးဆုရ)




(၂၀၁၄-ကျီးကွာလော့အသေးမေးမြွက်-ဝတ္ထုတိုပြိုင်ပွဲ(၁၀)နှစ်မြောက်(ပထမဆု)

ဟော့ ဟိုမိန်းမ၊ ဘာလို့ ဓါးထိုးဖို့လုပ်နေတာလဲ၊

သေသွားချင်လို့လား -----။

ဟော့ကောင်တွေ အကျီကြားထဲမှာ

ဓါးထားတာတွေ့ရင်

အသေသာသတ်ပစ်

ကြားလား -----။

# အပြူရောင်နှလုံးသား၏ ထာဝရအမွေ

( ၁ )

ရန်ကုန်–မန္တလေးကားလမ်းမကြီးပေါ်တွင် ခရီးသည်တင်ယာဉ် တစ်စီးမှာ ပြေးလွှားလျက်ရှိသည်။ ကားလမ်းမပေါ်တွင် အခြားယာဉ်များ မှာ အသွားအလာမရှိသလောက်ပင်ဖြစ်၏။ ကားလမ်းမကြီးတစ်နေရာ၌ လူတစ်စုမှာ ခရီးသည်တင်ကားကြီးလာသည်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ကြီးမားသော သစ်တုံးကြီးတစ်တုံးကို ကားလမ်းမပေါ် ကန့်လန့်ဖြတ် တင်၍ ပိတ်ဆို့လိုက်လေသည်။

ခရီးသည်တင်ယာဉ်ကြီးမှာ သစ်တုံးကြီးမြင်သည်နှင့် အရှိန်လျှော့ ကာရပ်လိုက်၏။ ကားရပ်သွားသည်နှင့် အဆိုပါ လူတစ်စုမှာ မိမိတို့ လွယ်အိတ်အတွင်းမှ မျက်နှာဖုံးများကို စွပ်လိုက်သည်။ သေနတ်များကို လည်း ဆွဲထုတ်လိုက်သည်။ လူငါးဦးခန့်က ကားပေါ်သို့ လျင်မြန်စွာ တက်လိုက်ပြီး အမိန့်ပေးလိုက်၏။

"ကဲ ––ကားပေါ်က တစ်ယောက်မှ မလှုပ်နဲ့၊ ခုခံမယ်မကြံကြ နဲ့၊ အားလုံးသေကုန်မယ်။ ဒီမှာတွေ့လားသေနတ်။ ဟေ့ ကားဆရာ ဟိုရှေ့က တောလမ်းအတိုင်းမောင်း"

ကားပေါ်သို့တက်လာသူ ငါးဦးအနက် တစ်ဦးက ခရီးသည်များကို ခြိမ်းခြောက်ပြီး ကားမောင်းသူကိုပါ တစ်ဆက်တည်း အမိန့်ပေးလိုက်သည်။

ကားအောက်တွင် ကျန်နေသော မျက်နှာဖုံးစွပ်များက ပိတ်ထားသော သစ်တုံးကို အလျင်အမြန်ဖယ်လိုက်ပြီး ကားပေါ်သို့ အပြေးတက်လိုက်သည်။ ခရီးသည်များမှာ ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေများကို နားမလည်နိုင်ကြ။ ခက်ထန်တင်းမာသော အမိန့်သံအတိုင်းသာ မလှုပ်မယှက်နေကြလေသည်။

ကားမောင်းသူမှာ မိမိဘေးမှ သေနတ်ဖြင့် ထောက်ထားသူ၏ ညွှန်ပြရာအတိုင်း ကားလမ်းမကြီးမှ ခွဲထွက်၍ တောလမ်းအတိုင်း မောင်းခဲ့ရလေသည်။

ကားလမ်းမကြီးမှ လှမ်း၍ မမြင်နိုင်သောနေရာသို့ ရောက်သောအခါ ကားကိုရပ်လိုက်၏။ ခရီးသည်များကို ကားအောက်သို့ဆင်းခိုင်းသည်။ ခေါင်းဆောင်ဖြစ်သူက အမိန့်ပေးလိုက်သည်။

''အားလုံးမြေကြီးပေါ်မှာ ထိုင်လိုက်ကြ။ တစ်ယောက်မှ ထွက်ပြေးမယ်မကြံနဲ့နော်။ လှုပ်လှုပ်ရှားရှားလုပ်တဲ့သူ တစ်ခါတည်းပစ်သတ်လိုက်မယ်။ ဒီနေရာက မင်းတို့ကို သေနတ်နဲ့ပစ်သတ်လို့လည်း ဘယ်သူမှ ရောက်လာမှာ မဟုတ်ဘူး။ ဘယ်သူမှ လာကယ်မှာလည်းမဟုတ်ဘူး။ အသက်မသေချင်တဲ့လူပါလာတဲ့ပိုက်ဆံတွေ လက်ဝတ်လက်စားတွေ အကုန်ထုတ်၊ ဟော့ကောင်တွေ ဘာလုပ်နေတာလဲ၊ သူတို့ဆီက ပစ္စည်းတွေ လိုက်သိမ်း''

ခေါင်းဆောင်၏ ပြောစကားကြောင့် မျက်နှာဖုံးစွပ်သုံးလေးဦးခန့်က ခရီးသည်များ၏ အိတ်ကပ်အတွင်းမှ ပိုက်ဆံများ၊ ဆွဲကြိုးများနှင့်

လက်ကောက်များကို အတင်းလိုက်သိမ်းနေ၏။ ခရီးသည်တစ်ချို့က အင်္ကျီကြား၊ ခါးကြားတွင် မသိမသာဝှက်ရန် ကြိုးစား၍ ခေါင်းဆောင်က

"ဟေ့ --ဟိုမိန်းမ ဘာလို့ဝှက်ဖို့လုပ်နေတာလဲ၊ သေသွားချင်လို့လား၊ ဟေ့ကောင်တွေ အင်္ကျီကြားထဲမှာ ဝှက်ထားတာ တွေ့ရင် အသေသာသတ်ပစ်၊ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

ခေါင်းဆောင်လုပ်သူ မညှာမတာပြောစကားကြောင့် ခရီးသည်များမှာ ထိတ်လန့်သွားကြ၏။ ပစ္စည်းဝှက်ရန် ကြိုးစားနေသူ တစ်ဦးအား မျက်နှာဖုံးစွပ်လူတစ်ဦးက မျက်နှာကို ခြေထောက်ဖြင့် ရက်စက်စွာ ဆောင့်ကန်လိုက်မှုကြောင့် ကျန်ခရီးသည်များမှာ ဝှက်ရန်တွန့်ဆုတ်သွားကြလေသည်။

"ဟေ့ကောင်တွေ သိမ်းစရာရှိတာ မြန်မြန်သိမ်း၊ အော်-- ဒါက ဘယ်သူလဲမှတ်တယ်၊ မင်းကိုး ..."

ခေါင်းဆောင်ဖြစ်သူမှာ ခရီးသည်များကြားမှ ရုပ်ရည်အတော်အသင့်ချောမောသော မိန်းကလေးတစ်ဦးကို ရုတ်တရက်တွေ့လိုက်ရ၍ အံ့အားသင့်သွားသည်။ ပြီးနောက် သူ့လူများကို တစ်ဆက်တည်း ပြောလိုက်၏။

"ဟေ့ကောင်တွေ ဒီမိန်းကလေးကို တစ်ခါတည်းဆွဲခေါ်လာခဲ့၊ သူနဲ့ငါ စာရင်းရှင်းစရာရှိတယ်"

"ဘာဖြစ်လို့လဲ ဆရာ"

"လျှာမရှည်စမ်းနဲ့၊ နောက်မှ ငါပြောပြမယ်၊ ခေါ်မှသာခေါ်လာခဲ့"

"မလုပ်ပါနဲ့ရှင်၊ ကျွန်မအဖေနေမကောင်းလို့ ရွာကိုသွားကြည့်မလို့ပါ။ ကျွန်မတစ်ယောက်တည်းအရေးကြီးလို့ ထွက်လာတာပါ"

"ဒီမှာမိန်းကလေး၊ ဒါတွေလာပြောမနေနဲ့၊ လောကမှာ လုပ်ရဲရင်ခံရဲရတယ်ကွ၊ "ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်"ဆိုတာ မင်းမြဲမြဲမှတ်ထား၊ ဟော့ကောင်တွေ ဒီမိန်းကလေးကို မရရအောင် ဆွဲခေါ်လာခဲ့"

"မလုပ်ပါနဲ့ရှင်၊ ကျွန်မမှာ ပါတဲ့ပစ္စည်းတွေအကုန်ယူပါ။ လူကိုတော့ ချမ်းသာပေးပါ။ ကျွန်မရှင့်ကိုမသိပါဘူး။ ရှင်ဘယ်သူလဲပြော၊ ရှင်ဘယ်သူလဲ"

"အိုကွာ -- ကြာတယ်၊ မြန်မြန်သာ ခေါ်သွား"

မိန်းကလေးမှာ ပြောရင်းဆိုရင်းပင် သေနတ်ကိုင်မျက်နှာဖုံးစွပ်လူများ ဆွဲခေါ်ရာနောက်သို့ ပါသွား၏။ ကျန်ရှိသော ခရီးသည်များမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ နားမလည်နိုင်အောင်ဖြစ်နေကြသည်။

မျက်နှာဖုံးစွပ်များ ပဲခူးရိုးမတောအတွင်း ဝင်ရောက်သွားသောအခါမှ ခရီးသည်အားလုံးကားပေါ်ပြန်တက်လိုက်ကြပြီး ရန်ကုန်–မန္တလေး လမ်းမကြီးအတိုင်း ခရီးဆက်ခဲ့ကြလေသည်။

( ၂ )

"အစ်မကတော့ လုံးဝသဘောမတူဘူး"

အစ်မဖြစ်သူ မိုးသူဇာ၏ ကန့်ကွက်စကားကြောင့် သန့်စင်မှာ ရုတ်တရက် အံ့အားသင့်သွား၏။ အစ်မဖြစ်သူကို သေချာကြည့်၍ ပြောလိုက်သည်။

"ဒီမှာအစ်မ၊ ကျွန်တော်ကလေးမဟုတ်တော့ဘူး။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်ပြီ။ ဘွဲ့လည်းရပြီးပြီပဲ။ အစ်မက ဘာဖြစ်လို့ သဘောမတူနိုင်ရတာလဲ"

''ကျောင်းဆရာဆိုတာ မွန်မြတ်တဲ့အလုပ်ဆိုတာကို အစ်မလက်ခံပါတယ်၊ ဒါပေမယ့် တောမှာသွားလုပ်မယ်ဆိုတာကိုတော့ အစ်မသဘောမတူနိုင်ဘူး။''

''ဘာဖြစ်လို့လဲ''

''မောင်လေးပဲစဉ်းစားကြည့်လေ၊ အဖေနဲ့အမေ မရှိတော့ကတည်းက ''အစ်မကြီး အမိအရာ''ဆိုသလို မောင်လေးကို စောင့်ရှောက်လာခဲ့တာ ဒီနေ့အထိပဲ၊ မောင်လေးနဲ့ တစ်မြို့တစ်ရွာဆီခွဲနေရတော့ အရေးအကြောင်းဆိုရင် တစ်ယောက်ကိုတစ်ယောက် မစောင့်ရှောက်နိုင်ဘူး။''

''အစ်မမှာ စောင့်ရှောက်ပေးမယ့် ယောက်ျားရှိတာပဲမဟုတ်လား။ ကျွန်တော့်အတွက်တော့ မပူပါနဲ့ဗျာ။ အစ်မပဲ ယောက်ျားနဲ့ အဆင်ပြေအောင်သာနေပါ။''

''အစ်မယောက်ျားလို ချေးပဲရောင်းပါလားကွယ်။ ဒါမှမဟုတ် ဒီမြို့ပေါ်မှာပဲ အလုပ်ရှာလုပ်ပေါ့။''

''အမှန်အတိုင်းပြောရရင် ကျွန်တော်အစ်မယောက်ျားနဲ့ မျက်နှာချင်းမဆိုင်ချင်ဘူး။ သူကမူးလာရင် ပြဿနာရှာချင်တာ။ အစ်မကိုလည်း အကြောင်းမရှိအကြောင်းရှာပြီး ရန်လုပ်တာ ခဏခဏပဲ၊ ဒါပေမယ့် အစ်မကကျေနပ်တော့ ကျွန်တော်ဘာမှ မပြောလိုဘူး။ ဒါ့ကြောင့် ကျွန်တော်ဝါသနာပါတဲ့ ကျောင်းဆရာအလုပ်လေးရတုန်း ကျွန်တော်သွားလုပ်ချင်တယ်။ တောမှာဆိုပေမယ့် သိပ်မဝေးပါဘူး။ တစ်ချိန်ကျရင် မြို့ပေါ်ကို ပြောင်းလာမှာပေါ့ အစ်မရယ်။''

''အေးလေ -- ဒါဆိုရင် မဆိုးပါဘူး။ ဒါပေမယ့် မောင်လေး အစ်မကို ကတိတစ်ခုတော့ပေးရမယ်။''

"ဘာများလည်းအစ်မရဲ့"

"မောင်လေးတောမှာ အိမ်ထောင်မပြုပါဘူးလို့။ ဒီမြို့က အစ်မ သဘောတူတဲ့ ဟိုအထည်ဆိုင်က မိန်းကလေးကို ယူရမယ်။ ဟုတ်ရဲ့လား"

"အေးပါလေ -- အစ်မစိတ်ချမ်းသာအောင်ပဲ ကျွန်တော် ပြောလိုက်မယ်။ အစ်မတောင်းတဲ့ကတိ ကျွန်တော်ပေးပါတယ် - ဟုတ်ရဲ့လား။"

"အေးပါကွယ် ကျေနပ်ပါတယ် - တောမှာ အိမ်ထောင်ကျ သွားရင် တို့မောင်နှမနှစ်ယောက် ဝေးသွားမှာစိုးလို့ပါ။ အဲ - ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ကတိမတည်ရင်တော့ အစ်မအကြောင်း မောင်လေး သိတယ်နော် - နောက်မှအဆိုးမဆိုနဲ့။"

"ဟုတ်ကဲ့"

"အေး - ဒါဆိုလည်း မင်းသဘောအတိုင်း သွားလုပ်ပေ တော့။"

သန့်စင်မှာ မိမိဝါသနာပါသောအလုပ်ကို သွားလုပ်ရမည်ဆို သောကြောင့်လည်းကောင်း၊ မိမိမျက်နှာချင်းမဆိုင်လိုသော ယောက်ဖ ဖြစ်သူနှင့် ဝေးရတော့မည်ဖြစ်သောကြောင့်လည်းကောင်း အလွယ်တကူ ပင် ကတိပေးလိုက်သည်။

သို့ရာတွင် တစ်ခါတစ်ရံ၌ မထင်မှတ်သော အသေးအဖွဲ့လေး များသည် မမျှော်လင့်သော ဖြစ်ရပ်များဆီသို့ ဦးတည်ရောက်သွားတတ် ကြောင်း သန့်စင်တစ်ယောက် မသိခဲ့ချေ။"

( ၃ )

"အစ်မ - ကျွန်တော်လက်ထပ်တော့မယ်"

"ဘာပြောတယ်"

သန့်စင်တစ်ယောက် တောရွာလေးတွင် ကျောင်းဆရာလုပ်သက် (၂)နှစ်မပြည့်မီပင် အထက်ပါစကားကို ကြားရသောကြောင့် အစ်မဖြစ်သူ မိုးသူဇာမှာ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားရသည်။

"တောမှာ ကျွန်တော်မိန်းမယူတော့မယ်လို့ ပြောတာ --- အဲဒါအစ်မကို လာဖိတ်တာပါ"

"မင်းငါ့ကို ဘာကတိပေးခဲ့လဲ"

"အဲဒီအချိန်တုန်းကတော့ တောမှာ မိန်းမ မယူပါဘူးလို့ပြောတာ တစ်ကယ့်စိတ်ရင်းအမှန်နဲ့ ပြောခဲ့တာပါ -- အခုကတော့ "နဖူးစာ ရွာလည်"ဆိုတာကို ကျွန်တော်ယုံသွားပြီ။ မိန်းကလေးက ရိုးရိုးသားသား မွန်မွန်ရည်ရည်လေးပါအစ်မရဲ့"

"အိုကွာ --ငါသဘောမတူနိုင်ဘူး -- အထည်ဆိုင်က မိန်းကလေးရဲ့ မိဘတွေနဲ့ မင်္ဂလာကိစ္စတောင်ဆွေးနွေးပြီးပြီ -- ငါမျက်နှာ ပျက်အောင်တော့ မလုပ်ပါနဲ့။"

"အစ်မက ကျွန်တော့်ကို အသိမပေးဘဲ လျှောက်လုပ်နေ တာကိုး"

"မင်းပဲ ငါ့ကိုလက်ထပ်ပါ့မယ်လို့ ကတိပေးထားတယ်လေ။"

"ဒီလိုသာ ပြောကြစတမ်းဆိုရင် အစ်မလည်း မိဘတွေ သဘောမတူဘဲ အစ်မယောက်ျားကို ယူခဲ့တာပဲ -- ဒါ့ကြောင့်လည်း အခု အစ်မယောက်ျားနဲ့ ကွဲသွားတာမဟုတ်လား။"

သန့်စင်မှာ တောရွာလေးတွင် ကျောင်းဆရာလုပ်နေစဉ် အစ်မ ဖြစ်သူ၏ အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် ကွဲကွာသွားကြသည်ကို သိ၍ ထည့်ပြောလိုက်သည်။ အစ်မကလည်း သန့်စင်၏ စကားကို တုန့်ပြန် လိုက်သည်။

''အေး -- အဲဒါကြောင့်ပြောတာပေါ့ -- မိဘသဘောမတူဘဲ အိမ်ထောင်ပြုရင် မြဲမှာမဟုတ်ဘူး -- ''

''တော်စမ်းပါ -- အစ်မရာ နိမိတ်မရှိတာကို မပြောစမ်းပါနဲ့ အစ်မယောက်ျားက အစကတည်းက ကောင်းတာမှ မဟုတ်တာ -- အစ်မတစ်ယောက်ပဲ သူ့ကို အထင်ကြီးနေတာ။ ကျွန်တော်ယူမယ့် မိန်းကလေးကို အစ်မလိုက်ကြည့်ပါဦး နံမည်က ''မြလေးနွယ်'' တဲ့။''

''အိုကွာ -- လိုက်လည်းမကြည့်ချင်ဘူး -- သဘောလည်း မတူဘူး -- မင်းအလုပ်ထွက်ပြီး ဒီကိုပြန်လာခဲ့''

''ကျွန်တော်အလုပ်လည်း မထွက်နိုင်ဘူး -- မြလေးနွယ်ကို လက်မထပ်ဘဲလည်းမနေနိုင်ဘူး -- ရှေ့လကုန်ပြီး ပထမအပတ် တနင်္ဂနွေနေ့ကျရင် ကျွန်တော်မင်္ဂလာဆောင်မယ် -- အစ်မလာခဲ့ပါ''

''ငါသဘောမတူဘူးလို့ မင်းကိုပြောခဲ့ပြီးသားပဲ -- ငါ့စကား ကို မင်းနားမထောင်ရင် မင်းစကားကိုလည်း ငါနားမထောင်နိုင်ဘူး -- မင်းမင်္ဂလာဆောင်ကိုလည်း ငါမလာနိုင်ဘူး''

''ဒါကအစ်မသဘောပါ -- ကျွန်တော်ကတော့ မဖြစ်ဖြစ်တဲ့ နည်းနဲ့ မြလေးနွယ်ကို လက်ထပ်မှာပဲ''

''အေး -- အဲဒါဆိုရင် မင်းမင်္ဂလာဆောင်ကို ငါမလာဘူး-- မင်းမိန်းမကိုလည်း ငါ့ဆီခေါ်မလာနဲ့ --- ဒါပဲ''

သန့်စင်ဖြစ်သူမှာ အစ်မဖြစ်သူ၏ စိတ်နေသဘောထားကို သိသူ ဖြစ်သောကြောင့် ဘာမှမပြောတော့ဘဲ တောသို့ပြန်လာ၏။ မြလေးနွယ် ကို လက်ထပ်ပြီးနောက်တစ်နှစ်ကျော်ကြာသွားသည့်တိုင်အောင် အစ်မဖြစ်သူနှင့် အဆက်အသွယ်ပြတ်တောက်သွားလေသည်။

( ၄ )

တစ်နေ့ ...

"ဗျို့ -- အိမ်ရှင်တို့ ဒေါ်မိုးသူဇာရှိပါသလားခင်ဗျာ။"

အိမ်ရှေ့မှ ဧည့်သည်တစ်ဦး၏ ခေါ်သံကြောင့် မိုးသူဇာမှာ မီးဖိုချောင်ထဲတွင် ချက်ပြုတ်နေရာမှ ထွက်လာခဲ့သည်။

"ဟုတ်ကဲ့ -- ဒေါ်မိုးသူဇာဆိုတာ ကျွန်မပါပဲ -- ဘာကိစ္စရှိလို့လဲရှင်။"

"ကျွန်တော်က ဆရာလေး ကိုသန့်စင်တို့ကျောင်းက အထွေထွေလုပ်သားပါ။"

"အော် -- ဟုတ်ကဲ့။ ထိုင်ပါဦး။ ကျွန်မလည်း မောင်လေးသတင်းကို မျှော်နေတာပါ --- ကျွန်မနဲ့ စိတ်ဆိုးပြီး ဒီအိမ်ကို မလာတာ တစ်နှစ်ကျော်တောင်ကြာသွားပြီ --- လာရင်းကိစ္စကိုပြောပါဦးရှင်။"

ဧည့်သည်ဖြစ်သူမှာ ဘာမှပြန်မပြောသေးဘဲ မိုးသူဇာကိုကြည့်၍ သက်ပြင်းတစ်ချက်ကို လေးပင်စွာချလိုက်သည်။ ပြီးမှ စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။

"ဒီလိုပါအစ်မရယ် -- ကျွန်တော်ပြောတာကို စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပါနော် ---"

"ဟုတ်ကဲ့"

"အစ်မရဲ့မောင် ဆရာလေးကိုသန့်စင်ဟာ မနေ့ညနေကပဲ ဆိုင်ကယ်မှောက်လို့ ဆုံးသွားပြီ ---"

"ရှင် --- ဘယ်လို"

"ဆရာလေး ကိုသန့်စင်ဟာ တစ်ခြားရွာကနေ ကျွန်တော်တို့ရွာကို အရက်မူးပြီး ပြန်အလာမှာ ဆိုင်ကယ်မှောက်လို့ ဆုံးသွားပါတယ်။ အဲဒါအစ်မကို အကြောင်းလာကြားတာပါ။"

''ဖြစ်ရလေမောင်လေးရယ် --- ကံဆိုးလိုက်တာ --- ဒါနဲ့ နေစမ်းပါဦး။ မောင်လေးဟာ အရက်ကို လုံးဝမသောက်ပါဘူး --- အခုဘာကြောင့် သောက်ရတာလည်း ---''

''မပြောချင်ပါဘူးအစ်မရယ် -- သူ့မိန်းမမြလေးနွယ်ကြောင့် ပေါ့''

''နေစမ်းပါဦး -- မောင်လေးဟာ သူ့မိန်းမမြလေးနွယ်ကို အရမ်းချစ်ပါတယ် -- အစ်မကိုတောင်မှ ဆန့်ကျင်ပြီး လက်ထပ်ခဲ့တာပဲ။ အခုဘယ်လိုဖြစ်တာလဲ --''

''အကြောင်းရင်းက ဒီလိုပါ -- မြလေးနွယ်ဟာ လွန်ခဲ့တဲ့ တစ်လလောက်က တစ်ခြားယောကျ်ားနောက်လိုက်သွားတယ်။ အဲဒီမှာတင် ဆရာလေး ကိုသန့်စင်လည်း စိတ်ညစ်ညစ်နဲ့ အရက်ကို သောက်တော့တာပဲ -- အဲဒီကနေအရက်မူးလွန်ပြီး အခုလို ဖြစ်သွား တာပါ --''

''အော် -- ဒီမြလေးနွယ်ဆိုတဲ့ မိန်းမယုတ်ကြောင့် ငါ့မောင် သေရတာကိုး -- အတော်ဂြိုလ်မွှေတဲ့ မိန်းမပဲ -- သူ့ကြောင့် ငါတို့ မောင်နှမ ရှင်ကွဲ ကွဲရုံတင်မက အခုသေကွဲတောင် ကွဲရပြီ -- ညည်း ကိုတော့ ဒီတစ်သက် ဘယ်တော့မှ မကျေဘူး -- ဒါနဲ့ အသုဘက ဘယ်နေ့သဂြိုလ်မှာလဲ -- ''

''ရွာသူရွာသား၊ ကျောင်းသားမိဘတွေရဲ့ ဆန္ဒအရ ငါးရက်ထား မှာပါ -- အစ်မလည်း ကသီလင်တနဲ့ မလာရအောင် ကျွန်တော်တို့ စီစဉ်ထားပါတယ် --''

''အေးကွယ် -- ငါ့မောင်တို့ကို ကျေးဇူးတင်ပါတယ် --''

ဤသို့ဖြင့် မိုးသူဇာမှာ သူ၏မောင် အသုဘသို့ လိုက်သွားပြီး ရက်လည်ဆွမ်းကျွေးပြီးသောအခါ ပြန်လာခဲ့လေသည်။

( ၅ )

"မတင်ဝင်းရေ"

"ရှင်အစ်မ -- လာပါပြီ"

"အစ်မ အပြင်သွားစရာရှိလို့ -- သားလေးကို သေချာဂရုစိုက်ပေးထားနော်"

"ဟုတ်ကဲ့ပါ အစ်မ --"

ဒေါ်မိုးသူဇာမှ အိမ်ဖော်ဖြစ်သူ မတင်ဝင်းအား မှာကြားနေခြင်းဖြစ်သည်။ ဒေါ်မိုးသူဇာတွင် မျက်လုံးကွယ်နေသည့် အောင်သူဟူသော သားတစ်ယောက်ရှိ၏။ အောင်သူမှာ ငယ်စဉ်က ဝက်သက်ပေါက်၍ မျက်စိကွယ်ခဲ့သူဖြစ်သည်။ ယခု အသက် (၁၀)နှစ်ခန့်ရှိပြီဖြစ်သော်လည်း ကျောင်းမနေရသေးပေ။

"အမေ -- သားမျက်လုံးတွေ ပြန်မမြင်ရတော့ဘူးလား"

"သားရယ် -- အခုအမေအပြင်သွားတာဟာ သားမျက်လုံးပြန်မြင်ရဖို့အတွက်ပေါ့။ အမေတို့ပဲခူးမြို့က ဆေးရုံကြီးမှာ မျက်လုံးမမြင်ရတဲ့ ဝေဒနာသည်တစ်ချို့ကို ပြန်မြင်ရအောင် ကုသပေးနိုင်ပြီတဲ့ -- အဲဒါအမေသွားစုံစမ်းမလို့ကွဲ --"

"သားမျက်လုံးပြန်မြင်ရရင် သိပ်ကောင်းမှာပဲနော်အမေ--"

"အမေကလည်း သားမျက်လုံးသာပြန်မြင်ရမယ်ဆိုရင် ဘာပဲလုပ်ပေးရ၊ လုပ်ပေးရ အမေလုပ်ပေးဖို့ အဆင်သင့်ပါပဲကွယ်။"

ဒေါ်မိုးသူဇာမှာ သားဖြစ်သူကို အားပေးစကားပြောပြီး ဆေးရုံသို့ ထွက်သွားလေသည်။ ထိုအခါအိမ်၌ အိမ်ဖော်ဖြစ်သူ မတင်ဝင်းနှင့် အောင်သူတို့သာ ကျန်ရစ်လေ၏။ အိမ်ဖော်ဖြစ်သူ မတင်ဝင်း၏ အဓိက အလုပ်မှာ မျက်လုံးကွယ်နေသည့် မောင်အောင်သူအား ဘေးအန္တရာယ်

မဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်ပင်ဖြစ်သည်။

ယခုလည်း ဒေါ်မိုးသူဇာမမျှသည့်နှင့် အောင်သူအား မျက်ခြည်မပြတ်စောင့်ကြည့်နေ၏။

အိမ်ဖော်မတင်ဝင်းနှင့် အောင်သူတို့မှာ အိမ်ပေါ်မှ ခြံဝင်းထဲသို့ဆင်းလာကြသည်။ အောင်သူမှာ တောင်ဝှေးတစ်ချောင်းကို ထောက်ကာထောက်ကာဖြင့် ခြံဝင်းထဲတွင် လမ်းလျှောက်နေ၏။ ဤသည်ကို အိမ်ဖော်ဖြစ်သူ မတင်ဝင်းက စောင့်ကြည့်လျက်ရှိသည်။

ထိုစဥ်ခြံဝင်းတစ်နေရာ၌ နေပူစာလှုံကာ အိပ်လျှက်ရှိသောမြွေဟောက်တစ်ကောင်သည် အောင်သူ၏ တောင်ဝှေးဖြင့် ထိမိသွား၏။ ထိုအခါ ဒေါသဖြစ်ပြီး ပါးပျဉ်းထောင်၍ ရန်သူကိုပေါက်ရန် အသင့်ဖြစ်နေ၏။ အောင်သူမှာ မသိရှာ။ ရှေ့သို့လမ်းလျှောက်သွားရန်သာ ပြင်နေ၏။ ဤသည်ကို ရုတ်တရက်မြင်လိုက်ရသော မတင်ဝင်းက လှမ်းအော်လိုက်သည်။

"မောင်အောင်သူရှေ့မတိုးနဲ့ -- အဲဒီအတိုင်းရပ်နေ -- မလှုပ်နဲ့နော်"

မတင်ဝင်းမှာ အောင်သူထံအလျှင်အမြန်အရောက်သွား၍ အောင်သူလက်ထဲမှ တောင်ဝှေးကို မလှုပ်ရှားအောင် အသာအုပ်ကိုင်လိုက်၏။ ထို့နောက်အောင်သူကို နောက်သို့ သုံးလှမ်းခန့်ဆုတ်စေ၏။ မတင်ဝင်းက တောင်ဝှေးကို အသာလှုပ်လိုက်သောအခါ ဒေါသဖြစ်နေသောမြွေဟောက်သည် တောင်ဝှေးကိုပေါက်လိုက်၏။ မတင်ဝင်းက တောင်ဝှေးကို လွှတ်ချလိုက်ပြီး အောင်သူနှင့် အိမ်ပေါ်သို့ ပြန်တက်ခဲ့လေတော့သည်။

( ၆ )

"သားလေးအောင်သူရေ အမေပြန်လာပြီဟေ့"

အပြင်သို့ ထွက်သွားသော ဒေါ်မိုးသူဇာမှာ အိမ်ထဲသို့ဝင်လာသည်နှင့် ဝမ်းသာအားရ သားဖြစ်သူအား အသံပြုလိုက်၏။ မတင်ဝင်းမှာ ရွှင်ပျစွာဖြင့် ပြန်လာသော ဒေါ်မိုးသူဇာကိုကြည့်၍ ခြံဝင်းထဲတွင် ဖြစ်ပျက်ခဲ့သော ကိစ္စကို ရုတ်တရက်မပြောနိုင်သေး။

"မတင်ဝင်းရေ -- သားလေးအောင်သူမျက်လုံးက ပြန်မြင်ရနိုင်တယ်တဲ့။"

"ဟုတ်လား -- အစ်မရယ် ဝမ်းသာလိုက်တာ"

"အခုတို့မြို့က ဆေးရုံကို မျက်စိအထူးကုဆရာဝန်ကြီးရောက်နေတယ် -- ဆရာဝန်ကြီးက မောင်အောင်သူတို့လို ငယ်စဉ်ကတည်းက ဝက်သက်ပေါက်လို့ မျက်လုံးကွယ်ခဲ့ရသူတွေ၊ မျက်လုံးကို ထိခိုက်မိလို့ အပြင်တိမ်စွဲပြီး ကွယ်ခဲ့သူတွေကို မျက်ကြည်လွှာ အစားထိုးပြီး ကုသပေးတာတဲ့"

"အဲဒီလို ကုသပေးရင် မျက်လုံးကပြန်မြင်ရရောလား"

"အေးပေါ့ကွယ် -- နိုင်ငံခြားမှာ ဆိုရင်တော့ မျက်စိဘဏ်မှာ မျက်ကြည်လွှာတွေ သိမ်းထားနိုင်တယ်တဲ့ -- တို့နိုင်ငံမှာတော့ မျက်စိဘဏ်မရှိသေးတဲ့အတွက် သေဆုံးသူတစ်ယောက်ရဲ့ မျက်လုံးကို သေဆုံးချိန်တစ်နာရီအတွင်းမှာ ထုတ်ယူပြီး အမြန်ဆုံးအစားထိုးကုသတာတဲ့ --"

"ဒါဖြင့် ကွယ်လွန်သွားတဲ့ လူတိုင်းရဲ့ မျက်လုံးကို ထုတ်ယူလို့ရတာပေါ့နော်အစ်မ --"

"ဒီလိုတော့မရဘူး -- သေဆုံးတဲ့လူက မသေခင်မှာ သူ့ဆန္ဒ

နဲ့ သူ့မျက်လုံးကို ကြိုတင်လှူဒါန်းထားရမယ် -- ဒါမှမဟုတ် ကျန်ရစ်သူ မိသားစုတွေကလည်း လှူဒါန်းနိုင်တယ်တဲ့ --''

''သေဆုံးပြီးတစ်နာရီအတွင်းမှာ မျက်ကြည်လွှာကို ထုတ်ယူဖို့ ဆိုတာတော့ သိပ်မလွယ်ဘူးထင်တယ်နော်အစ်မ''

''အေးပေါ့ကွယ်၊ လူတစ်ယောက်ရုတ်တရက်သေသွားရင် ကျန်ရစ်တဲ့ မိသားစုတွေက စိတ်သောကရောက်နေတာနဲ့ ရုတ်တရက် ဘယ်သတိရပါ့မလဲ၊ သိရလို့အကြောင်းကြားရင်တော့ မျက်စိဆရာဝန်ကြီး ကိုယ်တိုင်လာပြီး ထုတ်ယူပေးမယ်တဲ့''

''အော် -- ဒါနဲ့ ကျွန်မတို့နှစ်အိမ်ကျော်က ကိုဘတင့် တစ်ယောက် အခုလေးတင်ပဲ လေဖြတ်လို့ ဆုံးသွားတာ၊ ဆယ်မိနစ် လောက်ပဲရှိအုံးမယ်၊ အဲဒါ အောင်သူအတွက် မျက်ကြည်လွှာအလှူ သွားခံရင်မကောင်းဘူးလား''

''အေး -- ကောင်းတာပေါ့၊ သေသွားတဲ့လူနဲ့ အတူတူပုပ်သိုး သွားမဲ့ မျက်လုံးဟာ အခြားလူအတွက် အလွန်တန်ဖိုးရှိတယ်ဆိုတာကို သူတို့သဘောပေါက်ရင် လှူကြမှာပါ၊ ဒီလိုအလှူမျိုးဟာ အလွန်ပဲ မွန်မြတ်တယ်ဆိုတာ သူတို့ကိုရှင်းပြရမှာ ပေါ့''

''ဟုတ်တယ်အစ်မရဲ့၊ လာ -- အစ်မနဲ့ ကျွန်မသွားပြီး အလှူခံ ကြရအောင်''

''အေးကောင်းတာပေါ့ကွယ်၊ မောင်အောင်သူကို ခဏလေး အိပ်ခိုင်းထားပြီးသွားကြမယ်''

( ၇ )

''အမလေးတော်၊ အတော့်ကို လူစိတ်မရှိတဲ့ဟာတွေ၊ လူ တစ်ယောက်သေသွားတာကို ကိုယ်ချင်းစာတရားနဲ့ ဘာအကူအညီပေးရ

မလဲလို့ မပေးဘဲနဲ့၊ သေသွားတဲ့ လူရဲ့မျက်လုံးကို ထုတ်ယူချင်ကြသတဲ့၊ သွားကြ -- သွားကြ၊ အခုအိမ်ထဲက ထွက်သွားကြ''

သေဆုံးသူ၏ ဇနီးဖြစ်သူက ဒေါ်မိုးသူဇာနှင့် မတင်ဝင်းတို့အား လက်ညှိုးငေါက်ငေါက်ထိုး၍ ရန်တွေ့နေ၏။

''ဒီလိုပါ ညီမလေးရယ်၊ သေဆုံးသွားသူတစ်ယောက်ရဲ့ အမွန်မြတ်ဆုံးအလှူ ---''

''တော် --တော်၊ ဘာမှမကြားချင်ဘူး၊ ဒီလိုအတ္တကြီးတဲ့ လူမျိုးတွေနဲ့ မတွေ့ချင်ဘူး၊ လူတစ်ယောက်သေတာကို ဝမ်းမနည်းဘဲနဲ့ ဝမ်းသာအားရမျက်လုံးကို ထုတ်ယူချင်တဲ့လူတွေ အခုအိမ်ပေါ်က ဆင်းသွား''

''အစ်မတို့က မျက်လုံးကို ထုတ်ယူမှာမဟုတ်ပါဘူးကွယ်၊ ဆေးရုံက မျက်စိဆရာဝန်ကြီးက လာထုတ်မှာပါ''

''ဒီမှာ ခင်ဗျားတို့ကို ကျွန်တော်ပြောမယ်နော်၊ ကျွန်တော်က သေသွားတဲ့လူရဲ့ညီပဲ၊ ခင်ဗျားတို့ကို ကိုယ်ထိလက်ရောက် မလုပ်မီခင်မှာ ခင်ဗျားတို့နှစ်ယောက်စလုံးခြံထဲက ထွက်သွားကြ၊ ဒါပဲ။''

အခြေအနေမဟန်မှန်းသိကြသော ဒေါ်မိုးသူဇာနှင့် မတင်ဝင်းတို့မှာ လူအများရှေ့တွင် ရှက်စိတ်နှင့် ခေါင်းငုံ့ကာ အိမ်ပေါ်မှ ဆင်းလာကြတော့၏။

( ၈ )

''ဝုန်း -- ခွပ်''

''အား''

ရုတ်တရက်တစ်စုံတစ်ခု ပြုတ်ကျသံနှင့်အတူ လူတစ်ယောက်၏ အော်သံကို ကြားလိုက်ရ၏။ အမှန်စင်စစ် ဒေါ်မိုးသူဇာ၏ အိမ်ပေါ်

ထပ်ဝရန်တာမှ ပန်းအိုးနှင့်အတူ ပြုတ်ကျလာသောသူမှာ အိမ်ဖော် မတင်ဝင်းပင်ဖြစ်ပါသည်။ ကျသောနေရာမှာ သမံတလင်းဖြစ်သော ကြောင့် ပါးစပ်မှတစ်ခွန်းနှစ်ခွန်းသာပြောလိုက်နိုင်ပြီး ခန္ဓာကိုယ်တစ်ချက် တွန့်ကာ အသက်ပျောက်သွားလေသည်။

"လာကြပါအုံးရှင် -- အိမ်ပေါ်က မတင်ဝင်းပြုတ်ကျလို့"

ဒေါ်မိုးသူဇာ၏ အသံကြောင့် အနီးအိမ်မှ လူများရောက်လာ ကြသည်။ ဒေါ်မိုးသူဇာမှာ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် အိမ်ထဲသို့ ရုတ်တရက်ဝင်သွားပြီး ဖုန်းဆက်၏။ မကြာမီဆေးရုံကားရောက်လာကာ အလောင်းကို သယ်သွားလေသည်။

ဆေးရုံသို့ရောက်သောအခါ အိမ်ဖော်ဖြစ်သူမတင်ဝင်းထံမှ မျက်ကြည်လွှာကို မျက်စိအထူးကုဆရာဝန်ကြီးက ကျွမ်းကျင်စွာ ထုတ်ယူ လိုက်လေသည်။ ထိုအခိုက်မှာပင် မောင်အောင်သူလည်း မျက်ကြည်လွှာ ကို အစားထိုးကုသခံရန် ဆေးရုံသို့ ရောက်လာ၏။

ဒေါ်မိုးသူဇာမှာ မိမိသားမျက်လုံးပြန်မြင်ရတော့မည်ဖြစ်၍ ဝမ်းသာ ပျော်ရွှင်မိသော်လည်း လွန်ခဲ့သော ငါးနှစ်ခန့်ကပင် အိမ်ဖော်အဖြစ် လုပ်ကိုင်လာသူ မတင်ဝင်း သေဆုံးသွားသောကြောင့် ဝမ်းနည်းပူဆွေး မိ၏။ မကြာမီအချိန်တွင် မတင်ဝင်း သေဆုံးရခြင်းနှင့် ပတ်သက်၍ စစ်ဆေးရန် ရဲများလည်း ရောက်လာကြသည်။

( ၉ )

"မတင်ဝင်းသေဆုံးရတာနဲ့ ပတ်သက်ပြီး ဒေါ်မိုးသူဇာ သိသလောက်ပြောပြပါ --"

"ဟုတ်ကဲ့စခန်းမှူး -- ကျွန်မတို့ အိမ်အပေါ်ထပ် လေသာ

ဆောင်ရဲ့ ဝရန်တာ အပြင်ဖက်မှာ ပန်းအိုးနဲ့ စိုက်ထားတဲ့ ပန်းပင်တွေ ရှိပါတယ် –– အဲဒီပန်းပင်တွေရဲ့ မြေကို မတင်ဝင်းက လှမ်းပြီး ပြုပြင်နေတုန်းမှာ အရှိန်လွန်ပြီး ပြုတ်ကျသွားတာပါ ––''

''ဒေါ်မိုးသူဇာ ကိုယ်တိုင်မြင်လိုက်ရလို့လား ––''

''ကျွန်မကတော့ မမြင်လိုက်ရပါဘူး –– ကျွန်မနဲ့ သားက အောက်ထပ်မှာရှိပါတယ်။ ပြုတ်ကျသံကို ကြားလို့ထွက်ကြည့်လိုက်တော့ ပန်းအိုးအကွဲနဲ့အတူ မတင်ဝင်းပါရှိပါတယ်။ ဒါ့ကြောင့် မတင်ဝင်းအပေါ်ထပ်က ပြုတ်ကျတယ်လို့ ပြောတာပါ''

''အဲဒီလို ပြုတ်ကျသွားတာကို တစ်ခြားဘယ်သူမြင်သေးသလဲ''

''ဘယ်သူမှမမြင်ပါဘူး။ မတင်ဝင်းဆီကို ကျွန်မရောက်သွားတော့ သူအသက်ရှိပါသေးတယ်။ သူအသက်မထွက်ခင်မှာ ကျွန်မကို ဆေးရုံကို ဖုန်းဆက်ခိုင်းပြီး သူ့ရဲ့မျက်ကြည်လွှာကို ထုတ်ယူဖို့ပြောပါတယ်။ ပြောပြီးပြီးချင်း သူအသက်ထွက်သွားပါတယ် –– ဒါနဲ့ ကျွန်မလည်းဆေးရုံကို ဖုန်းဆက်ပြီး အခုလို မျက်ကြည်လွှာထုတ်ခိုင်းတာပါရှင်''

''ဒေါ်မိုးသူဇာနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ပတ်ဝန်းကျင်က ဒီလိုပြောကြပါတယ် –– ဒေါ်မိုးသူဇာဟာ သားမျက်လုံးသာ ပြန်မြင်ရမယ်ဆိုရင် ဘာပဲလုပ်ပေးရ၊ လုပ်ပေးရ လုပ်ပေးဖို့အဆင်သင့်ပဲဆိုတာ သားကိုခဏခဏပြောဖူးတယ်တဲ့ ––''

''မှန်ပါတယ်ရှင် –– ဒါပေမယ့် မတင်ဝင်းဟာ သူ့အလိုလို အပေါ်ထပ်က ပြုတ်ကျသွားတာပါရှင် ––''

''ပြီးတော့ ဒေါ်မိုးသူဇာတို့ လမ်းထဲက ကိုဘတင့်လေဖြတ်ပြီး ဆုံးသွားတုန်းကလည်း ဝမ်းသာအားရနဲ့ ချက်ချင်းသွားပြီး မျက်ကြည်လွှာ

ထုတ်ပေးဖို့ အလှူသွား ခံခဲ့တယ်လို့ ကိုဘတင့် ဇနီးကပြောတယ်။ ဒါကော မှန်သလား --''

''မျက်ကြည်လွှာအလှူခံသွားတာတော့ မှန်ပါတယ်ရှင် -- ဒါပေမယ့် ဝမ်းသာအားရနဲ့ သွားတာတော့ မဟုတ်ပါဘူး။ သူတို့အတွက် အသုံးမဝင်တော့တဲ့ အရာကို ကျွန်မတို့များရရင် အလွန်အဆင်ပြေမှာမို့လို့ပါရှင် --''

''ဒေါ်မိုးသူဇာကို မတင်ဝင်းက သူ့ရဲ့မျက်ကြည်လွှာထုတ်ယူဖို့ အသက်ထွက်လုဆဲဆဲမှာ ဆေးရုံကို ဖုန်းဆက်ခိုင်းတယ်လို့ ပြောတယ်နော်။ ဒီစကားကို တစ်ခြားဘယ်သူကြားသေးသလဲ။''

''ဘယ်သူမှမကြားပါဘူးရှင် အဲဒီအချိန်က သူ့ဘေးမှာ ကျွန်မ တစ်ယောက်တည်းရှိပါတယ် -- စခန်းမှူးကြီးရယ် --''

''ဟုတ်ကဲ့ -- ကျေးဇူးတင်ပါတယ် ဒေါ်မိုးသူဇာ -- လိုအပ်ရင် ကျွန်တော်တို့ ဒေါ်မိုးသူဇာကို ထပ်ခေါ်ပါ့မယ် --''

( ၁၀ )

ဒေါ်မိုးသူဇာမှာ မျက်လုံးပြန်မြင်ရတော့မည့် သားအတွက် အတိုင်းမသိ ပျော်ရွှင်မိသော်လည်း မိသားစုအပေါ်တွင် သံယောဇဉ်ကြီးစွာဖြင့် စေတနာထား လုပ်ကိုင်ပေးခဲ့သော အိမ်ဖော်မတင်ဝင်း သေဆုံးသွားသည့်အတွက် များစွာပင် စိတ်မကောင်းဖြစ်မိပေသည်။ ထို့အပြင် ပတ်ဝန်းကျင်မှ မတင်ဝင်းသေဆုံးရခြင်းအပေါ် သံသယမျက်လုံးများဖြင့် အကြည့်ခံရသော အခါပို၍ ယူကြုံးမရဖြစ်မိ၏။

ဤသို့ဖြင့် မတင်ဝင်း ရက်လည်ပြီးသည့်နောက်နေ့တွင် ဒေါ်မိုးသူဇာမှာ မတင်ဝင်းနေထိုင်ခဲ့သည့် အခန်းအတွင်းသို့ဝင်၍ ပစ္စည်းများကို ရှင်းလင်း၏။ ထိုအခါ မတင်ဝင်းပိုင်ဆိုင်သည့် တစ်ခုတည်းသော

သေတ္တာလေးကို တွေ့ရ၏။ သေတ္တာအတွင်း၌ စာအိတ်တစ်လုံးကို တွေ့ရပြီး စာအိတ်အပေါ်တွင် "ဒေါ်မိုးသူဇာသို့"ဟုရေးထားသောစာကို ဖတ်ရသည့် အတွက် စိတ်ဝင်စားစွာ ဖောက်ဖတ်လိုက်သည်။

သို့

အစ်မ ဒေါ်မိုးသူဇာ

အစ်မကတော့ ကျွန်မကို အိမ်ဖော် မတင်ဝင်းလို့ပဲ ထင်နေပါလိမ့်မယ်။ အမှန်တကယ်တော့ ကျွန်မဟာ အစ်မဒေါ်မိုးသူဇာမောင် ဆရာလေး ကိုသန့်စင်ရဲ့ ဇနီး မြလေးနွယ်ပါ။ ကျွန်မကိုလည်း ခင်ပွန်း အပေါ်မှာ သစ္စာမရှိတဲ့မိန်းမလို့ မြင်ပြီး အထင်သေးနေပါလိမ့်မယ်၊ ကျေးဇူးပြုပြီး ဒီစာကို ဆုံးအောင်တော့ ဖတ်ပေးပါအစ်မရယ်။

ကျွန်မ ကိုသန့်စင်နဲ့ အိမ်ထောင်ကျတာ ကလေးတစ်ယောက် ရခဲ့ပါတယ်။ တစ်နေ့အခြားရွာမှာရှိတဲ့ ကျွန်မအဖေ နေမကောင်းလို့ ခဏ သွားကြည့်ပါတယ် –– လမ်းခရီးမှာ ကလေးပင်ပန်းမှာစိုးတာရယ်၊ ကျွန်မက အဖေဆီမှာ တစ်ညတည်းအိပ်မှာမို့ ကိုသန့်စင်နဲ့ ကလေးကို ထားခဲ့ပါတယ်။ ကံဆိုးချင်တော့ လမ်းခရီးမှာ ကားကိုဓားပြအတိုက်ခံရ ပါလေရော။ "ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ" လို့ပဲ ဆိုရမလား မသိဘူး။ အဲဒီဓားပြအဖွဲ့ရဲ့ ခေါင်းဆောင်ဟာ တစ်ချိန်က ကျွန်မမိဘတွေ နဲ့ မိဘချင်းသဘောတူထားတဲ့လူပါ။ ကျွန်မက သူ့ရဲ့ဆိုးသွမ်းတဲ့ဓလေ့ စရိုက်တွေကြောင့် သူ့ကိုမကြိုက်ပါဘူး။ ဒါကြောင့်လည်း စိတ်သဘော ထားကောင်းမွန်တဲ့ ဆရာလေး ကိုသန့်စင်ကို လက်ထပ်ခဲ့တာပါ။ ဒီမှာ တင်အဲဒီလူက ကျွန်မအပေါ် မကျေမနပ်နဲ့ ဒေါသဖြစ်ပြီး ရွာကထွက်သွား ပါတယ်။ နောက်ဆုံးအဲဒီဓားပြအဖွဲ့မှာ ခေါင်းဆောင်ဖြစ်သွားတဲ့အထိ ပါပဲ။

မားပြတိုက်တဲ့နေ့က ခရီးသည်တွေထဲမှာ ကျွန်မကိုလည်း တွေ့ရော တောထဲကိုအတင်းဆွဲခေါ်သွားပြီး ကျွန်မကို သိမ်းပိုက်လိုက်ပါတယ်။ အဖြစ်မှန်ကို မသိတဲ့ ကိုသန့်စင်နဲ့ ရွာကလူတွေကတော့ ကျွန်မကို သစ္စာမရှိတဲ့ မိန်းမတစ်ယောက်အဖြစ် မြင်သွားကြတော့တာပါပဲ။

မားပြအဖွဲ့ဟာ အစိုးရစစ်တပ်နဲ့ တိုးပြီးတိုက်ပွဲဖြစ်ရာက အဲဒီလူလည်း သေသွားတယ်။ ကျွန်မကိုလည်း အစိုးရက ရွာကို ပြန်ပို့ပေးတယ်။ ရွာရောက်မှပဲ ကိုသန့်စင်ဆုံးသွားတဲ့အကြောင်းနဲ့ ရက်လည်တဲ့နေ့က ရွာကိုအစ်မလာပြီး ကိုသန့်စင်နဲ့ ကျွန်မရခဲ့တဲ့ကလေးကို မွေးစားဖို့ခေါ်သွားကြောင်းသိရပါတယ်။

ကျွန်မ သိသိချင်းအစ်မဆီကို လိုက်လာပါတယ်။ ဒါပေမယ့် အစ်မတို့ဘယ်ကို ပြောင်းသွားမှန်း ဘယ်သူကမှ မပြောနိုင်ကြပါဘူး။ ဒီလိုနဲ့တစ်နေ့မှာ ကိုသန့်စင်ကျောင်းရဲ့ အထွေထွေလုပ်သားက အစ်မတို့ကို ပဲခူးမြို့ဈေးထဲမှာ မထင်မှတ်ဘဲတွေ့လိုက်တယ်လို့ပြောပါတယ်။ ဒါကြောင့် ကျွန်မလဲ လိုက်စုံစမ်းပြီး သားလေးကို စောင့်ရှောက်ပေးခဲ့တဲ့ ဒုတိယ မိခင်ဖြစ်တဲ့ အစ်မကို ကျေးဇူးဆပ်ဖို့နဲ့ ကံကြမ္မာကြောင့် ပျက်ကွက်ခဲ့ရ တဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာကို ပြန်လည်ဖြည့်ဆည်းပေးဖို့အတွက် အစ်မတို့အိမ်မှာ အိမ်ဖော်အဖြစ် ရောက်လာခဲ့တာပါပဲ။

အစ်မအိမ်လည်းရောက်ရော မျက်လုံးကွယ်နေတဲ့ သားလေးကို မြင်လိုက်ရတော့ ကျွန်မရင်ထဲမှာ မဖော်ပြတတ်လောက်အောင် ခံစားလိုက်ရပါတယ်။ တာဝန်မကျေပွန်ခဲ့တဲ့ အမေတစ်ယောက်အနေနဲ့ အတတ်နိုင်ဆုံးပြန်လည်ပေးဆပ်သွားဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာ မြွေဟောက်တစ်ကောင်ရဲ့ အန္တရာယ်နဲ့ ကြုံတွေ့ရတော့ သားလေးရဲ့ မျက်လုံးကို အမြန်ပြန်မြင်မှဖြစ်တော့

မယ်လို့ယုံကြည်မိလိုက်တယ်။ အစ်မရဲ့ မျက်ကြည်လွှာ အစားထိုးကုသတဲ့ သတင်းကိုကြားလိုက်ရတဲ့နေ့ဟာ ကျွန်မအတွက် အပျော်ဆုံးနေ့ပါပဲ။ ဒါကြောင့်လည်း နောက်နေ့ကျွန်မကိုယ်တိုင် ဆေးရုံသွားပြီး သားလေးအတွက် ကျွန်မဆီက မျက်ကြည်လွှာထုတ်ဖို့ပြောခဲ့ပါတယ်။ ဆရာဝန်ကြီးက အသက်ရှင်နေတဲ့လူဆီက မျက်ကြည်လွှာကို ထုတ်ယူခွင့်မရှိဘူး။ သေဆုံးပြီးမှသာ ထုတ်ယူလို့ရပါတယ်လို့ပြောပါတယ်။ ဒါကြောင့် သားလေးအတွက် အဲဒီနေ့ကပဲ ဆေးရုံမှာ ကျွန်မရဲ့ မျက်ကြည်လွှာကို လှူဖို့စာရင်းပေးခဲ့ပါတယ်။

တစ်ချိန်ချိန်မှာ ကျွန်မဟာ ခင်ပွန်းအပေါ် သစ္စာမဲ့ခဲ့တဲ့ မိန်းမတစ်ယောက်မဟုတ်ဘူးဆိုတာရယ်၊ သားသမီးကို စွန့်ခွာသွားလောက်အောင် မေတ္တာစိတ်ကင်းမဲ့တဲ့ မိခင်တစ်ယောက်မဟုတ်ဘူးဆိုတာရယ်ကို အစ်မသိအောင်သက်သေပြနိုင်မယ်ထင်ပါတယ်။ အဲဒီအချိန်ကြရင် မိခင်တစ်ယောက်ရဲ့ မေတ္တာတရားအပေါ်ယုံမှားသံသယဝင်နေတဲ့ အစ်မဒေါ်မိုးသူဇာရဲ့ စိတ်တွေ ကင်းစင်ပပျောက်ပြီးခွင့်လွှတ်နားလည်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်ရှင်။

မြလေးနွယ်

ဒေါ်မိုးသူဇာမှာ မတင်ဝင်းခေါ် မြလေးနွယ် စာကိုဖတ်ပြီးနောက် ရုတ်တရက် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ မလှုပ်မရှက် ငြိမ်သက်နေမိသည်။ မိခင်တစ်ယောက်၏ စွန့်လွှတ်နိုင်သောစိတ်ထားနှင့် သတ္တိကိုလည်း လေးစားအံ့သြနေမိသည်။ ဤလောကတွင် သာမန်လူတို့ပေးစွမ်းနိုင်သော

အရာများထက် ကျော်လွန်၍ ပေးဆပ်နိုင်စွမ်းရှိသောအရာများသည် မိခင်များ၏ နှလုံးသားထဲ၌ ရှိနေတတ်ကြောင်းကို ဒေါ်မိုးသူဇာတစ်ယောက် အလေးအနက်ယုံကြည်နေမိပါတော့သည် ---။

သက်ဝေမောင်

(၂၀၁၄)ခုနှစ်၊ ကျိုက္ကလော့အမေ့မေတ္တာဝတ္ထုတိုပြိုင်ပွဲ
ဆယ်စု နှစ်ပြည့် ပထမဆု




ပေါ်ပြီမိန်းမပြက်ကျိုးကြလော့ အမေ့မေတ္တာဝတ္ထုတိုပြိုင်ပွဲ (ဒုတိယဆုရ)

ဒီအဖြစ် အပျက်ကိုကြည့်ရင်

လူ့ဘဝတစ်ခုတည်းမှာတင်

အဖေဘဝရော၊ အမေဘဝပါ

လက်တွေ့ရောက်ဖူးသူတစ်ယောက်ရဲ့

ရင်တွင်းခံစားချက်

အစစ်အမှန်စကားကို

သမီးနားလည်နိုင်ပါပြီ .....။

# စွန်လမ်းမှသည် ဆန်လမ်းဆီသို့

**(၁) မေတ္တာဂေဟာ။**

"ဘာ -- အိမ်ကို ရောင်းရမယ် ဟုတ်လား --"

ကျွန်မရဲ့ ကျယ်လောင်တင်းမာလှတဲ့ လေသံကြောင့် လှမိုးမြင့် တစ်ယောက် ကျွန်မကို ဘာမှပြန်မပြောရဲဘဲ ရုတ်တရက် ငေးကြောင်ပြီး ကြည့်နေပါတယ်။ ပြီးမှ တဖြည်းဖြည်း --

"ဒီလိုပါ အမေရဲ့ -- ကျွန်တော်တို့အိမ်က အခုဆိုရင် အမေနဲ့ ကျွန်တော် နှစ်ယောက်တည်းရှိတယ်လေ -- အိမ်ပေါ်ထပ်ကိုတောင် ဘယ်သူမှ မတက်ကြဘူး -- နေစရာ အခန်းတွေများလွန်းလို့ အောက်ထပ်မှာပဲ နေကြတယ်မဟုတ်လား -- ဒီတော့ ဒီအိမ်ကို ရောင်းလိုက်ပြီး အမေနဲ့ ကျွန်တော်နှစ်ယောက်ပဲ နေလောက်တဲ့ ဈေးသက်သာတဲ့ အိမ်ကို ရှာဝယ်ကြမယ်လေ -- ပိုတဲ့ ပိုက်ဆံနဲ့ ကျွန်တော် သင်္ဘောလိုက်မယ်။ နိုင်ငံခြားက ပြန်လာတော့ သားအမိ နှစ်ယောက် ပြည့်ပြည့်စုံစုံ နေကြတာပေါ့ အမေရယ် --"

သူက ကျွန်မကို ဘယ်လိုအကြောင်းပြချက်တွေပေးပြီး နားချ

ပေမယ့် ကျွန်မ လက်မခံနိုင်ပါဘူး။ ဒီအိမ်ကို ရောင်းချင်တယ်ဆိုကတည်းက ကျွန်မစိတ်တိုနေခဲ့တာပါ။ ဒီအိမ်ကို မရောင်းချင်ရတဲ့အကြောင်းရင်း ကျွန်မမှာ ရှိပါတယ်။ ဒါကို လှမိုးမြင့် တစ်ယောက်သိအောင် ကျွန်မက–

"ဒီမှာ ငါ့သား -- ဒီအိမ်ဟာ မင်းတို့မောင်နှမတွေ အားလုံး ငယ်ငယ်လေးထဲကနေလာခဲ့ကြတဲ့ အိမ် -- မင်းတစ်ယောက်ပဲ အိမ်ထောင်မကျသေးလို့ ဒီအိမ်မှာ ကျန်နေခဲ့တာ -- နိုင်ဦးကလွဲပြီး ကျန်တဲ့သားသမီးတွေအားလုံး ဒီအိမ်ရဲ့ အနီးပတ်ဝန်းကျင်မှာပဲ နေကြတယ် -- ဒါကြောင့် အရေးအကြောင်းဆိုရင် ဒီအိမ်ကို အားလုံးရောက်လာကြတယ် -- အမေ့အိမ်မှာ တိုင်ပင်ဆွေးနွေးကြတယ် -- မင်းတို့မောင်နှမတွေဟာ အိမ်ထောင်ကျကုန်လို့ အနေဝေးပြီး အချင်းချင်း စိမ်းနေရာကနေ အမေ့အိမ်ရောက်တာနဲ့ တစ်ပြိုင်နက် အမေ့ရဲ့ မေတ္တာအငွေ့အသက်ကို ပြန်ခံစားမိလာကြတယ် -- ပြန်စည်းလုံးမိလာကြတယ်လို့ အမေထင်တယ် -- ဒါကြောင့် ဒီအိမ်ကို ရောင်းဖို့မပြောနဲ့ -- အိမ်ပုံစံ ပျက်သွားအောင် ပြင်ဆောက်မယ်ဆိုရင်တောင် သားတို့သမီးတို့ရဲ့ ငယ်စဉ်က ပုံရိပ်လေးတွေ ပျောက်ကွယ်သွားမှာစိုးလို့ အမေ သဘောမတူနိုင်ဘူး --"

ကျွန်မက သားငယ် လှမိုးမြင့်ကို ဒီအိမ်မရောင်းရခြင်းရဲ့ ရည်ရွယ်ချက်ကို ပြောပြရုံသာမက ကျွန်မရဲ့ ဆန္ဒကိုပါ ပြတ်ပြတ်သားသား ပြောလိုက်ပါတယ်။

မှန်ပါတယ်။ ဒီအိမ်လေးဟာ ကျွန်မတို့ မိသားစုအားလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ နေလာခဲ့ကြတဲ့ အိမ်ဖြစ်ပါတယ်။ ကျွန်မ သက်ရှိထင်ရှားရှိနေသေးသမျှ ညီအစ်ကို မောင်နှမတွေ အားလုံး ချစ်ခင်စည်းလုံးမှု မပြိုကွဲစေရဘူး။ ကျွန်မ သက်ရှိထင်ရှား မရှိတော့တောင်မှ

ဒီအိမ်လေးကို ပုံစံမပျက် ကျန်ရှိခဲ့စေချင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီအိမ်လေးကို မြင်တိုင်း တစ်ချိန်က အမေ့မေတ္တာနဲ့ အမေ့ရဲ့ ဆုံးမစကားကို ပြန်ကြားယောင်မိကြမယ်ထင်လို့ပါ။ တစ်သက်လုံး သားသမီးတွေကို စုစုစည်းစည်း ရှိစေချင်ပါတယ်။ **ဒီလို သားသမီးတွေ အားလုံးကို "ဉမကွဲ သိုက်မပျက်" ရှိစေချင်တာဟာ လောကမှာရှိတဲ့ အမေတိုင်းရဲ့ ဆန္ဒလို့ ကျွန်မထင်ပါတယ်။**

**(၂) အမေဆိုတာ --- ။**

ကျွန်မက မုဆိုးမတစ်ယောက်ပါ။ အလုပ်က ပင်စင်ယူပြီးတဲ့နောက်မှာ အိမ်ထောင်မကျသေးတဲ့ လှမိုးမြင့်နဲ့ အတူနေပါတယ်။ သားသမီးတွေက (၇)ယောက်တောင်မှ ရှိပါတယ်။ သူတို့က အောင်မြင့်၊ သက်ဝေ၊ ခင်နှင်းဝေ၊ လှနိုင်၊ နိုင်ဦး၊ လှမိုးမြင့်နဲ့ နွယ်နီမိုးတို့ပါ။ သမီး (၂)ယောက်၊ သား (၅)ယောက်ဖြစ်ပြီး အငယ်ဆုံးကောင် လှမိုးမြင့်က လွဲလို့ အားလုံး အိမ်ထောင်ကျကုန်ပါပြီ။ မန္တလေးတိုင်းအတွင်းမှာ တာဝန်ကျနေတဲ့ နိုင်ဦးကလွဲရင် ကျန်တဲ့သားသမီးတွေ အကုန်လုံး ဒဂုံမြို့သစ်(တောင်ပိုင်း)မှာပဲ နေထိုင်ကြပါတယ်။

အခုလည်း ကျွန်မနဲ့အတူနေတဲ့ လှမိုးမြင့်က နိုင်ငံခြား သင်္ဘောမှာ အလုပ်သွားလုပ်ချင်သတဲ့။ နိုင်ငံခြားထွက်ဖို့ကုန်ကျစရိတ်အတွက် သူက အိမ်ကိုရောင်းစေချင်တယ်။ ကျွန်မက မရောင်းနိုင်ဘူး။ ကျွန်မမှာလည်း ပိုင်ဆိုင်တာဆိုလို့ ဒီအိမ်တစ်လုံးပဲရှိတယ်။ ဒါ့ကြောင့် အဝေးမှာနေတဲ့ နိုင်ဦးကလွဲလို့ ကျန်တဲ့သားသမီးတွေကို ကျွန်မ အိမ်ခေါ်ပြီး တိုင်ပင်ရတော့တာပေါ့။ သားကြီးဖြစ်တဲ့ အောင်မြင့်က --

''အိမ်ကိုတော့ မရောင်းပါနဲ့အမေရယ် -- လိုတဲ့ ပိုက်ဆံက (၆)သိန်းလောက်ဆိုတော့ ဒီလိုလုပ်ပါလား --''

''အေး -- ဘယ်လိုလုပ်ရမလဲ၊ ပြောစမ်းပါဦး''

''ကျွန်တော့် သူငယ်ချင်းတစ်ယောက်က အမေ့အိမ်ကို ငှားမယ်ဆိုရင် တစ်လကို ငါးသောင်းပေးမယ်တဲ့ -- တစ်နှစ်လောက် စာချုပ်ပြီး ငှားပါလား -- အဲ့ဒီက ရတဲ့ ငွေနဲ့ နိုင်ငံခြားထွက်ဖို့ ကုန်ကျစရိတ်လုပ်ပေါ့ -- ''

''ဟာ -- အမေက ဒီနှစ်အတွင်း ဘယ်မှာ သွားနေရမလဲ''

''အို -- အမေကလည်း ကျွန်တော်တို့ သားသမီးတွေက အမေ့ကျေးဇူးကို ပြန်ဆပ်တဲ့အနေနဲ့ တစ်ယောက်ကို(၂)လစီ ခေါ်ထားမယ်လေ -- တစ်နှစ်ပြည့်တော့ အမေ့အိမ်ပြန်ပေါ့ --''

''အေး -- ဟုတ်တယ် ငါတို့ သားသမီးတွေ အားလုံး အမေ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဝိုင်းပြီးပြုစုကြမယ် -- ဒီအကြံကောင်းတယ်ဟေ့ --''

သားသမီးတွေအားလုံး သဘောတူတာနဲ့ ကျွန်မလည်း မငြင်းသာတော့ပါဘူး။ ဒါမှလည်း သားငယ် လုမိုးမြင့် ဆန္ဒပြည့်ဝမှာ မဟုတ်လား။ သားငယ်ဟာ သူ့ဆန္ဒပြည့်ဝသွားလို့ ပြုံးပျော်နေသလို ကျွန်မလည်း သူ့ကိုကြည့်ပြီး ကျေနပ်နေမိပါတယ်။

**အမေဆိုတာက သားသမီးတွေ ပျော်ရင် ကိုယ်ပါလိုက်ပျော်ပြီး သူတို့ဝမ်းနည်းရင် ကိုယ်ပါထပ်တူဝမ်းနည်း နေတတ်တဲ့သူ မဟုတ်လား။ ဒါကြောင့် နေထိုင်ရတဲ့ လူ့ဘဝ တစ်လျှောက်လုံးမှာ သားသမီးတွေရဲ့ ဆန္ဒကို ချစ်ခြင်းများစွာနဲ့ ဖြစ်ခြင်းများစွာကို ဖန်တီးပေးခဲ့သူဟာ အမေတွေပဲပေါ့ ---။**

## (၃) အလှည့်

ဒီလိုနဲ့ လှမိုးမြင့်ကို နိုင်ငံခြားသင်္ဘောတင်ပြီးတဲ့နောက်ပိုင်း (၁-၁-၂၀၀၃) ဗုဒ္ဓဟူးနေ့မှာပဲ ကျွန်မဟာ သားအကြီးဆုံး အောင်မြင့် အိမ်ကို စတင်ရောက်ရှိခဲ့ပါတော့တယ်။

သားကြီး အောင်မြင့်ဟာ ဟိုတယ်ကြီးတစ်ခုရဲ့ စားဖိုမှူးကြီး တစ်ယောက်ဖြစ်ပါတယ်။ သူ့မိန်းမကလည်း အဲဒီဟိုတယ်ရဲ့ ငွေစာရင်း ဌာနရဲ့ အမှုထမ်းတစ်ယောက်ပါပဲ။ နှစ်ယောက်စလုံး ဝင်ငွေကောင်းကြ ပါတယ်။ တစ်ခါတစ်လေ အလုပ်ကပြန်လာရင် ကျွန်မ မစားဖူးတဲ့ အစားအစာတွေပါလာတတ်ပြီး ကျွန်မကို ကျွေးကြပါတယ်။ ကျွန်မလည်း သူတို့အိမ်ရောက်မှ အထူးအဆန်းတွေ စားရတယ် --။

အဆင်မပြေတာတစ်ခုက သူတို့ရဲ့သားသမီးနှစ်ယောက်ပဲ။ ကျွန်မက အသက်ကြီးလာတော့ အေးအေးဆေးဆေးနေချင်တယ်။ ဆရာတော်ဘုရားကြီးတွေရဲ့ တရားခွေတွေကို ဖွင့်ပြီး နားထောင်ချင် တယ်။ သူ့သားသမီးနှစ်ယောက်က သီချင်းတွေဖွင့်၊ တီဗွီဂိမ်းနှိပ်နဲ့ တရားခွေဖွင့်ဖို့ ကျွန်မအလှည့်ကို မရောက်နိုင်ဘူး။

သားကြီးအောင်မြင့်တို့က အတော်အသင့် ပြေလည်တာနဲ့ တစ်နေ့မှာ အောင်မြင့်ကို ဒီလိုပြောမိပါတယ်။

"သားကြီးရယ် -- အမေက အသက်ကြီးပြီဆိုတော့ တရား ခွေလေးဖွင့်ပြီး တရားနာချင်တယ် -- မင်းတို့အိမ်ရဲ့ တီဗွီက မင်းရဲ့သား နဲ့ သမီးနဲ့တင် အမေ့အလှည့်မရဘူး -- တစ်နေကုန်လိုလို ဖွင့်နေကြ တာပဲ -- အဲဒါ အမေတရားခွေလေးဖွင့်ပြီး တရားနာလို့ရအောင် သား အဆင်ပြေရင် အမေ့အတွက် အောက်စက် (VCD) လေး တစ်လုံး လောက်ဝယ်ပေးပါလား --"

"ဟုတ်ကဲ့အမေ -- ရပါတယ် သားဝယ်ပေးပါ့မယ် --"

"အေးကွယ် -- သာဓု -- သာဓု -- သာဓု --"

ဒီလိုနဲ့ ကျွန်မလည်း ဝမ်းသာအားရ သားကြီးဝယ်အလာကို စောင့်မျှော်နေပါတယ်။ အလုပ်ကပြန်လာရင် ပါလာမလားလို့ပေါ့။ တစ်ပတ်သာ အချိန်ကုန်သွားတယ်။ ပစ္စည်းက ပါမလာဘူး။ တစ်ညမှာတော့ ကျွန်မအိပ်ပြီအထင်နဲ့ လင်မယားနှစ်ယောက် တိုးတိုး တိုးတိုးနဲ့ စကားများနေကြပါတယ်။ အောင်မြင့် ဇနီးက -

"ရှင့်အမေဟာလေ -- ကျွန်မတို့ အိမ်မှာ ဖိမ်နဲ့ ထမင်းစား နေရတာတောင် အေးအေးဆေးဆေး မနေချင်ဘူးနော်"

"ဘာဖြစ်လို့လဲကွ"

"အို -- ဘာဖြစ်ရမလဲ -- ပိုက်ဆံအပိုကုန်အောင် VCD အောက်စက်ဝယ်ခိုင်းနေတယ် မဟုတ်လား -- ကျွန်မတို့မှာက သားသမီး နှစ်ယောက်အတွက် ကုန်ကျနေတာ ရှင်အသိပဲ -- သူပူဆာတိုင်း ဝယ်မပေးနိုင်ပါဘူးတော် --"

သားကြီးက ဇနီးကို ဘာပြန်ပြောတယ်တော့ ကျွန်မ မကြား လိုက်ပါဘူး။ ဒီလိုနဲ့ နောက်တစ်နေ့ နေ့လယ်ရောက်ရော အောင်မြင့်က ကျွန်မမျက်နှာကို စေ့စေ့မကြည့်ရဲဘဲ ဒီလိုပြောပါတယ်။

"အမေရယ် -- သားတို့မှာ သားသမီးနှစ်ယောက်နဲ့ဆိုတော့ ဟိုစရိတ်ကုန်၊ ဒီစရိတ်ကုန်နဲ့ အကုန်အကျတွေများလွန်းလို့ အမေ့ကို ကတိပေးထားတဲ့ VCD အောက်စက် ာယ်ပေးဆိုတာ အခုမဝယ်ပေး နိုင်သေးပါဘူး -- နောင် ပြေလည်တဲ့အချိန်ကျရင် ဝယ်ပေးပါ့မယ်"

ကျွန်မကလည်း သားစိတ်ဆင်းရဲမှာ စိုးတာနဲ့ -

"အေးပါ သားကြီးရယ် -- ဝယ်မပေးလည်းရပါတယ် --

အမေ့ဖာသာ ပုတီးလေးစိတ်ပြီး တရားလေးမှတ်နေပါမယ်ကွယ်''

ကျွန်မရဲ့ စိတ်ထဲမှာတော့ အောင်မြင့် တက္ကသိုလ်တက်တုန်းက သူပူဆာသမျှကို မညည်းမညူပဲ ကျွန်မ ဝယ်ပေးခဲ့တာတွေကို အမှတ်ရနေမိပါတယ်။ ဒီလိုနဲ့ သားကြီးအိမ်မှာ နှစ်လပြည့်လို့ နောက်ဆုံးအိပ်တဲ့ညမှာတော့ စာရေးဝါသနာပါတဲ့ ကျွန်မရဲ့ အကျင့်အတိုင်း ဒိုင်ယာရီထဲမှာ ဒီလိုရေးမိပါတယ်။

၂၈-၂-၂၀၀၃ (သောကြာ)

**ဩော် - အမေတွေခမြာ သားသမီးတွေ ပူဆာလာရင် မရှိမဲ့ ရှိမဲ့ကြားက (အမှန်တကယ် မလိုအပ်မှန်း သိပေမယ့်လည်း) သားသမီး တွေရဲ့ ဆန္ဒကို အလိုလိုက် အလျှော့ပေးပြီး ဝယ်ပေးခဲ့ကြပါတယ်။ တစ်ခါတစ်လေများ သူ့စိမ်းတစ်ရံဆီကတောင် မျက်နှာငယ် အောက်ကျို့ ခံချေးငှားပြီး (သားသမီးတွေ မျက်နှာမငယ်ရလေအောင်) ဝယ်ပေးခဲ့ကြ ပါတယ်ကွယ်။**

**သားတို့ သမီးတို့ အလည့်ရောက်တော့ အမေ့အတွက် (အမှန်တကယ်လိုအပ်နေတာတောင်) အကြောင်းပြချက် အမျိုးမျိုး၊ ဆင်ခြေ အမျိုးမျိုးပေးပြီး ဝယ်ပေးရကောင်းမှန်း မသိကြပါလားကွယ်။**

(၄) စုန်ရေဆိုတာ

သားကြီး အောင်မြင့်အိမ်ကနေ နှစ်လပြည့်တာနဲ့ ဒုတိယသား သက်ဝေအိမ်ကို ရောက်ခဲ့ပြန်တယ်။ ဒီကောင်က ကျောင်းဆရာတစ်ယောက်ပါ။ ယောကျ်ားလေးတစ်ယောက်ဖြစ်ပေမယ့် မိန်းကလေးနာမည် ''သက်ဝေ''ဆိုပြီးပေးမိလို့လား မသိဘူး။ သူ့အမူအရာက မိန်းမလျာ ပုံစံမျိုး၊ မိန်းမယူပြီး သားသမီးတွေ မွေးထားလို့သာ ယောကျ်ား

ပီသမှန်းသိရတယ်။ သက်ဝေက ကျောင်းဆရာပီပီ ဆင်းရဲလှပါတယ်။ အောင်မြင့်အိမ်မှာလို အစားကောင်းတွေ မစားရပါဘူး။ ဒါပေမယ့် ကျွန်မ ပျော်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူက စိတ်ရှည်တယ်။ အပြော ကောင်းတယ်။ ကျွန်မအကြိုက် လိုက်လျောတတ်တယ်။

တစ်ခုတော့ရှိပါတယ်။ အဲဒါက သူ့အနေနဲ့ ကျွန်မအပေါ်မှာ အမြင်မကြည်လင်တာ တစ်ခုရှိတယ်။ ဒါက သမီးငယ် နွယ်နီမိုး ကိစ္စပါပဲ။ နွယ်နီမိုး ယောက်ျားက အလုပ်မလုပ်တော့ သူတို့မိသားစုဟာ ဆင်းရဲလွန်းလှပါတယ်။ နွယ်နီမိုးကပဲ မိသားစုကို ဦးဆောင်နေရတယ်။ ဒါ့ကြောင့် အမြင်မတော်တဲ့ ကျွန်မအဖို့ နွယ်နီမိုးတို့ မိသားစုကို မကြာခဏ ထောက်ပံ့နေရတယ်။ ဒီအချက်ကို သိတဲ့ သူ့အနေနဲ့ ကျွန်မကို မကျေမနပ် ဖြစ်နေပါတယ်။ ဒါပေမယ့် သူမကျေနပ်တာကို အရေးမကြီးတဲ့ လေသံမျိုးနဲ့ --

"အမေဟာလေ သားသမီးတွေ အားလုံးထဲမှာ နွယ်နီမိုးကို သိပ်ချစ်တာပဲနော် -- ကျန်တဲ့သားသမီးတွေကို မထောက်ပံ့၊ မပေးကမ်းဘဲ နွယ်နီမိုးကိုတော့ ကျွန်တော်တို့ မသိအောင် မကြာခဏ ထောက်ပံ့နေတယ် မဟုတ်လား --"

"ဟုတ်တော့ ဟုတ်ပါတယ် သားရယ် -- ဒါပေမယ့် နွယ်နီမိုးက မိန်းကလေးထဲမှာ အငယ်ဆုံးလေ -- ပြီးတော့ မိန်းမသားတန်မဲ့ သူ့မိသားစုကို ဦးဆောင်ပြီး လုပ်ကျွေးနေရတယ်ဆိုတော့ --"

"အဲဒီတော့ အမေက --"

"အေး -- ပတ်ဝန်းကျင်အမြင်မှာ မြင်လို့မကောင်းဘူး -- အမေတစ်ယောက်အနေနဲ့ ဘယ်ပစ်ထားရက်မလဲ -- အဆင်ပြေအောင် တတ်နိုင်သမျှ ထောက်ပံ့ ပေးရမှာပေါ့ --"

"ဒါဆိုရင် အမေ့အနေနဲ့ နွယ်နီမိုးအပေါ် ကျန်တဲ့ သားသမီးတွေထက် ဘက်လိုက်ပြီး ပိုချစ်နေသလို ဖြစ်မနေဘူးလား --"

"မင်းမှာလည်း သားသမီးတွေ မွေးထားတာပဲလေ -- သူတို့ အိမ်ထောင်ကျလို့ တစ်ယောက်ယောက် အဆင်မပြေတဲ့အချိန်မှာ မိခင်တစ်ယောက်ရဲ့ ခံစားချက်ကို သားနားလည်လာပါလိမ့်မယ်"

ကျွန်မရဲ့ အဖြေစကားကို သူ့အနေနဲ့ ကျေနပ်ပုံ မရပေမယ့် စိတ်ဆိုးဟန်တော့ မတွေ့ရပါဘူး။ သက်ဝေအိမ်က ပြောင်းမယ့်ညမှာလည်း အိမ်တစ်အိမ်စီမှာနေခဲ့ရလို့ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံကို ကျွန်မရဲ့ ဝါသနာအတိုင်း ဒိုင်ယာရီစာအုပ်ထဲမှာ ရေးမိပြန်ပါတယ်။

၃၀-၄-၂၀၀၃ (ဗုဒ္ဓဟူး)

**အမေတွေအနေနဲ့ တစ်ခါတစ်ရံမှာ သားသမီးတစ်ယောက်ယောက်ကို အခွင့်အရေး ပိုပေးလိုက်သလိုမျိုးဖြစ်တတ်ကြပါတယ်။ ဒါဟာ လည်း အမေတွေအနေနဲ့ မပြည့်စုံရှာတဲ့ သားသမီး၊ အစွမ်းအစနည်းတဲ့ သားသမီးတွေကို မိဘရဲ့ဖြူစင်တဲ့ မေတ္တာစိတ် အစစ်အမှန်နဲ့ ပြုမူမိတာပါ။ ဘက်လိုက်လိုတဲ့သဘော၊ မမျှတလိုတဲ့ သဘောမျိုးနဲ့ တမင်တကာ ပြုလုပ် ကြတာမဟုတ်ပါဘူး။ "စုန်ရေ" ဆိုတာက ပိုနိမ့်ရာဘက်သို့ ပိုမိုစီးဆင်း စမြဲပါ။**

**ဘယ်သားသမီးတွေနိမ့်နိမ့်၊ နိမ့်တဲ့သားသမီးတွေထံကို စုန်ရေတို့ရဲ့ ထုံးစံအတိုင်း ပိုမိုစီးဆင်းလာမှာကိုတော့ သားတို့ သမီးတို့ မိဘ ဖြစ်လာတဲ့အခါ (အခြေအနေကြုံတွေ့လာတဲ့အခါ)မှာ သဘောပေါက် နားလည်လာကြမှာပါ သားတို့ သမီးတို့ရယ်။**

(၅) မွေးနေ့ရောက်တိုင်း

နှစ်လပြည့်တာနဲ့ သက်ဝေအိမ်ကနေ သမီးနှစ်ယောက်ထဲက အကြီးဖြစ်တဲ့ ခင်နှင်းဝေအိမ်ကို ရောက်ခဲ့ပြန်တယ်။ ဘယ်သားသမီးအိမ်မှာမှ နှစ်လထက် ပိုလည်းမနေ၊ လျော့လည်းမနေပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ တစ်အိမ်မှာ နှစ်လထက် ပိုနေရင် တစ်အိမ်မှာ လျော့နေရမယ်မဟုတ်လား။ သူတို့က သားသမီးတွေဆိုပေမယ့် သူတို့ရဲ့ အိမ်ထောင်ဖက်တွေက ကျွန်မနဲ့ဆိုရင် သူတစ်စိမ်းတွေလေ။ ဒါကြောင့် ကျွန်မအတွက်နဲ့ လင်မယားချင်း စကားများမှာ၊ စိတ် ကသိကအောက် ဖြစ်မှာကို မလိုလားပါဘူး။ သူတို့ရဲ့ ဆန္ဒအတိုင်း တစ်အိမ်စီမှာ နှစ်လပြည့်အောင် အဆင်ပြေပြေ နေနိုင်ဖို့ ကျွန်မကြိုးစားမှာပါ။

ခင်နှင်းဝေအိမ်မှာ ကျွန်မအတွက် ပိုအဆင်ပြေပါတယ်။ မိန်းမသားချင်းဖြစ်လို့ ကျွန်မအထာကို သူပိုသိတာပေါ့။ စိတ်ရင်းကောင်းပေမယ့် ပြေပြေပြစ်ပြစ်တော့ မပြောတတ်ရှာဘူး။

ခင်နှင်းဝေအိမ်မှာနေတုန်း တစ်နေ့မှာ -

''ဒီမှာ အမေ --''

''ဘာတုန်း -- သမီးရဲ့''

''အမေ့အိမ်မှာနေတုန်းက သမီးရဲ့ မွေးနေ့ပွဲကျင်းပတာ မှတ်မိသေးလား''

''သိပ်မှတ်မိတာပေါ့သမီးရယ် -- မွေးနေ့ပွဲတိုင်း သမီးကြိုက်တဲ့ မုန့်ဟင်းခါးကို အမေချက်ပေးခဲ့တာပဲ --''

''အဲဒါ သန်ဘက်ခါ သမီးရဲ့မွေးနေ့လေ -- မုန့်ဟင်းခါး ကျွေးမလို့ -- အမေ ချက်ပေးပါလား --''

''ချက်ပေးရမှာပေါ့ သမီးရယ် --''

ဒီလိုနဲ့ ကျွန်မလည်း သမီးရဲ့မွေးနေ့ပွဲမှာ ညစ်ခံကျွေးမွေးဖို့အတွက် မုန့်ဟင်းခါးဟင်းရည်ကို တာဝန်ယူချက်ပေးရပါတယ်။ မုန့်ဟင်းခါးချက်ဖို့ စာရင်းတွေလုပ်၊ ဈေးဝယ်နဲ့ မအားလပ်ရပါဘူး။ မွေးနေ့ပွဲမတိုင်ခင်ညမှာတော့ တစ်ညလုံးမအိပ်ရဘဲ မုန့်ဟင်းခါးတူးမသွားအောင် မကြာခဏ မွှေပေးနေရပါတယ်။

မွေးနေ့ပွဲမနက်မှာလည်း မုန့်ဟင်းခါးဟင်းရည်အိုးဘေးက မခွာရသလောက်ပါပဲ။ လိုအပ်သမျှကို မီးဖိုချောင်ထဲကနေ စီမံပေးနေရတယ်။ ခင်နှင်းဝေကတော့ သူငယ်ချင်းတွေနဲ့ ပျော်တပြုံးပြုံးပေါ့။ သူငယ်ချင်းတွေရဲ့ ဆန္ဒအတိုင်း တစ်ခါတစ်ရံ အပြင်က စားစရာတွေကိုတောင် ထပ်ဝယ်ကျွေးနေရတယ်။ သမီးဖြစ်တဲ့ ခင်နှင်းဝေက သန့်လို့ ပြန့်လို့။ အမေဖြစ်တဲ့ ကျွန်မက မီးဖိုချောင်ထဲမှာ ချွေးတစ်လုံးလုံးနဲ့ပေါ့။

ကျွန်မရဲ့ မျက်လုံးထဲမှာ ခင်နှင်းဝေ မွေးဖွားတုန်းက အဖြစ်အပျက်လေးကို ပြန်မြင်ယောင်နေမိပါတယ်။ ခင်နှင်းဝေဟာ အမြွှာပူးပါ။ အငယ်မလေးက ငယ်စဉ်ကတည်းက ဆုံးပါးသွားပါတယ်။ ခင်နှင်းဝေကို မွေးဖွားစဉ်က ခက်ခက်ခဲခဲနဲ့ မွေးဖွားခဲ့ရပြီး သွေးသွန်တာများသွားလို့ ကျွန်မမှာ အချိန်အတော်ကြာကြာ သတိလစ်မေ့မျောနေခဲ့ပါတယ်။ ကျွန်မရဲ့ညီအစ်ကိုမောင်နှမတစ်တွေဟာ ကျွန်မရဲ့အသက်ကို မကယ်နိုင်တော့ဘူးလို့ထင်ပြီး ငိုကြွေ ယိုကြပါသေးတယ်။ ကံကောင်းထောက်မစွာနဲ့ ဆေးရုံကို အချိန်မီရောက်ခဲ့လို့သာ အသက်ချမ်းသာရာ ရခဲ့တာပါ။

ခင်နှင်းဝေအိမ်မှာ တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြုံခဲ့ရတဲ့ မွေးနေ့ပွဲအကြောင်းကိုလည်း လုနိုင်အိမ်မပြောင်းခင်ညမှာ ဒိုင်ယာရီစာအုပ်ထဲရေးမိပြန်ပါတယ်။

၃၀–၆–၂၀၀၃ (တနင်္လာ)

သားတို့ သမီးတို့ဟာ အမေ့အိမ်မှာ နေတုန်းကဆိုရင် အခုလို သားတို့သမီးတို့ မွေးနေ့ရောက်ပြီဆိုတာနဲ့ သူငယ်ချင်းတွေကို ညှော်ခံ ကျွေးမွေးဖို့နဲ့ သားတို့သမီးတို့အတွက် တန်ဖိုးကြီးမားတဲ့ လက်ဆောင် ပစ္စည်းတွေ ဝယ်ပေးဖို့ အမေ့ကို နားပူ နားဆာလုပ်ပြီး တောင်းဆိုတတ်ကြတယ်။ အမှန်တကယ်ဆိုရင် သားတို့ သမီးတို့ဟာ မိမိရဲ့ မွေးနေ့ ရောက်တိုင်း မိမိကို အသက်နဲ့ရင်းပြီး မျက်ရည်ပေါက် ကြီးငယ်ကျကာ ခက်ခက်ခဲခဲ မွေးဖွားပေးခဲ့တဲ့ မိခင်ရဲ့မေတ္တာနဲ့ ကျေးဇူးတရားကို အသိအမှတ်ပြုရှိခိုးကန်တော့ သင့်ကြပါတယ်။ သားသမီးတွေ အပေါ်မှာထား တဲ့ အမေ့ရဲ့မေတ္တာကို ဂုဏ်ပြုပူဇော် သင့်ကြပါတယ်ကွယ်။

(၆) အိမ်ဖော်

(၁–၇–၂၀၀၃)နေ့မှာ တတိယသား လှနိုင်အိမ်ကို ပြောင်းခဲ့ တယ်။ လှနိုင်က စက်ရုံတစ်ရုံမှာ မိုးလင်းကနေ မိုးချုပ်အထိ အလုပ်လုပ် နေရရှာတဲ့ အလုပ်သမားတစ်ယောက်ပါ။ ပင်ပန်းဆင်းရဲလှပါတယ်။ လှနိုင်ရဲ့ သားသမီးသုံးယောက်ကလည်း ကျောင်းသားတွေဖြစ်တော့ မိသားစု စားဝတ်နေရေးအတွက် အတော့်ကို ရုန်းကန်နေရပုံပါပဲ။

လှနိုင်ဇနီးက မိသားစုစားဝတ်နေရေး ပြေလည်အောင် တစ်ဖက် တစ်လမ်း ဈေးရောင်းနေရတယ်။ အကြော်ကြော်ပြီး ရပ်ကွက်ထဲကို တစ်နေကုန်နီးပါး လှည့်ရောင်းရတယ်။ ဒီတော့ ကျန်တဲ့ကျောင်းသား သုံးယောက်အတွက် ကျွန်မက ပြင်ဆင်ချက်ပြုတ်ပေးရတယ်။ တစ်အိမ် လုံးရဲ့ အဝတ်အစားတွေကို လျှော်ဖွပ်ပေးရတယ်။ လှနိုင်တို့ လင်မယား

နှစ်ယောက် ပင်ပင်ပန်းပန်းနဲ့ ရှာကျွေးနေတဲ့ ထမင်းလုတ်ကို ကျွန်မစား ဖို့ ဘယ်မှာမျိုကျပါ့မလဲ။ ဒါ့ကြောင့် တတ်နိုင်သမျှ ရှိတဲ့အလုပ်ကို အလိုက်တသိနဲ့ လုပ်ပေးနေရတာပေါ့။

တစ်နေ့မှာ မမျှော်လင့်ဘဲ အိမ်ရဲ့ အနောက်ဖက်မှာ လျှော်ပြီး လှန်းထားတဲ့ အဝတ်အစားတွေကို အမှိုက်ကောက်တဲ့သူတွေက အလစ် သုတ်သွားပါတယ်။ သူ့မိန်းမနဲ့ လှနိုင်လည်း ပြန်ရောက်ရော ကျွန်မကို အပြစ်တင် စကားပြောပါတော့တယ်။

"အမေကလည်းဗျာ -- အဝတ်အစားတွေကို လျှော်လှန်း ပြီးရင် စောင့်ကြည့်နေမှာပေါ့ -- အခုတော့ သူခိုးခိုးလို့ ကုန်ပြီ"

"အမေလည်း စောင့်ကြည့်နေတာပါပဲကွယ် -- မောလွန်းလို့ ခဏတဖြုတ် အိပ်ပျော်သွားတာပါ --"

"အမေ့ကို ပြောလိုက်ရင် ဒီလိုချည်းပဲ -- သားတို့မှာ တစ်နေ့ လုပ်မှ တစ်နေ့စားရတာဆိုတော့ အဝတ်အစားအသစ်ကို တော်တော်နဲ့ မဝယ်နိုင်ဘူး"

"အေးပါ သားရယ် အမေ့ပင်စင်ထုတ်တော့ ကလေးတွေ အတွက် တတ်နိုင်သမျှ ပြန်ဝယ်ပေးပါ့မယ် --"

ဒီလိုနဲ့ ကျွန်မလည်း ဒီအိမ်က မပြောင်းခင်မှာ စုဆောင်းထား တဲ့ ပင်စင်လစာထဲက ကလေးတွေအတွက် အဝတ်အစား အနည်းငယ် ဝယ်ပေးခဲ့ပါတယ်။

လှနိုင်အိမ်မှာနေရတာ ကျွန်မအရင်နေခဲ့တဲ့ သားသမီးတွေ အိမ်ထက် ပိုပင်ပန်းပါတယ်။ တစ်နေ့ တစ်နေ့ ပင်ပန်းလွန်းလို့ ဘုရား ရှိခိုး၊ ပုတီးစိပ်ဖို့တောင် အနိုင်နိုင်ပါပဲ။ ညရောက်တာနဲ့ အိပ်ရာထဲ စောစောဝင်ဖြစ်ပါတယ်။ လှနိုင်အိမ် နောက်ဆုံးနေတဲ့ ညမှာတော့ ကျွန်မ

ရဲ့ ထုံးစံအတိုင်း ဒိုင်ယာရီကို မပျက်မကွက် ရေးဖြစ်ပါတယ်။

၃၁-၈-၂၀၀၃ (တနင်္ဂနွေ)

အသက်ကြီးလာတဲ့ အမေတွေဟာ ဝင်ငွေ မရှိတော့ရင် သားသမီးတွေထံကို မှီခိုသူဘဝနဲ့ ကျရောက်သွားခဲ့ရပါပြီ။ မြေးတွေကို ထိန်းကျောင်းပေးရ၊ မီးဖိုချောင်တာဝန်ကို ယူပြီး ချက်ပြုတ်ပေးရ၊ အဝတ် အစားတွေကို လျှော်ဖွပ်ပေးရနဲ့ သားသမီးတွေ အငြိုအငြင်မခံရအောင် အမျိုးမျိုးကူညီပြီး လုပ်ကိုင်ပေးရရှာပါတယ်။ တစ်ခါ တစ်လေများ အဆင်မပြေဖြစ်ခဲ့ရင် အပြစ်တင်တာတောင် ခံရရှာပါတယ်။ ဘဝရဲ့ တတိယအရွယ်မှာ ဒါန၊ သီလ၊ ဘာဝနာနဲ့ အိမ်ဦးခန်းမှာသာ နေသင့် ကြတာပါ။ အခုတော့ အမေတချို့နေနေရတဲ့ ဘဝဟာ သားသမီးတွေရဲ့ ကျေးဇူးကြီးမားလှတဲ့ မိခင်အဖြစ် ကျေးဇူးအဆပ်ခံနေရတဲ့ ဘဝမျိုး မဟုတ်ဘဲ သားသမီးတွေရဲ့ အိမ်က ကူဖော်လောင်ဖက် အခိုင်းခံ အိမ်ဖော် ဘဝမှာများ ထားနေမိသလားဆိုတာ သားသမီးများ စဉ်းစားကြပါကွယ်။

(၇) အချစ်ပွားမှာလား၊ ပစ်ထားမှာလား

နိုင်ဦးဟာ မန္တလေးတိုင်းအတွင်းမှာရှိတဲ့ မြို့နယ်တစ်ခုက ဌာနဆိုင်ရာ အရာရှိကြီးတစ်ယောက်ပါ။ မန္တလေးမြို့ကနေ သူတာဝန်ကျရာ မြို့ကို ရောက်ဖို့ အချိန်တော်တော်ကြာကြာ ကားစီးရပါသေးတယ်။ သူ့ဆီမှာ (၂)လတာနေဖို့အတွက် ကားလက်မှတ်ကအစ အဆင်ပြေအောင် စီစဉ်ပေးပါတယ်။ ရန်ကုန် အဝေးပြေးဂိတ်ကနေ မနက်စောစော ကားစီးလိုက်တာ သူ့အိမ်လည်း ရောက်ရော ည (၈)နာရီလောက်ရှိပါပြီ။

နိုင်ဦးဆီရောက်တာနဲ့ ကျွန်မမှာ နေမကောင်းဖြစ်ပါတော့တယ်။ ခရီးကပန်း၊ ရာသီဥတုကအပြောင်းအလဲမို့ တူပါတယ်။ ကျွန်မမှာ အိပ်ရာထဲကနေ လူတစ်ယောက် အကူအညီမပါပဲ မထနိုင်၊ လမ်းမလျှောက်နိုင်ပါဘူး။ တတိယသား လှနိုင်အိမ်မှာတုန်းက ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရတဲ့ ဒဏ်တွေလည်း ပါမယ်ထင်တယ်။

နိုင်ဦး အိမ်မှာနေရတာဟာ ကျန်တဲ့သားသမီး အိမ်တွေမှာနေရာတာထက် အစစအရာရာ ပိုပြည့်စုံပါတယ်။ လက်အောက်ငယ်သားတွေကများတော့ ခိုင်းစရာလူမရှားလှဘူး။ စားစရာ သောက်စရာ လက်ဆောင်တွေလည်း ပေါများလှပါတယ်။ သူ့ဇနီးကလည်း ဌာနတစ်ခုရဲ့ အရာရှိပဲဆိုတော့ အလုပ်ကိစ္စနဲ့ အိမ်ကို ဝင်ထွက်သွားလာနေတဲ့ ဧည့်သည်တွေက နေ့စဉ်နှင့်အမျှ ပြတ်တယ်လို့ကို မရှိဘူး။ ကျွန်မ အတွက် နေစရာ ကျဉ်းကြပ်လှပါတယ်။ ဒီအပြင် ကံဆိုးတာက သူ့အိမ်ရောက်ပြီး (၂)လနီးပါး နေမကောင်းဖြစ်နေတာပဲ။ ဆရာဝန်ကို အိမ်အထိခေါ်ပင့်ပြီး ကုသပေမယ့် အသက်ကြီးလာလို့လားမသိဘူး။ တော်တော်နဲ့ နာလန်မထူဘူးဖြစ်နေတယ်။

တစ်ခုခက်တာက နိုင်ဦးဟာ ဟိုအရင်တုန်းက နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နဲ့ စကားပြောဆိုတတ်တဲ့ ကျွန်မရဲ့သား နိုင်ဦး မဟုတ်တော့သလိုပဲ။ လက်အောက်ငယ်သားတွေကို အမိန့်ပေး ညွှန်ကြား နေရလို့တူတယ်။ သူ့အသံက အာဏာသံပါနေတယ်။ ကျွန်မကိုတော့ အမေဖြစ်နေလို့နဲ့တူတယ်။ အတတ်နိုင်ဆုံး ပျော့ပျော့ပျောင်းပျောင်းနဲ့ ပြောပါတယ်။

သူ့အိမ်ဟာ လူတွေနဲ့ အမြဲစည်ကားနေတာကြောင့် ကျွန်မကို သူ့အိမ်ရဲ့ အနောက်ဖက်အခန်းလေးတစ်ခုထဲမှာ ထားပါတယ်။ ကျွန်မက

လည်း အချိန်ကြာကြာ နေမကောင်းဖြစ်နေတော့ ထမင်းစားလည်း ဒီအခန်း၊ အိမ်သာတက်လည်း ဒီအခန်းပါပဲ။ နိုင်ဦးကလည်း အလုပ်များ၊ ချွေးမကလည်း မအားလပ်ဖြစ်နေတာမို့ အိမ်ဖော်တွေနဲ့ပဲ နေရတာများပါတယ်။

နေမကောင်းဖြစ်နေတာ အချိန်ကြာလာတာနဲ့အမျှ ကျွန်မရဲ့ ရုပ်ဆင်းအင်္ဂါဟာ ဇရာကျနေတဲ့ အဘွားအိုတစ်ယောက်လို ဖြစ်နေပါတယ်။ တစ်နေ့မှာ နိုင်ဦးရဲ့ အိမ်ဖော်တွေက ကျွန်မကို ဒီလိုပြောပါတယ်။

"အမေဟာ အသက်ကြီးလာလို့ ပင်ပန်းနေပါပြီတဲ့ -- ဒါကြောင့် -- သူ့ရဲ့ဧည့်ခန်းမလာပါစေနဲ့ -- လိုအပ်တာရှိရင် သူ့ကို လာပြော -- အားလုံးစီစဉ်ပေးမယ်တဲ့ --"

ဒီစကားကို တစ်ဆင့်ကြားလိုက်ရတော့ ကျွန်မ စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားတယ်။ နိုင်ဦးက ကျွန်မကို သူ့ရဲ့ဧည့်ခန်း မလာခိုင်းတာဟာ ကျွန်မအသက်ကြီးလာလို့ ပင်ပန်းမှာစိုးပြီး တကယ့်စိတ်ရင်းကောင်းနဲ့ ပြောတာလား။ နေမကောင်းဖြစ်လို့ ဇရာပုံပေါက်ပြီး အမြင်မတော်ဖြစ်နေတဲ့ ကျွန်မရုပ်ကို လူမြင်မှာ ရှက်လို့ပြောတာလားဆိုပြီး အားငယ်စိတ် ဝင်မိပါတယ်။ ကျန်တဲ့ သားသမီးတွေအိမ်မှာ နေရသလို ရင်းရင်းနှီးနှီးနဲ့ စကားပြောခွင့်မရပါဘူး။ သူညွှန်ကြားသမျှကိုပဲ လိုက်နာနေရပါတယ်။

ရန်ကုန်ပြန်မယ့် နောက်ဆုံးညမှာတော့ အနည်းငယ် ထူထူ ထောင်ထောင် ဖြစ်လာတဲ့ ကျွန်မဟာ ဒိုင်ယာရီကို မပျက်မကွက် ရေးခဲ့ပါတယ်။

၁၀-၁၀-၂၀၀၃ (သောကြာ)

**အမေဟာ သားတို့ သမီးတို့ ငယ်ငယ်တုန်းကဆိုရင် အိမ်ကို ဧည့်သည်တစ်ယောက်လာတာနဲ့ ကိုယ်ရဲ့ သားသမီးတွေ**

ဘယ်လောက်တော်ကြောင်း၊ တတ်ကြောင်း ပြချင်လွန်းလို့ အိမ်ရှေ့ခေါ်ထုတ်ပြီး ကြွား ခဲ့တယ်။ သားတို့သမီးတို့ အလှည့်ရောက်တော့ ဇရာဒဏ်ဖိစီးပြီး အမြင် မတော်ဖြစ်နေတဲ့ အမေ့ကို လူမြင်မှာစိုးလို့ ချောင်ထိုးထားကြတယ်။ အင်မတန်မှ ကျေးဇူးကြီးမားလှတဲ့အမေ့ကို အိမ်ရဲ့အနောက်ဖက် အခန်း ကျဉ်းလေးထဲမှာ ထားပြီး အိပ်ရင်လည်း ဒီနေရာ၊ စားရင်လည်း ဒီနေရာ၊ အပေါ့အလေးသွားရင်လည်း ဒီနေရာနဲ့ လှောင်အိမ်ထဲမှာလို နေနေရတယ်။ အိပ်ရာကလည်း ခင်းတာကြာတော့ ကြမ်းပိုးတွေကိုက်၊ ခေါင်းကလည်း သန်းတွေကိုက်နဲ့ အနံ့အသက်တွေကလည်း မကောင်း၊ အမိန့်ပေး သမျှကိုလည်း နားထောင်ရ၊ ကျွေးသမျှကိုသာ စားရတဲ့ အကျဉ်းသား တစ်ယောက်လို နေနေရတယ်။ ကျေးဇူး အလွန်ကြီးမားလှတဲ့ အမေ့ကို ''နွေးထွေးစွာနဲ့ အချစ်ပွားမှာလား၊ သွေးအေးစွာနဲ့ ပစ်ထားမှာလား'' သားတို့ သမီးတို့ စဉ်းစားကြပါ --။

## (၈) ပိုချစ်တဲ့သူ

နွယ်နီမိုးဟာ ကျွန်မရဲ့သမီးနှစ်ယောက်ထဲက အငယ်ဆုံးသမီး ဖြစ်ပါတယ်။ သားသမီးတွေထဲမှာ ငွေကြေးအဆင်းရဲဆုံးဖြစ်ပေမယ့် သားသမီးကတော့ အပေါ်များဆုံးပါ။ ကျွန်မအနေနဲ့ သားသမီးတွေ အားလုံးထဲမှာ သူ့ကိုပဲ အကူအညီအပေးရဆုံးနဲ့ ထောက်ပံ့မှု အပေးရ ဆုံးဖြစ်ပါတယ်။

ဒါတောင်မှ သူက ''လူ့အလို နတ်မလိုက်နိုင်'' စကားပုံလိုပါ ပဲ။ သက်ဝေဆိုကောင်က ကျွန်မအပေါ် ကျန်တဲ့သားသမီးတွေထက် နွယ်နီမိုးကို ပိုချစ်တယ်လို့ စွပ်စွဲနေပေမယ့် သူကတော့ ဒီလိုမထင်ဘူး။

သူ့အဖေရှိစဉ်ကလောက် မပေးကမ်းနိုင်လို့ ကျွန်မကို သူ့အဖေလောက် မချစ်ဘူးလို့ ထင်နေပြန်ပါတယ်။ နွယ်နီမိုးဟာ အဖေထံကို အခွင့်အရေး အတောင်းဆုံးနဲ့ အခွင့်အရေးလည်း အရဆုံးလူဖြစ်ပါတယ်။ "ငိုတတ်တဲ့ ကလေး နို့စို့ရ"သလိုမျိုးပေါ့။ ဒါကြောင့် သူ့အဖေအပေါ်မှာ အသည်းစွဲ ဖြစ်ပြီး အမေဖြစ်တဲ့ ကျွန်မကိုတော့ သူ့အပေါ်မှာ ပုံမှန်လောက်ပဲ ချစ်တယ်လို့ ထင်မြင်နေသူဖြစ်ပါတယ်။

သူ့အဖေက စီးပွားအရှာကောင်းတဲ့သူဆိုတော့ သူ့အပေါ်မှာ အပေးအကမ်း ရက်ရောတယ်။ မိသားစုတွေသိအောင် တစ်မျိုး၊ မသိအောင်တစ်မျိုးပေးတတ်တယ်။ ဒါတောင်မှ နွယ်နီမိုးက မိသားစုများ တော့ မပြေလည်ပါဘူး။ ကျွန်မက မုဆိုးမလည်းဖြစ်တယ်။ ပင်စင်လည်း ယူပြီးပြီဆိုတော့ ဝင်ငွေကမရှိဘူး။ လက်ရှိအခြေအနေမှာ သူ့အဖေရှိစဉ် ကလို မပေးကမ်းနိုင်ဘူး။ ဒါကိုပဲ နွယ်နီမိုးက သူ့အပေါ် အဖေလောက် ကျွန်မက မချစ်ဘူးလို့ သံသယဝင်နေပါတယ်။ တစ်နေ့မှာ -

"ဒီမှာ အမေ -- အမေ့ကို သမီးတစ်ခုလောက် မေးပါရစေ -- အမှန်အတိုင်း ပြောမှာလား"

"အို -- ညည်းကလည်း အမေ့ကိုများ မယုံသင်္ကာနဲ့ -- မေးမှာသာ မေးစမ်းပါ"

"အမေနဲ့အဖေ -- သမီးကို ဘယ်သူက ပိုချစ်သလဲ"

"အမေက ပိုချစ်တာပေါ့"

"သမီးကတော့ မယုံပါဘူး -- အဖေက ပိုချစ်တယ်လို့ ထင်တယ်"

"နေစမ်းပါဦး -- ညည်းက ဘာကြောင့် ဒီလိုထင်တာလဲ"

"အဖေက သမီးကို အမေ့ထက်ပိုပြီး ပေးကမ်းတယ်၊ ထောက်ပံ့

တယ် -- အမေက သာမန်ပဲ''

''ဒီမှာ သမီး -- အမေ့ရဲ့ မေတ္တာကို ရုပ်ဝတ္ထုဖြစ်တဲ့ ငွေကြေးနဲ့တိုင်းတာလို့မရဘူး -- ဒီမှာ အမေပြောပြမယ် -- သေသေချာချာနားထောင်''

အခါတိုင်းဆိုရင် ကျွန်မဟာ သားသမီးတွေအပေါ် အလိုမကျတာရှိရင် ဒိုင်ယာရီစာအုပ်ထဲမှာပဲ ရေးလေ့ရှိပေမယ့် ဒီတစ်ခါမှာတော့ ထိန်းချုပ်မရဖြစ်ပြီး အခုလိုပဲ ပြောလိုက်မိတယ်။

''ဒီမှာသမီး -- မြတ်စွာဘုရားဟောကြားခဲ့တဲ့ ဇာတ်တော်တစ်ခုထဲမှာ လူတစ်ယောက်ဟာ ရုပ်ဆင်းအင်္ဂါနဲ့ ချောမောပြေပြစ်လွန်းတဲ့ အရှင်မဟာကစ္စည်းမထေရ်ကို ငါ့မယားဖြစ်လိုက်ရင် သိပ်ကောင်းမှာပဲလို့ ပြစ်မှား ကျူးလွန်မိတဲ့အတွက် လက်ရှိဘဝမှာပဲ ယောကျ်ားဘဝကနေ မိန်းမဘဝကို ချက်ချင်းကူးပြောင်းသွားရှာတယ်''

''ဒီလူဟာ ယောကျ်ားဘဝမှာတုန်းက ဇနီးရှိပြီး သားသမီးတွေရခဲ့သလို မိန်းမဘဝရောက်ပြန်တော့လည်း အိမ်ထောင်ကျပြီး သားသမီးတွေ ထပ်ရပြန်တယ် -- လူ့ဘဝတစ်ခုထဲမှာတင် အဖေဖြစ်လိုက် အမေဖြစ်လိုက်နဲ့ပေါ့ -- ဒီအဖြစ်ကိုသိတဲ့ လူတွေက သူ့ကို ဒီလိုမေးကြတယ်'' ''ယောကျ်ားဘဝမှာ ရတဲ့သားသမီးတွေနဲ့ မိန်းမဘဝမှာ ရတဲ့သားသမီးတွေအနက် ဘယ်ဘဝက သားသမီးတွေကို ပိုချစ်ပါသလဲ'' လို့ နှိုင်းယှဉ်မေးကြတယ် -- ဒီအခါမှာတော့ အဲ့ဒီလူဟာ **''မိမိရဲ့ဝမ်းနဲ့လွယ်မွေးရတဲ့ သားသမီးတွေကိုသာ ပိုချစ်ပါတယ်''** လို့ ပွင့်ပွင့်လင်းလင်းဖြေကြားခဲ့တယ်သမီးရဲ့ --

ဒီအဖြစ်အပျက်ကို ကြည့်ရင် **လူ့ဘဝတစ်ခုတည်းမှာတင် အဖေ ဘဝရော အမေဘဝပါ လက်တွေ့ရောက်ရှိဖူးသူ တစ်ယောက်**

ရဲ့ ရင်တွင်း **ခံစားချက် အစစ်အမှန်စကား**ကို သမီးနားလည်နိုင်ပါပြီ။ ဒါဆိုရင် သမီးမေးခဲ့တဲ့ ''အဖေနဲ့ အမေ ဘယ်သူက သားသမီးတွေကို ပိုချစ်သလဲ'' ဆိုတဲ့ မေးခွန်းရဲ့အဖြေကို သမီးရှင်းရှင်းလင်းလင်း သိနိုင်လောက်ပါပြီ နော်။ အေး – မနက်ဖြန်ဆိုရင် အမေလည်း သမီးတို့မောင်နှမ (၆) ယောက်အိမ်မှာ (၂)လစီ အလှည့်ကျနေလာတာ တစ်နှစ်ပြည့်လို့ အမေ့ အိမ်ကို ပြန်တော့မယ်။ အမေ့အိမ်က အိမ်ငှားလည်း စာချုပ်ပြည့်လို့ ဆင်းသွားပြီ။ အမေ့ကို တတ်နိုင်သလောက် ပြုစုလုပ်ကျွေးခဲ့ကြတဲ့ ပုထုဇဉ် လူသားတွေဖြစ်ကြတဲ့ သားတို့သမီးတို့ အားလုံးပဲ အမေ့ရဲ့ မေတ္တာကို ဒီထက်ပိုနားလည်နိုင်ကြပါစေ။ ကျန်းမာ ချမ်းသာကြပါစေကွယ်––''။

သက်ဝေမောင်

(၈)ကြိမ်မြောက် ကျိုက္ကလော့ အမေ့မေတ္တာ
ဝတ္ထုတိုပြိုင်ပွဲ (ဒုတိယဆု)




(၁၂)ကြိမ်မြောက် . ကျိုက္ကလော့အမေ့မေတ္တာ ဝတ္ထုတိုပြိုင်ပွဲ (တတိယဆုရ)

မှတ်မိတာပဲ ဖြစ်ဖြစ်၊ မမှတ်မိတာပဲဖြစ်ဖြစ်

ရှင်တို့ရဲ့ အကျင့်စရိုက်တွေက

ပြောင်းလဲတာမှ မဟုတ်တာပဲ

မမြတင်ရယ် –

အပိုတွေ ပြောမနေစမ်းပါနဲ့။

သေတဲ့လူရဲ့ ပါးစပ်ထဲကတောင်

နှိုက်ယူရက်တဲ့ ရွှေတွေ

ဘယ်မှာလဲ –– ပြော ––။

# ဥယျာဉ်မှူးတို့၏ အဖြူရောင်နှလုံးသားများ

အခန်း ( ၁ )

"အကြော်စုံရမယ်၊ အကြော်စုံ"

လမ်းမကြီးပေါ်တွင် အသက် (၁၀)နှစ်ခန့်ရှိသော ကလေးငယ်တစ်ဦးမှာ ဘူးသီးကြော်၊ ပဲကြော်၊ ဗယာကြော်စသည့် အကြော်မျိုးစုံထည့်ထားသောဗန်းကို ခေါင်းပေါ်ရွက်ကာ အော်ဟစ်ရောင်းချလျက်ရှိသည်။

ဗန်းထဲရှိအကြော်များမှာ ကုန်လုနီးပါးရှိနေပြီး အကြော်ရောင်းရငွေများကို လက်ထဲတွင် ဆုပ်ကိုင်ထား၏။

တစ်လမ်းဝင်တစ်လမ်းထွက်နှင့် ရောင်းချလာခဲ့ရာ ကုက္ကိုပင်ကြီးတစ်ပင်အောက်သို့ရောက်လျှင် ခေတ္တနား၍ အမောအပန်းဖြေလျက်ရှိသည်။ ထိုစဉ် –

"ဟေ့ကောင် ညီညီဇော်"

"ဟာ –– ပြည့်စုံပါလား"

"အသက်ရွယ်တူခန့်ရှိသော လူငယ်လေးတစ်ဦးက "ပြည့်စုံ"

ဟူသော အကြော်ရောင်းသည့် လူငယ်လေးဘေးတွင် ဝင်ထိုင်လိုက်သည်။

"အောင်မယ် -- မင်းအကြော်တွေက ကုန်တော့မှာပါလားကွ။ ရောင်းကောင်းလှချည်လား"

"အေးကွ၊ ဒါပဲ ကျန်တော့တယ်။ ဒီနေ့တနင်္ဂနွေမို့ ကျောင်းတွေ၊ ရုံးတွေပိတ်လို့လားမသိဘူး၊ ရောင်းကောင်းတယ်"

"အေး ဒါနဲ့ မင်း မနေ့က ငါ်လီပစ်လို့ ရှုံးထားတဲ့ ပိုက်ဆံပေးလေကွာ"

"မင်းကလည်း မနက်ဖြန်ကျောင်းတက်ရင် ပေးမှာပေါ့ကွ။ နေစမ်းပါအုံး"

"မရဘူးညီညီဇော်၊ ငါဒီနေ့ ငါ်လီပစ်တာရှုံးနေတယ်။ ငါ့မှာကစားစရာပိုက်ဆံမရှိတော့ဘူး။ အခုပဲပေး"

"မင်းကလဲကွာ၊ ကျောင်းတက်တဲ့နေ့ကျရင် ပေးပါ့မယ်ဆို"

"မင်းမုန့်ဖိုးက နည်းနည်းလေးပဲရတာ။ ငါမစောင့်နိုင်ဘူးကွ။ အခုပဲပေးတော့။"

ပြည့်စုံကပြောပြောဆိုဆိုပင် ညီညီဇော် အမောဖြေနေစဉ် ဗန်းထဲတွင် ထည့်ထားသော ပိုက်ဆံများကို ရုတ်တရက် နှိုက်ယူလိုက်သည်။

"မ -- မလုပ်ပါနဲ့ ပြည့်စုံရ။ ငါ -- ငါ့အမေ ရိုက်လိမ့်မယ်"

"မရဘူးဟေ့ကောင်။ ငါ့မှာ ကစားစရာမရှိဘူး။ ဒီမှာ ငါရမယ့်ပိုက်ဆံ။ ယူသွားပြီဟေ့"

ပြည့်စုံသည် ပြောပြောဆိုဆိုပင် ဗန်းထဲက နှိုက်ယူလိုက်သောပိုက်ဆံများထဲမှ မိမိရမည့်ပိုက်ဆံများကို နှုတ်ယူပြီး ကျန်ပိုက်ဆံများကို

ဗန်းထဲသို့ပစ်ထည့်ကာ ပြေးထွက်သွားလေသည်။

"ဟော့ကောင် ပြည့်စုံ။ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့"

ညီညီဇော်မှာ အကြော်ဗန်းကို ကောက်ကိုင်ပြီး ပြည့်စုံနောက်သို့ လိုက်ရန်ပြင်သော်လည်း ရုတ်တရက်ပြေးထွက်သွားသော ပြည့်စုံကို မမိတော့သဖြင့် မျက်ရည်ကျကာ အိမ်သို့ပြန်ခဲ့လေသည်။

အခန်း ( ၂ )

"မမြတင်၊ မမြတင်"

အိမ်ရှေ့မှ အော်ခေါ်သံကြောင့် အတိုးဖြင့်ချေးထားသော ပိုက်ဆံများပြန်ရရန် စာရင်းတွက်နေသော မမြတင်သည် ခေါ်သံကြားရာ အိမ်ရှေ့သို့ ထွက်လိုက်သည်။

"အော် -- မလွန်းရင်ပါလား။ ဘာကိစ္စရှိလို့လဲ"

"ဘာကိစ္စရှိရမလဲ။ ရှင့်သားပေါ့ -- ရှင့်သား"

"ကျွန်မသားပြည့်စုံ ဘာလုပ်လို့လဲ"

"ကျွန်မသား ညီညီဇော်ဆီကနေ ပိုက်ဆံလုသွားတယ်။ ဒါ- ကောင်းသလား"

"ပြည့်စုံက သူများပစ္စည်းကို အကြောင်းမဲ့ မယူတတ်ပါဘူးတော်။ သူ့ရစရာရှိလို့ နေမှာပေါ့။ ကျွန်မက သူ့ကို နေ့တိုင်းမုန့်ဖိုးမှန်မှန် ပေးနေတာပဲ။"

"ရှင်ဖာသာရှင် မုန့်ဖိုးမှန်မှန်ပေးပေး၊ မပေးပေး ကျွန်မနဲ့ မဆိုင်ဘူး။ အခု ရှင့်သားပြည့်စုံက ကျွန်မသားဆီကနေ ပိုက်ဆံလုယူသွားတာကို ပြောနေတာ"

မမြတင်သည် အိမ်ထဲမှ သူ့သားပြည့်စုံကို ခေါ်လိုက်သည်။ အပြင်ရောက်လာသောသားကို မမြတင်က -

"သားလေးပြည့်စုံ၊ မင်း မလွန်းရင်သားဆီက ပိုက်ဆံယူသွားတယ်ဆို"

"ဟုတ်တယ်အမေ၊ သူ့ဆီက ကျွန်တော်ရစရာရှိလို့ ယူလိုက်တာပဲ။"

"ဟဲ့ နင်က ဘာရစရာရှိတာလဲ၊ အဲဒီ – ငါအကြော်ရောင်းနိုင်းလိုက်တဲ့ ပိုက်ဆံဟဲ့ ပိုက်ဆံ၊ သိရဲ့လား"

မလွန်းရင်မှာ မခန့်လေးစားဟန်ဖြင့် ပြောနေသော ပြည့်စုံကိုဒေါသဖြစ်လွန်း၍ အော်လိုက်သည်။ ပြည့်စုံကလည်း ခေသူမဟုတ်ပါ။

"ကျွန်တော့်ဆီက သူရစရာရှိရင် ကျောင်းမုန့်ဖိုးထဲက အတင်းတောင်းသွားတာပဲ။ အခုလည်း သူ့ဆီက ရစရာရှိလို့ယူတာပဲ။ သူများကိုပေးစရာရှိရင် ပေးရမှာပဲ။ ဒါလေးတောင် မသိဘူးလား"

ပြည့်စုံ၏ပြောစကားကြောင့် မိခင်ဖြစ်သူ မမြတင်မှာ သဘောကျ၍ ပြုံးလိုက်သည်။

မလွန်းရင်ကမူ မိမိသားကို မဆုံးမသည့်အပြင် သားစကားကိုသဘောကျပြီး ပြုံးနေသော မမြတင်မျက်နှာကို မြင်လိုက်ရသဖြင့် ဒေါသပိုဖြစ်သွားသည်။ ထို့ကြောင့် နဂိုမူလအစက ရှိနေခဲ့သော မကျေနပ်ချက်များပါ ဖွင့်အန်လေသည်။

"ကောင်းပါလေရဲ့တော်။ အမေကလည်း အတိုးပေးစားတယ်၊ သားကလည်း ရစရာရှိရင် ဘယ်သူမျက်နှာမှ မထောက်ဘူး။ မပြေလည်လို့ အကြော်ရောင်းစားတယ်ဆိုတာလည်း ထည့်မတွက်ဘူး။ လူမိုက်ဆန်ဆန် သူများဆီက လုယူတယ်။ အံ့ပါ့တော်"

မလွန်းရင် ပြောစကားကြောင့် ပြုံးနေသော မမြတင်မျက်နှာမှာ ချက်ချင်းတင်းမာသွားသည်။

"ဒီမှာ မလွှန်းရင် သူများဆီက ကျေနပ်လို့ယူထားရင် ပြန်ပေးရမှာပဲ။ "ကြွေးယူစဉ်က ကျေးဇူးရှင်၊ ကြွေးပြန်တောင်းတော့ ရန်သူထင်"ဆိုတာ ရှင်တို့လိုလူမျိုးတွေပဲ။ အဲဒီစိတ်ဓာတ်တွေကြောင့် ရှင်တို့မွဲနေတာ။ သိရဲ့လား"

မလွှန်းရင်မှာလည်း အတိုးကိစ္စနှင့်ပတ်သက်ပြီး စကားများခဲ့ဖူးသော မမြတင်ကို မကျေနပ်သဖြင့်

"ဟုတ်တယ်၊ ကျွန်မတို့ကလည်း အဲဒီလို လူစိတ်မရှိတဲ့လူတွေနဲ့ မပတ်သက်ချင်တော့လို့ ရှင့်ဆီက ပိုက်ဆံမချေးတော့တာ။ နားလည်ရဲ့လား။"

"ကျုပ်ကလည်း ရှင်တို့လို ကတိမတည်တဲ့လူမျိုးတွေကို တစ်သက်လုံး ပိုက်ဆံမချေးတော့ဘူးဆိုတာ နားလည်ထား။ အရေးအကြောင်းရှိမှ မျက်နှာလေးအောက်ချပြီး ကျွန်မဒုက္ခရောက်နေလို့ပါ အစ်မရဲ့။ ကူညီပါအုံးဆိုပြီး မလာနဲ့၊ သိလား"

"ဝေးပါသေးရဲ့တော်။ လျှာပေါ်မြက်ပေါက်သွားပါစေ။ ရှင့်လိုညှာတာစိတ်ကင်းမဲ့ပြီး လောဘအစွယ်ပေါက်နေတဲ့ လူစားမျိုးနဲ့ ဒီတစ်သက် ဘယ်တော့မှ မပတ်သက်တော့ဘူး။ ဝေးဝေးရှောင်မယ်ဆိုတာ နားလည်ထားစမ်းပါ။"

"ရှောင်ပါ ရှောင်ပါ။ ရှင်တင်မက ရှင့်သားလေးကိုပါ ကျွန်မသားပြည့်စုံနဲ့ မဆော့ပါစေနဲ့။ မပတ်သက်ပါစေနဲ့၊ ဝေးဝေးရှောင်ခိုင်းလိုက်စမ်းပါ။"

"စိတ်သာချ။ ရှင်တို့လို လူစိတ်မရှိတဲ့မိသားစုနဲ့ ဘယ်တော့မှ မပတ်သက်ဘူးဆိုတာ မှတ်သား"

"ကျုပ်တို့ကလည်း ရှင်တို့လို အောက်တန်းစားတွေနဲ့

ဘယ်တော့မှ မပတ်သက်တော့ဘူး။ နားလည်ထား''

အခန်း ( ၃ )

''အမေ သားဒီမြို့မှာ မနေချင်တော့ဘူး''

''ဘာဖြစ်လို့လဲ သားရဲ့''

''ပိုက်ဆံမရှိရင် သိပ်မျက်နှာငယ်ရတာပဲ။ ပဲခူးဘက်သွားပြီး အလုပ်သွားလုပ်မလို့၊ ပဲခူးရိုးမထဲက တစ်နေရာမှာ ရွှေကျင်လို့ရတဲ့ မြေနေရာတစ်ခုတွေ့ထားတယ်လို့ ကျွန်တော့်သူငယ်ချင်းက ပြောတယ်။ အဲဒီမှာ ကျွန်တော်တို့စုပြီး အလုပ်သွားလုပ်ကြမယ်''

''မသွားပါနဲ့ သားရယ်၊ ဒီအိမ်မှာက အမေနဲ့သား နှစ်ယောက်ပဲရှိတာ။ သားသွားရင် အမေတစ်ယောက်ထဲ ဖြစ်နေမှာပေါ့''

အရွယ်ရောက်လာပြီဖြစ်သော ညီညီဇော်သည် တစ်နယ်တစ်ကျေးသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် မိခင်ဖြစ်သူ ဒေါ်လွန်းရင်ထံ ခွင့်တောင်းနေခြင်းဖြစ်သည်။ ဒေါ်လွန်းရင်ကလည်း ခင်ပွန်းဆုံးသွားစဉ် ကတည်းက တစ်ဦးတည်းသော သားလေးကိုသာ အဖော်ပြုနေထိုင်ခဲ့ ရသည်မို့ မလွှတ်ရက်ပေ။

''ဒါမှမဟုတ် သား အလုပ်သွားလုပ်ရင် အမေလည်း လိုက်ခဲ့ မယ်လေ''

''ဟာ ဘယ်ဖြစ်မှာလဲ အမေရဲ့။ သားသွားလုပ်မှာက ဟိုးတော ထဲမှာ။ ပြီးတော့ ယောကျ်ားတွေချည်းပဲ။ မိန်းကလေးတစ်ယောက်မှ ပါတာမဟုတ်ဘူး။

''ဒါဆို သားရယ် မသွားပါနဲ့။ ဒီမှာလည်း အမေတို့သားအမိ နှစ်ယောက် အကြော်လေးရောင်းပြီး တစ်သက်လုံး ဒီလိုပဲနေလာခဲ့တာ ပဲ။ စားလောက်ပါတယ်ကွယ်''

"အမေကလည်းဗျာ။ စားလောက်တာတော့ ဟုတ်တာပေါ့။ ဘယ်မှာကြီးပွားလို့လဲ။ ငယ်ငယ်ကတည်းက သူများတွေနဲ့ ရန်ဖြစ်ရင် ဆင်းရဲလို့ အမြဲအနှိမ်ခံရတယ်။ အမေက လူကြီးဖြစ်ပေမယ့် ကိစ္စမရှိဘူး။ ကျွန်တော် က လူငယ်ဗျ။ မခံချင်ဘူး။ သွားမှာပဲ။ ဒီတော့ သွားဖို့စရိတ်ရယ်၊ နေဖို့ထိုင်ဖို့စရိတ်ရယ် အမေထုတ်ပေး"

"သားရယ် အမေ့ဆီမှာ ဘယ်ရှိမှာလဲ။ အတိုးနဲ့ချေးရအောင် လည်း ဒေါ်မြတင်တို့က တစ်ခြားမြို့ကို ပြောင်းသွားကြပြီမဟုတ်လား။ သူတို့ရှိရင်တော့ ရှေ့မျက်နှာ နောက်ထားပြီး သွားချေးရမှာပေါ့"

"အမေကလည်းဗျာ။ ဒီဒေါ်မြတင်တို့ သားအမိအကြောင်းကို ထည့်မပြောစမ်းပါနဲ့၊ မကြားချင်ပါဘူး။ အိုဗျာ -- ဘယ်သူ့ဆီကမှ လိုက်ချေးမနေနဲ့။ အမေ့နားက နားကပ်ကို ဖြုတ်ပြီးရောင်းပေး။ ကျွန်တော် ပြန်လာရင် နားကပ်တင်မကဘူး။ ဆွဲကြိုးတွေ၊ လက်ကောက်တွေပါ လုပ်ပေးမယ်"

"မလုပ်ပါနဲ့သားရယ်၊ ဒီနားကပ်လေးက မင်းအဖေ မင်္ဂလာ ဦးလက်ဆောင်အဖြစ် ပေးထားတာပါ။ အမှတ်တရ အနေနဲ့ အမေ သိမ်းထားပါရစေ။"

"အမေကလည်းဗျာ။ ရွှေဆိုတာ အားလုံးအတူတူကြီးပါပဲ။ ပြန်လာရင် ဒီထက်သာတာ ကျွန်တော်လုပ်ပေးပါ့မယ်။ ပေးမှာသာ ပေးစမ်းပါ။ ကျွန်တော်သွားရောင်းမလို့"

ညီညီဇော်မှာ မိခင်ဖြစ်သူထံမှ နားကပ်ကို အတင်းလုကာ ဖြုတ်ယူပြီး ထွက်သွား၏။ မိခင်ဖြစ်သူ ဒေါ်လွန်းရင်မှာ မျက်ရည်ကျလျက် အိမ်၌ ကျန်ရစ်ခဲ့လေတော့သည်။

အခန်း ( ၄ )

ယခုဆိုလျှင် ညီညီဇော်မှာ ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသမှ ပဲခူး ရိုးမအတွင်းသို့ အလုပ်လာလုပ်လာခဲ့သည်မှာ တစ်နှစ်နီးပါး ကြာမြင့်ပြီ ဖြစ်သည်။

ကံအားလျော်စွာပင် မိမိတို့လုပ်ကိုင်လျက်ရှိသည့် မြေကြီးများ အတွင်း၌ ရွှေမှုန်စကလေးများ အတန်ငယ်ပါဝင်မှုရှိသောကြောင့် တစ်နှစ် ခန့်ကြာသောအခါ အနည်းငယ်စုဆောင်းမိ၏။ မြေသားအတွင်း ရွှေမှုန် ကလေးများ ပါဝင်မှုနည်းလာသောအခါ စုဆောင်းမိထားသော ရွှေစကလေးများကိုယူ၍ မိခင်ရှိရာ ရန်ကုန်မြို့ဆီသို့ပြန်ရန် ပြင်ဆင် လေသည်။

ဤသို့ဖြင့် ညီညီဇော်သည် ပဲခူးရိုးမအတွင်းမှ တောလမ်းခရီး ကို သူငယ်ချင်းအဖော်တစ်ဦးနှင့် ပြန်လာခဲ့သည်။

ထိုအချိန်သည် ပဲခူးရိုးမအတွင်း၌ သောင်းကျန်းသူနှင့် အစိုးရ စစ်တပ်တို့ တိုက်ပွဲဖြစ်ပွားနေချိန်ဖြစ်သည်။ ညီညီဇော်မှာ မမျှော်လင့်ဘဲ သောင်းကျန်းသူများ ထောင်ထားသည့် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိ သောကြောင့် ပြင်းထန်သည့်ဒဏ်ရာများရရှိကာ ပဲခူးဆေးရုံသို့ ရောက်ရှိ သွားလေသည်။

အဖော်အဖြစ် လိုက်ပါလာသော သူငယ်ချင်းမှာ ကံကောင်း ထောက်မစွာဖြင့် မည်သည့်ဒဏ်ရာမျှ မရရှိခဲ့ပေ။

အခန်း ( ၅ )

"အမေရေ၊ အမေ့ကိုခေါ်ပေးကြပါဗျ။ သားကို ခွင့်လွှတ်ပါ အမေရဲ့"

ညီညီဇော်မှာ ဆေးရုံပေါ်တွင် ဒဏ်ရာကြောင့် အော်ဟစ်

ညည်းညူရင်း မိခင်ဖြစ်သူ ဒေါ်လွန်းရင်ကို ခေါ်ခိုင်းလျက်ရှိသည်။ မိခင်ထံမှ နားကပ်ကို အတင်းအကြပ်ယူခဲ့မိသည်အတွက်လည်း စိတ်မကောင်းဖြစ်မိပြီး ရောက်မလာသေးသည့် မိခင်ကို ကြိုတင်တောင်းပန်လျက်ရှိသည်။

မြေမြှုပ်ဗုံး၏ဒဏ်ကြောင့် ညီညီဇော်မှာ မျက်စိနှစ်လုံးစလုံးကွယ်သွား၏။ ကျန်လွတ်နေသော မျက်နှာပြင်ပေါ်တွင်လည်း ဒဏ်ရာများက ပြန့်ကြဲနေပြန်၏။ ဘယ်ဘယ်ခြေထောက်ကို ဒူးအထက်ကဖြတ်လိုက်ရပြီး ကျန်သောပေါင်ငုတ်တိုတွင် ဂွမ်းစပတ်တီးများဖြင့် ရစ်ပတ်ထားသည်။ ဝမ်းဗိုက်တွင် ချုပ်ရိုးရာအပြည့်ရှိနေရုံသာမက ဝမ်းဗိုက်အတွင်းတွင်လည်း မိုင်းစများကျန်ရှိနေသေး၏။ ညာဘက်လက်တွင် သွေးသွင်းထားလျက်ရှိသည့်ပုလင်းနှင့် အပ်ကတန်းလန်းအပြင် ဘယ်ဘက်လက်တွင်လည်း ဆေးသွင်းနေသော ပုလင်းနှင့်အပ်က တန်းလန်းရှိသည်။ မြင်လိုက်ရသူအဖို့ စိတ်မချမ်းမြေ့စရာပါပေ။

''အမေရာ။ အမေ့ကိုခေါ်ပေးကြပါဗျ။ အမေ့နားကပ်လေး အတင်းယူမိလို့ ဒီလိုဖြစ်ရတာပါဗျ။ အမေ့နားကပ်ကို သားပြန်လုပ်ပေးပါ့မယ်။ သားကိုခွင့်လွှတ်ပါ အမေရဲ့။''

နာကျင်ကြေကွဲစွာဖြင့် အော်ပြောနေသော ညီညီဇော်ကို အဖော်အဖြစ် လိုက်ပါလာသည့် သူငယ်ချင်းက စိတ်မကောင်းကြီးစွာဖြင့် ငေးကြည့်နေသည်။ မိမိတို့ပါလာသော ရွှေစကလေးကို လုံခြုံစေရန် ဆေးရုံအုပ်ကြီးထံတွင် ခေတ္တအပ်နှံထားလေသည်။

ညီညီဇော်မှာ နှုတ်ကသာ အမေ့ကိုတမ်းတ၍ အော်ခေါ်နေသော်လည်း မျက်စိနှစ်လုံးက အမြင်အာရုံမရသည့်အပြင် ရရှိသောဒဏ်ရာများက ပြင်းထန်လွန်းသည့်အတွက် အသိအာရုံပါ ဝေဝါးနေသည်။

ထို့ကြောင့် မိမိထံသို့ ရောက်လာသူကိုပင် မည်သူမည်ဝါမှန်း ခွဲခြား၍ မသိနိုင်ဘဲဖြစ်နေသည်။ အလိုအပ်ဆုံးဆန္ဒအဖြစ် အမေ့ကိုတွေ့ပြီး တောင်းပန်ကာ ခွင့်လွှတ်မှုကို ရယူချင်နေသည်။

အဖော်အဖြစ်လိုက်ပါလာသော သူငယ်ချင်းသည် အလုပ်အတူတူ လုပ်ကိုင်စဉ်က ညီညီဇော်ပြောပြထားခဲ့သည့် လိပ်စာအတိုင်း မိခင်ဒေါ်လွန်းရင်ရှိရာ ရန်ကုန်မြို့စွန်သို့ အကြောင်းကြားရန် လိုက်လာခဲ့လေသည်။

အခန်း ( ၆ )

''ညီညီဇော် မိုင်းနင်းမိလို့ ဆေးရုံရောက်နေတယ်အဒေါ်။ အခြေအနေသိပ်မကောင်းဘူး။ အဒေါ့်ကိုပဲ ပါးစပ်က တဖွဖွအော်ခေါ်နေတယ်။ ကျွန်တော်နဲ့ တစ်ပါတည်း လိုက်ခဲ့ပါလား။''

မိုးလင်းလင်းချင်း ရောက်လာသော သားဖြစ်သူ သူငယ်ချင်းကြောင့် ဒေါ်လွန်းရင်မှာ ကြော်ထားပြီးသော အကြော်များကိုပင် ထွက်ရောင်းချိန်မရတော့။ မိတ်ဆွေသူငယ်ချင်းတစ်ဦးထံ ရောင်းပေးပါရန် အကူအညီတောင်းလိုက်ရသည်။

''အေးကွယ်။ အဒေါ်တစ်ပါတည်း လိုက်ခဲ့ချင်ပါတယ်။ အဒေါ့်မှာ အရေးတကြီးကိစ္စလေးရှိလို့ မြန်မြန်ဆောင်ရွက်ပြီးရင် ညနေမိုးမချုပ်ခင်ရောက်အောင်လာခဲ့ပါ့မယ်။ ရန်ကုန်နဲ့ပဲခူးဆိုတာ သိပ်ဝေးတာမှမဟုတ်တာပဲကွယ်။ အခုလို အဒေါ့်ကိုလာပြောပေးတဲ့အတွက် ငါ့တူကို အရမ်းကျေးဇူးတင်ပါတယ်။''

ဒေါ်လွန်းရင်မှာ သားဖြစ်သူ၏ သူငယ်ချင်းကို နံနက်စာကျွေးပြီး ပြန်လွှတ်လိုက်သည်။ အရေးတကြီးကိစ္စဆိုသည်မှာ အမှန်တကယ်တော့ မိမိလက်ထဲတွင် စုဆောင်းမိထားသည့်ငွေများ မရှိသောကြောင့်

ဖြစ်သည်။ ညီညီဖော့်သူငယ်ချင်းကလည်း ဆေးရုံအုပ်ကြီးထံတွင် အပ်နှံထားသော ပစ္စည်းများအကြောင်းကို ရေးကြီးသုတ်ပြာ လာရခြင်းဖြစ်၍ ပြောပြရန် မေ့သွားလေသည်။ ဒေါ်လွန်းရင်ပြောသော အရေးတကြီးကိစ္စဆိုသည်မှာ အမှန်စင်စစ် ညီညီဖော်ဆေးရုံတွင် ကုန်ကျမည့် ဆေးကုသစရိတ် ငွေမရှိသောကြောင့်ဖြစ်သည်။

ဒေါ်လွန်းရင်မှာ ညီညီဖော်ဆေးရုံစရိတ်အတွက် ငွေလိုသည်။ အသိမိတ်ဆွေများထံ လိုက်လံချေးငှားကြည့်သည်။ မရချေ။

သားဖြစ်သူထံသို့ ညမိုးမချုပ်မီ အရောက်သွားရမည်။ ကြံရာမရဖြစ်သည့်အဆုံး ကြားဖူးနားဝရှိသည့်နည်းလမ်းတစ်ခုကို သုံးရန် လူများ၊ ကားများ ထူထပ်သော နေရာဖြစ်သည့် မြို့ထဲသို့ ထွက်လာခဲ့သည်။

မြို့ထဲသို့ ရောက်သောအခါ သွားလာနေသောကားများကို အကဲခတ်လိုက်သည်။ မိမိအကြံကို အကောင်အထည်ဖော်ရန်အတွက်မူ ကားအငှားမောင်းသူကို အသုံးချ၍မရ။ ချမ်းသာကြွယ်ဝသော ကိုယ်ပိုင်ကားမောင်းသူဖြစ်စေရန် လိုသည်။

သားဇောကပ်နေသဖြင့် လုပ်သင့်သည် မလုပ်သင့်သည်ကို မစဉ်းစားနိုင်ရှာ။ မည်သို့ပင်ဆိုစေကာမူ၊ ချမ်းသာကြွယ်ဝသူတစ်ဦးအတွက် မပြောပလောက်သောငွေကြေးသည် မိမိကဲ့သို့ ဆင်းရဲနွမ်းပါးသူတစ်ဦးအတွက် များစွာတန်ဖိုးကြီးလှသည်။ သား၏အသက်ကို ကယ်တင်နိုင်မည်မဟုတ်ပါလား။

ထိုအခိုက် တစ်ဖက်ယာဉ်ကြောမှ ကွေ့လာသည့် အကောင်းစားကားကြီးထဲတွင် ချမ်းသာကြွယ်ဝပုံရသည့် လူကြီးတစ်ဦး ကားမောင်းလာသည်။ မောင်းလာသော ကားအရှိန်မှာ မိမိအတွက် အန္တရာယ်မဖြစ်လောက်ဟု တွက်ဆလိုက်သည်။ ကားသွားရာလမ်းအတိုင်း မိမိက

ကြိုတင်၍ ကားလမ်းမဘေးမှယှဉ်၍ လမ်းလျှောက်လိုက်သည်။ မိမိနောက်ကျောနားသို့ နီးကပ်လာသောအခါ ရုတ်တရက် လမ်းဖြတ်ကူးဟန်ဆောင်၍ ကားရှေ့သို့ ထိုးဝင်လိုက်၏။

"ကျွီ - ကျွီ"။ "ဒုန်း"

"အမယ်လေး သေပါပြီတော့"

"ဟာ -- ကားတိုက်ပြီဟေ့"

အရှိန်သိပ်မပြင်းလှဟု မိမိတွက်ဆထားသော်လည်း တစ်ကယ်တမ်း တိုက်မိသောအခါ ရှေ့သို့ခြေလှမ်းလေးငါးလှမ်းခန့်လည်၍ လွင့်ထွက်သွားသည်။

ဝိုင်းအုံလာသော လူများနှင့်အတူ ကားပေါ်မှ ချမ်းသာပုံရသည့် လူကြီးတစ်ဦးဆင်းလာသည်။

"ကျွန်တော် - ကျွန်တော် တိုက်တာမဟုတ်ပါဘူးဗျာ။ သူက ကားလာနေတာကို မကြည့်ဘဲ လမ်းဖြတ်ကူးလို့ တိုက်မိတာပါ၊ ဘာ-ဘာဖြစ်သွားသေးလဲ"

ဒေါ်လွန်းရင်မှာ သတိလစ်မသွားသော်လည်း မျက်စိထဲတွင် ပြိုးပြိုးပြက်ပြက် အလင်းတန်းများ ထွက်သွားသည်။ ကားလမ်းမနှင့် ဆောင့်မိသွားသော နောက်စေ့မှာ ကွဲမသွားသော်လည်း အဖုတစ်လုံး ထွက်လာသည်။

ကားမောင်းသူမှာ ဆေးခန်းသို့လိုက်ပို့ပေးရင်း လမ်းတွင် တဖွဖွတောင်းပန်နေသည်။ သူ၏လိပ်စာကိုလည်း ပေးသည်။ အမှုမလုပ်ရန် အတန်တန်တောင်းပန်၍ ငွေသုံးသိန်းထုတ်ပေးသည်။ ဒေါ်လွန်းရင်အတွက် အလွန်အဆင်ပြေသွားသည်။ ဆေးခန်းတွင် ချော်လဲ၍ဒဏ်ရာရကြောင်းပြောကာ ဆေးကုလိုက်သည်။ ဆရာဝန်ကပြောသည်။

"အစ်မကြီးရဲ့ နောက်စေ့က ဒဏ်ရာကို လောလောဆယ် ဆေးထည့်ပေးလိုက်မယ်။ မနာကျင်မကိုက်ခဲအောင်လည်း ဆေးထိုးပေးလိုက်မယ်။ သောက်ဆေးလည်း ယူသွားပါ။ ဒါပေမယ့် ဆရာတစ်ခုတော့ ပြောမယ်နော်။ ဒီလိုဒဏ်ရာမျိုးက ခန့်မှန်းရခက်ခဲတယ်။ ဒဏ်ရာက အပေါ်ယံလို့ထင်ရပေမယ့် ဦးခွံတွေဘာတွေအက်ပြီး ဦးနှောက်ထဲ သွေးယိုသွားရင် အန္တရာယ်သိပ်ကြီးတယ်။ ဒီတော့ ဓာတ်မှန်သွားရိုက်လိုက်ပါ။"

ဒေါ်လွန်းရင်မှာ ဆရာဝန်ထံမှ အိမ်သို့တန်းပြန်ခဲ့သည်။ အိမ်ပြန်ရောက်သည်နှင့် အဝတ်အစားအချို့ထည့်ကာ သားရှိရာ ပဲခူးဆေးရုံကြီးသို့ အမြန်ဆုံးလိုက်ခဲ့လေတော့သည်။

အခန်း ( ၇ )

"သားကို ခွင့်လွှတ်ပါနော် အမေ"

"အေးပါ သားရယ်။ အမေခွင့်လွှတ်ပါတယ်"

"သားရှာလာတဲ့ ပစ္စည်းတွေယူသွားပြီး အမေချမ်းချမ်းသာသာနဲ့ နေပါအမေ။ သားကတော့ နေရတော့မယ်မထင်ပါဘူး။ အမေ့ သားတစ်ယောက်ထဲ ပစ်ထားခဲ့မိတာ တောင်းပန်ပါတယ်အမေ။ သားကို ခွင့်လွှတ်ပါနော်"

"အေးပါ သားရယ်။ အမေခွင့်လွှတ်ပါတယ်။ သားစိတ်ထဲမှာ ဘာမှမတွေးပါနဲ့။ ဘုရားကိုသာ အာရုံပြုပါကွယ်။"

ဆေးရုံပေါ်သို့ ရောက်ရောက်ချင်း မြင်လိုက်ရသော မြင်ကွင်းကြောင့် ညီညီဇော်၏ သူငယ်ချင်းဖြစ်သူမှာ လွန်စွာ အံ့ဩသွားရသည်။

ညီညီဇော်ကုတင်ဘေးတွင် ညီညီဇော်ကို ထိုင်လျက်ပြုစုနေသော မိခင်ဆိုသူမှာ မိမိရန်ကုန်တွင် သွားခေါ်ခဲ့သော ဒေါ်လွန်းရင် မဟုတ်။

မိမိတစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးသော အမျိုးသမီးကြီးတစ်ဦး ဖြစ်နေသောကြောင့်ပင်ဖြစ်၏။

ညီညီဇော်မှာ ခန္ဓာကိုယ်တစ်ခုလုံးတွင်ရရှိသော ဒဏ်ရာများကြောင့် အမြင်အာရုံလည်းမရ။ အသိအာရုံလည်းဝေဝါးကာ မည်သူမည်ဝါမှန်းမသိ။ သူ့ဘေးတွင်ထိုင်လျက် ခွင့်လွှတ်ပါတယ်သားရယ်ဟု တဖွဖွပြောနေသော အမျိုးသမီးကြီးကိုသာ သူ၏အမေရင်း ဒေါ်လွန်းရင်ဟု ထင်မှတ်နေပုံရသည်။

အမေအဖြစ်ဟန်ဆောင်နေသော အမျိုးသမီးကြီးကို ကြည့်ရသည်မှာ ချမ်းသာကြွယ်ဝပုံရသည်။ မည်သည့်ရည်ရွယ်ချက်နှင့် အမေအဖြစ် ဟန်ဆောင်နေခြင်း ဖြစ်ပါလိမ့်ဟုလည်း စဉ်းစားကြည့်မိသည်။ ညီညီဇော် အခြေအနေ မကောင်းမှန်းသိ၍ ညီညီဇော်ကွယ်လွန်သွားသောအခါ ညီညီဇော်ရှာဖွေထားသည့် ပစ္စည်းများကို လိုချင်သော လောဘကြောင့် ဖြစ်ပေလိမ့်မည်ဟု တွက်ဆလိုက်သည်။ ထို့ကြောင့် ညီညီဇော်သူငယ်ချင်းမှာ ထိုဟန်ဆောင်နေသော အမျိုးသမီးကြီးထံသို့သွားပြီး အမေရင်းမဟုတ်ကြောင်း ချက်ချင်းပင် ရန်တွေ့ပြောဆိုလိုသော်လည်း အမေရင်းဟု ထင်မှတ်နေသည့် ညီညီဇော် လတ်တလော စိတ်ချမ်းသာနေမှုကို ရှေးရှု၍ မပြောရက်တော့ဘဲ ခပ်လှမ်းလှမ်းမှသာ အကဲခတ်စောင့်ကြည့်နေလေသည်။

မကြာမီအချိန်အတွင်း ရန်ကုန်မှ ရောက်ရှိလာတော့မည့် မိခင်ရင်း ဒေါ်လွန်းရင်ရောက်လာမှသာ အကြောင်းစုံပြောပြ၍ စာရင်းရှင်းမည်ဟု ဆုံးဖြတ်လိုက်လေသည်။

အခန်း ( ၈ )

သို့သော် ညီညီဇော်မှာ မိခင်ရင်းဖြစ်သူ ဒေါ်လွန်းရင်မရောက်

မီ အချိန်လေးမှာပင် ကွယ်လွန်သွားရှာသည်။

ညီညီဇော်၏အလောင်းကို ဆေးရုံမှ တာဝန်ရှိသူများက လာရောက်သယ်ဆောင်သွားသည်။ ထို့ကြောင့် ညီညီဇော် ကုတင်ဘေးတွင် "ခွင့်လွှတ်ပါတယ် သားရယ်"ဟု တတွတ်တွတ်ပြောကြားနေသည့် အမျိုးသမီးကြီးမှာ ကျန်ရှိသော ပစ္စည်းအချို့ကို သိမ်းဆည်းပြီး ဆေးရုံအုပ်ကြီးရုံးခန်းသို့ သွားလေသည်။ ဆေးရုံအုပ်ကြီးထံတွင် အပ်နှံထားသော ပစ္စည်းများကို သွားယူရန်ဖြစ်လိမ့်မည်ဟု ညီညီဇော်သူငယ်ချင်းက တွက်ဆလိုက်သည်။

ထိုအချိန်တွင် ဆေးရုံဝင်းအတွင်းသို့ ဝင်လာသော ဒေါ်လွန်းရင်ကိုမြင်လိုက်ရ၍ ညီညီဇော်သူငယ်ချင်းမှာ ဝမ်းသာသွားလေသည်။ ထို့ကြောင့် ဒေါ်လွန်းရင်ထံသို့ အလျင်အမြန်သွားကာ အကြောင်းစုံကို ပြောပြလိုက်သည်။

ဒေါ်လွန်းရင်မှာ မိမိမရောက်မီ သားဖြစ်သူဆုံးပါးသွား၍ ဝမ်းနည်းရသည်ကတစ်ကြောင်း၊ မိခင်ဟန်ဆောင်၍ ညီညီဇော်ရှာဖွေထားသော ပစ္စည်းများကို အချောင်ရရန်အကြံနှင့် ဆေးရုံအုပ်ကြီးရုံးခန်းသို့သွားသော အမျိုးသမီးကို ဒေါသဖြစ်လွန်းသည်ကတစ်ကြောင်းတို့ကြောင့် အသားများပင် တဆတ်ဆတ်တုန်နေ၏။

ဒေါ်လွန်းရင် ဆေးရုံအုပ်ကြီးရုံးခန်းမရောက်မီပင် ကိစ္စပြီးစီး၍ ပြန်ထွက်လာသော ထိုအမျိုးသမီးနှင့် လမ်းတစ်ဝက်၌ ဆုံမိကြလေသည်။

အခန်း ( ၉ )

"အော် – မမြတင်ကိုး"

"ဟင် – မလွန်းရင်"

ဒေါ်လွန်းရင်မှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ကွဲကွာ

သွားခဲ့သော ဒေါ်မြတင်ကို ရုတ်တရက် မြင်လိုက်ရ၍ အလွန်အမင်း အံ့ဩသွားသည်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ညီညီဇော် အကြော်ရောင်းရသော ငွေများကို ဒေါ်မြတင်၏သားက အတင်းလုယူသွားသဖြင့် မိခင်နှစ်ဦး စကားများရန်ဖြစ်ကြသည့် ဖြစ်ရပ်ကိုလည်း ပြန်လည်မြင်ယောင်မိသည်။

ယခုကဲ့သို့ မိမိ၏သား ဝေဒနာခံစားနေရသည့်အချိန်တွင် သား၏ပစ္စည်းကို အချောင်ရလိုဇောဖြင့် မိခင်ရင်းအဖြစ် မညှာမတာ လိမ်ညာရက်ခြင်းကို လွန်စွာမုန်းတီးသွားရုံသာမက လွန်စွာလည်း အံ့ဩမိသည်။ ထို့ကြောင့် တင်းမာခက်ထန်သော လေသံနှင့်အတူ အောက်ပါအတိုင်း ပြောဆိုလိုက်လေသည်။

''ဒီမှာ မမြတင်၊ ခုနဆုံးသွားတဲ့ ကောင်လေးဟာ ဘယ်သူ့သားလဲဆိုတာကော ရှင်သိသလား။''

''မသိပါဘူး''

''ရှင်က ဘယ်သိမလဲ။ ရှင်သိတာက လူတစ်ဖက်သားဆီက ပစ္စည်းကို မတရားအချောင်ရယူဖို့ပဲ သိတာလေ''

''ရှင်ပြောတာ ကျွန်မသဘောမပေါက်ဘူး မလွန်းရင်။ ဘာကို ပြောချင်တာလဲ''

''ဒီမှာ မမြတင်၊ ခုနဆုံးသွားတဲ့ ကောင်လေးဟာ ကျွန်မသား ညီညီဇော်ပဲ''

''ဟင် ဟုတ်လား''

''သိပ်ဟုတ်တာပေါ့။ အမေကိုလုပ်ကျွေးဖို့ဆိုပြီး တောထဲတောင်ထဲ အသက်စွန့်ပြီး ရှာဖွေကျွေးမွေးခဲ့တဲ့ သားလိမ္မာလေးပေါ့''

''ကျွန်မက မလွန်းရင်သားမှန်း မသိခဲ့ရိုးအမှန်ပါ။ ကွဲကွာ

သွားတာ အနှစ်နှစ်ဆယ်ကျော်ဆိုတော့ ကလေးတွေကြီးလာတာကို မမှတ်မိတော့ဘူးပေါ့''

''မှတ်မိတာပဲဖြစ်ဖြစ်၊ မမှတ်မိတာပဲဖြစ်ဖြစ် ရှင်တို့ရဲ့ အကျင့်စရိုက်တွေက ပြောင်းလဲတာမှ မဟုတ်တာဘဲ မပြတင်ရယ်။ အပိုတွေ ပြောမနေစမ်းပါနဲ့။ သေတဲ့လူရဲ့ပါးစပ်ထဲကတောင် နှိုက်ယူရက်တဲ့ မွှေတွေ ဘယ်မှာလဲ ပြော''

''ကျွန်မ ဘာမှမသိရပါလား မလွန်းရင်''

''ဒီမှာ မပြတင်။ အိပ်ချင်ဟန်ဆောင်တဲ့လူဟာ အနှိုးရခက်တယ်ဆိုတာ သိပ်မှန်တာပဲ။ ဒီမှာ ကျွန်မ ရှင်းရှင်းပဲ ပြောမယ်။''

''ပြောပါ မလွန်းရင်''

''ကျွန်မသား ညီညီဇော်ဟာ တောထဲမှာ အလုပ်သွားလုပ်တယ်။ အဲဒီကပစ္စည်းတွေရလာတယ်။ အပြန်မှာ မြေမြှုပ်မိုင်းနင်းမိပြီး အခုလို ဆေးရုံရောက်လာတယ်။ အမြင်အာရုံကလည်း မရ။ အကြားအာရုံကလည်း ဝေဝါးနေတဲ့ အချိန်မှာ ရှင်ကသေမယ်မှန်းသိလို့ အမေအဖြစ်ဟန်ဆောင်တယ်။ ကျွန်မသားလည်းဆုံးသွားရော ဆေးရုံအုပ်ကြီးထံမှာ အပ်ထားတဲ့ပစ္စည်းတွေ သွားယူတယ်။ အခုကျွန်မသားဆီက ယူလာတဲ့ပစ္စည်းတွေ ဘယ်မှာလဲ ပြော။''

''ဒီမှာ မလွန်းရင် ကျွန်မ သေသေချာချာ ရှင်းပြမယ်။ နားထောင်ပါဦးရှင်''

''ပြောစမ်းပါဦး''

''ကျွန်မမှာ ရှင့်လိုပဲ သားတစ်ယောက်ရှိတယ်ဆိုတာ ရှင်သိပြီးသားပါ။ ကျွန်မသားလေးလည်း ရှင့်သားလိုပဲ အမေကို လုပ်ကျွေးချင်လို့ဆိုပြီး နိုင်ငံခြားထွက် သင်္ဘောပေါ်မှာ အလုပ်သွားလုပ်တယ်။

တစ်နေ့တော့ အဲဒီ သင်္ဘောပေါ်မှာ အပြင်းဖျားပြီး နေထိုင်မကောင်း ဖြစ်တယ်။ အဲဒီအခါမှာ သားသမီးတွေရဲ့ ထုံးစံအတိုင်း အမေကို သတိရ ကြတော့တာပဲ။ ကျွန်မသားလေးလည်း ရှင့်သားလိုပဲ အဝေးမှာရှိနေတဲ့ ကျွန်မကိုတမ်းတပြီး အော်ခေါ်နေခဲ့တယ်။ ဒါပေမယ့် ကျွန်မသားလေး ဟာ ကံဆိုးစွာနဲ့ပဲ အမေ့ကိုတမ်းတရင်း သင်္ဘောပေါ်မှာတင် ဆုံးသွား ရှာတယ်။''

''ရှင့်သားဆုံးတာနဲ့ ကျွန်မသားဆီက ပစ္စည်းတွေကို မတရား ရယူချင်တာ ဘာဆိုင်လို့လဲ။ တစ်ခြားစီပဲ မဖြတင်''

''ဆုံးအောင်နားထောင်ပါအုံး မလွှန်းရင်ရယ်''

''ကျွန်မသားလေးဆုံးသွားတာဟာ ဒီနေ့အထိ ကျွန်မရင်ထဲမှာ ထိခိုက်ခံစားနေရတုန်းပဲ မလွှန်းရင်။ ကျွန်မဟာ ဒီနေ့မနက် အသိ တစ်ယောက် ဆေးရုံတက်တာနဲ့ သတင်းလာမေးရင်း ဒီဆေးရုံရောက် လာတယ်။ အဲဒီအခါမှာ မထင်မှတ်ဘဲ ဝေဒနာခံစားရလွှန်းလို့ အမေကို တမ်းတပြီး အော်ခေါ်နေတဲ့ လူငယ်တစ်ယောက်ကို တွေ့ရတယ်။ ရှင့်သားမှန်းလည်း ကျွန်မမသိပါဘူး။''

''ဒီလို အမေကို တမ်းတနေရုံမက သူကျူးလွန်ခဲ့တဲ့ အပြုအမူ အတွက် အမေ့ဆီက ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားကို ကြားချင်နေတာ ကိုတွေ့လိုက်ရတော့ ကျွန်မရင်ထဲမှာ အလွန်ပဲစိတ်မကောင်းဖြစ်မိပါတယ်။ သူ့အမေဆီက ''ခွင့်လွှတ်ပါတယ်သားရယ်''ဆိုတဲ့ စကားလေးကိုမှ မကြားလိုက်ရဘူးဆိုရင် သေတာတောင် ဖြောင့်မယ်မထင်မိဘူး မလွှန်းရင်။ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တွေဟာ သေခါနီးမှာ အယူဖြောင့်မှသာ ကောင်းရာမွန်ရာဘုံဘဝကို ရောက်ကြမယ် မဟုတ်လား။ ဒါကြောင့်လည်း ကျွန်မဟာ သားသမီးချင်း ကိုယ်ချင်းစာနာပြီး သေခါနီးလူတစ်ယောက်

ရဲ့ နောက်ဆုံးလိုအင်ဆန္ဒလေးကို ဖြည့်ဆည်းပေးချင်တဲ့သဘောနဲ့ ညီညီဖော်အမေအဖြစ် ဟန်ဆောင်ခဲ့တာပါ။''

ဒေါ်မြတင်စကားကြောင့် ဒေါ်လွန်းရင်မှာ သားအတွက် စိတ်မကောင်းဖြစ်သွားပြီး ဘာမှပြန်မပြောနိုင်ဘဲ နှုတ်ဆိတ်နေ၏။ ဒေါ်မြတင်က ဆက်၍ပြောသည်။

''ကျွန်မဟာ ညီညီဖော်ထံမှာ အလုပ်လုပ်ပြီးရလာတဲ့ ပစ္စည်းတွေပါလာမှန်းလည်း မသိပါဘူး။ ကျွန်မ အခုလို အမေအဖြစ်ဟန်ဆောင်လိုက်လို့ ဖြစ်ပေါ်လာမယ့် ပြဿနာတွေကို ကြိုတင်ရှောင်နိုင်အောင်လို့လည်း ဆေးရုံအုပ်ကြီးထံကို ပထမဆုံးသွားခဲ့ပါတယ်။ ဆေးရုံအုပ်ကြီးကို ကျွန်မဟာ အမေအရင်းမဟုတ်တဲ့အကြောင်းနဲ့ အခုလို အမေအရင်းအဖြစ် ဟန်ဆောင်တာဟာ သားသမီးတွေအပေါ်မှာထားတဲ့ မိခင်စိတ်သက်သက်နဲ့ ပြုလုပ်ခြင်းသာ ဖြစ်ပြီး ဘာရယူလိုမှု၊ ဘာအခွင့်အရေးကိုမှ မျှော်ကိုးပြီးလုပ်ဆောင်ချင်တာမဟုတ်ကြောင်းကို ဆေးရုံအုပ်ကြီးဆီ အသိပေးခဲ့ပါတယ်။ ဆေးရုံအုပ်ကြီးရဲ့ သဘောတူခွင့်ပြုချက်ရမှသာ ညီညီဖော့်ဘေးမှာနေပြီး လိုအပ်တာလေးတွေ ပြုစုပေးရင်းနဲ့ သူလုပ်ခဲ့တဲ့ လုပ်ရပ်အတွက် သူအမှန်တကယ် ကြားချင်နေတဲ့ ''ခွင့်လွှတ်ပါတယ် သားရယ်''ဆိုတဲ့ စကားလေးကို ပြောပေးခဲ့တာပါ။ ကျွန်မပြောတာကို မယုံကြည်ဘူးဆိုရင် မလွန်းရင်အနေနဲ့ အခုပဲ ဆေးရုံအုပ်ကြီး ရုံးခန်းကို ကျွန်မနဲ့ အတူသွားပြီး မေးကြည့်နိုင်ပါတယ်။''

ဒေါ်မြတင်၏ ဖြေရှင်းပြမှုကြောင့် ဒေါ်လွန်းရင်မှာ ရုတ်တရက် အံ့သြမှင်သက်မိသွားပြီး ဒေါ်မြတင် မျက်နှာကိုသာ ငေး၍စိုက်ကြည့်နေမိသည်။

ထိုအချိန်တွင် ဒေါ်မြတင်နှင့် ဒေါ်လွန်းရင်တို့၏ ဖြစ်ပျက်ပုံ

အကြောင်းစုံကို သိသွားသော ဆေးရုံအုပ်ကြီးမှာ သူတို့ရှိရာသို့ ရောက်လာလေသည်။

''ဟုတ်ပါတယ် ဒေါ်လွန်းရင်။ ဒီက ဒေါ်မြတင်ဟာ ညီညီဇော်အပေါ်မှာ သားသမီးချင်းကိုယ်ချင်းစာနာပြီး အမှန်တကယ် မိခင်စိတ်နဲ့ ညီညီဇော်ရဲ့ နောက်ဆုံးဆန္ဒလေးကို ဖြည့်ဆည်းပေးခဲ့တာပါ။ ဘယ်အခွင့်အရေးကိုမှ မျှော်ကိုးပြီး လုပ်ခဲ့တာ မဟုတ်ပါဘူး။ သူဒီလိုပြုလုပ်ချင်တယ် ဆိုတာကိုလည်း ကျွန်တော့်ဆီခွင့်တောင်းခဲ့ပါတယ်။ ညီညီဇော့်အသက်ကို ဒေါ်လွန်းရင် မမီနိုင်တော့ဘူးဆိုတာသိလို့ ကျွန်တော်က ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ညီညီဇော်ဟာ သူကြားချင်တဲ့ ''ခွင့်လွှတ်ပါတယ် သားရယ်''ဆိုတဲ့ လိုအင်ဆန္ဒလေး မသေခင်မှာပြည့်ဝသွားခဲ့ပါတယ်။ ဒေါ်မြတင်ကို အပြစ်မမြင်ပါနဲ့ ဒေါ်လွန်းရင်။ ဒေါ်မြတင်လို မိခင်စိတ်ရှိတဲ့ အမျိုးသမီးတွေဟာ တစ်နယ်တစ်ကျေးမှာ အလုပ်လုပ်နေရတဲ့ သားသမီးတွေအတွက်သာမက မိခင်လုံးဝမရှိတော့တဲ့ သားသမီးတွေအတွက်လည်း လိုအပ်လှပါတယ်ဗျာ။''

အခန်း ( ၁၀ )

''ကဲ မလွန်းရင်၊ သားလည်းမရှိတော့ဘူးဆိုတော့ ဒီမြို့မှာ တည်းစရာအိမ်မရှိရင် ကျွန်မအိမ်ကိုလိုက်ခဲ့ပါလား။ နောက်နေ့မနက်ကျမှ မလွန်းရင်ရဲ့ သားကို သင်္ဂြိုလ်ဖို့လုပ်တာပေါ့။ ကျွန်မလည်း ဒီမြို့ကို ပြောင်းလာတာ အနှစ်(၂၀)ကျော်လောက်ရှိပါပြီ။ ကျွန်မသားလေးဆုံးသွားကတည်းက သားလေးနဲ့ သက်တူရွယ်တူ လူငယ်လေးတွေ တွေ့ရင် သားကို သတိရပြီး တတ်နိုင်သလောက် အကူအညီပေးခဲ့ပါတယ်။ မြတ်စွာဘုရားဟောခဲ့သလို ကျွန်မတို့ အားလုံးဟာ သံသရာမှာ အမျိုးတွေတော်ခဲ့ကြတယ် မဟုတ်လား''

"မှန်တာပေါ့ မမြတင်ရယ်။ ကျွန်မစောစောက အထင်မှားပြီး ပြောခဲ့မိတဲ့ စကားတွေအတွက် တောင်းပန်ပါတယ်နော်။ စိတ်မရှိပါနဲ့"

"ရပါတယ် မလွန်းရင်။ ကျွန်မတို့လည်း ငယ်တော့တဲ့အရွယ်မှ မဟုတ်တော့တာပဲ။ အသက်တွေလည်း ကြီးလာကြပါပြီ။ လောဘ၊ ဒေါသ၊ မာန်မာနတွေ လျှော့ရတော့မယ်လေ။ မနက်ဖြန်ကျရင် မလွန်းရင်အတွက် လိုအပ်တာတွေ ကျွန်မ အကူအညီပေးပါ့မယ်။"

"ကျေးဇူးတင်ပါတယ် မမြတင်ရယ်"

"ကဲ -- ကဲ ဒီညတော့ ကျွန်မအိမ်မှာပဲ လိုက်အိပ်ပေတော့"

ဤသို့ဖြင့် ဒေါ်လွန်းရင်သည် ဒေါ်မြတင်အိမ်သို့ ခေတ္တတည်းခိုရန် လိုက်ခဲ့လေသည်။

ညပိုင်း၌ ဒေါ်လွန်းရင်က မိမိရန်ကုန်တွင် အကြော်ရောင်း၍ တစ်ယောက်တည်းကျန်ခဲ့ပုံ၊ ညီညီဇော် ပဲခူးရိုးမအတွင်း အလုပ်သွားလုပ်ရာမှအပြန်တွင် မြေမြှုပ်မိုင်းနင်းမိ၍ ဆေးရုံရောက်ခဲ့ပုံ၊ မိမိမှာ ညီညီဇော်ဆေးကုစရိတ်မရှိသဖြင့် ကားတိုက်ခံရဟန်ဆောင်၍ ငွေရှာခဲ့ရပုံတို့ကို မမြတင်အား ပြောပြလေသည်။

ညဘက်အိပ်ယာဝင်ချိန်တွင် ဒေါ်လွန်းရင် မှာ ခေါင်းထဲမှ တရိပ်ရိပ်မူးလာပြီး အန်လေတော့သည်။ ထိုအခါ ရန်ကုန်တွင်ကားတိုက်ခံရ၍ ဆေးခန်းသွားပြစဉ်က "ဆရာတစ်ခုတော့ပြောမယ်နော်။ ဒီလိုဒဏ်ရာမျိုးက ခန့်မှန်းရခက်ခဲတယ်။ ဒဏ်ရာက အပေါ်ယံလို့ထင်ရပေမယ့် ဦးခွံတွေဘာတွေအက်ပြီး ဦးနှောက်ထဲ သွေးယိုသွားရင် အန္တရာယ်သိပ်ကြီးတယ်။ ဒီတော့ ဓာတ်မှန်သွားရိုက်လိုက်ပါ"ဆိုသော ဆရာဝန်၏ စကားများကို ကြားယောင်မိသည်။

ဆရာဝန်၏ သတိပေးစကားအတိုင်း ဓာတ်မှန်ရိုက်ပြီးပြန်ပြရန်

ဂရုမထားမိဘဲ သားဇောဖြင့် အပြေးအလွှားလာခဲ့သည်။ နံနက်မိုးလင်းလျှင် ဓာတ်မှန်ရိုက်၍ ဆရာဝန်တစ်ဦးထံပြန်ပြရန် စိတ်ကူးလိုက်သည်။

တစ်ညလုံးလိုလို အဆက်မပြတ်အန်ပြီး ခေါင်းကိုက်လွန်းသဖြင့် ဒေါ်လွန်းရင်မှာ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်လျက် အိပ်ရာထဲသို့ လဲကျသွားလေသည်။

နံနက်မိုးလင်း၍ အိပ်ယာမှနိုးရန် ဒေါ်မြတင်လာရောက်သောအခါ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော ဒေါ်လွန်းရင်၏ ခန္ဓာကိုယ်အား အိပ်ရာထက်တွင် တွေ့လိုက်ရပေတော့သည်။

"အော် -- မလွန်းရင်၊ မလွန်းရင် သားအတွက် ဆေးကုဖို့ စရိတ်ရအောင် အသက်နဲ့ရင်းပြီး ရှာခဲ့ပေမယ့် အခုတော့ ရေနစ်သူကို ကယ်ရင်း ကယ်တဲ့သူပါ နှစ်ယောက်စလုံး အသက်ဆုံးရှုံးရတဲ့အဖြစ်မျိုး ကြုံရပါလားမလွန်းရင်ရယ်" ဟူသော မမြတင်၏ မချိတင်ကဲ ငိုကြွေးသံကို ကြားနေရပေသတည်း။

သက်ဝေမောင်

(၁၂)ကြိမ်မြောက် ကျိုက္ကလော့ အမေ့မေတ္တာ
ဝတ္ထုတိုပြိုင်ပွဲ (တတိယ)ဆု



# လောကဌ် အခက်ဆုံးသောအရာ

**သက်ဝေမောင်**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၀၆ ဒီဇင်ဘာလထုတ်အားကစား

လှုပ်ရှားမှုဝတ္ထုတိုပြိုင်ပွဲ (တတိယဆုရ)

သို့ရာတွင် ...

လမ်းလျှောက်ခြင်းနှင့် ပတ်သက်၍

အထူးသတိပြုရန်

အချက်တစ်ခုရှိပါသည်။

ဤအချက်ကို သတိမမူဘဲ

လမ်းလျှောက်ခြင်း အားကစားကို

ပြုလုပ်မည်ဆိုပါက

"ပိုးသာကုန် မောင်ပုံစောင်းမတတ်"

သကဲ့သို့ အချည်းနှီးဖြစ်ပေမည်။

# လောက၌ အခက်ဆုံးသောအရာ

အခန်း ( ၁ )

"ဝင်းလွင်ကွ။ ဝင်းလွင်။ ပြေး -- ပြေး"

"ဇော်မင်းကွ။ ဇော်မင်း ပြေး"

"မျိုးခိုင်ရေ ပြေးပါကွ"

"ကျော်ဖြိုးလွင်ရေ မင်းကတော့ ပထမရတော့မှာပဲ။ နောက်ဆုံး ကစပြီး ဆုပေးရင် -- ဟား -- ဟား -- ဟား"

"ဟေ့မြင့်ဝေ။ မင်းလည်းဒုတိယရမှာပဲ။ ကျော်ဖြိုးလွင် ပြီးရင်နော်"

အထက်တန်းကျောင်းတစ်ကျောင်း၏ အပြေးပြိုင်ပွဲတွင် ဖြစ်သည်။ သူငယ်ချင်းငါးယောက်ဖြစ်သော ဝင်းလွင်၊ ဇော်မင်း၊ မျိုးခိုင်၊ မြင့်ဝေနှင့် ကျော်ဖြိုးလွင်တို့မှာ မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဆင်နွှဲနေကြ၍ အတန်းဖော်သူငယ်ချင်းများက အော်ဟစ်အားပေးနေကြခြင်းဖြစ်သည်။

တာလွှတ်လျှင် လွှတ်ခြင်း ရှေ့ဆုံးက ဦးဆောင်သူမှာ ဝင်းလွင်။ သူ့နောက်ကဇော်မင်း။ ဇော်မင်း၏နောက် တတိယနေရာက လိုက်နေ

သူမှာ မျိုးခိုင်ဖြစ်သည်။ မြင့်ဝေက စတုတ္ထနေရာ။ ကျော်ဖြိုးလွင်မှာ နောက်ဆုံးကဖြစ်၏။ ထို့ကြောင့် ကျော်ဖြိုးလွင်နှင့် မြင့်ဝေကို သူငယ်ချင်းများက လှမ်း၍ နောက်ပြောင်နေခြင်းဖြစ်သည်။

မီတာငါးဆယ်ခန့် ပြေးပြီးသောအခါ ဇော်မင်းမှာ ဝင်းလွင်ရှေ့သို့ တက်လာသည်။ ဇော်မင်း၏ ပြေးနှုန်းမှာ တရိပ်ရိပ်မြင့်တက်လာသည်။ ကျန်လူများထက်ဝေးကွာသထက် ဝေးကွာလာခဲ့၏။

ပန်းဝင်သောအခါ ဒုတိယရသူ ဝင်းလွင်ထက် ဇော်မင်းက ပေနှစ်ဆယ်ခန့် ဖြတ်ထားနိုင်ခဲ့သည်။ မျိုးခိုင်က တတိယနှင့် မြင့်ဝေက စတုတ္ထ။ ကျော်ဖြိုးလွင်မှာမူ နောက်ဆုံးခပ်လှမ်းလှမ်းတွင် ကျန်ခဲ့ပြီး စပ်ဖြဲဖြဲအမူအရာနှင့် ပန်းဝင်လာခဲ့သည်။ "မချိသွားဖြဲရယ်တာမှတ်သလား" ဟူသော စကားပုံမှာ ကျော်ဖြိုးလွင်ကိုပင် ဆိုလေသလားမသိ။

အခန်း ( ၂ )

"မင်္ဂလာပါဆရာ"

"မင်္ဂလာပါတပည့်တို့၊ ကဲ ကဲ ထိုင်ကြ ထိုင်ကြ"

နဝမတန်းအခန်းထဲသို့ မြန်မာစာဆရာဦးမောင်မောင်အေး ဝင်လာ၍ တပည့်များ နှုတ်ဆက်နေခြင်းဖြစ်သည်။

"တပည့်တို့၊ မနေ့က ဆရာတို့ ကျောင်းရဲ့ ဒီဇင်ဘာလ ပြေးပွဲပြိုင်ပွဲပြီးသွားပြီ။ ဆုအတော်များများကို မောင်ဇော်မင်းက သိမ်းကြုံးယူသွားတယ်။ မောင်ဇော်မင်းဟာ အလွန်ထူးချွန်တဲ့ အပြေးသမားတစ်ယောက်ပဲ။ ဆရာမြင်ဖူးသမျှထဲမှာ ဒီလောက်ပြေးနိုင်တဲ့လူမျိုး၊ ပြိုင်ဘက်ကို အပြတ်အသတ်နောက်မှာ ချန်ထားနိုင်တဲ့လူမျိုးကို ဆရာမတွေ့ဘူးသေးဘူး။ မောင်ဇော်မင်းဟာ တစ်နေ့မှာ အပြေးသမားကောင်း

တစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ဆရာယူတယ်။''

ဆရာ့စကားဆုံးသောအခါ အတန်းသားအားလုံး၏အကြည့်က ဇော်မင်းဆီသို့ ရောက်သွားကြ၏။ ဇော်မင်းမှာအလွန်ကျေနပ်နေသော ပီတိအပြုံးနှင့်။

''ဆရာမင်းတို့ကို စာစီစာကုံးတစ်ပိုဒ်ရေးခိုင်းမယ်။ စာစီစာကုံးက အခုဒီဇင်ဘာလနဲ့ ကိုက်ညီတဲ့ ''လမ်းလျှောက်ခြင်း အကျိုးကျေးဇူး'' ဆိုတဲ့ခေါင်းစဉ်ပဲ။ မင်းတို့အနေနဲ့ ကြိုးစားပြီးရေးကြစေချင်တယ်။ ကိုးကားစရာ အချက်အလက်တွေကိုတော့ အမျိုးသားစာပေဆုရ ဆရာကျော်မြင့်လွင်ရေးပြီး စာပေဗိမာန်ကထုတ်တဲ့ ''ခြေလျင်'' စာအုပ်ထဲမှာ ရှာကြ။ ငါတို့ကျောင်းရဲ့ ကျောင်းစာကြည့်တိုက်ထဲမှာ အဲဒီစာအုပ်ရှိတယ်။ ပြီးတော့သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေထဲကလည်း မင်းတို့တတ်နိုင်သလောက်ရှာဖွေကြ။ မင်းတို့ကို တစ်ပတ်အချိန်ပေးမယ်။ နောက်တစ်ပတ် ဒီမြန်မာစာ အချိန်ကျရင် စာအုပ်လာထပ်ကြ။ မင်းတို့ထဲက ဆုရသူ (၃)ဦးကို ဒီနှစ်စုံညီပွဲတော်မှာ ထိုက်ထိုက်တန်တန်ဆုပေးမယ်။''

ဆရာ၏ ပြောစကားကြောင့် ကျောင်းသားအားလုံးငြိမ်ကျသွား၏။ ကျောင်းတွင်းအားကစားပြိုင်ပွဲတွင် ဆုမရလိုက်သူများကလည်း ဤတစ်ပွဲတွင် ဆုရအောင်ကြိုးစားမည်ဟု စိတ်ထဲတွင် ကြုံးဝါးနေကြ၏။

မုန့်စားဆင်းချိန်တွင် နဝမတန်းမှကျောင်းသူ၊ ကျောင်းသားအတော်များများမှ ကျောင်းစာကြည့်တိုက်သို့ ရောက်သွားကြ၏။ ဆရာကျော်မြင့်လွင်၏ ခြေလျင်စာအုပ်ကို အလုအယက်ဖတ်ကာ မှတ်စုစာအုပ်ဖြင့် ကူးသွားကြ၏။

နောက်နေ့များတွင်လည်း ကျောင်းစာကြည့်တိုက်တွင် နဝမတန်းကျောင်းသားများဖြင့် ပြည့်နေပြန်၏။ မှတ်စုဖြင့် သတင်းစာဂျာနယ်၊

မဂ္ဂဇင်းများမှ လမ်းလျှောက်ခြင်းနှင့်ဆိုင်သော အချက်အလက်များကို ရှာဖွေနေကြသည်။

မြန်မာစာ ဆရာဦးမောင်မောင်အေးမှာ သူ့တပည့်များကိုကြည့်၍ ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်အားရနေ၏။

အခန်း ( ၃ )

''မင်္ဂလာပါ ဆရာ''

''မင်္ဂလာပါတပည့်တို့။ ကဲ ထိုင်ကြ''

''မင်းတို့အရင်တစ်ပတ်က ထပ်ထားခဲ့တဲ့ စာစီစာကုံးစာအုပ်တွေကို ဆရာစစ်လို့ ပြီးသွားပြီ''

''ဟုတ်လားဆရာ၊ ဘယ်သူတွေ ဆုရသလဲခင်ဗျ။''

နှုတ်သွက်လျှာသွက်ရှိသော မြင့်ဝေက မေးလိုက်သည်။ ဆရာက ခပ်ပြုံးပြုံးဖြင့်

''ဖြေးဖြေးပေါ့ မောင်မြင့်ဝေရာ။ ပြောမှာပေါ့။ ဆုရတဲ့သူတွေကို မကြေညာခင် ဆရာပြောချင်တာက ဒီလမ်းလျှောက်ခြင်း အကျိုးကျေးဇူးဆိုတဲ့ စာစီစာကုံးဟာမင်းတို့အတွက် ကျောင်းသားဘဝမှာတင် သိသင့်သိထိုက်တာမဟုတ်ဘဲ မင်းတို့ဘဝ တစ်သက်တာလုံးသိရှိလိုက်နာကျင့်သုံးသင့်တဲ့ စာစီစာကုံးဖြစ်တယ်ဆိုတာကိုပဲ။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ။ ဒီစာစီစာကုံးထဲက အကြောင်းအရာတွေကို မဖြစ်မနေသိထားသင့်တယ်။ ဆုရတာထက် မင်းတို့အတွက် တန်ဖိုးပိုရှိတဲ့ အကြောင်းအရာတွေပါတယ်။''

''ဟုတ်ကဲ့ပါဆရာ''

''ဒီတော့ မင်းတို့အနေနဲ့ ပိုပြီးစိတ်ဝင်စားမှုရှိအောင် ဆုရတဲ့

သူကို ဆရာအရင်မပြောဘဲ အဲဒီစာစီစာကုံးထဲက မင်းတို့မှတ်ထားသင့်တဲ့အချက်တွေကို ဆရာအရင်ဖတ်ပြမယ်။ ပြီးတော့မှ အဲဒီစာစီစာကုံးရေးတဲ့လူအမည်နဲ့ ရတဲ့ဆုကို ဆရာပြောမယ်။ ဟုတ်ရဲ့လား''

ဆရာဦးမောင်မောင်အေး၏ ပြောစကားကြောင့် ကျောင်းသားအားလုံး၏အသံမှာ ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွား၏။ အချင်းချင်းလည်း တစ်ဦးမျက်နှာတစ်ဦးကြည့်လိုက်ကြသည်။

''ကဲ - ပထမဆုံးတစ်ယောက်ရေးထားတာကို ဆရာဖတ်ပြမယ်။ နားထောင်''

တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုးတည်တံ့ခိုင်မြဲရေးသည် ထိုတိုင်းပြည်တွင်ရှိသော လူတစ်ဦးချင်းစီ၏ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှု အပေါ်တွင် မူတည်ပါသည်။ လူတစ်ဦးချင်းစီ၏ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပါမှ မိမိတိုင်းပြည်နှင့် လူမျိုးအတွက် အလုပ်လုပ်နိုင်၊ ကာကွယ်စောင့် ရှောက်နိုင်မည်ဖြစ်၏။

ထို့ကြောင့် တိုင်းပြည်အသီးသီးရှိ အမြော်အမြင်ကြီးမားသော နိုင်ငံတော်အစိုးရများသည် မိမိတို့လူမျိုးများ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင် သူများဖြစ်စေရန် လူထုအားကစားလှုပ်ရှားမှုများကို နိုင်ငံတော် ဘဏ္ဍာငွေများ အကုန်အကျခံ၍ ပြုလုပ်ကျင်းပပေးကြပါသည်။

ပညာရှင်သုတေသီများက အချိန်အခါ၊ နေရာဒေသမရွေး၊ စရိတ်ကုန်ကျမှုမရှိဘဲ လူတိုင်းနှင့် သင့်လျော်ပြီး အကျိုးကျေးဇူးလည်း များသော ပေါ့ပေါ့ပါးပါး အားကစားနည်းတစ်ခုကို ရှာဖွေဖော်ထုတ်ခဲ့ ကြလေသည်။

ထိုရှာဖွေဖော်ထုတ်ခဲ့သော နည်းလမ်းကောင်းကို နိုင်ငံ

အသီးသီးမှ ပညာရှင်ပုဂ္ဂိုလ်များကလည်း တစ်ညီတစ်ညွှတ်တည်း ထောက်ခံတင် ပြခဲ့ကြသည်။ ထိုနည်းလမ်းကား လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်ခန့်ကပင် ဗုဒ္ဓဟောညွှန်ပြခဲ့သည့် လမ်းလျှောက်ခြင်းပင်ဖြစ်လေသည်။

အိုလံပစ်အားကစားစတင် မွေးဖွားရာဂရိနိုင်ငံ၏ ကမ်းခြေ နံရံများတွင် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို ယခုကဲ့သို့ ရေးသားတင်ပြထားသည်။

''သင် ကျန်းမာချင်သလား။ လမ်းလျှောက်ပါ။''

''သင်လှပချင်သလား။ လမ်းလျှောက်ပါ။''

''သင်ဉာဏ်ကောင်းချင်ပါသလား။ လမ်းလျှောက်ပါ။''

လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို ပထမဆုံးသိမြင်၍ ဟောကြားခဲ့သူမှာ ဗုဒ္ဓဘုရားရှင်ပင်ဖြစ်သည်။ ဗုဒ္ဓက ''ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကျေညက်၊ မပျက်သမာဓိ၊ ငါးပါးရှိ များ၏အကျိုးတည်း''ဟူ၍ သာသနာ့အကျိုးဆောင် တပည့်သား သံဃာတော်များ၏ ကိုယ်ကျန်းမာရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေး တို့အတွက် ဟောကြားခဲ့လေသည်။

မိုးညှင်းဆရာတော်ဘုရားကြီးကလည်း ''မိုးညှင်းတရား၊ ယုံပွားများလျှက်၊ ကြိုးစားလမ်းလျှောက်၊ အထမြောက်သူ၊ ပြည်နိဗ္ဗူကို၊ လွယ်ကူ ရောက်ကြောင်း၊ တရားကောင်း အပေါင်း မှတ်ကြစေ''ဟူ၍ ထပ်ဆင့် ဟောကြားခဲ့၏။

လယ်တီဆရာတော် ဘုရားကြီးကလည်း ''စာများများ ရေးချင်လျှင် လမ်းများများလျှောက်''ဟု မိန့်ကြားခဲ့သည်။ စာရေး ဆရာကြီး ဒဂုန်ရွှေမျှားကလည်း ''အသက်ရှည်ရှည်နှင့် စာရေး

ချင်လျှင် လင်္ကားများများလျှောက်''ဟူ၍ အမှာစကားရှိခဲ့သည်။ ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့ဘားနဒ်ရှောကလည်း ''ဉာဏ် ကောင်းချင်လျှင် နံနက်စောစော လမ်းလျှောက်''ဟု ပြောခဲ့သည်။

နည်းမှန်စနစ်မှန် လမ်းလျှောက်ခြင်းကို ဆရာဇော်ဂျီက မှုမှန် လမ်းလျှောက်နည်းဟူ၍ အောက်ပါအတိုင်း ကဗျာစပ်ဆိုခဲ့ လေသည်။

- ရင်ဘတ်ကိုပင့်၊ တန်ရှုံမြင့်၊ ရဲရင့်တည်ကြည်၊ လျှောက်ရမည်။
- ခါးကိုမတ်မတ်၊ ကိုယ်ကိုမတ်၊ တစ်ရပ်မြင့်အောင် လျှောက်ရမည်။
- ဒူးကိုဆန့်ခင်း၊ ကြွက်သားရင်း၊ တောင့်တင်းပေါ်အောင် လျှောက် ရမည်။
- ခြေလှမ်းသောအခါ၊ ရှေ့ခြေဟာ၊ မြေမှာ ဖနောင့်ကျရမည်။
- ခြေလှမ်းသောအခါ၊ နောက်ခြေဟာ၊ မြေမှာ ဖနောင့်ကျရမည်။
- မှတ်ကြစေရန် လမ်းလျှောက်ဟန်၊ မှုမှန်လျှောက်နည်း ပြီးတော့ သည်။

အခန်း ( ၄ )

''ကဲ -- တပည့်တို့။ ဒီစာစီစာကုံးဟာ တတိယရတဲ့ စာစီ စာကုံးဖြစ်တယ်။ ဆုံးအောင်တော့ ဆရာ မဖတ်ပြတော့ဘူး။''

''ဘာဖြစ်လို့လဲ ဆရာ''

''စာစီစာကုံးအားလုံးက ဆရာကျော်မြင့်လွင်ရဲ့ ခြေလျင်စာအုပ် ကို အခြေခံပြီး ရေးထားတော့ အကြောင်းအရာ၊ အချက်အလက်တွေ က တူပာယ်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေက ရှာဖွေထားတဲ့ အချက်တွေလည်း တချို့ စာစီစာကုံးတွေမှာပါတယ်။ ဒီတော့ တတိယ

ရတဲ့ စာစီစာကုံးနဲ့ မတူတဲ့အကြောင်းအရာကိုပဲ ဆရာဖတ်ပြမယ်။''

''ကောင်းပါတယ် ဆရာ။ ဒါနဲ့ ဆရာဖတ်ပြတဲ့တတိယဆုရတဲ့ စာစီစာကုံးက ဘယ်သူ့စာစီစာကုံးလဲခင်ဗျ။''

သိချင်စိတ်ပြင်းပြလွန်းစွာဖြင့် ကျော်ဖြိုးလွင်ကမေးလိုက်သည်။ ဆရာဦးမောင်မောင်အေးက အခန်းအတွင်းရှိ တပည့်အားလုံးကိုပြုံး၍ ကြည့်လိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း -

''တတိယဆုရတဲ့သူ -- ဘယ်သူလဲဆိုတော့ မောင်မျိုးခိုင်ပဲ ဖြစ်ပါတယ်။ ကဲလက်ခုပ်တီးပြီး ဂုဏ်ပြုလိုက်ပါအုံး။''

''ဖြောင်း -- ဖြောင်း -- ဖြောင်း''

ကျောင်းသူ၊ ကျောင်းသားများ လက်ခုပ်သံနှင့်အတူ မျိုးခိုင်ကို ကြည့်လိုက်တော့ ပီတိဖြာလျက်။

''ကဲ - နောက်တစ်ပုဒ်ကို ဆရာဖတ်ပြမယ်''

ဆူညံနေသော အသံများငြိမ်သွား၏။ ဆရာက

**အချို့သောသူများက လမ်းလျှောက်ခြင်းကို အားကစားနည်း တစ်မျိုးဟု မထင်မြင်ကြချေ။ အမှန်စင်စစ်လူသားတို့အား နုပျိုအသက် ရှည်စေသော အားကစားနည်းမှာ ပေါ့ပေါ့ပါးပါး လှုပ်ရှားရသော လမ်းလျှောက်ခြင်းကဲ့သို့သော အားကစားနည်းများ သာ ဖြစ်ပေသည်။**

**လမ်းလျှောက်ခြင်းသည် သွေးလည်ပတ်မှု အားကောင်း စေ၏။ နှလုံးကို ပိုမိုကောင်းမွန်စွာ အလုပ်လုပ်စေ၏။ သွေးများက ခန္ဓာကိုယ်အနှံ့ အပြားရှိ ကလပ်စည်းများအထိရောက်သွား သောကြောင့် အလွယ်တကူ ရောဂါမရနိုင်ဘဲ ကင်ဆာရောဂါမျိုး ကိုပင် ကာကွယ်နိုင်၏။**

၁/ မြန်မာ့အာယုဗ္ဗေဒ ဆေးကျမ်းတွင် သွေးလေညီညွတ်လျှင် ကျန်းမာ၏။ သွေးလေညီညွတ်ရန် လမ်းလျှောက်ခြင်းသည် အကောင်း ဆုံးဖြစ်၏ဟု ဆိုထားပါသည်။

"ဟ – လမ်းလျှောက်ခြင်းဟာ တယ်ကောင်းပါလား"ဟု မြင့်ဝေက ရုတ်တရက်လှမ်းပြောလိုက်သည်။

"ဟုတ်တာပေါ့ကွ။ မောင်မြင့်ဝေရ။ ဒီတစ်ခေါက်မင်းတို့ ရေးတဲ့ စာစီစာကုံးတွေဟာ စာအုပ်ထဲမှာတင် ဆရာအမှတ်ပေးရုံနဲ့ မလုံလောက်ဘူး။ မင်းတို့အားလုံးသိထားသင့်လို့ ဆရာအခုလိုဖတ်ပြနေတာပေါ့ကွဲ့"

"ဟုတ်ကဲ့ ကောင်းပါတယ်ဆရာ"

"အေး ဟုတ်ပြီ။ ဆက်နားထောင်ကြ"

၂/ တစ်နေ့လျှင် မိနစ်သုံးဆယ်ခန့် လမ်းလျှောက်ခြင်းသည် သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အရိုးပွရောဂါနှင့် အဝ လွန်ရောဂါများကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ နှစ်စဉ်အစီရင်ခံစာတွင် ကိုယ် လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် ရောဂါမျိုးစုံ နှိပ်စက်ခံ ရပြီး တစ်နှစ်လျှင် လူဦးရေ ၂သန်းခန့် သေဆုံးနေရကြောင်း ဖော်ပြ ထားပါသည်။

ထို့ကြောင့်ပင် နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အမျိုးသားစိတ်ဓာတ် အသွင်ဖြင့် ပြည်သူ လူထုတစ်ရပ်လုံး ပါဝင်လာစေရန် နှိုးဆော်ပြီး နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတော်၌ ဒီဇင်ဘာလကို လူထုအားကစား

လအဖြစ် သတ်မှတ်ရသောအကြောင်းမှာ ဤသို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရာသီဥတု ၃မျိုးရှိသည့်အနက် နွေရာသီနှင့် မိုးရာသီတို့၌ ချွေးထွက်များသည်အထိ ပူပြင်းလေ့ရှိသည်။ သို့ရာတွင် ဆောင်းရာသီ၌ အလွန်အေးသောကြောင့် ချွေးများထွက်လေ့မရှိပါ။

ချွေးမထွက်သော အရေပြားသည် ရောဂါပိုးများအလွယ်တကူ ကပ်ညိဝင်ရောက်နိုင်၏။ ချွေးထွက်သော အရေပြားတွင်မူ ရောဂါပိုး များသည် ချွေးထဲတွင် ပါရှိနေသော အက်ဆစ်ဓာတ်နှင့် အဆီဓာတ် များကြောင့် သေဆုံးကုန်လေ့ရှိပါသည်။

ထို့ကြောင့် ခေတ်အဆက်ဆက် နိုင်ငံတော်အကြီးအကဲများက ဆောင်းရာသီသည် ကျန်ရာသီများထက် ရာသီဥတု ကောင်းမွန်သော ကြောင့် ဆောင်းရာသီဖြစ်သည့် ဒီဇင်ဘာလကို လူထုအားကစားကာလ အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်လေသည်။

''ဟာ – ဟုတ်တာပေါ့။ အခုမှပဲ ဒီဇင်ဘာလကို ဘာကြောင့် လူထုအားကစားလအဖြစ် သတ်မှတ်ထားတယ်ဆိုတာ သဘောပေါက်တော့တယ်''ဟု ဇော်မင်းက အနီးတွင်ထိုင်နေသော ဝင်းလွင်ကို တိုးတိုးလေးကပ်ပြောလိုက်သည်။ ဝင်းလွင်က ''အေး – ဟုတ်တယ်'' ဟု ထောက်ခံရင်း ဆရာ ဦးမောင်မောင်အေး၏ အသံကို ဆက်လက် နားစွင့်နေသည်။

လူသားတို့၏ ခန္ဓာကိုယ်ကြီးသည် လှုပ်ရှားမှုမရှိပဲ ငြိမ်သက်နေလျှင် အပူများ၊ အပုပ်များ၊ အဆိပ်များနှင့် အခိုးများတို့သည် ခန္ဓာကိုယ်အတွင်း၌ ကိန်းအောင်းနေလေ့ရှိသည်။ ပိုးမွှားများလည်း ပေါက် ဖွားလာ၏။ ကျောက်များလည်း အနည်ထိုင်ပြီး ကျောက်တည်လာ၏။ အဆီများလည်း ခဲလာ၏။ သွေးများလည်း ညစ်လာ၏။

မကြာမီ ရောဂါ များစွဲကပ်ပြီး သက်တမ်းမပြည့်မီ ကွယ်လွန်သွားကြလေသည်။

လူ၊ သတ္တဝါများ၏ ခန္ဓာကိုယ်သည် စက်ယန္တရားများနှင့် အလားသဏ္ဍာန်တူပါသည်။ အသုံးမပြုပဲ တာရှည်စွာ ပစ်ထားမည်ဆိုပါက သံချေးတက်ပြီး ပျက်စီးသွားလေ့ရှိသည်။ ထို့ကြောင့် ခန္ဓာကိုယ်အတွင်း၌ အနှစ်နှစ်အလလက ခိုအောင်းနေသော မကောင်းသည့် အညစ်အကြေးများကို ခန္ဓာကိုယ်ပြင်ပသို့ ထွက်သွားစေရန် ခန္ဓာကိုယ် လှုပ်ရှားမှုများကို မဖြစ်မနေ ပြုလုပ်သင့်ပါသည်။

"ကဲ -- တပည့်တို့ ဒီဒုတိယရတဲ့ စာစီစာကုံးကလည်း တို့တစ်တွေ ဘာကြောင့် ကိုယ်လက်လှုပ်ရှားမှု အားကစားကို ပြုလုပ်သင့်သလဲဆိုတာကို ဖော်ပြထားတယ်၊ သူရဲ့ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုရမှာဘဲ။"

"ဟုတ်ကဲ့ ဆရာ၊ သူရေးထားတာကို ဆရာဖတ်ပြတာနဲ့တင် ကျွန်တော်တို့အားလုံး နေ့တိုင်းလမ်းလျှောက်ချင်စိတ် ပေါက်လာပြီ"

"ကောင်းတာပေါ့ကွယ်"

"နောက်ပြီးတော့ အိမ်က ကျွန်တော့်အဒေါ်ကြီး အဝလွန်ပြီး သွေးတိုးရောဂါဖြစ်ရတဲ့ အကြောင်းရင်းလည်း ကျွန်တော်သိပြီ"

မြင့်ဝေ၏ ပြောစကားကြောင့် အတန်းသားအားလုံး ပွဲကျသွား၏။ မြင့်ဝေကပင်

"အော် --ဒါနဲ့ ဆရာ၊ ဒုတိယရတဲ့သူက ဘယ်သူလည်း ဆရာ"

"ဟော -- ဒီက --"

ဆရာက အမည်ကိုမပြောသေးဘဲ လက်ညှိုးကိုထောင်၍

လေထဲတွင် ဝေ့ရမ်းနေ၏။ ပြီးမှ ---

''ကျော်ဖြိုးလွင်ပဲ''

''ဖြောင်း -- ဖြောင်း -- ဖြောင်း --''

လက်ခုပ်သံများ ဆူညံသွားသည်။ လက်ခုပ်သံ စဲသွားမှ ဆရာက ဆက်ပြောသည်။

''ဆုမရတဲ့ သူတွေလည်း ရေးထားတာ ကောင်းပါတယ်။ တချို့ အချက်အလက်တွေဆိုရင် သတင်းစာ၊ ဂျာနယ်ထဲမှာပါတဲ့ သိသင့်တဲ့ အချက်တွေပဲ။ ဒါပေမယ့် စာစီစာကုံးကောင်းတစ်ပုဒ်ဆိုတာ နိဒါန်း၊ စာကိုယ်၊ နိဂုံးတို့ အားလုံးပြည့်စုံကောင်းမွန်ရမယ်။ တပည့်တို့ အခုရေးတဲ့'' ''လမ်းလျှောက်ခြင်း အကျိုးကျေးဇူး''ဆိုတဲ့ စာစီစာကုံးရဲ့ ရည်ရွယ်ချက်က လမ်းလျှောက်ခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးကျေးဇူးတရားများကို အဓိကထားပြီး ရေးရမှာ ဖြစ်တယ်။''

''ပထမဆု၊ ဒုတိယဆု၊ တတိယဆုရတဲ့ သုံးဦးစလုံးကောင်းကြပါတယ်။ ဒါပေမယ့် ဒုတိယရတဲ့ မောင်ကျော်ဖြိုးလွင်က တတိယရတဲ့ မောင်မျိုးခိုင်ထက် အချက်အလက်ပိုပြည့်စုံပါတယ်။ မောင်မျိုးခိုင်ရေးထားတဲ့ အချက်အလက်တော်တော်များများက မောင်ကျော်ဖြိုးလွင်ရဲ့ စာစီစာကုံးထဲမှာလည်းပါတယ်။ ဒီပထမဆုရတဲ့ စာစီစာကုံးကတော့ ဒုတိယ၊ တတိယရသူတွေရဲ့ အချက်အလက်တွေလည်းပါတယ်။ ဘယ်သူဆီမှာမှ မပါတဲ့ ပြင်ပက သူစုဆောင်းထားတဲ့ အကြောင်းအရာတွေလည်း ပါတယ်။ နိဒါန်း၊ စာကိုယ်၊ နိဂုံးအားလုံး ညီညွတ်ကောင်းမွန်တယ်။ ဒါ့ကြောင့် ဆရာက ပထမ ပေးထားတာပါ''

''ဖတ်ပြပါတော့ ဆရာ''

''အေး -- အေး ဖတ်ပြမယ်။ ဒုတိယနဲ့ တတိယဆုရတဲ့

စာစီစာကုံးထဲက တူတဲ့အချက်အလက်တွေတော့ မဖတ်ပြတော့ဘူး။ မတူတာတွေပဲ ဖတ်ပြမယ်နော်"

"ကောင်းပါတယ် ဆရာ"

(၁) လမ်းလျှောက်ခြင်းသည် အခြားအားကစားနည်းများကဲ့သို့ အားကစားကိရိယာပစ္စည်းများကို ဝယ်ယူရန်မလိုပေ။ ငွေကုန်ကြေးကျမှု အသက်သာဆုံးအားကစားနည်းဟု ဆိုနိုင်ပေသည်။

"မှန်လိုက်တာ"ဟု ဇော်မင်းက တိုးတိုးလေး ပြောလိုက်သည်။

လမ်းလျှောက်ခြင်းကြောင့် ဦးနှောက်အတွင်းမှ ခန္ဓာကိုယ်အတွက် အလွန်အကျိုးပြုသော ဟော်မုန်းများ ထွက်လာ၏။ ထိုဟော်မုန်းများသည် လူတစ်ယောက်ကို နုပျိုခြင်း၊ လှပခြင်း၊ ကျန်းမာခြင်း၊ အသက်ရှည်ခြင်းစသော အကျိုးတရားများကို ရရှိစေသည်။

လမ်းလျှောက်ခြင်းကို ပုံမှန်ပြုလုပ်သူများသည် ခန္ဓာကိုယ်အတွင်းရှိ အဆီပိုများကျဆင်းသွားပြီး နောက်ထပ်အဆီများလည်း ထပ်တိုးခွင့်မရသည့်အတွက် အဝလွန်ခြင်းကို ကာကွယ်ထား နိုင်ပါသည်။

လမ်းလျှောက်ခြင်းသည် သွေးလည်ပတ်မှုအားကောင်းသည့်အတွက် ရေပိုက်ထဲတွင်ရှိသော သံချေး၊ အမှိုက်အဖတ်အနည်များသည် ရေအားကောင်းကောင်းနှင့် တွေ့ကာရှင်းလင်းသွားသကဲ့သို့ သွေးထဲတွင် ရှိသော မကောင်းသည့်အဆီများ၊ အနည်အဖတ်များအားလုံးလည်း ရှင်းလင်းသွားလေသည်။ ထို့ကြောင့် နှလုံးသွေးကြောကျဉ်းခြင်း၊ ကော်လက်စထရောပိတ်ခြင်းတို့ မရှိနိုင်ပေ။ နှလုံးရောဂါဖြစ်နေသူအားလုံး သည် လမ်းလျှောက်ခြင်း

အားကစားကို မှန်မှန်ပြုလုပ်မည်ဆိုပါက မည်သည့်ဆေးမျှသောက်သုံးစရာမလိုဘဲ ပျောက်ကင်းနိုင်လေသည်။

"ဟ – ကောင်းလှချည်လား။ အိမ်က နှလုံးရောဂါဖြစ်နေတဲ့ကြီးတော်ကြီးကို လမ်းလျှောက်ခိုင်းရမယ်"ဆိုသော ကျော်ဖြိုးလွင်၏ တီးတိုးစကားသံကြောင့် ဘေးမှ သူငယ်ချင်းများပြုံးလိုက်ကြသည်။

ဆီချို၊ သွေးချိုရောဂါဖြစ်ပွားနေသော လူနာများသည်လည်း လမ်းများများလျှောက်ခြင်းဖြင့် သွေးအတွင်းမှ သကြားဓာတ်မြင့်မားမှုကို ကျဆင်းစေပြီး၊ သွေးကို ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိစေ သောကြောင့် လူကောင်းပကတိများကဲ့သို့ ဆီးချိုရောဂါကို ထိန်းထားနိုင်ပါသည်။

အဆုတ်မကောင်း၍ ရင်ကြပ်ချောင်းဆိုးခြင်းဖြင့် ဘဝကို လက်မြှောက်အရှုံးပေးနေရသူများပင်လျှင် လေကောင်းလေသန့် ရသော နေရာများသို့ ထွက်၍ စိတ်ပါလက်ပါ လမ်းလျှောက်ပြီး အသက်ရှုလေ့ကျင့် ခန်းများပြုလုပ်မည်ဆိုပါက လူကောင်းပတိများ အဖြစ်ဘဝကို ပြန်လည် ရင်ဆိုင်နိုင်ပေလိမ့်မည်။

လမ်းကိုပုံမှန်လျှောက်၍ လေကောင်းလေသန့် အားပါးတရ ရှုရှိုက်ခြင်းသည် လူငယ်များအတွက် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရုံသာမက သက်ကြီးရွယ်အိုများအတွက် ပူပင်သောကများခြင်း၊ သတိမေ့ခြင်း၊ မှတ်ဉာဏ်ယုတ်လျော့ခြင်း၊ စိတ်ယိုယွင်း ဖောက်ပြန်ခြင်းနှင့် အယ်လ်ဇိုင်းမားရောဂါများကိုပင် မဖြစ်စေနိုင်ကြောင်း လေ့လာစမ်းသပ်မှုအရ တွေ့ရှိရသည်။

ဆရာက စာဖတ်ခြင်းကို ခေတ္တနား၍ ဤသို့ပြောလိုက်သည်။

"အမှန်တကယ်တော့ လမ်းလျှောက်ခြင်းဆိုတာ ရောဂါအားလုံး

ကို သက်သာပျောက်ကင်းစေတဲ့ ကမ္ဘာ့အသက်ရှည်ဆေးကြီးပဲကွ၊ မင်းတို့ကျောင်းသားတွေအတွက် လေကောင်းလေသန့်ရတဲ့နေရာမှာ လမ်းလျှောက်ပြီး အသက်ရှူလေ့ကျင့်ခန်းကို လုပ်သင့်တယ်။ ဉာဏ်ထိုင်းတဲ့သူတွေလို့ အပြောခံရသူတွေကို လေ့လာမှုတစ်ရပ်ပြုလုပ်ရာမှာ အဲဒီလူတွေဟာ လေကောင်းလေသန့်မရတဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရတဲ့လူတွေဖြစ်နေကြောင်း တွေ့ရတယ်လို့ ဆရာ ဖတ်ဖူးတယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် ဦးနှောက်ရဲ့အစာဟာ အောက်စီဂျင်ဖြစ်နေလို့ပေါ့ကွဲ့။ မှတ်ထားကြနော်။''

''ဟုတ်ကဲ့ပါ ဆရာ''ဟု ကျောင်းသားများထံမှ တညီတညွတ်တည်း ထွက်ပေါ်လာသည်။ ဆရာ ဦးမောင်မောင်အေးက အားပါးတရပင် စာကို ဆက်ဖတ်၏။

**သို့ရာတွင် လမ်းလျှောက်ခြင်းနှင့် ပတ်သက်၍ အထူးသတိပြုရန် အချက်တစ်ခုရှိပါသည်။ ဤအချက်ကို သတိမမူဘဲ လမ်းလျှောက် ခြင်းအားကစားကို ပြုလုပ်မည် ဆိုပါက ''ပိုးသာကုန် မောင်ပုံစောင်း မတတ်သကဲ့သို့'' အချည်းနှီးဖြစ်ပေမည်။**

**ထို့ကြောင့် ''ကြင်တတ်မှရ၊ ဆင်တတ်မှလှ'' ဆိုသကဲ့သို့ ဖြစ်စေရန် အောက်ပါအချက်များကို လိုက်နာရပေမည်။**

''အလဲ့ -- တယ်ဆိုတဲ့စာပါလား''ဟု မြင့်ဝေက မကြားတကြားရေရွတ်လိုက်သည်။

**သစ်ပင်များသည် ညဘက်၌ တစ်ညလုံး ကာဗွန်ဒိုင်အောက်ဆိုဒ် ဓါတ်ငွေ့များကို ထုတ်လွှင့်နေကြသည်။ ထိုလေများသည် ညစ်ညမ်း လေထုအဖြစ်ဖြင့် ကမ္ဘာမြေပြင်နှင့် အနီးကပ်ဆုံး၌ အနည်ထိုင်နေသည်။ အဆိပ်ငွေ့နှင့်တူသော မီးခိုးများသည်လည်း**

ထိုလေထုထဲတွင် ရောနှော နေ၏။ မြို့ကြီးပြကြီးများရှိ လမ်းမပေါ်တွင်လည်း ကားအိတ်ဇောမှ ထွက်သော မီးခိုးများသည် ပျံ့နှံ့နေ၏။ ထိုကဲ့သို့သော လေထုများကို နံနက်စောစောနေမထွက်မီ အားပါးတရ ရှူရှိုက်နေသူများသည် ကင်ဆာရောဂါများဖြစ်ပွားတတ်ကြောင်း သိရှိရလေသည်။

ကမ္ဘာလောကကြီးသည် အရှေ့အရပ်မှ နေစထွက်သည်နှင့် နေ၏ အလင်းရောင်ကြောင့် သစ်ပင်များရှိ သစ်ရွက်များက အောက်စီဂျင်ကို စတင်ထုတ်လွှတ်၏။ ကမ္ဘာ့မြေပြင်ပေါ်သို့ နေအပူရှိန်စတင်ကျရောက်သည်နှင့် မြေပြင်နှင့်နီးကပ်စွာ တည်ရှိခဲ့သော ညစ်ညမ်းလေထုသည် ပေါ့ပါးပြီး အပေါ်သို့ ပျံတက်သွားသည်။ ထိုပျံတက်သွားသော ညစ်ညမ်း လေထုနေရာသို့ သစ်ပင်များက ထုတ်လွှင့်သော အောက်စီဂျင်များက ဝင်ရောက်နေရာယူကြ၏။

ထို့ကြောင့် ညစ်ညမ်းလေထုပျောက်ကွယ်ချိန်နှင့် အောက်စီဂျင် ပါရှိသော သန့်ရှင်းလတ်ဆတ်သည့် လေထုများ အစားထိုး ဝင်ရောက်ချိန်သည် လမ်းလျှောက်ခြင်းအားကစားကို စတင်ပြုလုပ်ရန် အကောင်းဆုံး အချိန်ပင်ဖြစ်ပေသည်။ သို့မှသာ လမ်းလျှောက်ခြင်းအကျိုးကျေးဇူးကို မလွဲမသွေရရှိပေမည်။

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မွေးဖွားလာစဉ်ကတည်းက ကျွန်ုပ်တို့နှင့်အတူ ပါရှိလာခဲ့သော သမားတော်ကြီးနှစ်ဦးဖြစ်သည့် ခြေထောက်နှစ်ချောင်း၏ အကူအညီကို ရယူ၍ လမ်းလျှောက်ခြင်း အကျိုး ကျေးဇူးကို လက်ဝယ်ပိုင်ပိုင် ရရှိခံစားနိုင်ရန် လိုအပ်ပါတော့သည်။

"ဟာ -- ကောင်းလိုက်တာကွာ"

ကျော်ဖြိုးလွင်ထံမှ ရုတ်တရက် ထွက်ပေါ်လာသောအသံဖြစ်ပါသည်။

''မှန်တာပေါ့ တပည့်တို့ရယ်၊ သူ့ရဲ့ ရှာဖွေစုဆောင်းမှုက လူတိုင်းအတွက် လမ်းလျှောက်လိုစိတ်ကို ဖြစ်ပေါ်စေပြီး လမ်းလျှောက်တဲ့အခါမှာလည်း သတိပြုဆင်ခြင်ရမယ့် အချက်တွေကို ဖော်ပြထားတယ်''

''ပထမရသင့်ပါတယ်ဆရာ၊ သူက ဘယ်သူလည်းခင်ဗျာ''

ကျော်ဖြိုးလွင်ကပင် ဆက်မေးလိုက်သည်။ ဆရာက ဆုရသူ၏နာမည်ကို တစ်လုံးချင်း ဖြည်းဖြည်းပြော၏။

''သူက – ဝင်း –– လွင် –– ပဲ''

''ဟေး ဝင်းလွင်ကွ၊ ဝင်းလွင်။ တော်လိုက်တာ''

ကျောင်းသူကျောင်းသားများထံမှ ချီးကျူးအားကျသံများ ထွက်ပေါ်လာသည်။ ဝင်းလွင်ကိုကြည့်လိုက်တော့ ကျေနပ်အားရသော အပြုံးနှင့် ––––။ ဆရာဦးမောင်မောင်အေးကလည်း ဝင်းလွင်ကဲ့သို့ ထပ်တူအပြုံးနှင့် –––။

အခန်း ( ၅ )

''ဟော့ –– ကျော်ဖြိုးလွင်''

''ဟာ –– ဆရာဝန်ကြီး ဦးမျိုးခိုင်ပါလား''

''အိုကွာ မင်းကလည်း ငယ်ငယ်တုန်းကလို မျိုးခိုင်လို့ပဲ ခေါ်စမ်းပါ။ စာရေးဆရာကြီး ကျော်ဖြိုးလွင်ရဲ့''

''အေး ဒါဖြင့် ငါ့ကိုလည်း စာရေးဆရာကြီး ထည့်မခေါ်နဲ့။ ငယ်ငယ်တုန်းကလိုပဲ ကျော်ဖြိုးလွင်လို့ခေါ်ပါကွ''

အော် –– ဒါနဲ့ မင်းဘယ်သွားမလိုလဲ။''

''ဟို သူဌေးမင်း မြင့်ဝေဆီပေါ့ကွ။ သူ့အဖေ နေမကောင်း

တာ သွားကြည့်ပေးမလို့။ မင်းပါ အားရင်လိုက်ခဲ့ပါလား။ မင်းကို တွေ့ချင်တယ်လို့ ငါ့ကို ခဏခဏ ပြောနေတယ်ကွ။''

''အေး ငါလည်း ဂျာနယ်တိုက်က ပြန်လာတာ။ သွားစရာ မရှိတော့ဘူး။ လိုက်ခဲ့မယ်လေ။''

''ကဲ -- ဒါဖြင့် ငါ့ကားပေါ်တက်''

ဆရာဝန်ကြီး ဦးမျိုးခိုင်သည် ငယ်သူငယ်ချင်းဖြစ်သူ ကျော်ဖြိုးလွင်အား သူ၏ ကားဖြင့် ခေါ်လာခဲ့လေ၏။ စီးပွားရေးလုပ်ငန်းများဖြင့် အစဉ်ပြေနေသော ဦးမြင့်ဝေမှာ ဆရာဝန်ကြီး ဦးမျိုးခိုင်နှင့် ပါလာသော သူငယ်ချင်း ကျော်ဖြိုးလွင်ကို တွေ့လိုက်ရသည့်အတွက် အလွန်ဝမ်းသာသွား၏။

''ဟာ -- သူငယ်ချင်း ကျော်ဖြိုးလွင်။ မင်းလည်း ပါလာတာပဲ။ မတွေ့တာတောင် တော်တော်ကြာပြီ။ ငါတို့တစ်တွေ အခုလို ပြန်ဆုံတုန်း အေးအေးဆေးဆေးပေါ့ကွာ။ ထမင်းစားပြီးမှ ပြန်နော်။''

''ငါက အချိန်ရပါတယ်။ မင်းသူငယ်ချင်း ဆရာဝန်ကြီးကိုသာ အချိန်ရမရ မေးကြည့်ပေတော့။''

''ငါလည်း အားပါတယ်ကွ ကျော်ဖြိုးလွင်ရ။ အခုပဲ ဂျူတီပြီးလို့ ထွက်လာတာ။''

''ဒါဖြင့် အဆင်ပြေတာပေါ့ကွာ။''

အခန်း ( ၆ )

လူနာအား စစ်ဆေးပြီးသောအခါ သူငယ်ချင်းသုံးဦး ထမင်းအတူစားကြလေသည်။ ထမင်းစားပြီးသောအခါ ဧည့်ခန်း၌ ကျော်ဖြိုးလွင်က မျိုးခိုင်အား မေးလိုက်လေသည်။

''နေစမ်းပါဦး မျိုးခိုင်ရ။ မြင့်ဝေအဖေက ဘာရောဂါလဲ''

"ကိုယ်လက်လှုပ်ရှားမှုနည်းပြီး အထိုင်များသူတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ သွေးတိုးရောဂါပေါ့ကွာ။ ကြာရင် နှလုံးရောဂါတောင်ဖြစ်လာနိုင်တယ်။"

"မြင့်ဝေ မင်းအဖေကို လမ်းမလျှောက်ခိုင်းဘူးလား"

"ဒူးမကောင်းလို့ မလျှောက်နိုင်ပါဘူး ကျော်ဖြိုးလွင်ရာ"

"အေးကွာ ဒီလိုဆိုရင်တော့ ဘယ်တတ်နိုင်မလဲ။ အော် - ဒါနဲ့ တို့တစ်တွေကျောင်းတုန်းက ဆရာ ဦးမောင်မောင်အေးရေးခိုင်းခဲ့တဲ့ လမ်းလျှောက်ခြင်း အကျိုးကျေးဇူးဆိုတဲ့ စာစီစာကုံးပြိုင်ပွဲကို မှတ်မိသေးလားကွ မျိုးခိုင်ရ။"

"သိပ်မှတ်မိတာပေါ့ ကျော်ဖြိုးလွင်ရ။ ငါက တတိယ၊ မင်းက ဒုတိယနဲ့ ပထမက ဝင်းလွင်လေ။"

"အော် -- ဒါနဲ့ မင်းတို့ ဝင်းလွင်နဲ့ ဇော်မင်း ဆုံးသွားတဲ့ သတင်းကြားပြီးပြီလား။"

"ဘာ -- ဝင်းလွင်နဲ့ ဇော်မင်းဆုံးသွားတယ်။ ဟုတ်လား မျိုးခိုင်။"

မြင့်ဝေနှင့် ကျော်ဖြိုးလွင်တို့က ရုတ်တရက် ပြိုင်တူမေးလိုက်ကြသည်။

"ဟုတ်တာပေါ့ သူငယ်ချင်းတို့ရာ။ ဇော်မင်းက နိုင်ငံလက်ရွေးစင် အပြေးသမားတစ်ယောက် ဖြစ်ခဲ့ပေမယ့် အရက်ရဲ့ကျေးကျွန်ဖြစ်ပြီး ဆုံးသွားတယ်။"

"ဝင်းလွင်ကရော"

"ဝင်းလွင်ကတော့ လေဖြတ်ပြီး ဦးနှောက်သွေးကြောပြတ်လို့ ဆေးရုံရောက်လာတယ်။ ငါတို့ကယ်ဖို့ ကြိုးစားပေမယ့် မရလိုက်ပါဘူး။

သူဆုံးသွားတာ ငါတို့ကိုသတိပေးလိုက်သလိုပဲ။ ဘာဖြစ်လို့လဲဆိုတော့ လမ်းလျှောက်ခြင်းအားကစားကို မလုပ်ခဲ့လို့ပဲ။''

''ဘယ်လို -- မင်းကလည်း ရှင်းအောင် ပြောစမ်းပါအုံး''ဟု မြင့်ဝေက မေးလိုက်သည်။

''ဒီလိုကွ ဒီလို။ ဝင်းလွင်ဟာ မင်းလိုပဲ စီးပွားရေးပြေလည်တော့ စားချင်တာ ကောင်းကောင်းစားတယ်။ လူက တစ်နေ့တခြားဝဖြိုးလာစေပေမယ့် ကိုယ်လက်လှုပ်ရှားအားကစားကို ဘာတစ်ခုမှ မလုပ်ဘူး။ ဒီတော့ အဝလွန်ရောဂါ သွေးတိုးရောဂါဖြစ်ပြီး အခုလို ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်ဆုံးသွားတာပဲ။''

''ဒါဆိုရင် ဝင်းလွင်အဖြစ်က ဒို့မြတ်စွာဘုရားရှင် လက်ထက်က အဖြစ်အပျက်တစ်ခုနဲ့ တူတယ်ကွ မြင့်ဝေရ''ဟု ကျော်ဖြိုးလွင်က စဉ်းစားဟန်ဖြင့် ပြောလိုက်သည်။

''ရှင်းစမ်းပါအုံးကွ၊ စာရေးဆရာကြီးရ''

''မြတ်စွာဘုရားရှင်လက်ထက်က တောအုပ်တစ်ခုမှာ ဥပုသ်နေ့တိုင်း တရားအလှူပေးတဲ့ ရဟန်းတစ်ပါးရှိတယ်။ သူဟောတတ်တာက ဥဒါန်းဂါထာတိုတိုလေးတစ်ပုဒ်ပါ။ တရားဆုံးတာနဲ့ တရားနာလာကြတဲ့ နတ်ပြဟ္မာတွေက တစ်ခဲနက် သာဓုခေါ်ကြတယ်။''

''တစ်နေ့တော့ တပည့်ရဟန်းငါးရာစီနဲ့ ပိဋကတ်သုံးပုံ အာဂုံဆောင် ဆရာတော်နှစ်ပါးဟာ သူ့ရဲ့တောအုပ်ကို ကြွလာပါတယ်။ ကျောင်းခံရဟန်းက ဒီတောထဲမှာနတ်တွေ တရားနာဝါသနာပါကြောင်းနဲ့ တရားတော်ဆုံးရင် သာဓုခေါ်သံ တစ်တောလုံးညံ့သွားကြောင်းပြောပြီး ဆရာတော်တွေကို တရားဟောပေးဖို့ တောင်းပန်ပါတယ်။''

''ဒါနဲ့ ပိဋကတ်သုံးပုံ အာဂုံဆောင် ဆရာတော်နှစ်ပါးအနက်

တစ်ပါးက ပါဠိလိုဟောပြီး ကျန်တစ်ပါးက အနက်အဓိပ္ပါယ်ကို အကြောင်းအရာ အချက်အလက်မျိုးစုံနဲ့ သာဓကပေးပြီး ပြည့်ပြည့်စုံစုံ ရှင်းပြ၊ ဟောပြတော်မူပါတယ်။ တရားသာ ဆုံးသွားပါတယ်။ ဘယ်နတ်တစ်ပါးမှ သာဓုမခေါ်ကြပါဘူး။ ဒါနဲ့ မကျေနပ်လို့ ကျောင်းခံရဟန်းကို ဟောစေပါတယ်။ ကျောင်းခံရဟန်းကလည်း သုတတ်သလောက် တရားတိုတိုလေး တစ်ဂါထာဟောပါတယ်။ တရားဆုံးတာနဲ့ တစ်တောလုံးမှာရှိတဲ့ နတ်တွေရဲ့ သာဓုခေါ်သံဟာ အခါတိုင်းထက် ပိုပြီး မြည်ဟီးသွားပါတယ်။''

''နောက်ဆုံးဆရာတော်နှစ်ပါးရဲ့ တပည့်တွေဟာ မြတ်စွာဘုရားထံ သွားလျှောက်ကြတယ်။ ဒီတောထဲက နတ်တွေဟာ မျက်နှာလိုက်တယ်။ ကျောင်းခံရဟန်းတိုတိုလေးဟောတော့ သာဓုခေါ်တယ်။ သူတို့ဆရာတော်တွေ ပြည့်ပြည့်စုံစုံဟောတော့ သာဓုမခေါ်ဘူးလို့။''

ဒီအခါမှာ မြတ်စွာဘုရားက ဒီလိုရှင်းပြတော်မူပါတယ်။ ''တစ်ဂါထာတည်းဟောတဲ့ ရဟန်းက သူသိသလောက်လေးကိုပဲ ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းသိမြင်ပြီး ကိုယ်တိုင်ကျင့်လို့ ကိလေသာကုန်တဲ့ ရဟန္တာဖြစ်နေပြီ။ ရှည်ရှည်လျားလျား ဟောတဲ့ဆရာတော်တွေကတော့ ကိုယ်ပိုင်ဉာဏ်နဲ့ တရားကိုမမြင်၊ ကိုယ်တိုင်လည်း မကျင့်လို့ ကိလေသာအပြည့်ရှိတဲ့ ပုထုဇဉ်တွေသာဖြစ်တယ်။ ဒါ့ကြောင့် တရားရှိသူဟောတဲ့ တရားနဲ့ တရားမရှိသူဟောတဲ့တရား စွမ်းအားချင်းကွာခြားတာကြောင့် သာဓုမခေါ်တာပါလို့ ရှင်းပြတော်မူတယ်။''

''အခုဝင်းလွင်လည်း လမ်းလျှောက်ခြင်းရဲ့ အကျိုးကျေးဇူးတွေကို ပထမဆုရလောက်အောင် ရှာဖွေရေးသားတင်ပြနိုင်ပေမယ့် အဲ့ဒီစာတွေအတိုင်း လက်တွေ့မကျင့်သုံးဘူး။ လောကမှာ စာတွေ

အများကြီးတတ်ထားပေမယ့်လည်း အဓိကအရေးကြီးတဲ့အချက်ကို လက်တွေ့မကျင့်သုံးနိုင်ဘူးဆိုရင် အဲဒီစာတွေဟာ ကိုယ့်အတွက် အကျိုး မရှိနိုင်ဘူးပေါ့ကွာ။''

''ဟုတ်တာပေါ့ ကျော်ဖြိုးလွင်ရာ။ မင်းပြောမှ ငါလည်း တစ်ခုသတိရတယ်။''

''ဘာများလဲကွ မြင့်ဝေရ၊ လုပ်စမ်းပါအုံး။''

''တစ်ခါတုန်းက မင်းတုန်းမင်းကြီးက ယောအတွင်းဝန်ကြီး ဦးဖိုးလှိုင်ကို မေးတယ်တဲ့။''

''ဟဲ့ ဖိုးလှိုင် လောကမှာမရှိတာထက် မသိတာခက်ဆိုတာ ဟုတ်သလားကွဲ့ မောင်မင်းရဲ့။''

''မှန်လှပါ ဘုရား''

''မသိတာထက် ပိုခက်တဲ့အရာကော ရှိသလားကွဲ့ မောင်မင်းရဲ့''

''မှန်လှပါ၊ ရှိကြောင်းပါ ဘုရား''

''ဘာများလဲကွဲ့ မောင်မင်းရဲ့။''

''မှန်လှပါ၊ မလုပ်တာပါ ဘုရား''

''ဟေ -- ဘယ်လို မလုပ်တာလဲကွဲ့ မောင်မင်းရဲ့၊ ရှင်းစမ်း ပါအုံး။''

''မှန်လှပါ၊ မရှိတာကလည်း ရှိအောင်လုပ်ရင် ရှိလာနိုင်ပါတယ် ဘုရား။ မသိတာကလည်း သိအောင်လုပ်ရင် သိလာနိုင်ပါတယ်ဘုရား။ အဲ -- မလုပ်တာကတော့ ဘာမှကို မဖြစ်နိုင်တော့တာမို့ အခက်ဆုံးပါပဲ ဘုရား''လို့ လျှောက်တင်တဲ့အခါ မင်းတုန်းမင်းကြီးက နှစ်သက်လွန်းလို့ လက်ဝတ်တော် လက်စွပ်ကို ချွတ်ပြီး ချက်ချင်းပေးသနားတော်မူလိုက်

တယ်တဲ့။ အခု ဝင်းလွင်လည်း **"လမ်းလျှောက်ခြင်း အကျိုးကျေးဇူး"** စာစီစာကုံးပြိုင်ပွဲမှာ ပထမတောင် ရထားတယ်။ ဒါ့ကြောင့် သူ့အသိဟာ အတော်မြင့်မားတယ်လို့ ဆိုနိုင်တယ်။ ဒါပေမယ့် ကိုယ်တိုင်မလုပ်တော့ အကျိုးမရှိဘူး။ ငါမှတ်သားမိတဲ့ စကားလေးတစ်ခွန်းရှိတယ်။ **သိပြီးတော့ မလုပ်သေးလို့ရှိရင် မသိသေးတဲ့လူနဲ့ ဘာမှ မထူးဘူးတဲ့ကွ။"**

"မှန်တာပေါ့ မြင့်ဝေရာ၊ ငါကတော့ သိထားတဲ့အသိအတိုင်း လမ်းကို နေ့တိုင်းလျှောက်လို့ ဆေးခန်းတစ်ခါမှ မသွားရဘူး။ မင်းကော သူငယ်ချင်း။"

"ငါကတော့ ဆောင်းတွင်းလျှောက်တယ်။ ဆေးကောင်းဝါး ကောင်းတွေတော့ သောက်တယ်။ ဒါပေမယ့် မင်းလောက် မကျန်းမာ ဘူး ကျော်ဖြိုးလွင်ရ။"

"အော် ဒါနဲ့ မင်းတို့ကို တစ်ခုသတိပေးရအုံးမယ်။"

"ဘာများလဲ ဆရာဝန်ကြီးရဲ့။"

"ငါတို့ ဆေးရုံမှာ လူသေအလောင်းတွေကို ခွဲစိပ်လေ့လာတော့ တွေ့ရတာက အဆီတက်နေတဲ့ နှလုံးတွေ၊ ဆေးလိပ်ချေးတွေ၊ ပျက်စီး နေတဲ့ အဆုတ်တွေ၊ ခြောက်ပြီးကျုတ်ဆတ်နေတဲ့ အသည်းတွေ၊ ကျောက်တွေနဲ့ ပြည့်နေတဲ့ ကျောက်ကပ်တွေ၊ ပါးလွှာပေါက်ပြဲနေတဲ့ အစာအိမ်တွေ အများအပြားတွေ့ရတယ်ကွ။"

"အဲဒါတွေက ဘာကြောင့်ဖြစ်ရတာလဲ။"

"အဓိက အကြောင်းအရင်းကတော့ အစားအသောက် မဆင် ခြင်ကြလို့ပေါ့ကွာ။ ဒါပေမယ့် အချိုတွေ၊ အဆီတွေ ကောင်းကောင်း စားပြီး ဘာရောဂါမှ မဖြစ်တဲ့လူတွေလည်း ရှိတယ်။"

"ဆေးကောင်းဝါးကောင်းတွေ ဝယ်သောက်နေလို့ မဟုတ်လား။"

မြင့်ဝေက ချမ်းသာသူပီပီ မိမိလုပ်နေကျ ကောင်းပေ့ဆိုသော ဆေးဝါးများကို ဈေးကြီးပေး၍ ဝယ်သောက်နေခြင်းကို ရည်ညွှန်းပြော လိုက်သည်။

"ဘယ်က ဟုတ်ရမှာလဲမြင့်ဝေရ။ သုတေသနပြုလေ့လာမှု အရ အသက်ရှည်ရှည်နေခွင့်ရတဲ့ သူတွေဟာ အဆင့်မြင့်ဆေးဝါးတွေကို သုံးစွဲရလို့မဟုတ်ဘဲ လမ်းလျှောက်ခြင်းစတဲ့ ကိုယ်လက်လှုပ်ရှားမှုတွေ မှန်မှန်လုပ်လို့တဲ့ကွ။ ဒါကြောင့် မင်းတို့ငါတို့ တစ်တွေ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းဖို့နဲ့ အသက်ရှည်ရှည်နေရဖို့ဆိုရင် တို့တစ်တွေ မဖြစ်မနေ လုပ်ရမှာက --"

"ကောင်းကောင်းစားမယ်။ ပြီးတော့ --- "

"လမ်းလျှောက်မယ်ဟေ့"

မြင့်ဝေနှင့် ကျော်ဖြိုးလွင်တို့ အတိုင်အဖောက်ညီစွာ လက်သီး လက်မောင်းတန်း၍ အော်လိုက်ကြလေသတည်း။

သက်ဝေမောင်

အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၆ခုနှစ်၊
ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်
ဝတ္ထုတိုပြိုင်ပွဲ (တတိယဆု)ရ ဝတ္ထု

''ဆေးကောင်းဝါးကောင်းတွေ ဝယ်သောက်နေလို့ မဟုတ်လား။''

မြင့်ဝေက ချမ်းသာသူပီပီ မိမိလုပ်နေကျ ကောင်းပေ့ဆိုသော ဆေးဝါးများကို ဈေးကြီးပေး၍ ဝယ်သောက်နေခြင်းကို ရည်ညွှန်းပြော လိုက်သည်။

''ဘယ်က ဟုတ်ရမှာလဲမြင့်ဝေရ။ သုတေသနပြုလေ့လာမှု အရ အသက်ရှည်ရှည်နေခွင့်ရတဲ့ သူတွေဟာ အဆင့်မြင့်ဆေးဝါးတွေကို သုံးစွဲရလို့မဟုတ်ဘဲ လမ်းလျှောက်ခြင်းစတဲ့ ကိုယ်လက်လှုပ်ရှားမှုတွေ မှန်မှန်လုပ်လို့တဲ့ကွ။ ဒါကြောင့် မင်းတို့ငါတို့ တစ်တွေ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းဖို့နဲ့ အသက်ရှည်ရှည်နေရဖို့ဆိုရင် တို့တစ်တွေ မဖြစ်မနေ လုပ်ရမှာက --''


''ကောင်းကောင်းစားမယ်။ ပြီးတော့ --- ''

''လမ်းလျှောက်မယ်ဟေ့''

မြင့်ဝေနှင့် ကျော်ဖြိုးလွင်တို့ အတိုင်အဖောက်ညီစွာ လက်သီး လက်မောင်းတန်း၍ အော်လိုက်ကြလေသတည်း။

သက်ဝေမောင်

အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ (တတိယဆု)ရ ဝတ္ထု



မြန်မာနိုင်ငံမူးယစ်ဆန့်ကျင်ရေးအသင်း၏(၂၀၁၄)ခုနှစ်ပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံး
မှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ . ဝတ္ထုတိုပြိုင်ပွဲ (ဒုတိယဆုရ)

ဒီလိုသစ္စာမရှိတဲ့ --

လက်ရဲဇက်ရဲ နိုင်လှတဲ့ --

ယောက်ျားတစ်ယောက်အတွက်

သူရသင့်တဲ့

ဆုလာဘ်ဟာ

ထောင်ဒဏ်ပဲ

ဖြစ်သင့်ပါတယ်။

ဒါကြောင့် သူ့ကို

ရဲစခန်း

အမြန်ဆုံး ပို့ပေးပါရှင်။

# သဘောတော်အတိုင်း

အခန်း ( ၁ )

"လာကြပါအုံးရှင် -- ဒီမှာ ကျွန်မကို မတော်မတရား လုပ်နေပါတယ်။ အစ်ကိုကြီးတို့ရေ -- ကယ်ကြပါအုံး။"

လမ်းဘေးတွင် ရပ်ထားသော အငှားယာဉ်တစ်စီးပေါ်မှ အော်သံနှင့်အတူ မလှမ်းမကမ်းတွင်ရှိနေကြသော လူရွယ်သုံးဦးသည် အလျင်အမြန်ပင် ထိုကားအနီးသို့ ရောက်ရှိလာကြ၏။ ကားပေါ်ရှိ မိန်းကလေး၏ ရင်ဖုံးအင်္ကျီမှ ကြယ်သီးများသည် ပြုတ်ထွက်လျက်။ အတွင်းခံ ဘရာစီယာမှာ အတိုင်းသားပေါ်လွင်လျက်ရှိသည်။ ဖြူဖွေးသော ရင်အစုံကို သူမ၏ လက်ဖဝါးနှစ်ဖက်ဖြင့် ဖုံးအုပ်လျက်ရှိသည်။ ထို့အပြင် ပါးလွှာသော ရင်ဖုံးအင်္ကျီမှာလည်း စုတ်ပြဲနေသည်။

ကားပေါ်တွင် အတူထိုင်နေလျက်ရှိသော အမျိုးသားမှာ မျက်စိမျက်နှာပျက်ပြီး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင်ပင်ဖြစ်နေ၏။ ရုတ်တရက် ရောက်လာသော လူရွယ်သုံးဦးကို ကြောက်ရွံ့ထိတ်လန့်သော မျက်လုံးများဖြင့် ကြည့်နေရှာ၏။ လူရွယ်တစ်ဦး၏လက်ထဲတွင်

အုတ်ခဲနှစ်လုံးကိုင်ထားကာ ကျန်လူရွယ်တစ်ဦး၏ လက်ထဲတွင် ဘယ်နေရာက ကောက်လာမှန်းမသိသော တုတ်တစ်ချောင်းကို ကိုင်ထားသည်။ လက်နက်ကိုယ်စီကိုင်ဆောင်ထားသော လူရွယ်နှစ်ဦးက

"မိန်းကလေးတစ်ယောက်ကို မတော်မတရားလုပ်ချင်တဲ့ကောင်၊ ချကွာ – ချ"

"အေး၊ ဒီလိုကောင်မျိုးကို အလွတ်မပေးနဲ့။"

"ဟေ့ –– ဟေ့တော်ကြ၊ တော်ကြ မင်းတို့လက်လွန်ကုန်မယ် နော်။ တစ်မှုကနေ နှစ်မှုဖြစ်သွားမယ်။"

လူရွယ်သုံးဦးအနက်မည်သည့်လက်နက်မှ ကိုင်ဆောင်ထားခြင်း မရှိ သော လူရွယ်ကအော်ပြောလိုက်သည်။ ကားထဲရှိ လူရွယ်ကိုဆုံးမရန် ပြင်ဆင်နေသော လူရွယ်နှစ်ဦးသည် ထိုလူရွယ်၏ သတိပေးစကားကြောင့် ကိုယ်ရှိန်သတ်လိုက်ကြ၏။ သို့သော် ကျေနပ်ပုံကား မရချေ။

"ကဲ –– ညီမ။ ဘာဖြစ်တာလဲ၊ ပြောစမ်းပါအုံး။"

မိန်းကလေးမှာ ရုတ်တရက်ပြန်မဖြေ။ တစ်ချက်နှစ်ချက် ရှိုက်ကာ ငိုလိုက်၏။ ပြီးမှ –

"ညီမနာမည်က နှင်းပွင့်ဖြူပါ။ ဒီကားမောင်းတဲ့ ကိုသက်ဦးနဲ့ အရင်ကတည်းက သိပါတယ်။ ဒီနေ့သူ့ကား ငှားစီးရင်းနဲ့ အခုလို လမ်းဘေးမှာ ကားကိုရပ်ပါတယ်။ ပြီးတော့ ချစ်တယ်ကြိုက်တယ်ပြောပြီး အတင်းဖက်နမ်းပါတယ်။ ပြီးတော့ ဟိုကိုင်ဒီကိုင်လုပ်ပါတယ်။ ညီမက အတင်းရုန်းကန်ပြီး အခုလို အစ်ကိုတို့ကို အကူအညီတောင်းလိုက်တာပါ"

"ဟာ –– ဒီကောင်အတော်မိုက်ရိုင်းတဲ့ကောင်ပဲ။ ချသာချ ပါဗျာ။"

"အို –– မင်းတို့ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲကွ။ နီးစပ်ရာ

ရပ်ကွက်ရုံးကို သွားပြီးပြဿနာကို ပြေလည်အောင်ဖြေရှင်းမှပေါ့။''

''အေး -- အဲဒါကောင်းတယ်။ ဟော့ -- သက်ဦးဆိုတဲ့ကောင်။ ဟိုရှေ့နားက ရပ်ကွက်ရုံးကိုမောင်း။ ကားမောင်းပြေးဖို့တော့ မကြိုးစားနဲ့။ ကဲ -- ငါတို့ပါ မင်းကားပေါ်က လိုက်မယ်။

အခန်း ( ၂ )

''ကိုသက်ဦး၊ ရှင်ညတုန်းက ကားပြန်သိမ်းတာ နောက်ကျလှချည်လား။''

''ခရီးသည်ရလို့ မင်္ဂလာဒုံအထိ လိုက်ပို့ရတယ်လေ။ အဲဒါ နောက်ကျမှာပေါ့ကွ။''

''မသိပါဘူးရှင်။ အထူးခရီးသည်တွေ ဘာတွေနဲ့ တွေ့နေလို့ စားသောက်ဆိုင်များ လိုက်ကျွေးနေရသလားလို့။''

''တော်စမ်းပါကွာ။ ဒီမှာအလုပ်ရှုပ်နေရတဲ့အထဲ။ မင်းက ပြဿနာ ရှာဖို့ပဲသိတယ်။''

သက်ဦး၏ မာဆတ်ဆတ်လေသံကြောင့် ဇနီးဖြစ်သူမှာ ဘာမှ မပြောဘဲ အိမ်ထဲသို့ဝင်သွား၏။

သက်ဦးသည် သန့်ရှင်းရေးမလုပ်ဖြစ်တာ ကြာပြီဖြစ်သော အငှားယာဉ်ကို ရေဆေးနေသည်။

ညက အိမ်ပြန်နောက်ကျခဲ့သည်။ ကားသိမ်းချိန်ရောက်မှ မင်္ဂလာဒုံအထိ သွားမည့်ခရီးသည်ရ၍ လိုက်ပို့ခဲ့သည်။ မိမိမျှော်မှန်းသည်ထက် ပိုမိုပေးသောကြောင့် လိုက်ပို့ခဲ့ခြင်းဖြစ်သည်။ ဤသည်ကို ဇနီးဖြစ်သူက မယုံသင်္ကာစိတ်ဖြင့် မေးခြင်းဖြစ်သည်။

သက်ဦးတို့ဇနီးမောင်နှံမှာ အိမ်ထောင်သက်ဆယ်နှစ်အတွင်း သားတစ်ယောက်ထွန်းကား၍ အသက် (၈)နှစ်ခန့်ရှိပြီဖြစ်သည်။ သို့သော်

အငှားယာဉ်မောင်းနေသော သက်ဦးကိုဇနီးဖြစ်သူက စိတ်မချ။ အိမ်ပြန်နောက်ကျသည်နှင့် စကားများတော့သည်။ အထူးသဖြင့် သက်ဦးနယ်မြို့လေးတွင်နေခဲ့စဉ်က ပိုးပန်းခဲ့သော နှင်းပွင့်ဖြူတစ်ယောက် ရန်ကုန်မြို့ရောက်ရှိလာချိန်မှစ၍ သက်ဦးအပေါ် မယုံသင်္ကာစိတ်နှင့် သဝန်တို စိတ်တို့ပိုမိုများပြားလာခဲ့သည်။

''ကိုသက်ဦး ဒီနေ့မနက်ပိုင်း ကားမထွက်နဲ့အုံး။ နေ့ခင်းပိုင်းကျမှထွက်။''

''ဘာလုပ်မလို့လဲကွ။''

''ကျွန်မ ဈေးဝယ်စရာလေးရှိလို့။ ပြီးတော့ရှင့်အတွက် တိုက်ပုံအင်္ကျီဝယ်ပေးချင်တယ်။ သားအတွက်ဝယ်လာတဲ့ ဟန်းဆက် (Hand-set) ကိုလည်း ဆိုင်မှာအလိုက်ပေးပြီးပြန်လဲချင်တယ်။''

''သားဟန်းဆက်ကအသံကောင်းသားပဲ။ ဘာဖြစ်လို့လဲချင်ရတာလဲ။''

''ကိုသက်ဦးကလည်းတော် – သိသားနဲ့၊ ဒီနေ့ခေတ်ကလေးတွေက ဂိမ်း (Game) ကစားလို့ကောင်းတဲ့ဟန်းဆက်မှ ကိုင်ချင်ကြတာ။''

''အေးပါကွာ။ သားသဘောပါပဲ။''

သက်ဦးရေချိုးပြီးသောအခါ ဇနီးဖြစ်သူက သက်ဦးဝတ်ဆင်ရန် အဝတ်အစားများကို ရွေးချယ်ပေးနေသည်။ ဇနီးသည်နှင့်အတူ ဈေးဝယ်ထွက်လျှင် သက်ဦးမှာဇနီးသည်ရွေးချယ်ပေးသည့် အဝတ်အစားကိုသာ ဝတ်ဆင်ရသည်။ လင်မယားရှေ့သွားနောက်လိုက်ညီစေရန် သက်ဦးအတွက် အဝတ်အစားကို သူမကိုယ်တိုင်ဆင်ပေးတတ်သည်။ တစ်ခါတစ်ရံ စိတ်ကောင်းပေါ်လာပါက ရွှေငွေများပင် ဝတ်ဆင်စေသည်။

ယခုလည်း အလေးချိန်တစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ခုကို ထုတ်လာပြီး –

''ရော့ ကိုသက်ဦး။ ဒီဆွဲကြိုးကိုဆွဲလိုက်''

''မဝတ်ချင်ပါဘူးကွာ။''

''ဝတ်မှာသာဝတ်စမ်းပါရှင်။ တော်ကြာ ပတ်ဝန်းကျင်က မိန်းမကျတော့ ရွှေတွေဝတ်ထားပြီး ယောကျ်ားလုပ်တဲ့လူကိုတော့ မဆင်ဘူးလို့ ပြောနေအုံးမယ်။''

''အိုကွာ တစ်ခါတစ်လေမှ ဝတ်ရတာ။ လည်ပင်းယားလွန်းလို့''

''အော် – ရှင်ကတစ်ခါတစ်လေမဝတ်ချင်လို့ အမြဲတမ်းဝတ်ထားချင်လို့လား။ ဆွဲကြိုးလေးဝတ်ပြပြီး ကောင်မလေးတွေ အထင်ကြီးခံချင်လို့လား။ ဆွဲကြိုးနဲ့ မြူဆွယ်ချင်တာလား။''

''မင်းဟာက လွန်လာပြီနော်။ မင်းဖာသာမင်း သဝန်တိုတဲ့စိတ်နဲ့ မိန်းကလေးတွေ့တိုင်း မစွပ်စွဲနဲ့။ သဝန်တိုတဲ့စိတ်ဆိုတာ ဘယ်တော့မှ ကောင်းတာမဟုတ်ဘူး။''

''အို –– အဲဒါကတော့ ကျွန်မမသိဘူး။ ကျွန်မရဲ့ သဝန်တိုတဲ့စိတ်ကို ရှင့်အပေါ်မှာ ထုတ်မပြထားဘူးဆိုရင် ရှင်ကအထိန်းအကွပ်မရှိ လုပ်ချင်တိုင်းလုပ်နေမှာ။''

''ကဲ –– ကဲ စကားများမနေနဲ့ ပြင်စရာရှိတာမြန်မြန်ပြင်''

''ရော့ဒီမှာဆွဲကြိုး။ သေသေချာချာဆွဲထား။ ဆွဲကြိုးကို ကျွန်မနဲ့အတူတူမသွားပဲနဲ့ တစ်ရက်တောင်မှ မဆွဲရဘူးဆိုတာလည်းမှတ်ထား''

''အေး – မင်းရဲသဝန်တိုတဲ့စိတ်နဲ့ သံသယစိတ်ကိုလည်း ဘယ်တော့မှ သက်သေအခိုင်အမာမပြနိုင်ဘဲ လူတစ်ဖက်သားကို မစွပ်စွဲနဲ့ဆိုတာလည်း မင်းမှတ်ထား''

''အေးပါ -- ရှင်ရဲ့ မရိုးသားမှုတွေကို သက်သေအနိုင်အမာနဲ့ ပြနိုင်တဲ့တစ်နေ့ကျရင် ရှင်လည်းကျွန်မအကြောင်းကောင်းကောင်း သိရမယ်ဆိုတာ မှတ်ထားစမ်းပါ။''

''အိုကေ - စိမ်လိုက်စမ်းပါ။ ငါကလည်း ပတ္တမြားမှန်ရင် နွံမနစ်ဘူးဆိုတာ မင်းသိရမှာပါ --''

ဤသို့ဖြင့် သက်ဦးတို့ ဇနီးမောင်နှံမှာ ထုံးစံအတိုင်းစကားများပြီးသောအခါ ဈေးဝယ်ရန်ကားဖြင့် ထွက်ခွာလာခဲ့လေသည်။

အခန်း ( ၃ )

''ကားအားလားရှင့်။ ဟာ - ကိုသက်ဦးပါလား။''

''အော် -- နှင်းပွင့်ဖြူ''

ဈေးသို့ ကားဆိုက်လိုက်သည်နှင့် ကားငှားမည့် နှင်းပွင့်ဖြူကို တွေ့လိုက်ရသည်။ အထက်တန်းကျောင်းသားဘဝကပင် ချစ်ခဲ့ရသူမို့ သက်ဦးရင်ခုန်မိသည်။ သူငယ်ချင်းများ၏ မြှောက်ပေးမှုကြောင့် စာလိုက်ပေးမိသည့် သက်ဦးတစ်ယောက် ကျောင်းအုပ်ကြီးရုံးခန်းရောက်ခဲ့ရသည်။ မြန်မာမိန်းကလေးတို့၏ ရှားပါးလွန်းလှသော ဆံကေသာအလှနှင့် မိန်းမပီသလှသော နှင်းပွင့်ဖြူမှာ ကျောင်းသားတို့၏ ပါးစပ်ဖျားတွင် ရေပန်းစားလှသည်။ သို့သော် နှင်းပွင့်ဖြူမှာ သက်ဦးကို လုံးဝစိတ်မဝင်စား။ သက်ဦးရန်ကုန်ကိုပြောင်းလာချိန်မှစ၍ နှင်းပွင့်ဖြူသတင်း ဘာမှ မကြားရတော့ချေ။

သက်ဦးနှင့် နှင်းပွင့်ဖြူအကြောင်းကိုသိထားသော နေခြည်မှာ နှင်းပွင့်ဖြူကို ရုတ်တရက်မြင်လိုက်၍ မျက်နှာပျက်သွား၏။ နဂိုကယောကျ်ားဖြစ်သူ အပေါ်သံသယစိတ်နှင့် သဝန်တိုစိတ်ရှိသူဖြစ်သော်လည်း ဟန်လုပ်၍ ပြုံးပြလိုက်၏။

"အော် -- နှင်းပွင့်ဖြူပါလား။ ညီမဘယ်သွားမလို့လဲ။"

"ဟိုရွှေနားကရပ်ကွက်လေးတင်ပါ။ ငါးမိနစ်လောက် မောင်းရင်ရောက်ပါတယ်။ လိုင်းကားမရောက်လို့ ကားငှားနေတာပါ။"

"ကျွန်တော်ဒီနေ့ ကားမထွက်ပါဘူး။ ဈေးဝယ်စရာရှိလို့လာတာပါ။ အရေးကြီးရင် နှင်းပွင့်ဖြူတစ်ခြားကားငှားသွားပါလား။"

"ကားငှားရတာ ဒီနေရာမှာ မလွယ်လို့ပါ။ ကူညီပါနေခြည်ရယ်နော်။"

နှင်းပွင့်ဖြူမှာ သက်ဦးကိုပြောမရ၍ ဇနီးဖြစ်သူနေခြည်ကို အကူအညီတောင်းနေ၏။ သက်ဦးနှင့်နေခြည်က ကားပေါ်ကမဆင်းနိုင်သေး။ သက်ဦးဆင်းမည့် တံခါးပေါက်ကို လက်ဖြင့်ကိုင်၍ စကားပြောနေသော နှင်းပွင့်ဖြူကြောင့် သက်ဦးမှာ ကားအပြင်ထွက်ရန်ခက်နေ၏။

နေခြည်မှာ မည်ကဲ့သို့စိတ်ကူးပေါက်သည်မသိ။ သက်ဦးကို

"ကိုသက်ဦးကလည်းလိုက်ပို့ ပေးလိုက်စမ်းပါရှင်။ ငါးမိနစ်လောက်ပဲကြာမှာကို။"

"ကျွန်မဒီဈေးအရှေ့က အအေးဆိုင်မှာစောင့်နေပါ့မယ်။ ရှင်ပြန်ရောက်လာမှ ဈေးဝယ်ကြမယ်လေ။ ကဲပါ။ နှင်းပွင့်ဖြူအိတ်ကို ကားပေါ်တင်ပေးလိုက်ပါအုံး။ ကိုယ့်တစ်ရွာတည်းသား သူငယ်ချင်းတွေပဲ။ ကူညီရမှာပေါ့။ မဟုတ်ဘူးလား နှင်းပွင့်ဖြူရယ်။"

ဇနီးသည်နေခြည်၏ ပြောစကားကြောင့် နှင်းပွင့်ဖြူမှာ ကျေနပ်သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ငြိမ့်ကာ ပြုံးလျက်ရှိသည်။ အခါတိုင်းမိန်းကလေးများနှင့် ပတ်သက်လာလျှင် စကားပြောသည်ကိုပင် မကြိုက်နှစ်သက်တတ်သော၊ သဝန်တိုတတ်သော ဇနီးသည် နေခြည်၏ အပြုအမူကို သက်ဦးဝေခွဲ၍မရဖြစ်နေသည်။

တစ်ချိန်က သက်ဦးအရှုးအမူးစွဲလန်းခဲ့ဖူးသော မိန်းကလေးကို ယခုကဲ့သို့ နှစ်ယောက်တည်းကားနှင့်လိုက်ပို့ပေးခိုင်းခြင်းကို သက်ဦးမယုံနိုင်။ သူ၏ သဘာဝတိုတတ်သော အပြုအမူကိုပင် လူရှေ့ဖုံးကွယ်လို၍လော။ သက်ဦးစဉ်းစားမရ။

ဇနီးသည်၏ အတင်းတွန်းလွှတ်နေမှုကြောင့် ကားပေါ်မှဆင်းကာ နှင်းပွင့်ဖြူအိတ်ကို ကားပေါ်တင်လိုက်၏။ နေခြည်က သူထိုင်နေသောကားရှေ့ခန်းတွင် နှင်းပွင့်ဖြူကိုထိုင်စေ၏။ ပြီးမှ သက်ဦးကိုလှမ်း၍ ပြောလိုက်၏။

''ကိုသက်ဦး၊ မြန်မြန်ပြန်လာနော် – ဈေးဝယ်ဖို့ ကျွန်မစောင့်နေမယ်။''

နှင်းပွင့်ဖြူကို ကားဖြင့်လိုက်ပို့ခြင်းသည် သက်ဦးအတွက် ကြမ္မာဆိုးကျရောက်ခြင်းပင်ဖြစ်လေသည်။

အခန်း ( ၄ )

''ကိုသက်ဦး''

''ဗျာ''

''ဟိုရှေ့နားက လူရှင်းတဲ့နေရာမှာ ကားကိုခဏရပ်ပေးပါ။ ပြောစရာရှိလို့။''

သက်ဦးရင်ခုန်သွား၏။ ထို့နောက်ကားကို ရပ်လိုက်သည်။

''ဟုတ်ကဲ့ရပ်လိုက်ပါပြီ။ ဘာပြောမလို့လဲ နှင်းပွင့်ဖြူ။''

''ကျွန်မအတွက် အလွန်အရေးကြီးတဲ့ပစ္စည်းတစ်ခု ဝယ်ချင်လို့ ရှင့်ဆွဲကြိုးကိုဖြုတ်လိုက်ပါ။''

''ဟာ –– နှင်းပွင့်ဖြူကလည်း မနောက်စမ်းပါနဲ့။''

''ကျွန်မနောက်နေတာမဟုတ်ဘူး။ အတည်ပြောနေတာ။

ရှင့်ဆွဲကြိုးကိုအခုဖြုတ်လိုက်စမ်းပါ။ ရှင့်မိန်းမကို ပျောက်သွားတယ်လို့ ပြောလိုက်။ ဒီလိုမှ မဟုတ်ရင် ကျွန်မအင်္ကျီကို ကျွန်မဆွဲဖြဲပြီး ရှင်က မတော်မတရားလုပ်ပါတယ်လို့ အော်လိုက်မယ်။ ရှင်ဘာဖြစ်သွားမယ်ဆိုတာ နားလည်တယ်နော်။''

''မင်းဟာတစ်ချိန်က နှင်းပွင့်ဖြူမှဟုတ်ရဲ့လား။ ငါသိတဲ့နှင်းပွင့်ဖြူဟာ အရှက်အကြောက်ကြီးပြီး အိန္ဒြေရှိတဲ့ မိန်းကလေးတစ်ယောက်ပါ။ ပုံမှန်စိတ်ကောဟုတ်ရဲ့လား။''

''ဒါတွေလာပြောမနေနဲ့။ ကျွန်မလိုချင်တာ ရှင့်ဆီကဆွဲကြိုးပဲ။ ဒါမှ ကျွန်မအသက်တွေ၊ အရှက်တွေထက် တန်ဖိုးထားတဲ့အရာကို ဝယ်လို့ရမှာ။ ပေး – ပေး ရှင့်လည်ပင်းကဆွဲကြိုးအခုပေး။''

နှင်းပွင့်ဖြူမှာ ကတုန်ကယင်ဖြင့် သက်ဦးလည်ပင်းမှ ဆွဲကြိုးကိုလုလေသည်။ သက်ဦးက နှင်းပွင့်ဖြူလက်ကို အတင်းပုတ်ထုတ်လိုက်ပြီး ဆောင့်တွန်းလိုက်၏။ နောက်လို့လဲကျသွားသော နှင်းပွင့်ဖြူသည် သူမဝတ်ဆင်ထားသည့် ပါးလွှာသော ရင်ဖုံးအင်္ကျီကို အားကုန်ဆွဲဖြဲကာ နှုတ်မှ ဤသို့အော်လိုက်၏။

''လာကြပါအုံးရှင်။ ဒီမှာ ကျွန်မကို မတော်မတရားလုပ်နေကြပါတယ်။ အစ်ကိုတို့ရေ၊ ကယ်ကြပါအုံး။''

အခန်း ( ၅ )

''ဟဲလို – ကိုသက်ဦး ရှင်ပြန်မလာသေးဘူးလား။''

''ငါရပ်ကွက်ရုံးကို ရောက်နေတယ်။ ဒီမှာပြဿနာတစ်ခုဖြစ်နေလို့ကွ။''

''ဘာ – ဘာပြဿနာလဲ။ ပြောစမ်းပါအုံး။''

''စကားများမနေပါနဲ့။ သိချင်ရင် လိုက်လာခဲ့။''

သက်ဦးမှာ ဇနီးသည်ထံမှ လာနေသော ဖုန်းကိုဆက်မပြောဘဲ ပိတ်လိုက်သည်။

ရုံးထဲတွင် ထိုင်နေသော ရပ်ကွက်လူကြီးက နှင်းပွင့်ဖြူကို မေးလိုက်သည်။

''ကဲ -- ညီမ ဘာဖြစ်တာလဲ၊ ပြော။''

''ကျွန်မနဲ့ ကိုသက်ဦးက ငယ်သူငယ်ချင်းပါ။ ကျောင်းနေစဉ်ကတည်းက သူဟာကျွန်မကို စာလိုက်ပေးခဲ့ပါတယ်။ ကျွန်မ ပြန်မကြိုက်ပါဘူး။ ဒီနေ့ သူ့ကားကို ငှားစီးလာတုန်း လူရှင်းတဲ့နေရာလည်း ရောက်ရော ကျွန်မကို ချစ်စကားကြိုက်စကားပြောပါတယ်။ ငြင်းဆန်တာနဲ့ အခုလို အကြမ်းဖက်ပြီး မဖွယ်မရာလုပ်တော့တာပါပဲရှင်။''

''ကိုသက်ဦးကရော ဘာပြောချင်သေးလဲ။''

''သူပြောတာ မဟုတ်ပါဘူးဆရာ။ သူက ကျွန်တော့်ဆွဲကြိုးကို အရေးကြီးတဲ့ပစ္စည်းဝယ်ချင်လို့ဆိုပြီးတောင်းပါတယ်။ တောင်းမရတော့ လုပါတယ်။ လုမရတော့ သူ့အင်္ကျီ သူဆွဲဖြဲပြီး အခုလိုပြောတာပါ။''

သက်ဦး၏ ပြောစကားကြောင့်ရပ်ကွက်လူကြီးမှာ ခေတ္တမျှ ကြောင်သွား၏။ သက်ဦးလည်ပင်းက ဆွဲကြိုးကိုလည်းကြည့်လိုက်၏။ သို့သော်သက်ဦးပြောသည်ကို ယုံကြည်ပုံမရချေ။ လိုက်ပါလာသော လူရွယ်များထဲမှ တစ်ဦးက ဝင်ပြောလိုက်သည်။

''ဒီကောင်အလကားညာပြောတာ ဆရာ။ ဒီညီမလေးပြောသလို သူအကြမ်းပတမ်းလုပ်နေတာ ကျွန်တော်တို့ သုံးယောက်စလုံးမြင်တယ်။''

''ခင်ဗျား မဟုတ်တာမပြောနဲ့။''

''ကဲ -- ကဲ ခင်ဗျားတို့အားလုံး တော်ကြပါတော့။''

"ဒီမှာ ကိုသက်ဦး။ ခင်ဗျားပြောတာ မှန်တယ်ဆိုရင် ခင်ဗျားဘက်က မျက်မြင်သက်သေပြနိုင်လို့လိုတယ်။ ဒီလိုမှ မပြနိုင်ရင် တရားရုံးရောက်တဲ့အခါ ခင်ဗျားရှုံးမှာပဲ။ ဒီတော့ နှင်းပွင့်ဖြူကျေနပ်အောင်သာ ခင်ဗျားကြိုးစားပေတော့။ ညီမကလည်း ဘာဖြစ်ချင်သလဲပြော။"

ရပ်ကွက်လူကြီး၏ ပြောစကားကြောင့် အားလုံးငြိမ်သက်သွားကြသည်။ လူရွယ်သုံးဦးအနက် တစ်ဦးက----။

"အလုပ်လည်းရှုပ်တယ်။ သိက္ခာ လည်းကျပါတယ်။ ဒီတော့ နှစ်ဖက်စလုံးအဆင်ပြေအောင် ကျွန်တော် အကြံတစ်ခုပေးမယ်။ စဉ်းစားကြည့်ကြပေါ့။"

သက်ဦးနှင့်နှင်းပွင့်ဖြူသာမက ရပ်ကွက်လူကြီးများပင် ထိုလူရွယ်၏ ပြောစကားကို စိတ်ဝင်စားသွား၏။ ထိုအချိန်တွင် သက်ဦး၏ဇနီး နေခြည်ရောက်လာသည်။ ရပ်ကွက်ရုံးအဝင်ကတည်းက အကြောင်းစုံသိလာသော နေခြည်သည် နှင်းပွင့်ဖြူ၏ စုတ်ပြဲနေသောအင်္ကျီကို မြင်လိုက်ရသောအခါ ယောကျ်ားဖြစ်သူ သက်ဦးကို မီးဝင်းဝင်းတောက်လုမတတ် မျက်လုံးများဖြင့်ကြည့်လိုက်၏။ သက်ဦးမှာ ဇနီးဖြစ်သူနေခြည်ကို မကြည့်ဝံ့သဖြင့်မျက်နှာလွှဲ၍ ခေါင်းငိုက်စိုက်ချထား၏။

"ခင်ဗျားတို့ တရားရုံးမှာ အမှုဖြစ်လို့ ကုန်ကျမယ့်ငွေတွေအစား ဒီမိန်းကလေးကျေနပ်လောက်အောင် လျော်ကြေးပေးလိုက်ပေါ့ဗျာ။"

လူရွယ်၏ အကြံပေးစကားကို နှင်းပွင့်ဖြူက စဉ်းစားနေဟန်ပြုသည်။ သက်ဦးကမူ အကြပ်အတည်းမှ လွတ်မြောက်လိုသော ဆန္ဒဖြင့်

"ကဲနှင်းပွင့်ဖြူ ဘယ်လောက်လျော်ကြေးပေးရမလဲပြော။ ငါ့မှာတော့ ပိုက်ဆံများများမပါဘူး ဟောဒီဆွဲကြိုးတစ်ကုံးပဲရှိတယ်။ ပေးရမလား -- ပြော။"

သက်ဦးစိတ်တိုလွန်း၍ မာဆတ်ဆတ်ပြောလိုက်သော လေသံသည် နှင်းပွင့်ဖြူအတွက် နားဝင်ချိုလွန်းလှသည်။ ချက်ချင်းလက်ခံလိုက်လျှင် မကောင်းတတ်၍ အချိန်အနည်းငယ် စဉ်းစားဟန်ပြုလိုက်သည်။ ထိုစဉ် သက်ဦး၏ဇနီးနေခြည်က ဝင်ပြောလိုက်သည်။

"ဒီကိစ္စကို ကျွန်မသဘောမတူဘူး။ ဒီလိုသစ္စာမရှိတဲ့ လက်ရဲဇက်ရဲနိုင်လှတဲ့ ယောက်ျားတစ်ယောက်အတွက် သူရသင့်တဲ့ ဆုလာဘ်ဟာ ထောင်ဒဏ်ပဲဖြစ်သင့်ပါတယ်။ ဒီဆွဲကြိုးဟာလည်း ကျွန်မနာမည်နဲ့ လုပ်ထားတာပါ။ ဒါကြောင့် သူ့ကို ရဲစခန်း အမြန်ဆုံးပို့ပေးပါရှင်။"

ဇနီးဖြစ်သူနေခြည်၏ တိကျပြတ်သားလှသော ဆုံးဖြတ်ချက်ကို သက်ဦးအကြီးအကျယ် အံ့အားသင့်မိလေသည်။ အကြောင်းရင်းအမှန်ကို ရှင်းပြလျှင်လည်း ယုံကြည်မည်မဟုတ်သော၊ နဂိုကပင် သံသယစိတ်လွန်ကဲလှသော ဇနီးသည်နေခြည်၏ ဆန္ဒအတိုင်း ရဲစခန်းသို့ ရောက်ခဲ့ရလေသည်။

အခန်း ( ၆ )

ရဲစခန်းရောက်သည်နှင့် သက်ဦးကို အချုပ်ခန်းထဲ သွင်းလိုက်သည်။ နေခြည်၊ နှင်းပွင့်ဖြူနှင့် လူရွယ်သုံးဦးမှာ စခန်းမှူးရှေ့၌ ကျန်ရစ်ခဲ့လေသည်။

သက်ဦးမှာ အချုပ်ခန်းအတွင်း၌ ဇနီးဖြစ်သူနေခြည်ပေါ်အလာကို စောင့်နေသော်လည်း လုံးဝပေါ်မလာ။ အကျိုးအကြောင်းပင်မေးမြန်းဖော်မရသော ဇနီးဖြစ်သူကို စိတ်ဆိုးမိ၏။ ရိုးရိုးသားသားကြိုးစား၍ လုပ်ကိုင်ရှာဖွေကျွေးမွေးမိသည်ကိုပင် နောင်တအကြီးအကျယ်ရနေမိသည်။ ယောက်ျားဖြစ်သူထက်ရွှေကို ပိုမက်မောသော နေခြည်အား စိတ်ကုန်သွား၏။ မိမိကစေတနာနှင့်ကူညီသည်ကို စိတ်ယုတ်မာနှင့် အကြံ

ပက်စက်သော နှင်းပွင့်ဖြူကိုလည်း အလွန်ဒေါသဖြစ်လျက်ရှိသည်။

ညနေ (၅)နာရီခန့်တွင် ရဲသားနှစ်ဦးက စခန်းမှူးခေါ်သည်ဆိုသဖြင့် သက်ဦးလိုက်သွားရသည်။ စခန်းမှူးရှေ့တွင် နေခြည်နှင့်အတူ နှင်းပွင့်ဖြူပါတွေ့ရသည်။ သူတို့အားလုံးက သက်ဦးကို လှိုက်လှိုက်လှဲလှဲ ပြုံးပြကြသည်။ သက်ဦးကမဲ့ပြုံးတစ်ချက်ပြုံးကာ မျက်နှာလွှဲလိုက်၏။ စိတ်တိုင်းကျလုပ်ကြပေတော့ဟုလည်း စိတ်ထဲက ပြောနေမိသည်။ စခန်းမှူးက သက်ဦးကို မေးသည်။

"ကိုသက်ဦးအချုပ်ခန်းထဲမှာနေရတာ တော်တော်စိတ်ညစ်သွားသလား။"

သက်ဦးကပြန်မဖြေ။ စခန်းမှူးက ပြုံး၏။

"ကဲအခုအချိန်ကစပြီး၊ ကိုသက်ဦး အိမ်ပြန်လို့ရပါပြီ။"

"ဗျာ – ဘယ်လို"

"ဟုတ်တယ်။ ကိုသက်ဦး။ ခင်ဗျားကို ကယ်တင်လိုက်တဲ့သူဟာ ဟောဒီက ခင်ဗျားရဲ့ ဇနီးသည် မနေခြည်ပဲ။"

"ဟာ – မဖြစ်နိုင်တာဆရာရယ်။ သူက ကျွန်တော်ကို ထောင်ကျစေချင်တာပါ။ ဒါကြောင့် ရပ်ကွက်ရုံးမှာ ပြီးပြတ်ရမယ့်ကိစ္စကို ရဲစခန်းထိ ရောက်အောင်ခေါ်လာခဲ့တာပေါ့။"

"မဟုတ်ပါဘူးကိုသက်ဦးရာ။ အဖြစ်မှန်ကဒီလိုဗျ။ ခင်ဗျားတို့ ဇနီးမောင်နှံဟာ ဒီနေ့မနက်ဈေးဝယ်ဖို့နဲ့ ခင်ဗျားရဲ့သားဟန်းဆက်ကို အလိုက်ပေးပြီး ပြန်လဲဖို့ အိမ်ကထွက်လာကြတယ် မဟုတ်လား။"

"ဈေးလည်းရောက်ရော ခင်ဗျားပိုးပန်းခဲ့ဖူးတဲ့ ဟောဒီမနှင်းပွင့်ဖြူက ကားငှားတယ်။ ကားနားနေတာမို့ ခင်ဗျားက လိုက်မပို့ပေးချင်ဘူး။ ခင်ဗျားရဲ့ဇနီးက နှင်းပွင့်ဖြူအပေါ်ထားတဲ့ ခင်ဗျားရဲ့ စိတ်သဘောထား

ကို စမ်းသပ်လိုတယ်။ သူ့ယူဆချက်မှန် မမှန်သိရအောင် နှင်းပွင့်ဖြူကို ကားနဲ့အတင်းလိုက်ပို့ခိုင်းတယ်။ လမ်းခရီးမှာ ဘာတွေပြောကြသလဲဆို တာသိရအောင် ဆိုင်မှာလဲဖို့ယူလာတဲ့ ခင်ဗျားသားဟန်းဆက်ရဲ့ အသံ ဖမ်းခလုတ်ကို ဖွင့်ပြီး ခင်ဗျားနဲ့ နှင်းပွင့်ဖြူမသိအောင် ကားရှေ့ခန်းမှာ ထည့်လိုက်တယ်။''

''သူက ဒီလိုအကြံနဲ့ ကျွန်တော့်ကိုလိုက်ပို့ခိုင်းတာကိုး။''

''နှင်းပွင့်ဖြူကလည်း ဈေးမှာခင်ဗျားရဲ့ လည်ပင်းက ဆွဲကြိုး ကိုမြင်လို့ အကြံနဲ့ကားကိုငှားတယ်။ လမ်းခရီးမှာ နှင်းပွင့်ဖြူက ခင်ဗျား ကို ဘာတွေပြောသလဲဆိုတာကိုတော့ အသံဖမ်းစက်ကတစ်ဆင့် ကျွန်တော်တို့ သိပြီးပါပြီ။ နှင်းပွင့်ဖြူက မူးယစ်ဆေးသုံးစွဲနေသူတစ်ယောက် ပါ။ မူးယစ်ဆေးဝယ်ချင်လို့ အခုလိုအကွက်ဆင်ပြီး ဖန်တီးတာပါ။''

''ဒါပေမယ့် ရပ်ကွက်ရုံးကိုရောက်လာတဲ့ မနေခြည်က ခင်ဗျား နဲ့ နှင်းပွင့်ဖြူတို့ရဲ့ ပြဿာအကြောင်းအရင်းမှန်ကို အသံဖမ်းထားတဲ့ ဟန်းဆက်ကသိတာကြောင့် ပရိယာယ်သုံးပြီး ရဲစခန်းအထိခေါ်လာခဲ့ တာပေါ့။ ခင်ဗျားကို ထောင်ကျစေချင်လို့ မဟုတ်ပါဘူးဗျာ။''

''ဒါဖြင့် မူးယစ်ဆေးလည်းသုံးပြီး ကျွန်တော်ကိုလည်း အရှက် တကွဲဖြစ်အောင်လုပ်ခဲ့တဲ့ နှင်းပွင့်ဖြူကို စခန်းမှူးကြီးတို့က အရေးမယူ ဘူးလား။''

''နှင်းပွင့်ဖြူဟာ မူးယစ်ဆေးသုံးပေမယ့် သူ့လက်ထဲမှာ မူးယစ် ဆေးမမိပါဘူး။ မူးယစ်ဆေးရောင်းဝယ်တဲ့ အဖွဲ့ကိုလည်း ဖမ်းမိအောင် အကူအညီပေးခဲ့တဲ့အတွက် ကျွန်တော်တို့က အစိုးရသက်သေအဖြစ် ဆောင်ရွက်ပေးပါ့မယ်။ မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးကိုသိမြင်လာတဲ့ နှင်းပွင့်ဖြူဟာ ဆေးရုံတက်ပြီး မူးယစ်ဆေးဖြတ်တော့မှာပါ။ ကိုသက်ဦး

ကို အရှက်တကွဲဖြစ်အောင် လုပ်ခဲ့တဲ့အတွက်ကတော့ အသရေဖျက်မှုနဲ့ ကိုသက်ဦးအမှုဖွင့်မယ်ဆိုရင် ကျွန်တော်တို့ **ဆောင်ရွက်**ပေးပါ့မယ်။ အမှုမဖွင့်ဘူးဆိုရင်လည်း ခံဝန်ကတိပဲထိုးခိုင်းပြီး**ကျေအေးလို့**ရပါတယ်''

စခန်းမှူးထံမှ အထက်ပါစကားကိုကြား**သောအခါ သက်ဦး**သည် နေခြည်ဖက်သို့လှည့်၍ ''ဘယ်လိုလုပ်ရမလဲ''**ဟူသော** သဘောဖြင့် ကြည့်လိုက်သည်။ ဤသည်ကို အကင်းပါးသော **နေခြည်က** သိလိုက်၏။ ထို့ကြောင့် -

''ကဲ -- ကိုသက်ဦး။ တစ်ကယ်တမ်း ရှင့်အလှည့်ရောက်တော့ အမှုမဖွင့်ရက်ဘူးဖြစ်နေတယ်မဟုတ်လား။ ဒီတော့ ရှင်စိတ်ချမ်းသာအောင် ကျွန်မကပဲပြောလိုက်မယ်။ ကဲပါ စခန်းမှူးကြီးရယ် ကျွန်မတို့ အမှုမဖွင့်တော့ပါဘူး။ ကျေအေးလိုက်ပါတယ်ရှင်။''

နေခြည်၏ ပြောစကားကြောင့် နှင်းပွင့်ဖြူသာမက စခန်းမှူးရော သက်ဦးပါ အပြုံးကိုယ်စီနှင့်ဖြစ်သွားကြသည်။

အခန်း ( ၇ )

ရဲစခန်းအပြင်ဘက်သို့ ရောက်သော**အခါ** -

''ကိုသက်ဦး''

''ခင်ဗျာ''

''ဆွဲကြိုးလေးတစ်မနက်ဆွဲလိုက်တာနဲ့ ရုံးရောက် ဂါတ်ရောက်ဖြစ်သွားတယ်မဟုတ်လား။''

''ဟုတ်ကဲ့''

''ရှင့်လည်ပင်းက ဆွဲကြိုးဟာ မိန်းကလေးတွေကို ဖြားယောင်းသွေးဆောင်နေသလိုဖြစ်နေတာကြောင့် နောင်ကို ဘယ်တော့မှ ဆွဲကြိုးမဆွဲရတော့ဘူး။ နားလည်လား။''

"သဘောအတိုင်းပါပဲခင်ဗျာ။"

"ပြီးတော့ ကျွန်မရဲ့ သဝန်တိုတဲ့စိတ်၊ သံသယစိတ်နဲ့ အသံဖမ်းမိလို့သာ ရှင်အခုလိုရဲစခန်းက ထွက်ခဲ့ရတာ မဟုတ်လား။"

"ဟုတ်ကဲ့"

"ဒါကြောင့် ရှင့်အပေါ်မှာ ကျွန်မက တစ်သက်လုံး သဝန်တိုစိတ်၊ သံသယစိတ်ကို ထားသွားမယ်ဆိုရင် ရှင်ကျေနပ်ရဲ့လား။"

"သဘောတော်အတိုင်းပါပဲခင်ဗျာ --"

သက်ဝေမောင်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၏ ၂၀၁၄ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ (ဒုတိယဆု)


AIDS
အိပ်မက်ပျက်အချစ်၏
သက်ဝေမောင်
စိန်ကေနန်းရွှေပြည့်စာပေပြိုင်ပွဲ-ဝတ္ထုတိုပေါင်းချုပ်(တာမူ)ပြိုင်မှု(တတိယဆု)

ဒီမှာစည်သူ ---

ယောက်ျားဆိုတာ

ယောက်ျားမှန်ကြောင်း သက်သေပြရတယ်

မင်းမှာက ရည်းစားလည်း မရှိဘူး။

ဒီတော့ --- မင်းကို

"အခြောက်"လို့ ပြောမှာပေါ့။

အခြောက်မဟုတ်တဲ့ ကောင်တွေက

ဒါ - သောက်တယ်ကွ ---။

# အိပ်မက်ပျော်အချစ်၏ ပြစ်ဒဏ်သင့်နှလုံးသား

( ၁ )

သင်္ကြန်အကြတ်နေ့ဖြစ်သည်။

"စည်သူရေ -- ဟေ့စည်သူ"

အိမ်ရှေ့မှ ခေါ်သံများကြောင့် စည်သူထွက်လာသည်။ မြင့်ဇော်နှင့် သူငယ်ချင်းများမှာ သင်္ကြန်လည်ရန် ကားတစ်စီးဖြင့် ရောက်နေကြသည်။

"ဟေ့ကောင် စည်သူ။ ဒီနေ့အကြန်လည်မယ်ကွ။ လာ -- လိုက်ခဲ့။"

မထင်မှတ်ဘဲခေါ်သော သူငယ်ချင်းများကိုကြည့်၍ စည်သူ စဉ်းစားနေသည်။ သင်္ကြန်တွင်းလည်ရန် စည်သူမှာ စုထားသော ပိုက်ဆံမရှိ။

"ဟေ့ကောင် စည်သူ။ စဉ်းစားမနေနဲ့။ ဒီကားကို ငါတို့သူငယ်ချင်းတွေ ဒီနေ့ လည်ဖို့ အပြတ်ငှားထားတာကွ။ ပိုက်ဆံပေးပြီးပြီ။ မင်းမထည့်ရပါဘူး။ လိုက်ခဲ့ ဟေ့ကောင်။"

''ဟုတ်တယ်ကွ စည်သူ။ ဒီကားခ မင်းထည့်စရာမလိုဘူး။ ငါတို့ပေးပြီးပြီ။ ငါတို့ဆယ်တန်းစာမေးပွဲ ဖြေရတာ ဘယ်လောက်ပင်ပန်းသလဲ။ အခုမှအပန်းဖြေရမှာ။ အဝတ်အစားလဲကွာ။ လာ -- လိုက်ခဲ့''

ကားပေါ်မှ ပါလာသော သူငယ်ချင်းများကပါ စည်သူကို ဝိုင်း၍ ခေါ်ကြသည်။

စည်သူမှာ အိမ်ထဲတွင်ထိုင်၍ စကားပြောနေကြသော အဖေနှင့် အမေကို လှမ်း၍ကြည့်လိုက်သည်။ အဖေနှင့်အမေကလည်း စည်သူ၏ အရိပ်အခြည်ကို ကြည့်နေကြသည်။

မြင့်ဇော်က -

''ဦးလေးနဲ့အဒေါ်၊ ကျွန်တော်တို့ စည်သူကိုခေါ်သွားမယ်နော်။ ကျွန်တော်တို့ သူငယ်ချင်းတွေ ချည်းပါပဲ။ မိန်းကလေးတစ်ယောက်မှ မပါဘူး။ မိန်းကလေးတွေပါရင် ဟိုကစ ဒီကစနဲ့ အလုပ်ရှုပ်လွန်းလို့။ ကျွန်တော်တို့ အထဲမှာလည်း ပြဿနာရှာမဲ့အကောင် တစ်ယောက်မှ မပါဘူး အဒေါ်ရဲ့။ အားလုံး လူအေးတွေချည်းပဲ - ဟဲ - ဟဲ -''

မြင့်ဇော်မှာ ပြောလည်းပြော။ ရယ်လည်းရယ်ပြီး ကားပေါ် ပါလာသော သူငယ်ချင်းများကို လှည့်ကြည့်လိုက်သည်။

''ဟုတ်တယ် ဦးလေးရဲ့။ ကျွန်တော်တို့အားလုံး အေးအေး ဆေးဆေးသမားတွေချည်းပဲ။ ရန်လည်းမဖြစ်ကြပါဘူး။ စည်သူကို ထည့်လိုက်ပါ။ စိတ်ချပါ ဦးလေးရ။''

မြင့်ဇော်နှင့် သူငယ်ချင်းများပါ ဝိုင်း၍ပြောဆိုနေသောကြောင့် စည်သူအဖေမှာ ဇနီးဖြစ်သူဖက်သို့လှည့်၍ -

''ထည့်လိုက်စမ်းပါကွာ ယောကျ်ားလေးပဲ။ သူငယ်ချင်းတွေ သွားရင် သူလည်းလိုက်ချင်မှာပေါ့။ ဆယ်တန်းစာမေးပွဲ ဖြေထားရတာ-

စိတ်ပြေလက်ပျောက်ပေါ့။''

ခင်ပွန်းဖြစ်သူ၏ ပြောစကားကြောင့် စည်သူ့အမေက

''ကဲ – ကဲရော့၊ စည်သူ။ နေ့လယ်ရေပက်ခံ မဏ္ဍပ်တွေ နားချိန်ကြရင် ငါ့သားထမင်းလေးဘာလေးဝယ်စားဖို့ ပိုက်ဆံယူသွား။ သားလည်း လိုက်ချင်နေတာ မဟုတ်လား။''

''လိုက်ချင်တာပေါ့ အမေရ။ သားမှာ ပိုက်ဆံမရှိလို့ စဉ်းစား နေတာ။ အခုလိုအမေက ပိုက်ဆံလည်းပေး၊ လိုက်ခွင့်လည်းပြုတော့ ကျွန်တော်ပျော်တာပေါ့ အမေရ။''

''ကဲကဲ အဝတ်အစားမြန်မြန်လဲ။ သူငယ်ချင်းတွေ စောင့်နေ ရတာ အားနာဖို့ကောင်းတယ်။ လိုက်သွားပေတော့။''

အခန်း ( ၂ )

''ဗျို့ကားဆရာ။ နားမယ်ဗျို့။ ဗိုက်လည်းဆာလှပြီ။ နီးစပ်ရာ ပန်းခြံတစ်ခုကိုမောင်း။''

အဖွဲ့ခေါင်းဆောင်မြင့်ဇော်၏ ပြောစကားကြောင့် ကားမောင်း သူမှာ နီးရာပန်းခြံတစ်ခုသို့ မောင်းသွားလေသည်။ နေ့လည် (၁၂)နာရီ ခန့်ရှိပြီဖြစ်သောကြောင့် ရေပက်ခံမဏ္ဍပ်များမှာ ခေတ္တရပ်နားကုန်ကြ သည်။

''ကဲ – သူငယ်ချင်းတို့။ မင်းတို့လည်း အဆင်ပြေသလိုဝယ် စားကြ။ ကားကို ဒီနေရာမှာ ရပ်ထားမယ်။ ညနေ (၃)နာရီပြန်ထွက် မယ်ဟေ့။ ရောက်မလာတဲ့ကောင် မစောင့်ဘူးနော်။ ကိုယ့်ဖာသာ ပြန်ပေတော့။ ဟေ့ကောင်စည်သူလာ –– မင်းနဲ့ငါ ဒီနားက ထမင်း ဆိုင်မှာ သွားစားကြမယ်။''

သကြံန်လည်ပတ်ရာတွင် အချမ်းပြေရန်အတွက်ဟုဆိုကာ

မြင့်ဇော်တိုက်ထားသော ဘီယာအရှိန်လေးရနေပြီဖြစ်သော စည်သူမှာ ဘာမျှငြင်းမနေတော့ဘဲ မြင့်ဇော်ခေါ်ရာသို့ လိုက်ခဲ့လေသည်။

ထမင်းစားပြီးသောအခါ လက်ဘက်ရည်ဆိုင်ထိုင်ကြသည်။ ထိုစဉ် မြင့်ဇော်က စည်သူကို --

''ဟေ့ကောင် -- စည်သူ''

''ဘာလဲကွ -- မြင့်ဇော်''

''တစ်ခြားသူငယ်ချင်းတွေက တစ်ခါတစ်လေ မင်းကို ''အခြောက်''လို့ ခေါ်ကြတယ်မဟုတ်လား။''

''အေးလေ -- ငါမဟုတ်ရင်ပြီးတာပဲ''

''မင်းမဟုတ်ကြောင်းကို ပါးစပ်နဲ့ပြောလို့ ဘယ်ရမလဲကွ။''

''ဘာလဲ -- ငါက သူတို့နှမတွေကို ယူပြရမှာလားကွ -- ဟဲ - ဟဲ''

''ဟေ့ကောင် စည်သူ။ ငါက တကယ်ပြောတာကွ နော်''

''အေး -- ငါက ဘာလုပ်ပြရမလဲ မြင့်ဇော်''

မြင့်ဇော်မှာ စည်သူကို ရုတ်တရက် အဓိပ္ပါယ်ပါသော အကြည့်ဖြင့် ကြည့်လိုက်သည်။ စည်သူမှာ မြင့်ဇော်ဘာကို ဆိုလိုမှန်းမသိ။ နောက်ဆုံးတွင် စည်သူက -

''အေးကွာ ပြောပါ့မယ်။ ဒီမှာ စည်သူ။ ယောက်ျားဆိုတာ ယောက်ျားမှန်ကြောင်း သက်သေပြရတယ်။ မင်းမှာက ရည်းစားလည်း မရှိဘူး။ ပုံစံက မိန်းမလျာလိုပဲ။ ဒီတော့ မင်းကို ''အခြောက်''လို့ ပြောမှာပေါ့။ အခြောက်မဟုတ်တဲ့ကောင်တွေက ဒါသောက်တယ်ကွ။''

မြင့်ဇော်မှာ ပြောပြောဆိုဆို ဘောင်းဘီအိတ်ထဲတွင် ရေမစိုစေရန် ပလပ်စတစ်အိတ်ဖြင့် ပတ်လာသော ဆေးပြားအချို့ကို စည်သူအား

ပြလိုက်သည်။ စည်သူ နားမလည်။

"ယောကျ်ားမှန်ရင် ဒါသောက်ရတယ်ကွ။ ဒါမှ ယောကျ်ားပီသတာ။ ဒါသောက်လို့မှ ယောကျ်ားစိတ်ဝင်မလာဘူးဆိုရင် မင်းဟာ အခြောက်ပဲစည်သူ။ အေး – အခုအခြောက်မဖြစ်သေးလည်း နောက်ကျရင် ဖြစ်လာမှာပဲ စည်သူ"

"မင်းဆေးက ဘာလဲကွ မြင့်ဇော်ရ"

"သောက်ကြည့်ပေါ့ကွ။ သောက်ကြည့်ရင် သိမှာပေါ့။ ငါတော့ အခုသောက်ပြီ။ မင်းလည်းသတ္တိရှိရင်သောက်လေကွာ။ ယောကျ်ားအစစ်အမှန်ဆိုရင်။"

စည်သူမှာ မြင့်ဇော်၏ နောက်ဆုံးစကားဖြစ်သော "ယောကျ်ားအစစ်အမှန်ဆိုရင်"ဟူသော စကားကို မခံချင်သောကြောင့် မြင့်ဇော်ပေးသော ဆေးပြားကို သောက်လိုက်သည်။

အခန်း ( ၃ )

"ဟော့ကောင် စည်သူ မြန်မြန်လာပါကွ။"

"ဘာလဲ – ကားထွက်တော့မှာလား။"

"ကားက မထွက်သေးပါဘူး။ ငါ့ထွက်ခိုင်းမှ ထွက်မှာ။ ငါငှားထားတဲ့ ကားလေကွာ။ ကျန်တဲ့ပိုက်ဆံ ငါပေးမှ ရမှာလေ ဟဲ –– ဟဲ"

"ဒါဖြင့် မင်းက ဘာဖြစ်လို့ လောနေတာလဲ။"

"လူစုံမစုံ ငါစစ်ရအုံးမယ်။ မရောက်သေးတဲ့ကောင်ကို လိုက်ခေါ်ရမှာပေါ့။"

"ဒါနဲ့မြင့်ဇော်။ ငါယောကျ်ားဖြစ်ကြောင်း မင်းယုံပြီ မဟုတ်လား"

"ယုံပါပြီသူငယ်ချင်းရာ နောင်ဆိုရင် မင်းကို "အခြောက်"

လို့ ခေါ်တဲ့ကောင်ကို မင်းယောက်ျားစစ်မှန်ကြောင်း ငါသက်သေခံပေး ပါမယ်။''

''အိုကေသူငယ်ချင်း''

အခန်း ( ၄ )

ဆယ်တန်းအောင်စာရင်းထွက်လာသောအခါ စည်သူနှင့် မြင့်ဇော်တို့ စာမေးပွဲအောင်ကြသည်။ သို့သော် မြင့်ဇော်၏ မိဘများမှာ အစိုးရအမှုထမ်းများဖြစ်၍ တစ်နယ်တစ်ကျေးသို့ ပြောင်းသွားရသော ကြောင့် စည်သူနှင့် ကွဲသွားကြသည်။

စည်သူမှာ တက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူနေပြီး ''သက်ထား''ဆိုသော မိန်းကလေးတစ်ဦးနှင့် သွားအတူ လာအတူဘဝ မှ ချစ်သူဘဝသို့ တက်လှမ်းသွားကြသည်။ စိတ်တူကိုယ်တူ ဝါသနာတူ ချစ်သူများဖြစ်သောကြောင့် စာပေအကြောင်းဆွေးနွေးဖြစ်ကြသည်။ ဘဝရှေ့ရေး ဆွေးနွေးဖြစ်ကြသည်။

နှစ်ဦးစလုံး ရန်ကုန်မြို့ရှိ တိုးချဲ့မြို့သစ်လေးတစ်မြို့တွင် နေထိုင် ကြသောကြောင့် နေ့စဉ်နှင့်အမျှ တက္ကသိုလ်အတူတက်ကြသည်။ ကျောင်းပိတ်သောနေ့များတွင်လည်း နှစ်ယောက်အတူ ဆုံဖြစ်ကြသည်။ နှစ်ဖက်မိဘများကလည်း သဘောတူကြည်ဖြူကြသည်။

စည်သူမှာ တစ်ဦးတည်းသော သားဖြစ်သကဲ့သို့ သက်ထားမှာ လည်း တစ်ဦးတည်းသော သမီးဖြစ်သည်။ နှစ်ဖက်မိဘများမှာ ဘဝကို ရိုးရှင်းစွာဖြတ်သန်းကြသူများဖြစ်၍ စည်သူနှင့် သက်ထားတို့၏ ဘဝ လမ်းခရီးမှာ ဖြောင့်ဖြူးလျက်ရှိသည်။ ကျောင်းပြီး၍ ဘွဲ့ရသည်နှင့် လုပ်ငန်းခွင် ဝင်ရောက်ပြီး လက်ထပ်ရန် ရည်ရွယ်ထားကြသည်။

အခန်း ( ၅ )

စည်သူနှင့် သက်ထားတို့ ဘွဲ့ရပြီး၍ လုပ်ငန်းခွင့်ဝင်ရန် ကြံစည်နေကြစဉ် မမျှော်လင့်သော ကြမ္မာဆိုးက ဝင်ရောက်လာခဲ့သည်။

စည်သူ၏ မိဘနှစ်ပါးမှာ ဘုရားဖူးခရီးထွက်စဉ် ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် အသက်ဆုံးရှုံးသွားကြသည်။ စည်သူမှာ ဖြေမဆည်နိုင်ဖြစ်နေ၏။ တစ်ဦးတည်းသောသားမို့လည်း ပို၍ပင် ဝမ်းနည်းအားငယ်မိသည်။

ရက်လည်ဆွမ်းကျွေးပြီးသောအခါ သက်ထားက စည်သူကို ဤသို့အကြံပေးမိသည်။

"ကိုစည်သူ။ စိတ်ပြေလက်ပျောက်တရားစခန်းဝင်ကြည့်ပါလား။ သက်ထားကလည်း ငယ်ရွယ်သူဆိုတော့ ကိုစည်သူ ဖြေသာအောင် တရားသဘောနဲ့ မပြောပြတတ်ဘူး။ ညီအစ်ကိုမောင်နှမလည်းမရှိတော့ ပိုပြီးခံစားရမှာ သက်ထားကိုယ်ချင်းစာမိပါတယ်။"

"ဟုတ်တယ် သက်ထား။ ကိုယ်လည်းစဉ်းစားမိတယ်။ တရားစခန်းဝင်ရင် ကောင်းမလားလို့။ အခုလောလောဆယ်တော့ ဘာမှလုပ်ချင်ကိုင်ချင်စိတ်မရှိသေးဘူး။ စိတ်ဓာတ်တွေကျပြီး ဝမ်းနည်းတာတစ်ခုပဲသိတယ် သက်ထားရယ်။"

"အေးပါ သက်ထားရယ်။ ကျေးဇူးတင်ပါတယ်။ တစ်လလောက်တော့ ကိုစည်သူကြိုးစားပြီး တရားစခန်းဝင်ပါ့မယ်လေ။"

ဤသို့ဖြင့် စည်သူမှာ တရားရိပ်သာတစ်ခုသို့ တစ်လခန့်ဝင်ရောက်ပြီး တရားအားထုတ်နေလေသည်။

အခန်း ( ၆ )

"ဘယ်လိုပြောတယ်ကိုစည်သူ။ ဒီနေ့ပဲ တရားရိပ်သာက

ထွက်လာတယ်။ မန္တလေးကို သွားဦးမလို့လား။''

''ဟုတ်တယ် သက်ထား။ ဒီအိမ်ကို ပြန်ရောက်လာတာနဲ့ ရိပ်သာမှာ အနည်ထိုင်နေတဲ့စိတ်ဟာ ပြန်လှုပ်ရှားလာတယ်။ ဒါကြောင့် မန္တလေးက ဦးလေးအိမ်မှာ ခဏ သွားနေမလားလို့။''

''နေတာတော့ နေပါကိုစည်သူရယ်။ ပြန်လာရင် သက်ထားတို့ လက်ထပ်ကြမယ်လေ။ ဒီအိမ်မှာ မနေချင်ရင် သက်ထားတို့အိမ်မှာ လိုက်နေပေါ့။ သက်ထားအဖေနဲ့အမေကလည်း သဘောတူပါတယ်။''

''ကောင်းပါတယ် သက်ထားရယ်။ ကိုစည်သူ မန္တလေးက ပြန်လာရင် စီစဉ်ကြတာပေါ့။ ကိုယ့်မှာ မိဘတွေ မရှိတော့ သက်ထားရဲ့ မိဘတွေကိုပဲ ကိုယ့်မိဘတွေလို သဘောထားရမှာပေါ့။ မဟုတ်ဘူး လား။''

ဝမ်းနည်းရိပ်များဖုံးလွှမ်းနေသော မျက်နှာကို ကြိုးစားပြီး ပြုံး၍ ပြောလိုက်သော စည်သူစကားကြောင့် သက်ထားကျေနပ်မိသွား၏။

ရိပ်သာမှထွက်၍ တစ်ရက်မျှပင် ပြည့်အောင်ကြည့်ခွင့်မရသေးသော ချစ်သူ၏ ညှိုးငယ်နေသော မျက်နှာကို ကိုယ်ချင်းစာစိတ်ပြည့်ဝစွာဖြင့် ကြည့်၍ မန္တလေးသို့သွားရန် သက်ထားခွင့်ပြုလိုက်လေသည်။

အခန်း ( ၇ )

''ဘာပြောတယ်ကိုစည်သူ''

မန္တလေးမှ ပြန်ရောက်လာသော စည်သူ့စကားကြောင့် မိမိ၏ နားကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသော သက်ထားသည် တစ်ကြိမ်တစ်ခါမျှ မတင်းမာဖူးသော လေသံဖြင့် စည်သူကို မေးလိုက် သည်။

''ဟုတ်တယ် သက်ထား။ ကိုယ်သာသနာ့ဘောင်ကို အပြီးဝင်

တော့မလို့။ အဲ့ဒါ သက်ထားကို လာပြောတာ။ ဒီအိမ်နဲ့ခြံကိုလည်း အပြတ်ရောင်းပြီး ရတဲ့ငွေနဲ့ ကိုယ်ရဟန်းခံတဲ့ကျောင်းမှာ အဖေနဲ့အမေ အတွက် သိမ်ဆောက်မယ်။ ကိုယ်လည်းအဲဒီကျောင်းမှာ တစ်သက်လုံး ရဟန်းဝတ်မယ်။''

စည်သူထံမှ ထင်မှတ်မထားသော စကားများကြောင့် သက်ထား တစ်ယောက် အံ့အားသင့်နေ၏။ ဒေါသလည်းထွက်နေ၏။ မိမိတို့ ချစ်သူနှစ်ဦး တမ်းတမက်မောခဲ့သော အိပ်မက်ကလေး ရိုက်ချိုးဖျက်ဆီး ခဲ့သည်။ ရိုက်ချိုးဖျက်ဆီးသူမှာ ပြင်ပလူမဟုတ်ဘဲ ကိုယ်တိုင်တည်ဆောက် ရန် ကြိုးပမ်းခဲ့သည့် ချစ်ရသူဖြစ်သောကြောင့် ပို၍ပင် ဒေါသဖြစ်မိ၏။

''မဖြစ်နိုင်ဘူး။ လုံးဝမဖြစ်နိုင်ဘူး။ ကိုစည်သူပြောတာကို သက်ထားလုံးဝမယုံဘူး။ သက်ထားကို သစ္စာဖောက်ပြီး နောက်တစ် ယောက်ဆီကို သွားချင်လို့ပဲဖြစ်မယ်။''

''မဟုတ်ရပါဘူး သက်ထားရယ်။ ကိုစည်သူမှာ သက်ထားအပြင် နောက်တစ်ယောက်ဆိုတာ မရှိရပါဘူး။ အခုလိုသောကရောက်တဲ့အချိန် မှာ ပိုလို့တောင် မလုပ်ပါဘူး။ ကိုစည်သူတစ်ကယ်ပြောတာပါ။''

''သက်ထားလုံးဝမယုံဘူး။ ကိုစည်သူ မျက်နှာပေါ်မှာလည်း လောကီကို စိတ်ကုန်ခန်းလို့ တရားစစ်တရားမှန်ရသွားတဲ့ ရုပ်လက္ခဏာ မျိုး လုံးဝမတွေ့ရပါဘူး။ ကိုစည်သူသက်ထားကို သစ္စာဖောက်မလို့ တမင် တကာ အကွက်ဆင်အကြောင်းပြတာပဲဖြစ်ရမယ်။ မန္တလေးကို မသွားခင် က ဒီစကားမျိုးကို မပြောခဲ့ဘူး။ အခုမန္တလေးက ပြန်လာမှ ကိုစည်သူ ဒီစကားကို ပြောတာ။ လုံးဝမရိုးသားဘူး။ အဟင့် -- အဟင့် --''

သက်ထားမှာ ပြောလည်းပြော။ ဝမ်းလည်းနည်းလွန်းသဖြင့် ငိုချလိုက်သည်။

"ကဲပါ သက်ထားရယ်။ သက်ထားမယုံရင် စောင့်ကြည့်နေပါ။ အဲ့ဒီ ဒေးစွန်ပါတောင်က ကျောင်းတိုက်မှာပဲ ကိုစည်သူ တစ်သက်လုံး ရဟန်းဘဝနဲ့ အရိုးထုတ်သွားမှာပါ။ ကိုစည်သူဘယ်ကိုမှ မသွားပါဘူး သက်ထားရယ်။"

သက်ထားမှာ ငိုနေရာမှ ရုတ်တရက်ခိုင်မာသော ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့်

"ဒီမှာကိုစည်သူ။ ကျွန်မနောက်ဆုံးပြောမယ်။ ရှင်တကယ် တရားရလို့ပဲဖြစ်ဖြစ်၊ ကျွန်မကိုစွန့်ခွာချင်လို့အကြောင်းပြတာပဲဖြစ်ဖြစ်၊ ကျွန်မသုံးနှစ်တိတိရှင့်ကို စောင့်မယ်။ သုံးနှစ်ပြည့်လို့မှ ရှင်ကျွန်မဆီကို ရောက်မလာခဲ့ဘူးဆိုရင် ဒီဘဝမှာ ရှင်နဲ့ကျွန်မ ရေစက်ကုန်ပြီ။ ကျွန်မ ဘဝလမ်းကို ကျွန်မလျှောက်တော့မယ်။ ကဲ -- ကျွန်မသွားပြီ"

အိမ်ပေါ်မှဆင်းသွားသော သက်ထားကိုကြည့်၍ စည်သူ တစ်ယောက် စိတ်မကောင်းကြီးစွာဖြင့် သက်ပြင်းကို လေးတွဲ့စွာ ချလိုက် လေတော့သည်။

အခန်း ( ၈ )

"အော် -- ဒါနဲ့ စည်သူကရော အမှန်တကယ် ရဟန်းဘဝ ကို ခံယူသွားလား မျိုးခိုင်"

"ခံယူသွားတယ် အုန်းဖေရ"

စာရေးဆရာဖြစ်သော မျိုးခိုင်မှ အထက်ဖော်ပြပါ ဇာတ်လမ်း လေးကို သူငယ်ချင်းဖြစ်သူ အုန်းဖေသို့ ပြောပြနေခြင်းဖြစ်သည်။

"သက်ထားကရော သုံးနှစ်တိတိစောင့်ရဲ့လား။"

"စောင့်တာပေါ့ အုန်းဖေရ။ သက်ထားက စည်သူ အနေနဲ့ စိတ်ပြန်လည်လာမယ်ထင်ပြီး စည်သူရှိတဲ့ ဒေးစွန်ပါတောင်ကို မကြာခဏ

လိုက်သွားတာယ်ကွ။ စည်သူရဲ့ထူးခြားဟန်မပြတဲ့ အမူအရာကြောင့် နောက်ဆုံးလက်လျှော့သွားမယ်။ လေးနှစ်လောက်လည်းရှိရော အိမ်က ပေးစားတဲ့ လူနဲ့ လက်ထပ်လိုက်တယ်။''

''စည်သူက မန္တလေးက ပြန်လာပြီး ဘယ်လိုဖြစ်လို့ စိတ်ပြောင်းသွားရတာလဲ။ သက်ထားကို ဘာလို့စိတ်ကုန်သွားရတာလဲ။''

''အမှန်တကယ်တော့ သက်ထားကို စိတ်ကုန်သွားတာ မဟုတ်ဘူး။ သူ့မှာရှိတဲ့ရောဂါကြောင့် လက်မထပ်တော့တာပဲ အုန်းဖေ''

''မင်းကလည်း ရှင်းစမ်းပါဒုံး။ သူ့မှာက ဘာရောဂါရှိလို့လဲ။''

''အေအိုင်ဒီအက်ကွ။''

''ဘာ အေအိုင်ဒီအက်။ ဟုတ်လား မျိုးခိုင်။''

''ဟုတ်တယ်အုန်းဖေ။ သူငယ်ချင်းမြင့်ဇော်ရဲ့ ''မင်းယောကျ်ား ပီသရဲ့လား''ဆိုတဲ့စကားကို မခံချင်လို့ စည်သူဟာ လိင်စိတ်ကြွဆေး သောက်လိုက်တယ်။ ပြီးတော့ သူတို့နှစ်ယောက်တည်းခိုခန်းတစ်ခုကို သွားကြတယ်။ စည်သူဟာ ကံဆိုးစွာနဲ့ပဲတစ်ကြိမ်တစ်ခါ မှားယွင်းမှုကနေ HIV ပိုးကူးစက်သွားခဲ့တယ်။''

''သက်ထားကရော အဖြစ်မှန်ကိုသိသွားလား။''

''သိမသွားဘူး အုန်းဖေ။ စည်သူကိုယ်တိုင်လည်း မန္တလေးမှာ နေတုန်း ရန်ကုန်ပြန်ရောက်ရင် သက်ထားနဲ့ လက်ထပ်မယ်။ လက်မထပ်ခင် သူ့ကိုယ်သူမသင်္ကာလို့ ဆေးစစ်ခဲ့တာပဲ။ သူသိပ်မြတ်နိုးလွန်းတဲ့ သက်ထားကို သူ့ဆီကနေ ရောဂါမကူးစက်စေချင်ဘူးလေ။''

''တော်သေးတာပေါ့ကွာ။ လက်မထပ်ခင် ဆေးစစ်မိလို့။ အော် – ဒါနဲ့ သက်ထားကို ဘာကြောင့် အဖြစ်မှန်ကို မပြောပြတာလဲ။''

"သက်ထားနဲ့ချစ်သူမဖြစ်ခင် ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်ဆိုပေမဲ့လည်း လက်ရှိမှာ သက်ထားရဲ့ အထင်အမြင်သေးခြင်းကို ခံရမယ်။ ဒါကို သူမခံစားနိုင်ဘူး။ ဒီရောဂါကြောင့် သက်ထားကို လက်မထပ်တာလို့ ပတ်ဝန်းကျင်က သိရင်လည်း သက်ထားပါ သိက္ခာကျမယ်။ သူသိပ်ချစ်ရတဲ့ သက်ထားရဲ့ အထင်သေးမုန်းတီးခြင်းကိုတော့ သူမခံစားနိုင်ဘူးလေ။ ငါ့ကို သူ့ဘာဝဇာတ်ကြောင်းကို ပြောပြတယ်ဆိုတာက လူငယ်တွေအနေနဲ့ သူ့လိုအမှားမျိုး ထပ်မမှားမိအောင် ငါကဝတ္ထုတစ်ပုဒ်အဖြစ် ဖန်တီးပြီး ရေးပေးစေချင်လို့ပဲ။ ဒါကြောင့်လည်း အမည်နေရပ်လိပ်စာတွေလွှဲပြီး လူငယ်တွေအတွက် အကျိုးရှိနိုင်မယ့် ဝတ္ထုတစ်ပုဒ်ဖန်တီးရမယ် အုန်းဖေ။"

"ကောင်းတာပေါ့ မျိုးခိုင်ရာ။ လူငယ်ဆိုတာက အသစ်အဆန်းဆိုရင် စူးစမ်းချင်တယ်။ သိပ်ချစ်တဲ့သူငယ်ချင်းတွေက ဆွဲဆောင်ရင် မငြင်းလိုဘူး။ ခက်တာက ဒီနေ့လူငယ်တွေအနေနဲ့ စိတ်ကြွဆေးတွေသုံးစွဲနေကြတာကို အပြစ်လို့ မထင်မှတ်ကြတာပဲ။ သာမန်လုပ်ရိုးလုပ်စဉ်ကိစ္စလို့ ထင်နေကြတယ်။ တစ်ခါတစ်လေဆိုပေမယ့် "အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်"ဆိုတာရှိတယ် မဟုတ်လား။"

"မှန်တယ်သူငယ်ချင်း။ ဒီနေ့ တို့မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးတွေထဲမှာ နေ့စဉ်လိုလို ဖမ်းမိတဲ့သတင်းတွေနဲ့ ဖြစ်ပွားတဲ့မှုခင်းတွေအများစုက စိတ်ကြွဆေးတွေပဲကွ။ လူငယ်တွေအတွက် အန္တရာယ်အကြီးဆုံးမူးယစ်ဆေးဟာ အခုအချိန်မှာ စိတ်ကြွဆေးတွေပဲ သူငယ်ချင်း။"

"ဒါဖြင့် ဒီအန္တရာယ်ကို ဘယ်လိုကာကွယ်ရင် ကောင်းမလဲ မျိုးခိုင်။"

"မူးယစ်ဆေးရဲ့ ဘေးအန္တရာယ်တွေအကြောင်းကို လူငယ်တွေ

သိလာအောင် ဟောပြောပွဲတွေ၊ ပြပွဲတွေ၊ ပြိုင်ပွဲတွေ ပြုလုပ်ရမယ်။ အဲဒီ ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲကတဆင့် လူငယ်တွေ သိသင့်တဲ့ အကြောင်းအရာတွေကို ပြည်သူတွေနေ့စဉ် သုံးစွဲနေတဲ့ မီဒီယာတွေ ကနေ အသိပေးနိုင်ရင် အကောင်းဆုံးပေါ့ အုန်းဖေ။"

"**အသိပေးခြင်းဟူသည် အကောင်းဆုံးကာကွယ်ခြင်း ဖြစ်၏**" ဆိုတဲ့ စကားရှိတယ်မဟုတ်လား။"

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ။"

သက်ဝေမောင်

စိမ်းလန်းရွှေပြည် စာပေပြိုင်ပွဲ၏ ဝတ္ထုတိုပေါင်းချုပ်
(စာမူ) ပြိုင်ပွဲ တတိယဆု


သက်ဝေမောင်
(၅)ကြိမ်မြောက်.ပန္နလေးအာဖေနေ.ဝတ္ထုတိုပြိုင်ပွဲ (တတိယဆုရ)

တကယ်လို့များ –

ဒီဘဝမှာ ခန္ဓာမပြုတ်လို့

နောင်သံသရာမှာ

လူပြန်ဖြစ်ခွင့်ရမယ်ဆိုရင်တောင်

ဥစ္စာနေကြွယ်ဝလှတဲ့

မိဘရဲ့ဝမ်းထဲမှာ

လူမဖြစ်ချင်လှပါဘူး။

မေတ္တာတရားကြီးမားလွန်းလှတဲ့

အဖေ့ရဲ့သားတစ်ယောက်အဖြစ်နဲ့သာ

ပြန်လည်မွေးဖွားခွင့်ရပါစေ ... လို့။

# မေတ္တာရောင်ပြန်

ဒီဖြစ်ရပ်လေးဟာ လွန်ခဲ့တဲ့နှစ်ငါးဆယ်လောက်က ကျွန်တော်တို့ မိသားစုထဲမှာ ဖြစ်ခဲ့တဲ့ဖြစ်ရပ်မှန်လေးတစ်ခုပါ။

ကျွန်တော်တို့ မိသားစုလေးဟာ ပဲခူးရိုးမနဲ့ သိပ်မဝေးလှတဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဒိုက်ဦးမြို့နယ်၊ ပန်းခိုင်ဆိုတဲ့ ကျေးရွာလေးမှာ နေထိုင်ကြပါတယ်။ အဖေ့နာမည်က ဦးသောင်းဟန်၊ အမေက ဒေါ်အေးထွေးဖြစ်ပြီး အသက် (၆)နှစ်ရှိသေးတဲ့ ကျွန်တော်ရယ်၊ အသက် (၈)နှစ်ရှိပြီဖြစ်တဲ့ အစ်ကိုရယ် စုစုပေါင်း မိသားစုလေးဦး ရှိကြပါတယ်။ အမေက အဲဒီအချိန်တုန်းက ကိုယ်ဝန်ကြီး နဲ့ဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသဟာ အင်းအိုင်တွေပေါများလှပါတယ်။ အဖေက အင်းသူကြီး တစ်ယောက်ပါ။ အင်းသူကြီးဆိုတာကန်တွေ၊ ချောင်းတွေထဲမှာ ရှိတဲ့ ငါးတွေကို "အစိုးရဆီက တရားဝင်ရာဖွေ ဖမ်းဆီးခွင့်"ရရှိထားတဲ့သူဖြစ်ပါတယ်။ ဒီလိုရရှိဖို့လည်း အခြားသူတွေနဲ့ အပြိုင်အဆိုင်လေလံဆွဲရပါတယ်။ သူများမပေးနိုင်တဲ့ဈေးကို ပေးနိုင်မှသာ ဒီအင်းကို လုပ်ကိုင်ခွင့် လေလံရရှိတတ်ပါတယ်။

တစ်ကြိမ်မှာတော့ အဖေဟာ တစ်ရွာတည်းနေသူ မှုံကြီးဆိုတဲ့ လူနဲ့အပြိုင်အဆိုင်လေလံဆွဲကြပါတယ်။ အဖေဟာ အင်းအတော်များများ ကိုရပြီး မှုံကြီးက မရလိုက်ပါဘူး။ အဲဒီအခါမှာ မှုံကြီးဟာ အဖေ့အပေါ် မှာ ကြိတ်မနိုင်ခဲမရဖြစ်ပြီး "သောင်းဟန်ဆိုတဲ့ကောင်ကို ပြောင်းဆန် သွားအောင် တစ်နေ့လုပ်ပြမယ် -- မှုံကြီးတဲ့ကွ -- မှတ်ထားကြ" လို့ ကြိမ်းဝါးပါတော့တယ်။

အဲဒီအချိန် (၁၉၆၅)ခုနှစ်လောက်က ကျွန်တော်တို့ ဒေသဟာ အနက်ရောင်နယ်မြေပါ။ အစိုးရစစ်တပ်ရှိတဲ့အချိန်မှာ အစိုးရရဲ့ အမိန့် အာဏာလွှမ်းမိုးနေပြီး အစိုးရစစ်တပ်မရှိလို့ သူပုန်တွေရောက်ရှိလာချိန် မှာတော့ ဆက်ကြေးပေးရနဲ့ သူပုန်အမိန့် နာခံရပါတယ်။ ဒါကြောင့် နယ်မြေအေးချမ်းတယ်လို့ သိပ်မရှိလှပါဘူး။ တစ်ခါတစ်ရံမှာ အစိုးရ စစ်တပ်နဲ့သောင်းကျန်းသူတွေရင်ဆိုင်တိုးမိလို့ဖြစ်ပွားရတဲ့တိုက်ပွဲတွေလည်း ရှိတတ်ပါတယ်။

တစ်နေ့မှာ အစိုးရစစ်တပ်တစ်တပ်ဟာ မမျှော်လင့်ဘဲ ကျွန်တော် တို့ ရွာဘက်ကို ရောက်ရှိလာပါတယ်။ အစိုးရစစ်တပ်ဟာ အဖေ့အင်း ထဲမှာ ခေတ္တစခန်းချပြီး နားနေကြပါတယ်။ စားသောက်ပြီးတဲ့အခါမှာ တော့ လိုရာခရီးကို ဆက်လက်ထွက်ခွာကြပါတယ်။ ဒါပေမယ့် မမျှော် လင့်ဘဲ သူပုန်အဖွဲ့နဲ့ ရင်ဆိုင်တိုးမိကြပါလေရော။ ပစ်ကြခတ်ကြနဲ့ နောက်ဆုံးမှာတော့ အကျအဆုံးများစွာနဲ့ သူပုန်အဖွဲ့ဟာ ဆုတ်ခွာပြေး ကြပါတယ်။

သုံးရက်ခန့်ကြာတဲ့အခါမှာတော့ မှုံကြီးဟာ သူပုန်အဖွဲ့တွေ ရှိရာကို ရောက်သွားပါတယ်။ အဖေ့အပေါ်မှာ လက်စားချေဖို့ အကွက် ကောင်းချောင်းနေတဲ့အချိန် "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်"ဖြစ်တာကို

အခွင့်ကောင်းယူပြီး "ဒီသောင်းဟန်ဆိုတဲ့ကောင်ဟာ အစိုးရစစ်တပ်ကို ညှော်ခံကျွေးမွေးပြီး သတင်းပေးလိုက်တာကြောင့် ဒီလိုတိုက်ပွဲဖြစ်ရတာပါ" လို့ ချောက်တွန်းပါတော့တယ်။ အမှန်တကယ်ဆိုရင် ကျွန်တော်တို့ အရပ်ဒေသဟာ အစိုးရစစ်တပ်လာရင် အစိုးရစစ်တပ်ကို ညှော်ခံရပါတယ်။ သူပုန်အဖွဲ့လာရင်လည်း သူတို့ကို ညှော်ခံရတာပါပဲ၊ နီးရာဓားကို ကြောက်နေရတဲ့အချိန်ပါ။ ဒါပေမယ့် အထိနာသွားတဲ့ သူပုန် အဖွဲ့ဟာ ကျားနာတစ်ကောင်လို ဖြစ်နေတဲ့အတွက် မှုကြီးပြောတာကို ယုံပြီး အဖေ့ကို သတ်မလို့ လုပ်ပါတော့တယ်။

ကံအားလျော်စွာပဲ သူပုန်အဖွဲ့ထဲမှာရှိတဲ့ လူတစ်ယောက်ဟာ အဖေ့ကျေးဇူးမကင်းတဲ့ လူတစ်ယောက်ဖြစ်နေပါတယ်။ တစ်နေ့မှာတော့ အဲဒီလူဟာ ကျွန်တော်တို့အိမ်ကို ရောက်လာပါတယ်။ သူကအမေ့ကို "ဒီည ကိုသောင်းဟန်ကို လာသတ်ကြလိမ့်မယ် -- ဒါကြောင့် အိမ်မှာ လည်းမအိပ်နဲ့ -- အင်းထဲမှာလည်း မအိပ်နဲ့ -- တစ်နေရာမှာ ပုန်းပြီး အိပ်ပါ" လို့ ပြောသွားပါတယ်။

ဒီသတင်းကို ကြားတာနဲ့ အမေဟာ ချက်ချင်းပဲ ကျွန်တော့်ကို လက်ဆွဲပြီး အဖေ့အင်းတဲဆီကို ထွက်လာကြပါတယ်။ အစ်ကိုကတော့ အိပ်ပျော်နေပြီဖြစ်လို့ အိမ်မှာပဲထားခဲ့ပါတယ်။

ရွာအပြင်လည်းရောက်ရော အမေဟာ ဘာမပြောညာမပြောနဲ့ ကျွန်တော့်ကိုပွေ့ချီပြီး လမ်းလျှောက်သွားမယ်လုပ်ပါတယ်။ ကျွန်တော် က အမေ့အချီမခံဘဲ ကိုယ်ဖာသာလမ်းလျှောက်သွားမယ်လုပ်တော့ အမေက "သားရယ် ဒီလမ်းမှာ မြွေတွေက အရမ်းပေါတယ် -- အမေ တို့မှာက လက်နှိပ်ဓာတ်မီးလည်းမပါဘူး -- သားက မြွေတွေကို မကြောက်ဖူးလား" ဒီလိုမေးတာနဲ့ ကျွန်တော်လည်း ကြောက်လန့်ပြီး

အမေ့ကျောပေါ်ကနေ ကုန်းပိုးစီးပြီး လိုက်သွားပါတယ်။ အမေဟာ ကိုယ်ဝန်ကြီးကို လွယ်ထားရတာရယ် ကျွန်တော့်ကို ကျောပိုးထားရတာရယ်ဆိုတော့ အတော့်ကို ခက်ခက်ခဲခဲ လမ်းလျှောက်ခဲ့ရပါတယ်။ သားငယ်ကို မွေးအန္တရာယ်ကင်းအောင် ကုန်းပိုးခဲ့တဲ့အမေ့ကို ယနေ့အထိ မျက်စိထဲက မထွက်နိုင်ပါဘူး။

အဖေ့အင်းထဲကိုရောက်တာနဲ့ အဖေ့ကို ချက်ချင်းပုန်းအိပ်ခိုင်းပြီးအမေနဲ့ကျွန်တော် ရွာကိုပြန်ခဲ့ကြပါတယ်။ ရွာထဲရောက်တာနဲ့ စိတ်အေးလက်အေးဖြစ်သွားတဲ့ အမေဟာ သူငယ်ချင်းတစ်ယောက် အိမ်ခဏဝင်ပြီး စကားပြောနေကြပါတယ်။

အဲဒီအချိန်မှာပဲ အဖေ့ကိုသတ်မလို့လာတဲ့ သူပုန်အဖွဲ့ဟာ အဖေ့ကို အင်းထဲမှာ မတွေ့တာနဲ့ အိမ်ကိုလိုက်လာကြပါတယ်။ အိမ်မှာလည်း မတွေ့ရော ဒေါသဖြစ်ပြီး "ဒီမှာကြည့်ကြ။ စစ်တပ်ကို သတင်းပေးတဲ့ကောင် နမူနာအဖြစ်အိမ်ကိုမီးရှို့ပြမယ် -- နောက်ထပ် သတင်းပေးချင်တဲ့ကောင်ရှိရင် မှတ်ထားကြ" ဆိုပြီး အိမ်ကိုမီးရှို့ပါတော့တယ်။ အိမ်ကိုလည်း မီးစွဲရော အိမ်ပေါ်မှာ အိပ်ပျော်နေတဲ့ အစ်ကိုဟာနိုးလာပြီး ကြောက်လန့်တကြားနဲ့ အော်ငိုပါတော့တယ်။ ငယ်သံပါအောင် အော်ဟစ်ပြီး ငိုနေတဲ့အစ်ကို့ရဲ့ အသံဟာ မီးတောက်ထဲကနေ ပေါ်ထွက်နေပါတယ်။ သူပုန်အဖွဲ့နဲ့တကွ ရွာသားတွေအားလုံး ဘာလုပ်ရမှန်းမသိဖြစ်နေပါတယ်။ သားဇောနဲ့ အိမ်ပေါ်ကို တက်မလို့လုပ်နေတဲ့ အမေ့ကိုလည်း "နင်ပါသေသွားလိမ့်မယ်"ဆိုပြီး ဝိုင်းဆွဲထားရပါတယ်။

လူတွေအကုန်လုံး ငေးပြီးကြောင်ကြည့်နေချိန်မှာပဲ ဖြူန်းကနဲဆို တစ်ကိုယ်လုံးရွှံ့ဗွက်တွေ လူးထားတဲ့ လူတစ်ယောက်ဟာ နောက်ဖေးဘက်ကနေ **အိမ်ပေါ်ကို** မရမက တက်နေပါတယ်။

"ဟာ -- ဒီလူတော့ သေတော့မှာပဲ"

လူတွေအားလုံးဝိုင်းပြီး ကြောင်ကြည့်နေချိန်မှာပဲ "အဲဒီလူဟာ အိမ်ပေါ်မီးတောက်တွေကြားက မရမက တက်သွားပါတယ်။ အိမ်ပေါ် ရောက်တာနဲ့ ကလေးကို ရင်ခွင်ထဲထည့် မီးကြားထဲကနေ အတင်း တိုးထွက်လာပါတယ်။ အပြင်လည်းရောက်ရော ကလေးနဲ့လူကြီးပါ မှောက်ရက်သားကြီးလဲကျသွားပါတယ်။ လူတွေသေသေချာချာ ဝိုင်းကြည့် လိုက်တော့ ကျွန်တော်ရဲ့ အဖေဖြစ်နေမှန်းသိလိုက်ရပါတော့တယ်။

အဖေဟာ မီးအပူရှိန်ခံနိုင်အောင်နဲ့ သူ့ကို သူပုန်တွေ မမှတ် မိအောင် သူ့တစ်ကိုယ်လုံးကို ဆံပင်ကနေ ခြေထောက်အထိ ရွှံ့ဗွက် တွေလူးထားပါတယ်။ အဖေဟာ ခန္ဓာကိုယ်အနှံ့အပြားမီးလောင်ခံထားရလို့ အသားတွေ တဆတ်ဆတ်နဲ့ တုန်ခါနေတဲ့ကြားကပဲ သားရဲ့မီးလောင် ခံထားရတဲ့ ဒဏ်ရာတွေနဲ့ ကြောက်လန့်တကြား အော်ငိုနေတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်လွန်းလို့ မျက်ရည်တွေ စီးကျနေပါတယ်။ အဖေဟာ အသားတွေတဆတ်ဆတ်တုန်ခါနေတဲ့ကြားကပဲ လက်ကလည်း ကတုန်ကယင်နဲ့ သားရဲ့မီးလောင်ဒဏ်ရာကို မရဲတရဲ စမ်းကြည့်နေပါတယ်။

ဒီဖြစ်ရပ်ကိုကြောင်ကြီး ရပ်ကြည့်နေမိတာကတော့ အဖေ့ကို သတ်မလို့လာတဲ့ သူပုန်အဖွဲ့ပါပဲ။ သူပုန်အဖွဲ့ဟာ သားအဖနှစ်ယောက် ရဲ့ ဖြစ်အင်ကိုကြည့်ပြီး စိတ်မကောင်းကြီးစွာနဲ့ ကျောက်ရုပ်ကြီးတွေလို ငြိမ်သက်နေကြပါတယ်။ သူတို့အလုပ်ဟာ အဖေ့ကိုသတ်မလို့လာတာ ဆိုတာကိုတောင် မေ့နေကြပုံရပါတယ်။ သားတစ်ယောက်အပေါ်မှာ ထားတဲ့ ဖခင်တစ်ယောက်ရဲ့ ကြီးမားတဲ့မေတ္တာတရားကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတဲ့အတွက် စိတ်ထဲမှာ တုန်လှုပ်ခြောက်ခြားစွာ ခံစား

လိုက်ရပုံပါပဲ။ ဒဏ်ရာတွေနဲ့ သနားစဖွယ်အဖေ့ကို မသတ်ရက်ဘူး ဖြစ်နေကြပါတယ်။ ဖခင်တွေရဲ့ မေတ္တာကို သူတို့ကိုယ်စား ဖော်ပြပေးခဲ့တဲ့အဖေ့ကို သူပုန်ခေါင်းဆောင်က အသိအမှတ်ပြုတဲ့အနေနဲ့ မသတ်ရက်တော့ဘဲ "ကဲ -- လာကြပါကွာ -- ငါတို့ပြန်ကြပါစို့ --" လို့ပြောပြီး တောလမ်းအတိုင်း ခေါင်းငိုက်စိုက်ချကာ အတွေးကိုယ်စီနဲ့ ပြန်သွားကြပါတယ်။

ဒီဖြစ်ရပ်လေးဟာ သားတစ်ယောက်အပေါ်မှာထားတဲ့ ဖခင်ရဲ့ကြီးမားတဲ့ မေတ္တာကြောင့် သားမီးဘေးကလွတ်မြောက်ခဲ့ရသလို၊ အဲဒီသားအပေါ်မှာထားတဲ့ မေတ္တာတရားရဲ့ ရောင်ပြန်ဟပ်မှုကြောင့်ပဲ အဖေဟာလည်း သူပုန်တွေ သတ်မယ့်ဘေးက ချမ်းသာခွင့်ရရှိခဲ့ပါတယ်။

သူပုန်တွေရဲ့ သေနတ်နဲ့ပစ်သတ်ခံရမှာကိုလည်း မကြောက်၊ မီးလောင်ခံရမှာကိုလည်း မကြောက်ဘဲ သားရဲ့အသက်ကို ကယ်တင်ခဲ့တဲ့ (ယခုအခါကွယ်လွန်သွားရှာပြီဖြစ်တဲ့) ဖခင်ကြီး ဦးဟောင်းဟန်ကို တိုင်တည်ပြီး ဒီလိုဆုတောင်းချင်ပါတယ်။

**"တကယ်လို့များ -- ဒီဘဝမှာ ခန္ဓာမပြတ်လို့ နောင်သံသရာမှာ လူပြန်ဖြစ်ခွင့်ရမယ်ဆိုရင်တောင် ဥစ္စာဓနပြည့်စုံကြွယ်ဝလှတဲ့ မိဘရဲ့ဝမ်းထဲမှာ လူမဖြစ်ချင်လှပါဘူး၊ မေတ္တာတရားကြီးမားလွန်းလှတဲ့ အဖေ့ရဲ့ သားတစ်ယောက်အဖြစ်နဲ့သာ ပြန်လည်မွေးဖွားခွင့်ရပါစေလို့။"**

သက်ဝေမောင်

(၅)ကြိမ်မြောက် မန္တလေးအဖေနေ့ဝတ္ထုတိုပြိုင်ပွဲ
(တတိယဆု)




၁.၆.၂၀၀၃ နေ့တွင်ကွယ်လွန်သွားသော ဖခင်ကြီးသို့အမှတ်တရ

နှုတ်ကလည်း

"အဲဒါ ငါ့အဖေကွ။ မှတ်ထားကြ"လို့

ထပ်ဆင့်ပြီး

မိတ်ဆက်ပေးသလိုလို ---

ခြိမ်းခြောက်သလိုလို -- နဲ့

ပြောလိုက်ပါသေးတယ်။

# အဲ့ဒါ . . . ငါ့အဖေကွ

အခန်း ( ၁ )

''အဖေ -- သားကျောင်းမတက်ချင်တော့ဘူး''

''ဟေ -- ဘာဖြစ်လို့လဲကွ''

ကျွန်တော့်ရဲ့ ပြောစကားကြောင့် အဖေဟာ ရုတ်တရက် အံ့အားသင့်သွားပါတယ်။ ကျွန်တော့်ကို သေသေချာချာ စိုက်ကြည့်နေပြီး ကျွန်တော့်ထံက ထွက်ပေါ်လာမယ့် အဖြေစကားကို စောင့်မျှော်နေပါတယ်။

ကျွန်တော်က ဘာမှပြန်မဖြေတဲ့အပြင် စိတ်ညစ်နေတာမို့ နှုတ်ခမ်းစူပြီး ခေါင်းငုံ့ထားလိုက်ပါတယ်။ အဖေဟာ ဆက်မမေးတော့ဘဲ ကျွန်တော့်ကို အကဲခတ်သလိုကြည့်နေပါတယ်။ ကျောင်းမတက်ချင်ရတဲ့ အကြောင်းရင်းကို စဉ်းစားနေပုံပါပဲ။

သူငယ်တန်းကို ကျွန်တော်စတက်တာ သုံးရက်ရှိသွားပါပြီ။ လေးရက်မြောက်ဖြစ်တဲ့ ဒီနေ့မှာ ကျောင်းမတက်ချင်တော့ဘူးလို့ မိုးလင်းလင်းချင်းပဲ အခုလို အသိပေးကြေညာလိုက်တာပါ။

မှန်ပါတယ်။ ကျွန်တော် ကျောင်းကိုလုံးဝမတက်ချင်တော့ပါဘူး။ ကျောင်းစတက်တဲ့ ပထမဆုံးနေ့မှာဆိုရင် ကျောင်းသားတစ်ချို့ဟာ ကျောင်းမတက်ချင်လို့ အမေတွေရဲ့လက်ကို အတင်းဆွဲပြီး ငိုယိုကာ ကျောင်းထဲက ပြန်ထွက်ဖို့ကြိုးစားနေကြပါတယ်။ မိဘတစ်ချို့ကတော့ ကျောင်းသားတွေကို ရိုက်လိုရိုက်၊ ခေါက်လိုခေါက်နဲ့ ကျောင်းထဲကို အတင်းပြန်ဆွဲသွင်းနေတဲ့မြင်ကွင်းဟာ အရုပ်ဆိုးအကျည်းတန်လှပါတယ်။

အဖေက "သားလေး ကျောင်းတက်နော်။ အဖေမုန့်တွေ အများကြီး ဝယ်ပေးလိုက်မယ်။ ညနေကျောင်းဆင်းရင်လည်း အဖေ အစောကြီးလာကြိုနေမယ်နော်" ဆိုတဲ့ ချော့မော့ပြောဆိုသံနဲ့အတူ ကျွန်တော်ဟာ ကျောင်းသားဘဝရဲ့ ပထမဆုံးနေ့ကို ဖြတ်သန်းကျော်လွှားခဲ့ပါတယ်။ အဲဒီနေ့မှာပဲ ကျွန်တော်နဲ့ တစ်ခုံတည်းထိုင်တဲ့ကောင်တွေက ကျွန်တော့်ရဲ့မုန့်တွေကို "ငါတို့လည်း နည်းနည်းကျွေးကွာ" ဆိုပြီး တောင်းစားကြပါတယ်။ သူတို့ရဲ့ အသနားခံတဲ့ မျက်နှာလေးတွေကို အားနာပြီး ကျွန်တော်လည်း ကျွေးလိုက်ပါတယ်။ ကျောင်းသားဘဝရဲ့ ပထမဆုံးနေ့မှာတော့ အပေါင်းအသင်းအသစ်တွေနဲ့ ပျော်စရာကောင်းသလိုလိုပါပဲ။

ဒုတိယနေ့မှာ "မုန့်မကျွေးရင် မင်းကိုမခေါ်ဘူး" ဆိုတဲ့ သူငယ်ချင်းတွေရဲ့ အကျပ်ကိုင်မှုတွေကြောင့် ပါလာတဲ့ မုန့်တွေကို အကုန်နီးပါးကျွေးလိုက်ရပြန်တယ်။ မစားရတဲ့ကောင်တွေရဲ့ ရန်ရှာမှုနဲ့ အတူ ထိုင်ခုံရဲ့အစွန်အဖျားမှာ ပြုတ်ကျလိုက်၊ ပြန်ထိုင်လိုက်နဲ့ ဒုက္ခရောက်ခဲ့ရပါတယ်။

တတိယနေ့မှာလည်း မုန့်မကျွေးလို့ ကျွန်တော့်ကျောကုန်းကို ထုသွားတဲ့ ခပ်ကြီးကြီးကောင်တစ်ကောင်ရဲ့ ဒဏ်ကို အတော်ခံလိုက်ရ

ပါတယ်။ ဒါ့ကြောင့် နောက်နေ့မှာ ကျောင်းတက်ရမှာကို ကျွန်တော် လန့်နေပါပြီ။ ဒါ့ကြောင့်လည်း အဖေ့ကို ကျောင်းမတက်ချင်တော့ဘူးလို့ အခုလိုပြောလိုက်ခြင်းပါ။ တစ်အောင့်လောက်ကြာမှ အဖေက

"ဒီမှာ ငါ့သား -- ဘာဖြစ်လို့ ကျောင်းမတက်ချင်ရတာလဲ။ အဖေ့ကိုပြောစမ်း။ သားလေးကို အနိုင်ကျင့်တဲ့ကောင်တွေရှိတယ် မဟုတ်လား။ အဖေ့ကိုပြော --"

အဖေဟာ သူမွေးထားတဲ့ သားရဲ့စိတ်ကို အချိန်တိုတိုအတွင်းမှာ အတိအကျအကဲခတ်နိုင်စွမ်းရှိတဲ့သူပါ။ ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ကို မကွယ်မဝှက်ဘဲ အဖေ့ကို အားကိုးတကြီးနဲ့ ပြောပြလိုက်ပါတယ်။

အဖေဟာ သေသေချာချာ နားထောင်ပြီးတာနဲ့ ကျွန်တော့်ကို ဘာမှကြောက်ဖို့မလိုကြောင်း၊ စိုးရိမ်နေဖို့မလိုကြောင်းနဲ့ နောက်နေ့တွေမှာ သားနဲ့အတူ အဖေပါကျောင်းလိုက်တက်မှာဖြစ်ကြောင်းကို အားကြိုးမာန်တက်ပြောပြနေပါတယ်။

အခန်း ( ၂ )

နောက်တစ်နေ့မှာတော့ အဖေနဲ့ကျွန်တော်ဟာ ကျောင်းကို ပျော်ရွှင်စွာ ချီတက်ခဲ့ကြပါတယ်။

ကျွန်တော်တက်နေတဲ့ ကျောင်းလေးဟာ ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်အတွင်းက ပန်းခိုင်ဆိုတဲ့ကျေးရွာလေးပါ။ မိုးတွင်းအခါ မှာ ရေမြုပ်နေဘာမို့ သွားစရာ လာစရာရှိရင် လှေကိုပဲ အသုံးပြုရပါတယ်။

ကျောင်းစဖွင့်တဲ့အချိန်ဟာ မိုးတွင်းကာလဖြစ်တာကြောင့် လှေကလေးစီးပြီး အဖေနဲ့ကျွန်တော် ကျောင်းကို လာကြပါတယ်။ ကျောင်းရောက်ခါနီးမှာ အဖေက -

"သားလေး -- ကျောင်းရဲ့ ဒီဘက်ကပ်လျက်အိမ်က အဖေ့သူငယ်ချင်းအိမ်ပဲ။ အဖေ အဲဒီအိမ်မှာ တစ်နေ့လုံးရှိနေမယ်။ သားကို ဗိုလ်ကျတဲ့ကောင်တွေ၊ အနိုင်ကျင့်တဲ့ကောင်တွေရှိရင် အဖေ့ကို လှမ်းပြလိုက်။ အဖေအဲဒီကောင်ကို ဆုံးမမယ် -- ကြားလား"

"ဟုတ်ကဲ့အဖေ"

အဖေ့ရဲ့ အားပေးစကားနဲ့အတူ ကျွန်တော်ဟာ ကျောင်းပေါ်ကို ဝံ့ဝံ့ကြွားကြွားတက်သွားပါတယ်။ ကျောင်းဝင်ပေါက်ဝမှာတွေ့တဲ့ သူငယ်ချင်းတွေကိုလည်း "အဲဒါ ငါ့အဖေကွ၊ ဟိုဖက်အိမ်မှာရှိနေမယ်" လို့ ဘယ်သူကမှမမေးဘဲ ပြောလိုက်ပါတယ်။

အဖေစောင့်နေတဲ့အိမ်လေးဟာ စာသင်ကျောင်းနဲ့ကပ်လျက်ပါ။ ခြံစည်းရိုးမရှိပါဘူး။ ကျောင်းနဲ့အိမ်ဟာ ပေနှစ်ဆယ်လောက်ကွာဝေးပါတယ်။ အဖေဟာ အိမ်ပေါ်ကိုတက်သွားပြီး ဘုရားစင်အောက်ရဲ့ ပြတင်းပေါက်ကနေ ကျွန်တော်ကို လက်ပြနေပါတယ်။

အတန်းထဲရောက်တာနဲ့ ကျွန်တော်လည်း သူငယ်ချင်းတွေကို "ဟေ့ကောင်တွေ၊ ငါနဲ့ခဏလိုက်ခဲ့ကြ" ဆိုပြီးခေါ်လာပါတယ်။ သူငယ်ချင်းတွေက ဘုမသိဘမသိနဲ့ ကျွန်တော်ခေါ်ရာကို လိုက်လာကြပါတယ်။ စာသင်ကျောင်း ပြတင်းပေါက်ကနေ အဖေ့ကိုလှမ်းပြပြီး

"အဲ့ဒါ ငါ့အဖေကွ။ ငါ့ကိုအနိုင်ကျင့်တဲ့ကောင်၊ ဗိုလ်ကျတဲ့ကောင်ရှိရင် လှမ်းတိုင်လိုက်တဲ့။ အဲဒီကောင်ကို အဖေက ထိုးမယ်တဲ့"

ကျွန်တော်ရဲ့ ပြောစကားကြောင့် သူငယ်ချင်းတွေ လန့်သွားကြပါတယ်။ အဖေ့ကို သူငယ်ချင်းတွေအားလုံးက ဝိုင်းကြည့်တဲ့အချိန်မှာ အဖေက လက်သီးကိုဆုပ်ပြီး အားလုံးမြင်အောင် ဟန်ရေးပြလိုက်ပါတယ်။ ကျွန်တော်အလွန်ကျေနပ်သွားပါတယ်။ နူတ်ကလည်း "အဲ့ဒါ

ငါ့အဖေကွ၊ မှတ်ထားကြ''လို့ ထပ်ဆင့်ပြီး မိတ်ဆက်ပေးသလိုလို၊ ခြိမ်းခြောက်သလိုလိုနဲ့ ပြောလိုက်ပါသေးတယ်။

ခဏခဏလည်း အဖေအဲဒီအိမ်မှာရှိသေးရဲ့လားလို့ လှမ်းကြည့်မိပါတယ်။ ကျွန်တော့်ကို အနိုင်ကျင့်မလို အခြေအနေစောင့်ကြည့်နေတဲ့ သူငယ်ချင်းတွေကလည်း မကြာမကြာ အဖေ့ကိုလှမ်းကြည့်ကြပါတယ်။ ဘယ်အချိန်ကြည့်ကြည့် အဖေကတော့ ရှိနေပါတယ်။ အဖေဟာ ထိုင်ပြီးစကားပြောမနေရင်တောင် တုံးလုံးလှဲပြီး အိပ်နေတတ်ပါတယ်။ ကျွန်တော် မှတ်မိသလောက်ဆိုရင် အဖေက အနီရောင်အင်္ကျီကို အမြဲတမ်းလိုလို ဝတ်ဆင်လေ့ရှိပါတယ်။ တစ်ခါတစ်လေ အဖေအိပ်နေတာ ဦးခေါင်းကိုမမြင်ရဘဲ ကိုယ်လုံးကိုပဲ မြင်ရလေ့ရှိပါတယ်။ ဒီနေ့ဒီအချိန် ပြန်စဉ်းစားကြည့်မိတော့မှ အဖေဟာ တစ်နေ့လုံးလိုလို အဲဒီအိမ်မှာ ရှိမနေနိုင်ပါဘူး။ တစ်ခါတစ်ရံ အပြင်သွားမှာပါ။ ဒီအခါ သူအိပ်နေတဲ့ ပုံညွှတာန်ဖန်တီးပြီး ထားခဲ့ပါတယ်။ ကျွန်တော်အပါအဝင် သူငယ်ချင်း အားလုံးက အနီရောင်အင်္ကျီနဲ့အိပ်နေရင် ကျွန်တော့်အဖေလို့ပဲထင်ကြပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်ကို ဘယ်သူမှမစရဲ၊ အနိုင်မကျင့်ရဲပါဘူး။ အကြောင်းမသိသေးတဲ့ သူငယ်ချင်းတွေကိုလည်း ကျောင်းပြတင်းပေါက်နားခေါ်လာပြီး ''အဲဒါ ငါ့အဖေကွ''လို့ ပြောရတာအမောပါပဲ။

ကျောင်းလွှတ်ခါနီး ကမ္ဘာမကြေသီချင်း (နိုင်ငံတော်သီချင်း) သီဆိုနေပြီဆိုရင် အဖေဟာ ကျွန်တော့်ကို ကြိုဖို့လေ့ပေါ်မှာ မတ်တပ်ရပ်ပြီးစောင့်နေပါပြီ။

ကျောင်းမနေချင်တဲ့ ကျွန်တော့်ကို ကျောင်းနေချင်လာအောင်၊ စာသင်ခန်းထဲမှာ ပျော်မွေ့လာအောင် အလုပ်ပျက်အကိုင်ပျက်၊ အချိန်ကုန်ခံပြီး ပေးဆပ်ခဲ့သူဟာ ကျွန်တော့်ရဲ့ ချစ်လှစွာသောအဖေပါ။

"အဲ့ဒါ ငါ့အဖေကွ" လို့သာ ကြွေးကြော်ခွင့်မရခဲ့ရင် ဘယ်အချိန် ဘယ်ကာလမ ကျွန်တော်ကျောင်းကို စတက်ဖြစ်မယ်ဆိုတာ မသိပါဘူး။

အခန်း ( ၃ )

ကျွန်တော့်ကို လုပ်ငန်းခွင်ထဲမှာ ပျော်မွေ့လာအောင် ပြုလုပ်ပေးသူဟာလည်း အဖေပါပဲ။

ကျွန်တော်ဟာ ကုန်သွယ်ရေးဌာနရဲ့ လက်အောက်မှာရှိတဲ့ ခေါက်ဆွဲစက်ရုံတစ်ခုမှာ အလုပ်ရပါတယ်။ ကျွန်တော့်ဘဝမှာ လုပ်ငန်းခွင်ထဲကို ပထမဆုံးစဝင်တဲ့နေ့ဖြစ်ပါတယ်။

အဖေဟာ ကျွန်တော်အလုပ်လုပ်မယ့် ခေါက်ဆွဲစက်ထဲကို လိုက်လာပါတယ်။ မန်နေဂျာထံခွင့်တောင်းပြီး ကျွန်တော်အလုပ်လုပ်နေတဲ့နေရာရဲ့ ထောင့်တစ်ထောင့်က လွတ်နေတဲ့စားပွဲတစ်လုံးမှာ ထိုင်ပါတယ်။ ပြီးတော့ ကျွန်တော်အလုပ်လုပ်နေတဲ့နေရာကို လှမ်းကြည့်နေပါတယ်။

အဖေဟာ မပြေလည်လွန်းလို့သာ ကျွန်တော့်ကို အလုပ်လုပ်ခိုင်းတာပါ။ ကျွန်တော် ပင်ပင်ပန်းပန်းအလုပ်လုပ်နေတာကို မကြည့်ရက်တဲ့အမူအရာကတော့ အဖေ့မျက်နှာမှာ အထင်းသားပေါ်လွင်နေပါတယ်။

လုပ်ငန်းခွင်ထဲမှာရှိတဲ့လူတွေဟာ ထောင့်က စားပွဲမှာထိုင်ပြီး ကြည့်နေတာ ဘယ်သူလဲဆိုတာကိုအစက မသိကြပါဘူး။ ကျွန်တော်ရဲ့ အဖေဖြစ်မှန်းလည်းသိရော ကျွန်တော့်အပေါ် ဆက်ဆံပုံသဘောထားတွေ ပြောင်းလဲလာပါတယ်။ "အလုပ်သမားအသစ်မို့ ပညာပြမယ်" ဆိုတဲ့ စိတ်ထားတွေ ပျောက်ကုန်ပြီး ကျွန်တော့်ကို ချိုချိုသာသာ ဆက်ဆံလာကြတယ်။ သက်သာတဲ့နေရာမှာ လုပ်ခိုင်းလာကြတယ်။

သူ့သားအပေါ်မှာ ဘယ်လိုဆက်ဆံသလဲဆိုတာကို စောင့်ကြည့်

နေတဲ့ အဖေတစ်ယောက်ရဲ့ရှေ့မှာ ဘယ်သူကမှ မညှာမတာပြောဆိုပြီး နိုင်းစေရဲမှာလဲ။ ကျွန်တော့်အဖေက အဲဒီလိုမျိုး ပါးနပ်တာပါ။ အဖေရဲ့ လုပ်ငန်းခွင်ထဲသို့ မကြာမကြာ လာရောက်ကိုယ်ထင်ပြမှုတွေကြောင့် လုပ်ငန်းခွင်ထဲက လူတွေအားလုံး ကျွန်တော့်အပေါ်မှာ ကောင်းကောင်း မွန်မွန်ဆက်ဆံကြပါတယ်။

တစ်နည်းအားဖြင့် "အဲ့ဒါ ငါ့အဖေကွ"လို့ ပြောစရာမလိုအောင် အဖေ့ရဲ့လုပ်ရပ်တွေက ပေါ်လွင်လွန်းလှပါတယ်။ ကျွန်တော့်အတွက် ခွန်အားဖြစ်စေရုံသာမက ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေရဲ့ လေးစားမှုကို ပါ ရစေခဲ့ပါတယ်။

ကလေးဘဝတုန်းက "အဲ့ဒါ ငါ့အဖေကွ"ဆိုတဲ့ စကားလေး တစ်ခွန်းနဲ့အတူ စာသင်ခန်းထဲမှာ အနိုင်ကျင့် မိုလ်ကျတတ်တဲ့ကောင် တွေရဲ့ အန္တရာယ်ကကင်းဝေးပြီး ကျောင်းမှာပျော်မွေ့လာသလို အရွယ် ရောက်ခါစ၊ လုပ်ငန်းခွင်ဝင်ခါစမှာလည်း "အဲ့ဒါ ငါ့အဖေကွ"ဆိုတဲ့ ကိုယ်ထင်ပြမှု အထိမ်းအမှတ်တွေကြောင့် လုပ်ငန်းခွင်ထဲက လူတွေရဲ့ အရေးပေးမှုကိုခံရရုံသာမက ကျွန်တော်ဟာ လုပ်ငန်းခွင်ထဲမှာ ပျော်မွေ့ လာသူတစ်ဦးဖြစ်ခဲ့ရပါတယ်။

ကျွန်တော့်ကို လုပ်ငန်းခွင်ထဲမှာ ပျော်မွေ့လာအောင်၊ စာသင် ခန်းထဲမှာ ပျော်ပိုက်လာအောင်၊ အလုပ်ပျက်၊ အကိုင်ပျက်ခံ၊ ရသမျှ အချိန်ပေးပြီး စောင့်ရှောက်လာခဲ့တဲ့ အဖေ့ကျေးဇူးတွေကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သားပြန်လည်ဆပ်ခွင့်ရပါစေအဖေရယ်။

အခန်း ( ၄ )

အဖေဟာ အသက် (၇၀)အရွယ်မှာ ရုတ်တရက် သွေးအားနည်း ရောဂါဖြစ်ပွားခဲ့ပါတယ်။

အဖေ့ခန္ဓာကိုယ်ထဲမှာ သွေးအသစ် ထပ်မံမထုတ်လုပ်တော့တာမို့ ပြင်ပကသွေးတွေကိုပဲ အဖေ့ခန္ဓာကိုယ်ထဲသွင်းပြီး အသက်ဆက်ရှင်ဖို့ ကြိုးစားနေရပါကာယ်။

မကြာခဏဆိုသလိုပဲ ဆေးရုံဆေးခန်းတွေကို သွားရောက်ပြီး သွေးသွင်းကုသရပါတယ်။ တစ်နေ့မှာတော့ အဖေဟာ ဆီးသွားရာမှာ ဆီးမသွားဘဲ သွေးတွေပဲသွားနေတာမို့ အထူးကုဆေးရုံတစ်ခုကို အရေးပေါ်တက်ရောက်ခဲ့ရတယ်။

အဖေ့ကိုဆေးရုံတင်ပြီး ညှော်သည်ပြန်ချိန် ညနေဘက်ရောက်တော့ အဖေက ကျွန်တော့်ကို –

"သားရော အိမ်ပြန်တော့မလို့လား" လို့ မေးလိုက်ပါတယ်။ အဖေ့မေးခွန်းကို ကျွန်တော်နားလည်လိုက်ပါတယ်။ အဖေက ကျွန်တော့်ကို အိမ်ပြန်မအိပ်စေချင်ဘူး။ သူနဲ့အတူတူ ဆေးရုံမှာ အိပ်စေချင်တယ်ဆိုတာကို သဘောပေါက်လိုက်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က "သား အိမ်ပြန်မအိပ်ပါဘူး။ ဆေးရုံမှာပဲအိပ်မယ်"လို့ အဖေကျေနပ်အောင် ပြောလိုက်ပါတယ်။

အဲဒီညမှာ အစ်ကိုကြီးနဲ့အတူတူ အဖေရဲ့အခန်းထဲမှာပဲ အိပ်ကြပါတယ်။ ညဘက်မှာ ကျွန်တော့်အတွက် အခက်အခဲတစ်ခု ကြုံတွေ့ရပါတယ်။ အဲဒါက ကျွန်တော်ဟာ အဆုတ်မကောင်းတဲ့လူမို့ လေအေးစက်ရှိတဲ့အခန်းမှာ မအိပ်နိုင်ပါဘူး။။ အသက်ရှူရခက်ပါတယ်။ အဖေကလည်း ကိုယ်ပူချိန်မကျတာကြောင့် လေအေးစက်ကိုပိတ်လို့ မဖြစ်ပါဘူး။ ဒါနဲ့ပဲ အဲဒီတစ်ညကို ကြိုးစားပြီး ကျွန်တော်အိပ်ခဲ့ရပါတယ်။

အဖေ့ရောဂါက သက်သာတယ်လည်းမဟုတ်။ ပိုဆိုးတယ်လည်း မဟုတ်ပါဘူး။ ပုံမှန်အတိုင်းပါပဲ။ ခန့်မှန်းရခက်ခဲပါတယ်။

နောက်တစ်နေ့ ညနေလည်းရောက်ရော ကျွန်တော်က အိမ်ပြန်မလို့ ပြင်ဆင်ပါတယ်။ အဖေက "မင်းအိမ်ပြန်မလို့လား။ ဒီမှာ မအိပ်ဘူးလား"လို့ မေးပါတယ်။ ကျွန်တော်က –

"အဖေရာ၊ လေအေးစက်ရှိတဲ့အခန်းမှာ ကျွန်တော်အိပ်လို့မရဘူး။ အသက်ရှူရခက်တယ်။ အဖေ့အတွက် သူနာပြုတွေ၊ ဆရာဝန်တွေနဲ့ အစ်ကိုကြီးပါရှိနေတာပဲ။ ကျွန်တာ် အိမ်ပြန်အိပ်မယ်နော်"လို့ အဖေ့ကို တောင်းပန်သလိုလို၊ အကြောင်းပြချက်ပေးသလိုလိုနဲ့ ကျွန်တော် အိမ်ပြန်အိပ်ပါတယ်။ အဖေကတော့ မျက်နှာမကောင်းလှပါဘူး။

နောက်နေ့တွေမှာလည်း ညဘက်ရောက်ရင် ဆေးရုံမှာမအိပ်ဘဲ အိမ်ပြန်အိပ်တော့တာပဲ။ အဖေက ကျွန်တော့်ကို ဆေးရုံမှာ အိပ်စေချင်တာ အကြောင်းရှိပါတယ်။ အစ်ကိုကြီးဟာ အလွန်အေးပြီး စကားလည်းနည်းပါတယ်။ အရေးဟဲ့အကြောင်းဟဲ့ဆိုရင် အားမကိုးရပါဘူး။ ဆရာဝန်၊ ဆရာမတွေကို သွားခေါ်ရမှာ အလွန်အားနာပါတယ်။ အဖေတစ်ခုခုဖြစ်ရင်တောင် သွားခေါ်ဖို့ တွန့်ဆုတ်နေမှာပါ။ ဒါကို အဖေစဉ်းစားမိပုံရပါတယ်။ ဒါ့ကြောင့်လည်း ပြောရဲဆိုရဲရှိတဲ့ ကျွန်တော့်ကို ဆေးရုံမှာ အိပ်စေချင်တာဖြစ်မှာပါ။ "ကိုယ့်ဝမ်းနာ ကိုယ်သာသိ"ဆိုသလို သူ့ရောဂါအခြေအနေကို သူသာအသိဆုံးဖြစ်မယ်ထင်ပါတယ်။

တစ်ညမှာတော့ အိမ်မှာ ကျွန်တော်အိပ်နေတုန်း "အဖေဆုံးပြီ"ဆိုတဲ့ သတင်းကို ရုတ်တရက် ကြားလိုက်ရပါတယ်။ ကျွန်တော် ခေါင်းထဲမှာ မိုက်ကနဲဖြစ်သွားပါတယ်။ ကျွန်တော် ဘယ်လိုမှ မမျှော်လင့်ထားတာပါ။ ဝမ်းနည်းလွန်းလို့ ကျွန်တော်ဟာ ခြေလှမ်းတောင်မှ အနိုင်နိုင်လှမ်းနေရပါတယ်။

အဖေ့ရဲ့ နောက်ဆုံးအချိန်မှာ အဖေ့ရဲ့နံဘေးမှာ ကျွန်တော်

ဘာလို့ရှိမနေရတာလဲ။ ဆေးရုံမှာ ညဖက်အိပ်ရုံလေးတောင် ကျွန်တော် ဘာလို့ မအိပ်နိုင်ရတာလဲ။ အဖေအားငယ်စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ကျွန်တော် အဖေ့ကို ဘာလို့အားပေးစကားလေးတောင် မပြောပေးနိုင်ရတာလဲ။ အဖေကျေနပ်အောင် ကျွန်တော်ဘာလို့ လုပ်မပေးနိုင်ခဲ့ရတာလဲ။ သားအတွက် အဖေပေးဆပ်ခဲ့ရတဲ့အချိန်တွေနဲ့စာရင် အဖေ့အတွက် သားပေးဆပ်ရတဲ့အချိန်ဟာ ပြောပလောက်အောင် ဘာမှမရှိသေးပါလား အဖေရယ်။

ငယ်ငယ်တုန်းက ကျွန်တော့်အတွက်နဲ့ ကျောင်းရဲ့ နံဘေး ကပ်လျက်အိမ်မှာ အချိန်ပြည့်နီးပါးစောင့်ပေးခဲ့တာတွေ၊ လုပ်ငန်းခွင်ထဲ အထိလိုက်ပါပြီး တစ်နေကုန်စောင့်ပေးခဲ့တာတွေကို သားမှတ်မိနေပါတယ် အဖေရယ်။

အဖေ့အတွက်ကျတော့ အမှန်တကယ် လိုအပ်နေတဲ့အချိန် (ညတာတိုတိုလေး)တောင်မှ ကျွန်တော်က ဘာလို့အိပ်မပေးနိုင်ခဲ့ရတာလဲ။ လေအေးစက်ရှိတဲ့အခန်းထဲ မအိပ်နိုင်ရင်တောင် အခန်းအပြင်ဖက် ထွက်အိပ်ပြီး အဖေအကူအညီလိုတဲ့အချိန်မှာ အဖေ့ဆီ ကျွန်တော်ဘာလို့ အပြေးမသွားနိုင်ခဲ့ရတာလဲ။ အဖေဟာ အသက်ကြီးလို့ အိုမင်းမစွမ်း ဖြစ်နေတဲ့အချိန်၊ ရောဂါဖြစ်လို့ စိတ်ဓာတ်ကျဆင်းနေတဲ့အချိန်မှာ ကျွန်တော်က အဖေ့ရဲ့အနားမှာ ဖေးမပြီး ဘာလို့အကူအညီမပေးနိုင်ခဲ့ ရတာလဲ။ အဖေ့ရဲ့နောက်ဆုံးထွက်သက်လေးမှာတောင် အဖေ့ရဲ့ဘေးနား မှာ ကျွန်တော်ဘာလို့ ရှိမနေရတာလဲ အဖေရယ်။

ကျွန်တော်ဟာ နောင်တတွေနဲ့အတူ ဆောက်တည်ရာမရ လောက်အောင် ယူကြုံးမရဖြစ်ပြီး စိတ်တွေ ပူလောင်နေမိပါတယ်။

အဖေအားကိုးချင်တဲ့အချိန်မှာ ကျွန်တော်က အဝေးမှာ ရောက်

နေပြီး အဖေ့အတွက် ဘာမှမယ်မယ်ရရ မပေးဆပ်ရသေးခင်မှာ "အဖေဆုံးပြီ"ဆိုတဲ့ သတင်းလေးနဲ့ပဲ အဖေနဲ့ကျွန်တော်ဆက်နွယ်မှုက ဒီဘဝမှာ နိဂုံးကမွတ် အဆုံးသတ်လိုက်ရပြီလားအဖေရယ်။

ကျွန်တော့်အတွက် အဖေဟာ အားမာန်အပြည့်နဲ့ "အဲ့ဒါငါ့အဖေကွ"လို့ ဂုဏ်ယူအားတက်စရာဖြစ်ခဲ့ပေမယ့် အဖေ့အတွက်တော့ ကျွန်တော်ဟာ အားငယ်စိတ်ဓာတ်ကျဆင်းစရာ သားတစ်ယောက်ဖြစ်ခဲ့ရပါတယ် အဖေရယ်။

နောက်ဆုံးအနေနဲ့ အဖေ့အတွက် သားတတ်နိုင်တာဆိုလို့ အဖေတစ်ယောက် ကောင်းရာဘုံဘဝရောက်ပါစေလို့ပဲ ဆုတောင်းနိုင်ပါတော့တယ် အဖေရယ်။

"အဖေ ကောင်းရာဘုံဘဝရောက်ပါစေ --"

သက်ဝေမောင်

(၁-၆-၂၀၀၃) ရက်နေ့တွင် ကွယ်လွန်ခဲ့သော ဖခင်ကြီးသို့ အမှတ်တရ



သက်ဝေမောင်

စိမ်းလန်းချမ်းမြေ့စာပေပြိုင်ပွဲ ဝတ္ထုတိုပေါင်းချုပ်(စာမူ)တတိယဆုရ

ကျွန်တော်

ရုတ်တရက်

စဉ်းစားလို့ မရပါဘူး။

နိုင်ဝင်း ဘာကြောင့်

ရေးကြီးသုတ်ပြာနဲ့

ကျောင်းဝင်းရဲ့ အပြင်ဘက်ကို

ထွက်သွားသလဲ ---

ဘာကြောင့်

အခုအချိန်အထိ

ထမင်း လာမစားသေးတာလဲ --။

# ဥယျာဉ်မှူး၏ ပန်းကလေးတစ်ပွင့်

အခန်း ( ၁ )

"ဆရာကြီး ကျွန်တော့်ပိုက်ဆံနှစ်ထောင်ပျောက်သွားတယ်။ ဘယ်သူယူသွားလဲ မသိဘူး။ ရှာပေးပါအုံး ဆရာကြီးရယ်။"

ကျွန်တော်၏ ပဥ္စမတန်းမှ ကောင်းမင်းထက်က သူ့ပိုက်ဆံ ပျောက်သွား၍ ကျွန်တော့်ကို လာတိုင်ပြီးအကူအညီတောင်းခြင်းဖြစ်ပါသည်။ အခန်းထဲတွင် မကြာခဏဤသို့ ပျောက်လေ့ရှိ၏။

"နေစမ်းပါဦး။ မင်းက ပိုက်ဆံနှစ်ထောင်တောင် ပါလာတယ်။ မင်းအမေ မုန့်ဖိုးပေးလိုက်တာလား။"

"မဟုတ်ပါဘူး။ ဆရာကြီး။ ကျွန်တော့်မွေးနေ့မို့ ဦးလေးက လက်ဆောင်ပေးထားတာပါ။ စာအုပ်ကြားထဲညှပ်ထားပြီး ကျွန်တော် အိမ်သာကို ခဏသွားတုန်း။ ပြန်လာတော့ မရှိတော့ဘူး။"

"ဒါဆိုရင် မင်းနဲ့ တစ်ခုံတည်းထိုင်တဲ့ သူတွေကို မင်းကိုယ်တိုင် အရင်ရှာကွာ။"

ကျွန်တော့်ပြောစကားနဲ့အတူ ကောင်းမင်းထက်က သူနဲ့အတူ

ထိုင်တဲ့ ခုံရဲ့ရှေ့တစ်ခုံ၊ နောက်တစ်ခုံကိုရှာစေပါတယ်။ အလားတူပါပဲ။ မတွေ့ပါဘူး။

ကျွန်တော်ရဲ့ယူဆချက်အရ ကောင်းမင်းထက်ရဲ့ ပိုက်ဆံကို ယူတဲ့သူဟာ သူနဲ့အတူတူ ထိုင်တဲ့လူထဲက တစ်ယောက်ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ စာသင်ကျောင်းရဲ့ စည်းကမ်းအရ အပြင်ထွက်ခွင့် (အိမ်သာ)ကို ယောကျ်ားလေးတစ်ယောက်ပဲ ထွက်ရပြီး မိန်းကလေးဆိုရင် နှစ်ယောက်ထွက်ခွင့်ပေးပါတယ်။ ယောကျ်ားတွေ နှစ်ယောက်ထွက်ခွင့်ပေးရင် အပြင်မှာ ဆော့နေတတ်ပြီး မိန်းကလေး ဆိုရင်တော့ အဖော်ရအောင် နှစ်ယောက်ထွက်ခွင့်ပေးခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကောင်းမင်းထက် အိမ်သာကို ခေတ္တသွားချိန်မှာ သူနဲ့တစ်ခုံတည်း အတူတူထိုင်တဲ့လူ သုံးယောက်ကျန်နေခဲ့ပါတယ်။ တစ်ခြားခုံက ကျောင်းသားက လာယူဖို့ဆိုတာ မလွယ်ပါဘူး။

တစ်တန်းလုံးကို မရှာခိုင်းတော့ပါ။ တစ်တန်းလုံးကို ရှာမယ် ဆိုရင် ကျောင်းသားငါးဆယ်နီးပါးရှိတာမို့ စာသင်ချိန် တစ်ချိန် ၄၅ မိနစ် ကုန်သွားပါလိမ့်မယ်။

ဒါကြောင့် ကောင်းမင်းထက်ကို သူ့စိတ်တိုင်းကျ မသင်္ကာတဲ့ လူနဲ့ မသင်္ကာတဲ့ နေရာတွေကိုသာ ရှာခိုင်းပါတယ်။ ထမင်းဘူးတစ်ဘူးရဲ့ အထဲမှာတော့ ကောင်းမင်းထက်ရဲ့ ငွေနှစ်ထောင်ကို တွေ့ပါတော့တယ်။

အခန်း ( ၂ )

"ကောင်းမင်းထက် ပိုက်ဆံနှစ်ထောင်တွေ့တဲ့ ထမင်းဘူးဟာ မင်းရဲ့ ထမင်းဘူးဆို"

"ဟုတ်ပါတယ် ဆရာကြီး။ ဒါပေမယ့် အဲဒီပိုက်ဆံကို ကျွန်တော် မယူပါဘူးတစ်ယောက်ယောက်ကယူပြီးထည့်ထားတာဖြစ်ပါလိမ့်မယ်။"

ကျွန်တော်ရဲ့ အမေးစကားကို သူနဲ့အတူထိုင်တဲ့ နိုင်ဝင်းက ဖြေပါတယ်။

"မင်းထမင်းဘူးထဲမှာ ထမင်းတွေက ဘာကြောင့် မရှိတော့တာလဲ။ နေ့လည်မုန့်စားဆင်းချိန်တောင် မရောက်သေးဘူး။"

"မနက်ကျောင်းမတက်ခင်ကတည်းက ဗိုက်ဆာတာနဲ့ ကျွန်တော် စားလိုက်လို့ပါ။"

"မင်းမှာ မုန့်ဖိုးဘယ်လောက်ပါသလဲ။"

"ကျွန်တော်အိမ်က မုန့်ဖိုးတစ်ခါတစ်လေမှ ပေးပါတယ်။ ဒီနေ့လည်း မပေးပါဘူး။"

ကျွန်တော် ဆက်မမေးတော့ပါဘူး။ နိုင်ဝင်းဟာ ကျွန်တော်နဲ့ တစ်လမ်းတည်းနေပါတယ်။ ၁၀ပေ အိမ်လေးတစ်ခုတည်းမှာ အိမ်ထောင်စု သုံးလေးစုနေထိုင်ကြပါတယ်။ နိုင်ဝင်းအဖေနဲ့ အမေက အမှိုက်ကောက်ပါတယ်။ သားသမီးက ငါးယောက်ရှိပါတယ်။ ဒါကြောင့် မပြေလည်ပါဘူး။

နောက်ဆုံးမှာ ကျွန်တော်လည်း ဒီလိုဆုံးမစကားပြောပြီး ဒီနေ့ သင်ရမယ့် သင်ခန်းစာကို သင်လိုက်ပါတယ်။

"ကဲ -- မောင်ကောင်းမင်းထက်ရေ။ မင်းပိုက်ဆံလည်း ပြန်ရပြီဆိုတော့ ကျေနပ်တော့ကွာ။ မင်းပိုက်ဆံကို နိုင်ဝင်းထမင်းဘူးထဲမှာ တွေ့တာဆိုပေမယ့် နိုင်ဝင်းပြောသလို တစ်ယောက်ယောက် ကလာထည့် ထားတာ ဖြစ်နိုင်တယ်ကွ။ နိုင်ဝင်းယူတာကို တစ်ယောက်မှ မြင်တဲ့လူ ရှိတာမဟုတ်ဘူး။ ဒါကြောင့် သင်ခန်းစာတွေပြီးအောင် ဆက်သင်ကြရအောင်နော်။"

ကျွန်တော်ဟာ အခုဖြစ်ရပ်ကို ဘာမှ သိပ်အရေးမကြီးတဲ့ ဟန်နဲ့ ပြောပြီး စာဆက်သင်လိုက်ပါတယ်။ ဒီလိုမှ မဟုတ်ရင် အတန်းသား

တွေက နိုင်ဝင်းကို သူခိုးဆိုပြီး ဝိုင်းလှောင်ပြောင်နေမှာစိုးတာကြောင့် ဖြစ်ပါတယ်။

အခန်း ( ၃ )

"ကျွန်တော့် မုန့်ထုပ်မရှိတော့ဘူး ဆရာကြီး။"

အတန်းသားတစ်ယောက်က မုန့်စားဆင်းချိန်မှာ ကျွန်တော့်ကို လာတိုင်ပါတယ်။

ကျွန်တော်ဘာမှ မတတ်နိုင်တော့ပါဘူး။ နေ့လည် မုန့်စားဆင်း ချိန်မို့ ထမင်းဘူးတွေ၊ မုန့်တွေယူပြီး ကျောင်းသားတွေ စားနေကြပါပြီ။

ဒီအချိန်မှာ တစ်ခြားအခန်းက ကျောင်းသားတစ်ယောက်က ကျွန်တော့်ကို လာပြောပါတယ်။

"ကျွန်တော် မနက်က အိမ်သာသွားတော့ နိုင်ဝင်းကို အိမ်သာ မှာ မုန့်တွေ ခိုးစားနေတာ တွေ့တယ်ဆရာကြီး။"

ကျွန်တော်နိုင်ဝင်းကို ခေါ်မေးပါတယ်။ နိုင်ဝင်းက ဒီလိုအကြောင်း ပြပါတယ်။

"ကျွန်တော့် မုန့်ပါဆရာကြီး။ ဒီနေ့ထမင်းဘူး မပါလို့ အိမ်က ကျွန်တော့်ကို ထည့်ပေးလိုက်တာပါ။ ဗိုက်ဆာလို့ အိမ်သာသွားရင်နဲ့ ကျွန်တော်စားလိုက်တာပါ ဆရာကြီး။"

နိုင်ဝင်းရဲ့အဖြေက ယုံချင်စရာမဟုတ်ပေမယ့် အကျိုးအကြောင်း ဆီလျော်နေပါတယ်။ မတတ်သာတဲ့အဆုံးမှာ ကျွန်တော်ဟာ ဂကြည့် ခန်းထဲ နိုင်ဝင်းတစ်ယောက်ကို ခေါ်ပြီး ဒီလိုပြောရပါတော့တယ်။

"ဒီမှာသား။ မင်းတို့အိမ်က မိသားစုများတယ်။ အဖေနဲ့အမေ ကလည်း အမှိုက်တွေလိုက်သိမ်းပြီး အဲဒီအထဲက ရောင်းလို့ရတဲ့ ပစ္စည်း တွေစုပြီး ရောင်းရတယ်။ ဒီတော့ ထမင်းချက်တာ အချိန်မမီဘူး။

ထမင်းချိုင့်ကို နောက်ကနေလိုက်ပို့ရတယ်။ တစ်ခါတလေ မုန့်စား ဆင်းချိန်တောင်မမီဘူး။ ဒီတော့ နေ့လည် မုန့်စားဆင်းချိန်ကျရင် ဆရာကြီးဆီကို လာစား။ ဆရာကြီးမင်းကို ထမင်းကျွေးနိုင်အောင် စီစဉ် ပေးမယ်။ မင်းဗိုက်ဆာလို့ သူများဆီက ပိုက်ဆံကို ယူပြီးဝယ်စားတာပဲ ဖြစ်ဖြစ်၊ သူများမုန့်ကို ယူစားတာပဲဖြစ်ဖြစ် လုပ်မိရင် မင်းကို သူငယ်ချင်း တွေက ဘယ်သူမှ အပေါင်းအသင်းလုပ်ချင်မှာမဟုတ်ဘူး။ ဒီတော့ နေ့ခင်းမုန့်စားဆင်းရင် ဆရာကြီးဆီကို နေ့တိုင်းလာခဲ့။ ဟုတ်လား"

"ဟုတ်ကဲ့"

နိုင်ဝင်းဟာ ကျွန်တော်ရဲ့စကားကို မျက်ရည်တွေဝဲရင်း နားထောင်နေပါတယ်။ စကားအဆုံးမှာ သူ့ရဲ့ အခက်အခဲကို လွတ်မြောက် သွားဟန်နဲ့ ဟုတ်ကဲ့ဆိုပြီး ဝမ်းသာအားရ ကတိပေးပါတယ်။

အခန်း ( ၄ )

ကျွန်တော်ရဲ့ လုပ်ရပ်မှန်ကန်တယ်လို့ ဆိုရမယ်ထင်ပါတယ်။ တစ်လကျော်ကြာတဲ့အချိန်အထိ အတန်းထဲက ကျောင်းသားကျောင်းသူ တွေရဲ့ ပိုက်ဆံတွေ၊ မုန့်တွေ မပျောက်တော့ပါဘူး။

ကျွန်တော်ဟာ နေ့စဉ်နေ့တိုင်း နိုင်ဝင်းကို ကျွန်တော်တို့ ဆရာ/ဆရာမတွေ ထမင်းစားလေ့ရှိတဲ့ ဆရာများနားနေခန်းကို ထမင်း ခေါ်ကျွေးလေ့ရှိပါတယ်။ နေ့လည် မုန့်စားဆင်းချိန်ဆိုရင် နိုင်ဝင်းရောက် လာပါပြီ။ ကျွန်တော်လည်း ကျွန်တော့်ထမင်းဘူးထဲက ထမင်းနဲ့ဟင်း နည်းနည်းအပြင် အခြားဆရာမတွေဆီက နည်းနည်းစီ လိုက်တောင်း ပါတယ်။ ပိုင်ရှင်မပေါ်တော့တဲ့ ထမင်းဘူးဟောင်းတစ်ခုကို သေချာ ဆေးကြောပြီး နိုင်ဝင်းကို ကျွေးပါတယ်။ ဆရာမတွေကလည်း တစ်ယောက်တစ်ဇွန်းဆိုသလို ထည့်ပေးကြတာ နိုင်ဝင်းစားလို့တောင်

မကုန်ပါဘူး။ ဒါကြောင့်လည်း ပိုတဲ့ထမင်းကို တစ်ခြားအခန်းက နိုင်ဝင်းလို အခက်အခဲရှိတဲ့ ကျောင်းသားတွေကိုတောင် တစ်ခါတစ်လေ ခေါ်ကျွေးရပါတယ်။

အခန်း ( ၅ )

တစ်နေ့။ ကျွန်တော်စာသင်နေတုန်း နားနေခန်းထဲက ဆရာမတစ်ဦး ကျွန်တော်ကို ဖုန်းလာပေးပါတယ်။ ကျွန်တော့်ဆီကို သူငယ်ချင်းတစ်ယောက်က ဆက်တာပါ။ ဒါနဲ့ကျွန်တော်လည်း ဖုန်းကိုနားထောင်ပြီး ဆရာ့စားပွဲပေါ်ချထားလိုက်ပါတယ်။ မုန့်စားဆင်းချိန် ခေါင်းလောင်းထိုးတော့ ဖုန်းကို ယူဖို့သတိမေ့ပြီး ဆရာများနားနေခန်းကို ပြန်လာခဲ့ပါတယ်။

နိုင်ဝင်းကို ထမင်းကျွေးဖို့ ပြင်ပြီးတဲ့အချိန်မှ ဖုန်းကို သတိရပါတယ်။ ဒါနဲ့ စာသင်ခန်းဆီ ပြန်ပြီး ဖုန်းကို ယူတော့ မရှိတော့ပါဘူး။ ကျောင်းသားတွေ မေးတော့လည်း ဘယ်သူမှ မသိကြပါဘူး။ နိုင်ဝင်းကို ထမင်းလာစားဖို့ပြောတော့ ကျောင်းသားတွေက နိုင်ဝင်းမရှိဘူးတဲ့။ ကျောင်းဆင်းဆင်းချင်း ကျောင်းဝင်းရဲ့ အပြင်ဘက်ကို နိုင်ဝင်းရေးကြီးသုတ်ပြာနဲ့ ထွက်သွားတယ်တဲ့။

ကျွန်တော် ရုတ်တရက်စဉ်းစားလို့မရပါဘူး။ နိုင်ဝင်းဘာကြောင့် ရေးကြီးသုတ်ပြာနဲ့ ကျောင်းဝင်းအပြင်ဘက်ကို ထွက်သွားတာလဲ။ ဘာကြောင့် အခုအချိန်အထိ ထမင်းလာမစားသေးတာလဲ။

ကျွန်တော် စဉ်းစားရင်း သဘောပေါက်လာပါပြီ။ နိုင်ဝင်းဟာ မုန့်စားဆင်းချိန် ထမင်းလာစားရင် ကျွန်တော်ဖုန်းနဲ့ဂိမ်းကစားနေတာ ကို စိတ်ဝင်တစားကြည့်လေ့ရှိပါတယ်။ ခွေးမြီးကောက်ကျည်ထောက်စွပ် ဆိုတာ သိပ်မှန်တာပဲ။ ဘယ်လောက် ကောင်းစေချင်တဲ့ စေတနာနဲ့

လုပ်ပေးလုပ်ပေး အချိန်တန်ရင် ဇာတိကပြလာတယ်။ အခုလည်း နေ့တိုင်း ထမင်းကျွေးနေတဲ့ ဆရာ့မျက်နှာကိုမှ မထောက်။ ဖုန်းကို ယူသွားတယ်။ ပြီးရင်အိမ်ကို ပြန်ထားမယ်။ ကျွန်တော်က မေးရင် ကိစ္စတစ်ခု အရေး ကြီးလို့ အိမ်ကို ခဏပြန်သွားတာလို့ဖြေမယ်။ ကျွန်တော် တော်တော် လေးစိတ်ကုန်သွားပါတယ်။ ဖုန်းကို တစ်ခြားဖုန်းနဲ့ခေါ်ကြည့်တော့လည်း စက်ပိတ်ထားတယ်လို့ အကြောင်းပြန်တယ်။

ဒေါသဖြစ်လွန်းတာနဲ့ နောက်ဆုံးမှာ နိုင်ဝင်းအတွက်ကျွေးဖို့ ချန်ထားတဲ့ ထမင်းဟင်းတွေကို နားနေခန်းရဲ့အပြင်ဖက်မှာရှိတဲ့ ခွေး တစ်ကောင်ကို ပုံကျွေးလိုက်ပါတော့တယ်။

အခန်း ( ၆ )

နေ့လည်ကျောင်းတက်ပြီး ပထမစာသင်ချိန်ကုန်တဲ့ အချိန် လောက်မှာ နိုင်ဝင်းရယ်၊ အသက် ၂၀လောက်ရှိတဲ့ လူငယ်တစ်ယောက် ရယ်၊ လူကြီးတစ်ဦးရယ်၊ ကျောင်းဝင်းထဲကို ဝင်လာကြပါတယ်။

ကေန္တ။ နိုင်ဝင်းဟာ ဖုန်းကိုယူပြီး အိမ်မှာမထားဘဲ သွားရောင်း စားလို့ ဆိုင်ရှင်က မသင်္ကာတာနဲ့ ကျောင်းကို လိုက်လာခဲ့တာဖြစ်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီလူကြီးရဲ့ လက်ထဲမှာ ဖုန်းကို ကိုင်ထားလို့ ဖြစ်ပါတယ်။

ကျွန်တော်လည်း နိုင်ဝင်းကို မျက်နှာချင်းမဆိုင်ချင်ပေမယ့် ကျွန်တော့်ဖုန်းပြန်ပါလာတာကြောင့် ကျောင်းအုပ်ကြီးရုံးခန်းကို သူတို့ ဝင်သွားပြီး မကြာခင်လိုက်သွားပါတယ်။

ကျွန်တော်ဝင်လာတာတွေ့တော့ နိုင်ဝင်းက ကျွန်တော့်ကို ပြုံးပြပါတယ်။ ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး မျက်နှာတင်းတင်း နဲ့ တစ်ဖက်ကိုလှည့်လိုက်ပါတယ်။

ကျောင်းအုပ်ကြီးက ကျွန်တော့်ကို မြင်မြင်ချင်းပြောပါတယ်။

"ဆရာ လာလာ။ ဒီဆရာကြီးက ဆရာ့ကိုတွေ့ချင်လို့တဲ့"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ကျွန်တော်က ရာအိမ်မှူးတစ်ယောက်ပါ ဆရာ။ ကျွန်တော့် လမ်းထဲမှာ ဟောဒီက ဆရာ့တပည့်မောင်နိုင်ဝင်းနဲ့ ဟောဒီက လူငယ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် လုံးထွေးပြီး သတ်ပုတ်နေကြတယ် ဆရာ။ မောင်နိုင်ဝင်းက ငယ်တော့ခံရတာပေါ့ဆရာ။ နှစ်ချက်တောင်မှ အထိုးခံရတယ်။ ဒါနဲ့ ကျွန်တော်လည်း အိမ်ရှေ့ထွက်လာပြီး သူတို့ကို အကြောင်းစုံမေးတော့ မောင်နိုင်ဝင်းက ပြောတယ်။ ဟောဒီက လူငယ်ဟာ ဆရာ့အခန်းထဲက သူ့ညီကို ထမင်းချိုင့်ဝင်ပို့ရင်းနဲ့ ဆရာ့စားပွဲပေါ် ဆရာမေ့ထားခဲ့တဲ့ ဖုန်းကို ယူလာတယ်တဲ့။ အဲဒါကို မောင်နိုင်ဝင်းက ချက်ချင်းနောက်က လိုက်လာပြီး တောင်းတော့ သူ့ဖုန်းလို့ ပြောတယ်တဲ့။ အဲဒီမှာတင် မောင်နိုင်ဝင်းက သူ့ဆရာဖုန်းပြန်ပေးဆိုပြီး အတင်းလုတော့ ရန်ဖြစ်ကြတယ် ဆရာ။ အဲဒါနဲ့ ကျွန်တော်လည်း ဖုန်းကိုသိမ်းပြီး သူတို့ နှစ်ယောက်လုံးကို ဆရာ့ဆီခေါ်လာခဲ့တာပါ။ ဒီဖုန်းဟာ ဆရာ့ဖုန်း ဟုတ်မဟုတ် ကျွန်တော့်ကို ပြောပါဆရာ။"

ရာအိမ်မှူးရဲ့ ပြောစကားအဆုံးမှာ ကျွန်တော်ဟာ အံ့ဩမှင် သက်မိပြီး စကားတောင်မှ ရုတ်တရက်ပြန်မပြောနိုင်အောင် ဖြစ်သွားပါတယ်။ ခဏနေမှ

"ဟုတ် – ဟုတ်ပါတယ် ဆရာ။ ကျွန်တော့်ဖုန်းပါ။ စားပွဲပေါ် မှာ မေ့ပြီးထားခဲ့မိတာပါ။ သတိရလို့လာပြန်ကြည့်တော့ မရှိတော့ပါဘူး။ ဟုတ်ကဲ့ အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဆရာ။"

နိုင်ဝင်းကို ကျွန်တော်ကြည့်လိုက်တော့ အထိုးခံရလို့ထင်ပါရဲ့။

နှုတ်ခမ်းကွဲပြီး သွေးစတွေနဲ့။ ကျွန်တော်လည်း နိုင်ဝင်းကို ကျောင်းကျန်းမာရေး ဆေးသေတ္တာထဲက ဆေးထည့်ပေးပြီး နှုတ်ခမ်းကို ဆေးပလာစတာတစ်ခုကပ်ပေးလိုက်ပါတယ်။

ပြီးတော့လည်း နိုင်ဝင်းကို ဆရာများနားနေခန်းမှာ ခဏစောင့်နေဖို့ပြောပြီး ကျောင်းရှေ့ထမင်းဆိုင်ဆီ နိုင်ဝင်းကိုကျွေးဖို့ ထမင်းနဲ့ဟင်း ကျွန်တော်ကိုယ်တိုင် ထွက်ဝယ်ခဲ့ပါတော့တယ်။

သက်ဝေမောင်

စိမ်းလန်းရွှေပြည် စာပေပြိုင်ပွဲဝတ္ထုတိုပေါင်းချုပ်(စာမူ)
တတိယဆု



စိမ်းလန်းရွှေပြည်စာပေပြိုင်ပွဲ ထွေထွေဝိုဒ်ဆောင်းချုပ်(တရုတ်)တတိယဆုရ

အိမ် --- ကောင်းလိုက်လေ -----။

ဒီလိုလူသားတွေအတွက်

မရှိမဖြစ်

လုပ်ဆောင်ရမယ့် တာဝန်တွေကို

ဆက်လက်ထမ်းဆောင်ဖို့အတွက်

မင်း – လူ့ပြည်ကို

ပြန်လိုက်ဦး

ဟို သုံးယောက်က

ဒီမှာပဲ

နေရစ်ခဲ့ကြပေတော့ ---။

# ဘဝဆက်တိုင်း တောင်းမည့်ဆု

အခန်း ( ၁ )

"မတတ်နိုင်ဘူးတော်ရေ -- မတတ်နိုင်ဘူး၊ ရှင်ပဲ ဒီကျောင်းဆရာအလုပ်ကို လုပ်ချင်လှချည်ရဲ့ဆိုပြီး လုပ်လာခဲ့တာလေ။ ဒီတော့ ဖြစ်လာတဲ့ပြဿနာကိုလည်း ရှင်ပဲရှင်း -- ရှင်ပဲတာဝန်ယူ။"

ဇနီးသည်၏ ပြောစကားကြောင့် ကျွန်တော့်မှာ အောင့်သက်သက်ဖြစ်ရသော်လည်း အမှန်တကယ်တာဝန်ရှိသူမှာ ကျွန်တော်သာလျှင် ဖြစ်၏။ သားဖြစ်သူ ဆယ်တန်းသို့ရောက်လာသော်လည်း ကျွန်တော့်မှာ ယခုအချိန်ထိ ကျူရှင် မထားနိုင်သေး။ ယခုလကုန်တွင်တော့ ထားဖြစ်အောင်ထားပေးရမည်။ သားနှင့်အတန်းတူ သူငယ်ချင်းများမှာ ကျောင်းမဖွင့်မီ နှစ်လအလိုလောက်ကပင် ကျူရှင်တတ်နေကြသော်လည်း ကျွန်တော့်မှာ သားကို ဇွန်လကုန်အထိ မထားနိုင်သေး။ ဇူလိုင်လဆန်းပိုင်းလောက်တွင် မဖြစ်ဖြစ်အောင်ထားနိုင်ရန် စီစဉ်ရမည်။ သားဖြစ်သူမှာ ပညာရေးတွင် မဆိုးလှပါ။ အတန်းတိုင်းတွင် (၁)မှ (၁၀)အတွင်းဝင်၍ နှစ်စဉ်ဆုရသည်။ သြော် - ကျောင်းဆရာဖြစ်ချင်လှသော ကျွန်တော်

၏ ဆုံးဖြတ်ချက်ကပင် မှားလေရော့သလားဟု တစ်ခါတစ်ရံ သံသယဝင် မိတတ်သည်။

အခန်း ( ၂ )

"ရှင့်ညီနဲ့အတူ ဟိုတယ်မှာ အလုပ်ဝင်လုပ်ပါလား။ သူတောင်မှ (၁၀)တန်းမအောင်ဘဲနဲ့ အခုဆိုရင် ကြီးပွားနေပြီ။ နိုင်ငံခြားက ပြန်လာတာ နှစ်ခါတောင်ရှိနေပြီ။ ဘာဖြစ်လို့များ ဒီကျောင်းဆရာအလုပ်ကို လုပ်ချင်ရတာလဲတော်။"

"အိုကွာ -- မင်းကလည်း မြန်မာပြည်မှာ ထမင်းငတ်သေတဲ့သူ မရှိပါဘူးကွ။ ဘယ်လောက်စားရစားရ တစ်ဝမ်းဝရုံပါပဲ။ ရတဲ့လခနဲ့ တို့လင်မယားနှစ်ယောက် စားလောက်ပါတယ်။ ဘာလဲ -- မင်းက သူဌေးကတော်ဖြစ်ချင်လို့လား။"

"အိုတော် -- မဟုတ်ရပါဘူး။ ကျောင်းဆရာဆိုတာက ဘယ်နှယောက်များ အဆင်ပြေကြလို့လဲ။ တစ်ချို့ကဆို ပြောကြသေးတယ်။"

"ဘယ်လိုပြောကြလို့လဲ။"

"ကျောင်းဆရာဆိုတာ ကြီးပွားချင်စိတ်မရှိတဲ့သူတွေမှ လုပ်တာတဲ့။"

"ကဲ -- ကဲ တော်ပါတော့။ မင်းကို ငါတစ်သက်လုံး အငတ်မထားပါဘူး။ သမ္မာအာဇီဝနည်းနဲ့ ရသမျှရှာကြံလုပ်ကျွေးပါ့မယ်လို့ ကတိပေးပါတယ်ကွာ။ ငါ့ဘဝမှာ ငါသိပ်ဖြစ်ချင်လှတဲ့ ကျောင်းဆရာအလုပ်လေးတော့ လုပ်ခွင့်ပေးပါ မိန်းမရယ်။"

"ကဲ -- ဒါဆိုလည်း ရှင့်သဘော၊ ရှင့်သဘော"

ဤနည်းဖြင့် ကျွန်တော့်မှာ ကျောင်းဆရာဖြစ်လာခဲ့ရသည်။

သို့သော် လင်မယားနှစ်ယောက်မှာ သားသမီးမရခင် အချိန်က အတော် အသင့်ပြေလည်ခဲ့သော်လည်း သားလေးမွေးပြီးချိန်မှစ၍ တစ်စထက် တစ်စ လိုငွေပြလာသည်။ ကံအားလျော်စွာ ငါးနှစ်ခန့်ကြာသောအခါ နယ်မှ ကျွန်တော်နေထိုင်ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)သို့ ပြောင်းရွှေ့ခွင့် ရခဲ့၏။ သားဖြစ်သူမှာ အတန်းကြီးလာသည်နှင့်အမျှ စရိတ်ပါကြီးလာ သည်။ ယခုဆိုလျှင် အခြေခံပညာအထက်တန်းအဆင့်တွင် အကုန်အကျ အများဆုံးဖြစ်သော ဆယ်တန်းသို့ပင်ရောက်ရှိလာချေပြီ။ သားကိုကျူရှင် အပ်ရန် ငွေရှာရပေဦးတော့မည်။

အခန်း ( ၃ )

နောက်နေ့ကျောင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပြေလည် သော ဆရာမများထံမှ ငွေချေးရန် စုံစမ်းရတော့သည်။ အချို့ဆရာမ များမှာ ယင်းတို့၏ခင်ပွန်းသည်များ အလုပ်အကိုင်ကောင်းသောကြောင့် မိမိတို့လစာအပြင် သုံးနိုင်စွဲနိုင်ကြသည်။ သူငယ်ချင်းဖြစ်သူ ဆရာမ ဒေါ်သီတာခင်ထံမှ အကြံဉာဏ်တောင်းရသည်။

''ဒီမှာဆရာ၊ ဆရာ့သားက ဆယ်တန်းဆိုတော့ ကျူရှင်လခ က နည်းမှာမဟုတ်ဘူး။ ဒီတစ်လတော့ ကျွန်မချေးလိုက်မယ်။ လကုန် တော့ ပြန်ဆပ်ပေါ့။''

''ကျေးဇူးတင်ပါတယ် ဆရာမရယ်''

''ဒါပေမယ့် ဆရာစဉ်းစားကြည့်။ ဆရာ့သားအတွက် လစဉ် မှန်မှန်ကုန်နေမှာဆိုတော့ ရေရှည်မှာ မလွယ်ဘူး။ ဒီတော့ ကျွန်မအကြံ ပေးမယ်။ ဒီကျောင်းမှာ ဆရာ့ဇနီးကို ချေးရောင်းခိုင်း။ ကျောင်းအုပ် ဆရာမကြီးကို ချေးရောင်းခွင့်ရဖို့တော့ အကူအညီတောင်းရမှာပေါ့။ ဆရာမကြီးက နားလည်မှုရှိတော့ ခွင့်ပြုမှာပါ။ မဟုတ်ဘူးလား။''

"မှန်လိုက်လေ ဆရာမရယ်၊ ဒါမှသာ ကျွန်တော့်သားလေးကို ရေရှည်ကျူရှင်ထားနိုင်မှာပါ။ ဈေးရောင်းဖို့အတွက် မိန်းမနဲ့ တိုင်ပင်လိုက်ဦးမယ်။"

ဤသို့ဖြင့် ကျွန်တော့်မှာ ကျောင်းမုန့်ဈေးတန်းတွင် ဇနီးသည်ကို မုန့်ရောင်းခိုင်းရလေတော့သည်။

အခန်း ( ၄ )

မကြာမီပင် ကျွန်တော့်ဇနီးမှာ ကျောင်းမုန့်ဈေးတန်းတွင် မုန့်ဟင်းခါးရောင်းလေသည်။ သို့သော် ဈေးသည်ဆိုသည်က အခက်သားပင်။ တစ်ခါတစ်ရံ မိုးအလွန်ရွာသောနေ့များတွင် ကျောင်းသားအတော်များများမှာ ကျောင်းမတက်ကြတော့ပါ။ ထိုနေ့များ၌ ကျွန်တော့်ဇနီးရောင်းသော မုန့်ဟင်းခါးမှာ အရင်းပင်မရဘဲ ခွက်ခွက်လန်အောင်ပင်ရှုံး၏။ အကြိမ်အတော်များများ အရင်းပြုတ်ပြီးသောအခါတွင်မှ ကျွန်တော့်မှာ ဈေးရောင်းကောင်းနည်းတစ်ခုကို အမှတ်မထင် တွေ့ရှိခဲ့သည်။ ထိုနည်းကိုမဖော်ပြမီ ဤမူလတန်းကျောင်းတွင် ကျွန်တော့်အနေဖြင့် တာဝန်ထမ်းရပုံကို အနည်းငယ်တင်ပြလိုပါသည်။ သို့မှသာ ကျွန်တော်တွေ့ရှိရသော ဈေးရောင်းကောင်းနည်းအကြောင်းရင်းကို ဆက်စပ်မိမည်ဖြစ်၏။

ကျွန်တော်သည် ဤကျောင်းတွင် တစ်ဦးတည်းသော အမျိုးသား ကျောင်းဆရာဖြစ်သည်။ ကျောင်းအုပ်ဆရာမကြီးအပါအဝင် (၂၆)ဦးခန့်ရှိ၏။ ကျောင်းအုပ်ဆရာမကြီးက အမျိုးသားကျောင်းဆရာကျွန်တော်တစ်ဦးသာရှိသောကြောင့် ဘာသာရပ်ဆရာအဖြစ်သာ သင်စေပြီး ကျောင်းသားအားကစားကိစ္စများတွင် ကျွန်တော့်ကို တာဝန်ပေးလေ့ရှိသည်။ ကျောင်းရှိဆရာမများမှာ ကျောင်းသားများဘောလုံးကန်ခြင်း၊

ကျောင်းသူများထုပ်ဆီးတိုးခြင်းစသော ကစားနည်းများတွင် မကြီးကြပ်နိုင်ကြပါ။ ဆရာမများမှာ စာသင်ရသည်ကတစ်ကြောင်း၊ လေ့ကျင့်ခန်းစစ်ရ၊ အခြားသော ကျောင်းလုပ်ငန်းများလုပ်ရသည်တစ်ကြောင်းတို့ကြောင့် မအားလပ်ကြပါ။ ကျွန်တော်သာလျှင်ကျောင်းသားများ ကစားကြရာ၌ ရန်မဖြစ်အောင်ထိန်းသိမ်းရသည်။ အဆင်ပြေအောင်စီမံရသည်။ ကျွန်တော်မအားလပ်သောနေ့များတွင် ဘောလုံးကန်ရာ၌ ဒိုင်လူကြီးလုပ်မည့်သူမရှိခြင်း၊ ထုပ်ဆီးတိုးရာ၌ အဆုံးအဖြတ်ပေးမည့်သူမရှိခြင်းတို့ကြောင့် ကျောင်းသားများမှာ အခက်အခဲတွေ့ပြီး ကောင်းမွန်စွာ မကစားနိုင်ကြပါ။

အကူအညီပေးမည့် ကျွန်တော့်ကိုသာလျှင် မျှော်နေတတ်ကြသည်။ ထို့ကြောင့် ရင်းနှီးသော ဆရာမများက ကျွန်တော့်ကို ကျောင်းသားကျောင်းသူများ၏ "အားကစားဝန်ကြီး"ဟု တစ်ခါတစ်ရံနောက်ပြောင်ခေါ်ဆိုကြပါသည်။ အားကစားဝါသနာမပါသောကျောင်းသားကလည်း အလွန်ရှား၏။ တစ်ကျောင်းလုံးရှိ ကျောင်းသားတိုင်းပင် ကျွန်တော့်ကိုချစ်ခင်ကြ၏။ သူတို့၏ ကစားပွဲများကိုဖြစ်မြောက်အောင် စေတနာဖြင့်ဆောင်ရွက်ပေးသကဲ့သို့ ကျွန်တော်၏ အခက်အခဲကိုလည်း သူတို့က အပြန်အလှန်ကူညီကြဖူး၏။ စေတနာရောင်ပြန်ဟပ်သည်ဟုပင် ဆိုရပါမည်။

အထက်တွင်ဖော်ပြသကဲ့သို့ မိုးအလွန်ရွာသောနေ့များတွင် မုန့်ဟင်းခါးရောင်းမကုန်၍ အရင်းပြုတ်တော့မည့်အချိန်သို့ရောက်လျှင် ကျွန်တော်သည် ဖနီးရှိရာ မုန့်ဈေးတန်းသို့သွား၏။ ဖော်ပြခဲ့သော ဈေးရောင်းကောင်းနည်းကို သုံးရတော့သည်။ ထိုနည်းမှာ –

"ကဲ –– တပည့်တို့ရေ၊ ဆရာကြီးတော့ **ဈေးရောင်းမကောင်း**

လို့ အရင်းပြုတ်တော့မယ်။ တတ်နိုင်ရင် ဆရာကြီးကို အားပေးကြပါဦး ဟော့။''

ဟုအော်လိုက်သည်နှင့် ကျောင်းသားများအဆင်ပြေစွာ ကစား နိုင်ရေးအတွက် ကျွန်တော်ကူညီခဲ့သလို ကျွန်တော်၏ မိသားစု စားဝတ် နေရေးအဆင်ပြေရန်အတွက် ကူညီသည့်အနေဖြင့် မုန့်ဟင်းခါးကို ဝယ် စားလိုက်ကြသည်မှာ တစ်ခဏအတွင်းကုန်သွားလေ၏။ ထို ''ဆရာကြီး ကို အားပေးကြပါဦး''ဟူသော စကားလေးမှာ ကျွန်တော်၏ ဈေးရောင်း ကောင်းနည်းပင်ဖြစ်သည်။ ဩော် – မေတ္တာဆိုသည်မှာ အလျား အနံ မရှိသော်လည်း အသွားအပြန်ရှိပါ၏တကား။

အခန်း ( ၅ )

ကျောင်းမုန့်ဈေးတန်းတွင် တစ်ခါတစ်ရံ၌ ပြဿနာကြုံရလေ့ ရှိသည်။ ထိုပြဿနာကား ဈေးသည်များနှင့် ကျောင်းသားများအကြား တွင်ဖြစ်၏။ မုန့်ဖိုးငွေကို ကျောင်းသားကပေးပြီးပြီဟုပြော၍ ဈေးသည် များက မပေးရသေးဘူးဟု အငြင်းအခုံဖြစ်ပွားတတ်ခြင်းဖြစ်သည်။ ထိုအခါများတွင် ကျွန်တော့်မှာ ဇနီးသည်နှင့်အတူ ဈေးသည်များကို ရှင်းပြရ၏။

''ကျောင်းသားတွေက ကလေးငယ်လေးတွေပါဗျာ။ အများအား ဖြင့် လူကြီးတွေကို မလိမ်ညာရဲပါဘူး။ ကလေးတွေဆိုတော့ မုန့်စားချင် ဇောနဲ့ ပိုက်ဆံကို အတင်းထိုးပေးတတ်ကြတယ်။ တစ်ခါတစ်လေ မပြော မဆိုဘဲနဲ့တောင် ပိုက်ဆံခွက်ထဲကို အတင်းပစ်ထည့်ပြီး မုန့်ဝယ်စားတာ တောင်ရှိတယ်။ ဈေးရောင်းတဲ့လူက တစ်ယောက်တည်းနဲ့ လူအများပေါ် အာရုံစိုက်နေရတော့ ဈေးရောင်းတဲ့လူပဲ မှားဖို့များပါတယ်။ မသက်သာဘူး ထင်ရင် ဒီအငြင်းအခုံဖြစ်တဲ့ကလေးကို နောက်တစ်ခါဆိုရင် ငါသတိထား

မှာနော်ဆိုပြီး ပိုက်ဆံကိုထပ်မတောင်းဘဲ မုန့်ကိုသာပေးလိုက်ကြပါဗျာ။ လူကြီးတွေပြောသလို မလှူတတ် ဈေးရောင်းပေါ့။ ကျွန်တော်တို့ မိသားစုတွေရဲ့ စားဝတ်နေရေးဟာ ဒီမုန့်ဝယ်စားနေတဲ့ကလေးတွေ အပေါ်မှာပဲ မူတည်နေတာမို့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တွေဆိုလည်း မမှားပါဘူး။ ဒါကြောင့် အလှူသာပေးလိုက်ကြပါဗျာ။''

ဤနည်းဖြင့် ကျောင်းမုန့်ဈေးတန်းရှိပြဿနာမှာ ပြေလည်သွားသည်။ သို့သော် မပြေလည်သည်မှာကား ကျွန်တော့်မိသားစုအရေးပင်ဖြစ်သည်။ ဇနီးသည်မှာ နေမကောင်းဖြစ်နေသဖြင့် နံနက်စောစော မုန့်ဟင်းခါး ထမချက်နိုင်သည်မှာ ကြာလေပြီ။ မုန့်ဟင်းခါးချက်ရသည်မှာ အလွန်အလုပ်ရှုပ်သည်ကတစ်ကြောင်း၊ မိုးအလွန်ရွာသောနေ့များတွင် ရောင်းမကုန်၍ အရင်းပြုတ်လုဆဲဆဲဖြစ်တတ်သည်ကတစ်ကြောင်း တို့ကြောင့် မုန့်ဟင်းခါးမရောင်းဖြစ်တော့ချေ။ ထိုအခါ သားတော်မောင်၏ ကုန်ကျစရိတ်၊ ဇနီးသည် ဆေးဖိုးဝါးခစရိတ်အတွက် များစွာပင် အခက်အခဲဖြစ်လျက်ရှိသည်။ ထို့ကြောင့် ချေးငှားနေကြ ဆရာမဒေါ်သီတာခင် ထံမှပင် အကူအညီတောင်းရပြန်၏။ ဆရာမဒေါ်သီတာခင်က –

''ဆရာရေ –– မုန့်ဈေးတန်းမှာ ဆရာ့ဇနီးဈေးမရောင်းနိုင်ရင် ဆရာကိုယ်တိုင်ရောင်းပါလား။''

''ဟာ –– ကျွန်တော်မှ မုန့်ဟင်းခါးမချက်တတ်တာ။''

''ဒါဆိုရင် တစ်ခြားမုန့်တစ်မျိုးမျိုးရောင်းပေါ့။''

''ဘယ်လိုမုန့်ကိုရောင်းရမှာလဲ။''

''ကိုယ်တိုင်လည်းမလုပ်ရဘူး။ ရောင်းမကုန်လည်း အရင်းမရှုံးဘူး။ စာကလေးခွေတို့၊ မုန့်ခြောက်တို့ ရောင်းပါလား။ စာကလေးခွေကြော်တဲ့မုန့်ဖို့ (၁၀၆)ရပ်ကွက်က လယ်ကွင်းထဲမှာရှိတယ်လို့

ကြားတယ်။ ဆရာညနေကျောင်းဆင်းချိန် စက်ဘီးနဲ့သွားယူထားပြီး မနက်ဖက် ကျောင်းမှာရောင်းရင်အဆင်ပြေမယ်ထင်တယ်။ ရောင်းမကုန်လည်း နောက်နေ့ရောင်းလို့ရတာပဲ။''

''ကောင်းသားပဲ ဆရာမရယ်။''

အခန်း ( ၆ )

ကျွန်တော့်မှာ ကျောင်းမုန့်ဈေးတန်းတွင် မုန့်ရောင်းနိုင်ရန်အတွက် ကျွန်တော်နေထိုင်ရာ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မှ အကြော်ဖိုရှိရာ (၁၀၆)ရပ်ကွက်သို့ ညနေကျောင်းဆင်းသည်နှင့် စက်ဘီးဖြင့် သွားရသည်။ စာကလေးခွေစသောအကြော်မျိုးစုံကို စက်ဘီး၏ နောက်ပိုင်းခြင်းကြီးတစ်လုံးထဲတွင်ထည့်၍ သေချာစွာကြိုးတုပ်ပြီးနင်းရ၏။ တစ်ခါတစ်ရံတွင် (၅၆)ရပ်ကွက်လမ်းဆုံနှင့် (၇၀)ဈေးလမ်းဆုံတို့၌ ကားများ၊ လူများဖြင့် ရှုပ်ထွေးနေ၍ ကျွန်တော့်မှာ စက်ဘီးကို မနည်းသတိထားနင်းရ၏။

တစ်နေ့ --၊ ထိုတစ်နေ့သည် ကျွန်တော့်ဘဝအတွက် အမှတ်တရဖြစ်စေသောနေ့ပင်ဖြစ်သည်။ မိုးမှာအဆက်မပြတ်ရွာသွန်းလျက်။ လေကလည်းထန်၊ မိုးကလည်း သည်းသည်းမဲမဲရွာနေသဖြင့် ကျွန်တော့်မှာ စက်ဘီးကိုအားစိုက်ပြီးနင်းနေရ၏။ စက်ဘီးနောက်ရှိ မုန့်ထည့်ထားသော ခြင်းကြီးမှာ ပြင်းထန်သောလေ၏ တစ်ချက်တစ်ချက်တွင် ဆောင့်တွန်းလိုက်သလိုဖြစ်သွားသောကြောင့် စက်ဘီးလဲမသွားစေရန် အလွန်ပင်သတိထားနေရသည်။ တိုက်ခတ်သောလေ၏ အဟုန်နှင့်အတူ မိုးစက်များက ကျွန်တော်၏မျက်နှာကို တရစပ်လာရောက်ပက်ဖျန်းလျက်ရှိ သည်။ ရှေ့မှမြင်ကွင်းများက မသဲကွဲ။ နောက်မှ ကျော်တက်လိုသော ကားသံများကိုလည်း မကြားရ။ ထိုစဉ် -- ကျွန်တော် စက်ဘီးနားသို့ ကပ်လိုက်

လာသည့် အရိပ်မည်းမည်းကြီးမှာ စက်ဘီးနှင့်နီးသထက်နီးလာပြီး စက်ဘီးနှင့်အတူ ကျွန်တော့်မှာ လမ်းဘေးသို့ထိုးကျသွားပါတော့သည်။

အခန်း ( ၇ )

ကျွန်တော်သည် ကျောင်းနေဖက်သူငယ်ချင်းသုံးယောက်နှင့်အတူ ယမမင်းထံသို့ ရောက်ရှိနေသည်။ သူငယ်ချင်းသုံးယောက်မှာ လူဇော်၊ သာကျော်နှင့် မြတ်ထွန်းတို့ဖြစ်၏။ ကျွန်တော်က သူငယ်ချင်းများတွေ့၍ ဝမ်းသာအားရခေါ်မည်ပြုသော်လည်း သူတို့က ကျွန်တော့်ကို မတူမတန်သလို မသိချင်ယောင်ဆောင်နေကြသည်။

ကျောင်းသားဘဝတုန်းက သူတို့သုံးဦးမှာ ကျွန်တော့်အိမ်တွင် စားအိမ်သောက်အိမ်ဖြစ်ခဲ့သည်။ ထိုအချိန်က ကျွန်တော်တို့မိသားစုမှာ အတော်အသင့်ပြေလည်သောကြောင့် အိမ်သို့လာလည်သော ညှော်သည် မှန်သမျှညှော်ဝတ်ကျေသည်။ အကူအညီပေးသည်။ အထူးသဖြင့် ကျွန်တော်၏သူငယ်ချင်းများဆိုလျှင် မျက်နှာသာပို၍ပေးသည်။ အိမ်မှာ ပင်စုပေါင်းညအိပ်၍ စာကျက်ခွင့်ပြုသည်။ သူတို့အိမ်များကလည်း ကြည်ကြည်ဖြူဖြူပင်လိုက်လျောကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း သူငယ်ချင်းများအားလုံး အောင်မြင်ကြသည်။

ဘွဲ့ရ၍ လုပ်ငန်းခွင်ထဲကိုဝင်မည်ပြုသောအခါ ကျောင်းဆရာလုပ်မည့်ကျွန်တော့်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြသည်။ အိမ်ထောင်ဦးစီးဖြစ်သူအမျိုးသားများနှင့် မသင့်လျော်ကြောင်း၊ အမျိုးသမီးများသာလျှင် လုပ်ကိုင်သင့်ကြောင်း၊ ဝင်ငွေမှာလည်း မက်မောစရာမရှိကြောင်း၊ ကျောင်းဆရာအလုပ်ကို ဝင်ရောက်လုပ်ကိုင်နေသူအချို့ပင် မှားမှန်းသိ၍ ပင်စင်ယူသည်အထိ မလုပ်ကိုင်ကြဘဲ အခြားစီးပွားရေးလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်သွားကြကြောင်း စသည်ဖြင့် ကျွန်တော်ကို နားချကြ

၏။ ကျွန်တော်ကလည်း အားကျမခံ။ ဆရာအလုပ်သည် မကြီးပွားသည်မှာ မှန်ကန်ကြောင်း၊ သို့သော် လောက၌ လူတိုင်းလိုလိုပင် မည်ကဲ့သို့ ကြိုးစားလုပ်ကိုင်ကြသော်လည်း ချမ်းသာမည်၊ ဆင်းရဲမည်ကို ပုံသေကားချမပြောဆိုနိုင်ကြောင်း၊ မည်သည့်အလုပ်ပင်ဖြစ်စေ၊ ပုထုဇဉ်လူသားများဖြစ်၍ အမှားကင်းနိုင်မည်မဟုတ်ကြောင်း၊ သို့သော် ကျောင်းဆရာအလုပ်ဆိုသည်မှာ တစ်ခုတော့ဖြင့် သေချာပေါက်ပြောနိုင်ကြောင်း၊ ဤသည်မှာ ကျန်သောအလုပ်များထက်စာလျှင် အမှားနည်း၍ အကုသိုလ်ပါးသောအလုပ်ဖြစ်ပြီး ဘုရားနှင့်ပင် တစ်ဂိုဏ်းတည်းထားကြောင်း စသည်ဖြင့် ကျွန်တော်ကကြီးကြီးကျယ်ကျယ်ပြောလိုက်သောအခါ သူငယ်ချင်းအားလုံးပင် နှာခေါင်းရှုံ့ကာ လက်လျှော့သွားကြလေ၏။

သို့ဖြင့်ကျွန်တော့်မှာ သူငယ်ချင်းများအထင်မကြီးသော ကျောင်းဆရာဘဝသို့ရောက်ခဲ့သည်။ သူတို့အထင်မကြီးသည့်အတိုင်းပင် ကျွန်တော့်မှာ စားဝတ်နေရေးကိုပြေလည်အောင် အတော်ရုန်းကန်နေရ၏။ သူတို့က အိမ်ကြီးအိမ်ကောင်းများအပြင် နောက်ဆုံးပေါ် ကားသစ်ကြီးများဖြင့်။ ကျွန်တော့်မှာ အဖေဝယ်ပေးထားခဲ့သည့် မြေကွက်လေးတစ်ကွက်နှင့် စက်ဘီးတစ်စီးမျှသာ။ သူငယ်ချင်းများနှင့် တစ်နေ့ထက်တစ်နေ့ အနေဝေးလာရုံမက ဘဝချင်းပါခြားနားလျက်ရှိသည်။ သြော်–ယခုတော့ဖြင့် သူတို့နှင့်အတူ ယမမင်းထံရောက်ရှိလာခဲ့ပြီ။

အခန်း ( ၈ )

ကျွန်တော်၏သူငယ်ချင်းသုံးဦးစလုံးပင် အဝတ်အစားကသစ်သစ်လွင်လွင်နှင့် စတိုင်ကျလျက်ရှိသည်။ ကျွန်တော့်မှာကား အဖြူရောင်ဟုဆိုသော်လည်း ဝါကြန့်ကြန့်ဖြစ်နေသည့်အင်္ကျီကိုဝတ်ထား၏။ သူတို့လက်ထဲတွင် ပိုက်ဆံထည့်သော အိတ်အကောင်းစားများကိုင်ထား

ပြီး ဖုန်းကိုခါးတွင်ချိတ်လျက်၊ ကျွန်တော်ကလက်ဗလာ။ သူတို့ကမခေါ် ချင်မှတော့ နေပစေပေါ့။ ကျွန်တော်ကလည်းကျောင်းဆရာ၊ သူတို့ထက် တောင် တပည့်တွေများသေး -- ။

ထိုစဉ် ယမမင်းကြီး၏ တပည့်နှစ်ဦးက လူဖော်ကိုလာခေါ်သွား၏။ ယမမင်းက သူ့ကိုမေးခွန်းများမေးနေသည်။ လူဖော်ကပြန်ဖြေသည်။ မည်သည့်မေးခွန်းမေး၍ မည်သည့်အဖြေ ဖြေကြမှန်းမကြားရ။ သို့သော် လူဖော့်အကြောင်း ကျွန်တော်ကောင်းကောင်းသိသည်။ လူ့ပြည်မှာတုန်းက ဆောက်လုပ်ရေးလုပ်ငန်းများဖြင့် အကြီးအကျယ်ချမ်းသာနေသူဖြစ်၏။ သူဆောက်လုပ်ခဲ့သော တိုက်ခန်းတစ်ခုမှာ ဆောက်လုပ်ပြီး မကြာမီအချိန်အတွင်း ပြိုကျသွား၍ အတော်ပင်ဖြေရှင်းလိုက်ရသေးသည်။

မိနစ်အတော်ကြာမေးပြီးသောအခါ သာကျော်အလှည့်ရောက်လာသည်။ သာကျော်အလှည့်တွင်လည်း မည်သည့်မေးခွန်းမေး၍ မည်သည့် အဖြေ ဖြေကြမှန်းမသိကြ။ သာကျော်မှာလည်း လူ့ပြည်တုန်းက နာမည်ဆိုးဖြင့် ကျော်ကြားသော တရားသူကြီးဖြစ်၏။ အသိမိတ်ဆွေတစ်ယောက်အမှုဖြစ်၍ အမှုတွင်နိုင်ပါသော်လည်း စည်းစိမ်ဥစ္စာများ အတော်ပင်လျော့နည်းသွားကြောင်း သိလိုက်ရသည်။

သူငယ်ချင်း သာကျော်ပြီးသောအခါ မြတ်ထွန်းအလှည့်ရောက်လာသည်။ မြတ်ထွန်းက လုပ်ငန်းရှင်ကြီးတစ်ဦး။ လူ့ပြည်မှာတုန်းက သိန်းပေါင်းရာထောင်ချီ၍ လှူဒါန်းခဲ့သူဖြစ်၏။ သို့သော် သူ၏စက်ရုံမှ အလုပ်သမားများ လစာနည်းပါးလွန်း၍ ဆန္ဒပြကြသောကြောင့် အတော်ပင်ဆွေးနွေးညှိနှိုင်းလိုက်ရသေး၏။ ဟော -- ကျွန်တော်အလှည့်ရောက်ချေပြီ။

အခန်း ( ၉ )

"ကဲ၊ မောင်မင်း –– လူ့ပြည်တုန်းက ဘာအလုပ်လုပ်ခဲ့သလဲ"

"မှန်လှပါ၊ လူသားဥယျာဉ်မှူးတစ်ယောက်ပါ ယမမင်း"

"ဘယ်လို လူသားဥယျာဉ်မှူးလည်း ရှင်းစမ်းပါဦး"

"မှန်လှပါ၊ ကျွန်တော်ဟာ နှလုံးသားမရှိ၊ ခံစားချက်မသိတဲ့ သက်မဲ့ပန်းကလေးတွေကို ပြုစုပျိုးထောင်ပေးရတဲ့ ရိုးရိုးသာမန်ဥယျာဉ်မှူးတစ်ယောက်တော့ မဟုတ်ပါဘူးဘုရား။ နှလုံးသားရှိပြီး ခံစားချက်သိတဲ့ သက်ရှိကျောင်းသားလေးတွေရဲ့ စိတ်ဓာတ်အညွှန့်အဖူးလေးတွေကို မထိခိုက်၊ မပွန်းပဲ့ရလေအောင် ဂရုတစိုက် ခက်ခက်ခဲခဲနဲ့ ပြုစုပျိုးထောင်ပေးရတဲ့ အမြင့်မြတ်ဆုံး လူသားဥယျာဉ်မှူးတစ်ယောက်ပါဘုရား။"

"နောက်ထပ်ရော ဘာလုပ်သေးသလဲ။"

"မှန်လှပါ ဗိသုကာပညာရှင်တစ်ယောက်လည်းဖြစ်ပါတယ်ဘုရား"

"ဘယ်လိုဗိသုကာပညာရှင်မျိုးလဲ။"

"မှန်လှပါ၊ အိုးအိမ်တိုက်တာ၊ လမ်းတံတားတွေကို သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့အညီ ပုံစံတူဆောက်လုပ်ပေးရတဲ့ ရိုးရိုးသာမန်ဗိသုကာပညာရှင်တစ်ယောက်တော့ မဟုတ်ပါဘူးဘုရား။ ငြိမ်းချမ်းသာယာလှပတဲ့ အနာဂတ်လူ့ဘောင်သစ်ပေါ်ထွန်းလာရေးအတွက် ကာယ၊ ဉာဏ၊ စာရိတ္တအုတ်မြစ်တွေ ခိုင်မာသန့်ရှင်းလာအောင် ကြိုတင်ပန္နက်ချပြီး တာဝန်ယူတည်ဆောက်ပေးရတဲ့ အကြီးကျယ်ဆုံး ဗိသုကာပညာရှင်တစ်ယောက်ပါဘုရား။"

"နောက်ထပ်ရော ဘာလုပ်သေးသလဲ။"

"မှန်လှပါ၊ အနုပညာရှင်တစ်ယောက်လည်းဖြစ်ပါတယ်ဘုရား။ ဒါပေမယ့် ဇာတ်ကောင်တွေရဲ့စရိုက်အတိုင်း သရုပ်ဖော်တင်ဆင်ရတဲ့၊ စည်းကိုက်ဝါးကိုက် တီးခတ်ကပြရတဲ့၊ ထုလုပ်လိုတဲ့ ရုပ်လုံးပေါ်လာအောင် ထုလုပ်ရတဲ့၊ ရိုးရိုးသာမန်အနုပညာရှင်တစ်ယောက်တော့ မဟုတ်ပါဘူး ဘုရား။ အရုပ်ဆိုး အကျည်းတန်နေတဲ့ စာရိတ္တတွေ ခိုင်မာသန့်ရှင်း လှပလာအောင်၊ ကြမ်းတမ်းခက်တရော်နေတဲ့ စိတ်ဓာတ်အညွှန့်အဖူးလေး တွေကို နူးညံ့သိမ်မွေ့လာအောင်၊ မပီပြင်မှုန်ဝါးနေတဲ့ ဘာသာရပ်တွေ ကို ပီသထင်ရှားလာအောင်၊ ကြိုတင်ဇာတ်ညွှန်းရေးသားထားခြင်းမရှိတဲ့ ကလေးငယ်တွေကို ယုယညင်သာစွာနဲ့ ကိုင်တွယ်ပြီး သူတို့နဲ့ သင့်တော် လိုက်ဖက်မယ့် ဘဝသရုပ်ကို ရိုက်ကူးပုံဖော်ပေးရတဲ့ အနူးညံ့ဆုံးအနု ပညာရှင်တစ်ယောက်ပါဘုရား။"

"တစ်ခြားရော ဘာလုပ်သေးလဲ။"

"မှန်လှပါ။ အလုပ်သမားတစ်ယောက်လည်းဖြစ်ပါတယ်ဘုရား။ ဒါပေမယ့် ပုံမှန်အလုပ်ချိန်အတွင်း ပုံမှန်အလုပ်များကိုသာ လုပ်ဆောင် နေရတဲ့ ရိုးရိုးသာမန်အလုပ်သမားတစ်ယောက်တော့ မဟုတ်ပါဘုရား။ ကျောင်းစတက်ချိန်ကနေ ကျောင်းလွှတ်တဲ့အချိန်အထိ အာရုံငါးပါးစလုံး ကို မနားတမ်း အသုံးချလုပ်ကိုင်နေရတဲ့၊ ကျောင်းအလုပ်တွေကို နေအိမ် အထိ သယ်ဆောင်လုပ်ကိုင်နေရတဲ့၊ ကျောင်းသားလေးတွေ ပညာရည် ပိုမိုမြင့်မားဖို့ အားလပ်ရက်ပါမကျန်၊ မွမ်းမံသင်တန်းမျိုးစုံ တက်နေရတဲ့ အပင်ပန်းဆုံး အလုပ်သမားတစ်ယောက်ပါဘုရား။"

"ဒီအပြင်ရော လုပ်တာရှိသေးလား။"

"မှန်လှပါ၊ တရားသူကြီးဆိုလည်း ဟုတ်ပါတယ်ဘုရား။ ဒါပေမယ့် တရားရုံးအတွင်းမှာ ဥပဒေပုဒ်မများကိုသာကြည့်ပြီး အမှုတွေ

ကို စီရင်ရတဲ့ ရိုးရိုးသာမန်တရားသူကြီးတစ်ယောက်တော့မဟုတ်ပါဘူး ဘုရား။ ကျောင်းအတွင်းနဲ့ ကျောင်းအပြင်မှာပါ ကျောင်းသားအချင်းချင်း ဖြစ်ပွားနေတဲ့ ပြဿနာပေါင်းစုံကို မေတ္တာတရားအခြေခံပြီး မျက်နှာကြီး ရာဟင်းဖတ်ပါလေ့မရှိတဲ့၊ တံစိုးလက်ဆောင်ယူလေ့မရှိတဲ့၊ ကျောသား ရင်သား ခွဲခြားလေ့မရှိတဲ့၊ သမာသမတ်အရှိဆုံး တရားသူကြီးတစ်ယောက် ပါဘုရား။''

''ဟ -- မင်းဟာကများလှချည်လား။ နောက်ထပ်ရော ဘာလုပ်သေးသလဲ။''

''မှန်လှပါ -- ရှိပါသေးတယ်ဘုရား။ ကျွန်တော်မျိုးဟာ အလှူရှင်တစ်ယောက်လည်းဖြစ်ပါတယ်။ ဒါပေမယ့် လူတိုင်းနေ့စဉ်မြင်တွေ့ နေကြ ရိုးရိုးသာမန်အလှူရှင်တစ်ယောက်တော့ မဟုတ်ပါဘုရား။ မိမိမှာ မချမ်းသာပေမယ့် ဆင်းရဲချို့တဲ့နေရှာတဲ့ ကျောင်းသားလေးတွေကို အဝတ် အစားကအစ မုန့်ပဲသရေစာနဲ့ ထမင်းဟင်းပါမကျန် ပေးကမ်းထောက်ပံ့ လှူဒါန်းနေရပြီး ရေများရာမိုးမရွာတဲ့ မျှော်လင့်ချက်နဲ့ မလှူဒါန်းဘဲ ကမ္ပည်း မော်ကွန်းမထိုးလိုတဲ့ စေတနာအကောင်းဆုံးအလှူရှင်တစ်ယောက်ဖြစ် ပါတယ်ဘုရား။''

''အိမ်း -- ကောင်းလိုက်လေ။ ဘာသာရေးနဲ့ပတ်သက်ပြီး တော့ရော ဘာတွေများလုပ်ခဲ့သေးသလဲ။''

''မှန်လှပါ -- သီလ၊ သမာဓိ၊ သိက္ခာသုံးပါးကို မိမိရဲ့ သန္တာန် မှာပဲ တည်အောင်လုပ်တဲ့ ရိုးရိုးသာမန်သာသနာပြု တစ်ယောက်တော့ မဟုတ်ပါဘုရား။ မြေပြင်ပေါ်မှာ ဘုရားစေတီတွေတည်ရင် ဘေးအန္တ ရာယ်တစ်ခုခုကြောင့် အချိန်မရွေးပျက်စီးသွားနိုင်တာမို့ အမြဲထာဝရ သာသနာမကွယ်ပျောက်ရလေအောင် နေ့စဉ်နေ့တိုင်း ပထမဆုံး

ကျောင်းစတက်တဲ့အချိန်မှာ ဘုရားရှိခိုးပြီး တရားတော်များရွတ်ဖတ်ပူဇော်စေကာ ကလေးငယ်တွေရဲ့ နှလုံးသားနုနုထက်မှာ ကျောက်ထက်အက္ခရာတင်သလို၊ တစ်သက်တာလုံး စွဲတင်ကျန်ရစ်ရလေအောင် ဘုရားစေတီတည်ပေးလိုက်တဲ့ အခိုင်မြဲဆုံး သာသနာပြုပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပါတယ် ဘုရား။''

''အိမ်း -- ကောင်းလိုက်လေ။ ဒီလိုလူသားတွေအတွက် မရှိမဖြစ်လုပ်ဆောင်ရမယ့် တာဝန်တွေကို ဆက်လက်ထမ်းဆောင်ဖို့အတွက် မင်းလူပြည်ကို ပြန်လိုက်ဦး။ ဟိုသုံးယောက်က ဒီမှာပဲနေရစ်ခဲ့ကြပေတော့။''

အခန်း ( ၁၀ )

''ဟော -- ဟော သတိရလာပြီ၊ သတိရလာပြီ။ လုပ်ကြစမ်းပါဦးဟ၊ ဆေးရုံကိုသွားစရာမလိုတော့ဘူး၊ နွေးနွေးထွေးထွေးလုပ်ကြစမ်း။''

ကျွန်တော့်မှာ သတိမေ့မြောရာမှ ပြန်လည်၍ သတိရလာ၏။ စက်ဘီးနှင့်လဲကျစဉ်က အနီးအနားတွင်ရှိသော အသိမိတ်ဆွေတစ်ယောက်ကတွေ့၍ ကျွန်တော့်ကိုကားဖြင့်တင်ပြီး အိမ်သို့ပြန်ခေါ်လာခဲ့ခြင်းဖြစ်သည်။ ကျွန်တော်မှာ သတိရလျှင်ရချင်း --''

''ငါ့သားလေးရော -- သားလေး''

''ကျောင်းကိုသွားနေတယ်လေ ဖေကြီးရဲ့''

''အေး အေး ငါ့သားလေးဆယ်တန်းအောင်ပြီးရင် ငါ့လိုပဲ ကျောင်းဆရာလုပ်ခိုင်းရမယ်ဟေ့။''

ကျွန်တော်၏ စကားကြောင့် ဇနီးဖြစ်သူမှာ ကျွန်တော့်ကို မျက်စောင်းထိုးလိုက်၏။ မျက်စောင်းထိုးရုံမက စိတ်ဆိုးချင်လည်း

ဆိုးပါစေတော့။ ကျွန်တော့်မှာမူ ကျွန်တော့်အတွေးနှင့်အတူ ကျေနပ်နေမိ၏။

အကယ်၍ နောက်ဘဝများတွင် လူပြန်ဖြစ်ခွင့်ရမည်ဆိုလျှင် ဘဝဆက်တိုင်း ကျွန်တော် အတောင်းချင်ဆုံးဆုမှာ ------ ။

သက်ဝေမောင်

စိမ်းလန်းရွှေပြည်စာပေပြိုင်ပွဲ ဝတ္ထုတိုပေါင်းချုပ် (စာမူ)
(တတိယဆု)




စိမ်းလန်းရွှေပြည်စာပေပြိုင်ပွဲ၊ ဝတ္ထုတိုပေါင်းချုပ်(စာမူ)၊ တတိယဆုရ

ကျွန်တော့်အမေဟာ

အသားမည်းပြီး

ရုပ်ရည်မသန့်ပြန့်လည်းရှိပါစေ။

ဘွဲ့မရ

ပညာမတတ်လည်း

အရေးမကြီးပါဘူး။

ကျွန်တော့် မျက်စိထဲမှာတော့

သိပ်ကို

ချစ်စရာကောင်းလွန်းနေပါတယ်။

# မြင်းမို့ရ်ချင်းတော့ မတူပါလေ

အခန်း ( ၁ )

"မင်းတို့အမေ ဘွဲ့မရဘူးလား။"

ညှော်ခန်းနံရံကို ကြည့်ပြီး မေးလိုက်တဲ့ မြတ်သော်ကောင်းရဲ့ မေးခွန်းကြောင့် ကျွန်တော်တုန်လှုပ်သွားပါတယ်။ ကျွန်တော်တို့ အိမ်ရဲ့ နံရံမှာ ချိတ်ထားတာက ကျွန်တော်တို့ မိသားစုရဲ့ ဓါတ်ပုံပါ။ ကွယ်လွန်သွားတဲ့ အဖေရယ်။ ကျွန်တော်တို့ မောင်နှမနှစ်ယောက်ရယ်။ အမေရယ်ပေါ့။

မိသားစုလေးယောက်ရဲ့ အမှတ်တရဓာတ်ပုံလေးပါ။ အဖေကတော့ ဘွဲ့ရပေမယ့် ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားပါတယ်။ အဖေရဲ့ ဘွဲ့ရ ဓာတ်ပုံရှိပေမယ့် အမေရဲ့ပုံတော့ မရှိပါဘူး။ အမေဟာ မူလတန်းပဲအောင်တဲ့ တောသူတစ်ယောက်ပါ။

မြတ်သော်ကောင်းရဲ့ အမေကတော့ မှုဆိုးမတစ်ဦးဖြစ်ပါတယ်။ သူ့အမေရဲ့ ဘွဲ့ရဓာတ်ပုံကို ညှော်ခန်းမှာ ခန့်ခန့်ညားညားချိတ်ထားပေမယ့် အဖေရဲ့ ဓာတ်ပုံကိုတော့ မမြင်ပါဘူး။ ကျွန်တော့်အမေရဲ့ ပြောစကားအရ သူ့အဖေဟာ နောက်အိမ်ထောင်ပြုသွားတယ်လို့ သိရပါတယ်။

"မင်းတို့အမေ ဘွဲ့မရဘူးလား။"

ဒုတိယအကြိမ် ထပ်မေးလိုက်တဲ့ မြတ်သော်ကောင်းရဲ့ မေးခွန်းကို စိတ်မသက်သာစွာနဲ့ဘဲ ကျွန်တော်ခေါင်းငြိမ့်ပြလိုက်ပါတယ်။

အခန်း ( ၂ )

မြတ်သော်ကောင်းနဲ့ ကျွန်တော်က အတန်းအတူတူပါ။ (၇)တန်းရောက်နေကြပါပြီ။ ကျောင်းက အိမ်စာပေးလိုက်တဲ့ သင်္ချာပုစ္ဆာတွေ၊ အင်္ဂလိပ်လေ့ကျင့်ခန်းတွေ မရရင် မြတ်သော်ကောင်းတို့ အိမ်မှာ သွားလုပ်ပါတယ်။ မြတ်သော်ကောင်းနဲ့ ကျွန်တော်မရတဲ့ စာတွေကို မြတ်သော်ကောင်း အမေကရှင်းပြပေးပါတယ်။

မြတ်သော်ကောင်းအမေဟာ အသားဖြူဖြူ ရုပ်ရည်က သန့်သန့်ပြန့်ပြန့်နဲ့ ရုံးတစ်ရုံးရဲ့ အရာရှိတစ်ယောက်ပါ။ စကားပြောရင်လည်း ညင်ညင်သာသာနဲ့ အင်္ဂလိပ်စကားတွေကို ကြားညှပ်ပြောလေ့ရှိပါတယ်။ သူ့အမေလိုပဲ မြတ်သော်ကောင်းကလည်း စကားပြောရင် တစ်ခါတစ်ရံ အင်္ဂလိပ်လိုကြားညှပ်ပြောတတ်ပါတယ်။

ကျွန်တော့်အမေကတော့ အသားမည်းပြီး စကားပြောရင်လည်း ကျယ်ကျယ်လောင်လောင် ပြောတတ်ပါတယ်။ အင်္ဂလိပ်လို ကြားညှပ်ပြောဖို့ မဆိုထားနဲ့၊ မြန်မာစကားလုံးတွေကိုတောင် အသံထွက်မှန်အောင် မပြောနိုင်ပါဘူး။ ဈေးရောင်းနေသူမို့ စကားပြောရင် အသံကိုမြှင့်ပြီး ပြောလေ့ရှိပါတယ်။ ဈေးရောင်းရင်း အလုပ်ရှုပ်နေချိန်ဆို ထဘီကိုတောင် တစ်ခါတစ်ရံ ယောကျ်ားပုဆိုးလို ဝတ်တတ်ပါတယ်။

ဒါကြောင့်လည်း တစ်ခါတစ်လေ စဉ်းစားမိပါတယ်။ ကျွန်တော့်အမေဟာ မြတ်သော်ကောင်းအမေလို ဘွဲ့ရပညာတတ် အသားဖြူဖြူနဲ့ ရုပ်ရည်သန့်သန့်ပြန့်ပြန့်ဆို ဘယ်လောက်ကောင်းလိုက်မလဲလို့ -- ။

အခန်း ( ၃ )

တစ်နေ့မှာ မြတ်သော်ကောင်းနဲ့ ကျွန်တော် ဘောလုံးသွားကန်ကြပါတယ်။

လမ်းထဲက အောင်ထွန်းတို့အဖွဲ့နဲ့ပါ။ ကျွန်တော်နဲ့ မြတ်သော်ကောင်းက တစ်ဖက်။ အောင်ထွန်းနဲ့ သူ့ညီက တစ်ဖက်နေကြပါတယ်။

ငွေငါးရာကြေး ကန်ကြပါတယ်။ နှစ်ဂိုးအရင်သွင်းနိုင်တဲ့ ဘက်က အနိုင်ပါ။ ဘောလုံးပွဲမှာ ပထမဂိုးကို အောင်ထွန်းတို့က သွင်းလိုက်ပါတယ်။ မကြာခင်မှာပဲ ကျွန်တော်တို့ဘက်လည်း အောင်ထွန်း တို့ဘက်ကို ချေပဂိုးသွင်းလိုက်ပါတယ်။

တစ်ဖက် ၁ ဂိုးစီနဲ့ ဖြစ်နေပါပြီ။ အောင်ထွန်းတို့ပဲ သွင်းသွင်း၊ ကျွန်တော်တို့ပဲ သွင်းသွင်း ၁ ဂိုးသွင်းလိုက်တာနဲ့ နိုင်ပါပြီ။

အဲဒီအချိန်မှာ ၂ ဂိုးမြောက် အနိုင်ဂိုးကို ကျွန်တော်က သွင်းလိုက်ပါတယ်။ ဝမ်းသာလွန်းလို့ မြတ်သော်ကောင်းနဲ့ ကျွန်တော် ပြေးဖက်လိုက်ပါတယ်။

ထင်ထားသလို မဟုတ်ပါဘူး။ ကျွန်တော်တို့ သွင်းတဲ့ဂိုးဟာ လူကျွံဘောဆိုပြီး အောင်ထွန်းတို့က မပေးပါဘူး။ အမှန်တော့ ကျွန်တော်တို့ ကလေးတွေ ကန်ရာမှာ ဒိုင်လူကြီး မရှိပါဘူး။ သူတို့ဖာသာ သူတို့ ဒိုင်လူကြီးလုပ်ပြီး လူကျွံဘောလို့ ငြင်းတာပါ။

ကျွန်တော်တို့ကလည်း ငြင်းပါတယ်။ ဒါပေမယ့် အောင်ထွန်းတို့က ဘေးလူဆီမှာ အပ်ထားတဲ့ ပိုက်ဆံကိုအတင်းယူပြီး ဆက်ကန်ရမယ်လို့ ပြောတယ်။ ကျွန်တော်တို့က မကန်ပါဘူး။ မကန်ရင် မင်းတို့ ပိုက်ဆံပြန်မရဘူး။ မကန်တဲ့သူက အရှုံးပဲတဲ့။

ကျွန်တော်နဲ့ မြတ်သော်ကောင်းက ပိုက်ဆံကိုအတင်းလုပါတယ်။ အောင်ထွန်းက ကျွန်တော်တို့ကို ဆောင့်တွန်းပြီး ထိုးမလို့လုပ်ပါတယ်။

ကျွန်တော်တို့ မလုရဲပါဘူး။ ဘာကြောင့်လဲဆိုရင် အောင်ထွန်းက ၉ တန်းကျောင်းသားပါ။ ကျွန်တော်တို့ထက် ၂ နှစ်လောက်ပိုကြီးပါတယ်။ ဗလကလည်းကောင်းပါတယ်။

ကျွန်တော်တို့လည်း အတင်းတောင်းပါတယ်။ အောင်ထွန်းက မကန်ရင် မပေးတော့ဘူးဆိုပြီး တစ်ခြားကိုထွက်သွားပါတယ်။

အခန်း ( ၄ )

မြတ်သော်ကောင်းနဲ့ ကျွန်တော်လည်း မျက်ရည်ကျပြီး ပြန်လာခဲ့ပါတယ်။

မြတ်သော်ကောင်းတို့ အိမ်ရောက်တော့ သူ့အမေကို အကြောင်းစုံပြောပြပါတယ်။ မြတ်သော်ကောင်းအမေက –

"နင့်ကို ငါမပြောဘူးလား။ အဲဒီကောင်တွေနဲ့ မကစားပါနဲ့လို့။ သူ့အမေကလည်း အဆင့်အတန်းရှိတာမဟုတ်ဘူး။ သူ့သားတွေကလည်း မိုက်ရိုင်းတယ်။ ဒါကြောင့် သူတို့နဲ့ မကစားပါနဲ့လို့။ နေပစေတော့။ ဒီပိုက်ဆံငါးရာက ဘာမှတန်ဖိုးရှိတာမဟုတ်ဘူး။ တောင်းမနေနဲ့။ နောက်တစ်ခါ သူတို့နဲ့သွားဆော့ရင် နင်မလွယ်ဘူးဆိုတာ မှတ်ထား။"

မြတ်သော်ကောင်းရဲ့ အမေပြောစကားကြောင့် ကျွန်တော်တို့နှစ်ယောက်ဟာ ဘာမှ မပြောရဲတော့ပါဘူး။ အပြစ်ရှိသူပမာ၊ မျက်နှာငယ်ငယ်နဲ့ မြတ်သော်ကောင်းနဲ့အတူ ကျွန်တော်တို့အိမ်ကို ထွက်လာခဲ့ကြပါတယ်။

အခန်း ( ၅ )

အိမ်ရောက်တော့ အမေ့ကို အကျိုးအကြောင်းပြောပြလိုက်ပါတယ်။ ပြောနေရင်းနဲ့ ကျွန်တော့်မျက်နှာပေါ်ကို မျက်ရည်စီးကြောင်းတစ်ခု ဖြတ်သန်းသွားပါတယ်။

အမေဟာ ရုတ်တရက်ဆိုသလိုပဲ ကျွန်တော့်လက်ကိုဆွဲပြီး အောင်ထွန်းတို့ ကစားတဲ့နေရာကို သွားပါတယ်။ မြတ်သော်ကောင်းလည်း လိုက်လာပါတယ်။

အောင်ထွန်းကိုလည်းတွေ့ရော အမေဟာ လက်ကိုဆွဲပြီး

"ဟဲ့ကောင်။ နင်က ငါ့သားနဲ့ ဘောလုံးကန်တာ ဆက်မကစားလို့ဆိုပြီး ပိုက်ဆံကို ယူထားလိုက်တယ်ဆို။ ဘာ လူပါးဝတာလဲ။ ပြန်တောင်းတော့ ဆောင့်တွန်းပြီး လက်သီးနဲ့ထိုးမလို့ လုပ်တယ်ဆို။ ငါ့သားကို ထိရဲရင်ထိကြည့်စမ်း။ ကလေးရော ဘာရော နားမလည်ဘူး။ ဟင်း -- တစ်စဆီဆွဲဖြဲလိုက်မယ်။ ခုနယူထားလိုက်တဲ့ ပိုက်ဆံအခုပြန်ပေးစမ်း။"

အမေရဲ့ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောပုံဆိုပုံကြောင့် အောင်ထွန်းဟာ အတော်လန့်သွားပုံရပါတယ်။ ဒါကြောင့်လည်း စောစောက ကျွန်တော်တို့ဆီက ယူထားလိုက်တဲ့ ပိုက်ဆံငါးရာကို မပေးချင်ပေးချင်နဲ့ ပြန်ထုတ်ပေးလိုက်ပါတယ်။

ကျွန်တော်နဲ့ မြတ်သော်ကောင်းလည်း အောင်နိုင်သူအပြုံးနဲ့ အောင်ထွန်းတို့ကို ကြည့်လိုက်ပါတယ်။ အောင်ထွန်းက ကျွန်တော်တို့ကို မျက်နှာချင်းမဆိုင်ရဲဘဲ တစ်ဖက်ကို လှည့်သွားပါတယ်။

အိမ်အပြန်လမ်းမှာတော့ အမေဟာ သူ့အလုပ်ကိစ္စတွေကြောင့် ရှေ့က ခပ်သုတ်သုတ်သွားပါတယ်။ မြတ်သော်ကောင်းနဲ့ ကျွန်တော်ဟာ

တစ်ယောက်ပခုံးတစ်ယောက်ဖက်ပြီး ပြန်လာကြပါတယ်။ ပြန်လာရင်း မြတ်သော်ကောင်းပြောတဲ့စကားကြောင့် ကျွန်တော်ဟာ အတော်ကို အံ့သြသွားပါတယ်။

"သူငယ်ချင်း။ ငါ့အမေဟာ မင်းအမေလိုမျိုးဆို သိပ်ကောင်း မှာပဲနော်။"

"ဘာဖြစ်လို့လဲကွ။"

"မင်းစဉ်းစားကြည့်လေကွာ။ ငါ့အမေဟာ ငါတို့အနိုင်ကျင့်ခံ ရမှန်းသိပါလျက်နဲ့ နောင်မဖြစ်အောင် သူတို့နဲ့ မကစားနဲ့တဲ့။ ဒါဆိုရင် ငါတို့ကစားရမယ့်သူ နည်းသွားပြီ။ မင်းအမေကျတော့ ငါ့တို့အနိုင်ကျင့် ခံရတာကို သတ္တိရှိရှိနဲ့ ငါတို့ဘက်က လိုက်ပြီး ပြောရဲတယ်ကွ။ မင်းကို ထိရင်လည်း တစ်ကယ်လုပ်မယ်လို့ ပြောတယ်ကွ။ နောင်တစ်ခါ သူတို့ နဲ့ သွားကစားရင် မင်းအမေကိုကြောက်ပြီး ငါတို့ကို မတရားလုပ်ရဲမှာ မဟုတ်ဘူးကွနော်။ ဒါကြောင့် ငါ့အမေဟာ မင်းအမေလိုမျိုးဆို သိပ်ကောင်းမှာပဲလို့ ပြောတာလေ။"

မြတ်သော်ကောင်း ပြောစကားကြောင့် ကျွန်တော်ဟာ အမေ့ကို ပြေးပြီး ဖက်နမ်းချင်စိတ်တောင် ပေါက်လာပါတယ်။

ကျွန်တော့်အမေဟာ အသားမည်းပြီး ရုပ်ရည် မသန့်ပြန့်လည်း ရှိပါစေ။ ဘွဲ့မရ၊ ပညာမတတ်လည်း အရေးမကြီးပါဘူး။

ကျွန်တော့် မျက်စိထဲမှာတော့ အမေဟာ သိပ်ကို ချစ်စရာ ကောင်းလွန်းနေပါတယ်။

သက်ဝေမောင်

စိမ်းလန်းရွှေပြည်စာပေပြိုင်ပွဲဝတ္ထုတိုပေါင်းချုပ် (စာမူ)
(တတိယဆု)




သက်ဝေမောင်

စိမ်းလန်းချမ်းမြည့် စာပေပြိုင်ပွဲ ဝတ္ထုတိုပေါင်းချုပ်(စာမူ)တတိယဆုရ

"လုပ်ပေးပါ ဆရာရယ်

ဒီမျက်လုံးကိုသာ

ဆရာခွဲထုတ်ပေးမယ်ဆိုရင်

ဘယ်လောက်ပဲ

ကုန်ကျ၊ ကုန်ကျ၊

ဘယ်လောက်ပဲ

ပေးရ၊ ပေးရ

ကျွန်မ ပေးပါ့မယ်။"

# တိမ်ညိုကြားက လမင်းမေတ္တာ

အခန်း ( ၁ )

"မရဘူး မင်းဒင်။ ငါ့မှာလည်း ကိုယ့်သောကနဲ့ကိုယ် အဆင်ပြေတာမဟုတ်ဘူး။ ပြီးတော့ မင်းကြိုထုတ်ထားတဲ့ ငွေကလည်း သုံးလစာလောက်ရှိတယ်။ မင်းဖာသာ တစ်ခြားသူငယ်ချင်း တစ်ယောက်ယောက်ဆီမှာ သွားရှာ။"

"ဆရာရယ်။ ဒီတစ်ကြိမ်တော့ ကျွန်တော့်ကို အကူအညီပေးပါခင်ဗျာ။ ကျွန်တော့်သားလေး ဆေးရုံတင်ရမှာမို့ပါ။ သားလေး ဆေးရုံက ဆင်းလာရင် ကျွန်တော် မဖြစ်ဖြစ်တဲ့ နည်းနဲ့ ရှာကြံဆပ်ပါမယ်။"

"မပေးနိုင်တော့ဘူး မင်းဒင်။ ငါ့ဆန်စက်မှာ လုပ်နေတဲ့ အလုပ်သမားတွေက အများကြီး။ သူတို့ရဲ့ ဒုက္ခတွေ အားလုံးကို ကယ်တင်ရလောက်အောင် ငါကလည်း ချမ်းသာတာမဟုတ်ဘူး။ ပြီးတော့ ငါ့မိန်းမနှင်းရည်ရဲ့ မျက်စိမမြင်သေးတာကိုလည်း ကုရဦးမယ်။"

"ဆရာရယ်။ ကျွန်တော် ဆန်စက်ထဲမှာ လုပ်လာတာ နှစ်ပေါင်းမနည်းတော့ပါဘူး။ ဆရာ့အလုပ် အရေးကြီးတယ်ဆိုရင် ကျွန်တော်တို့

နေ့မအိပ်ညမအိပ် လုပ်ပေးခဲ့တာလည်း ထောက်ထားပါအုံး ဆရာ။ ကျွန်တော်တို့ အလုပ်သမားတွေနဲ့ ဆရာနဲ့က "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ" ဆိုသလို အပြန်အလှန် ကျေးဇူးရှိကြပါတယ်။ ကျွန်တော်တို့ အလုပ်သမားတွေကြောင့်သာ ဆရာတို့ အခုလို အခြေအနေ ရောက်နေတာ မဟုတ်လား။"

မင်းဒင်စကားကြောင့် ဆန်စက်ပိုင်ရှင် ဦးကျော်ဝင်း၏ မျက်နှာမှာ တင်းမာသွားပြီး –

"ဒီမှာ မင်းဒင်။ ငါမင်းတို့ကို ခိုင်းသမျှ အခကြေးငွေ ပေးခဲ့တာချည်းပဲ။ ငါက မင်းတို့ကို ကျေးဇူးတင်ရလောက်အောင် မင်းတို့ကလည်း ငါ့ကို တစ်ခါမှ အလကားအခမဲ့ လုပ်ပေးခဲ့တာ မဟုတ်ဘူး။ ငါကသာ မင်းတို့ ငွေလိုတယ်ဆိုရင် ကြိုထုတ်ပေးခဲ့တာ။ မင်းတို့အလုပ်သမားတွေအပေါ်မှာ ငါရစရာရှိတဲ့ အကြွေးတွေသာ ပေါင်းကြည့်ရင် နောက်ထပ်ဆန်စက်တစ်လုံးလောက်ထောင်လို့ရတယ်ကွ။ နားလည်လား။"

"ဟုတ်ပါတယ် ဆရာရယ်။ ကျွန်တော်တို့ကလည်း မပြေလည်လွန်းလို့သာ ဆရာဆီက အကူအညီတောင်းကြတာပါ။ ဒီတစ်ခါတော့ ကူညီပါဆရာယ်။ ကျွန်တော့်သားလေး သေရေးရှင်ရေး ကိစ္စဖြစ်နေလို့ပါ။ ဆရာဝန်က ဆေးရုံကို အချိန်မီမရောက်ရင် စိုးရိမ်ရတယ်လို့ပြောပါတယ်။"

"မ ပတ်နိုင်ဘူး မင်းဒင်။ ငါ့မှာလည်း ငွေတွေက အလုပ်ထဲမှာပဲ မြုပ်နေတယ်။ မင်းဖာသာမင်း အခြားတစ်ယောက်ဆီက သွားရှာ။ ငါလည်း ညစာထမင်းတောင် စားရသေးတာ မဟုတ်ဘူး။ ကဲ – မင်းပြန်ပေတော့။"

ဦးကျော်ဝင်းမှာ ပြောလည်းပြော၊ အိမ်နောက်ဖေးဘက်သို့လည်း

ဝင်သွားလေသည်။ ညည့်ခန်းတွင် ကျန်ရစ်ခဲ့သော မင်းဒင်မှာ မကျေမနပ် ဖြင့် အံကြိတ်ပြီး တောက်တစ်ချက်ကို ပြင်းထန်စွာ ခေါက်လိုက်၏။ ထို့နောက် ဦးကျော်ဝင်း အိမ်ပေါ်က ဆင်းလာခဲ့သည်။

အခန်း ( ၂ )

"ရှင်ကလည်းတော် ကြာလိုက်တာ။ ဒီမှာ ကလေးက သက်သာ တာမဟုတ်ဘူး။ ဆေးရုံအမြန်သွားရအောင်။"

"ငါသိပါတယ် ထွေးလှရ။ ဦးကျော်ဝင်းဆီက တစ်ပြားမှရခဲ့ တာမဟုတ်ဘူး။ ဒါကြောင့် သူငယ်ချင်းတွေဆီက ရသမျှလေး လိုက်ချေး နေရတယ်။ အခုလည်း ပိုက်ဆံက သိပ်ရခဲ့တာမဟုတ်ဘူး။ ဒါပေမယ့် ရသလောက်နဲ့ ဆေးရုံပြေးမှဖြစ်မယ်။ ဆေးရုံရောက်ရင် မြို့ပေါ်မှာနေ တဲ့ သူငယ်ချင်းတွေဆီမှာ လိုက်ရှာရမှာပဲလေ။ မတတ်နိုင်ဘူး။ သားလေး ဆေးရုံအချိန်မီရောက်ဖို့က အရေးကြီးတယ်။ ကဲ - ကဲ ပစ္စည်းတွေ အဆင်သင့်ဖြစ်ရင် ဆေးရုံကို အမြန်သွားရအောင်။ နောက်တောင်ကျ နေပြီထွေးလှရယ်။"

"ဟုတ်ကဲ့ ကိုမင်းဒင်"

မင်းဒင်၏ ဇနီးထွေးလှမှာ ကလေးအတွက် လိုအပ်မည် ထင်သော ပစ္စည်းများကို အမြန်ဆုံးထည့်နေလေသည်။ မင်းဒင်က ပခက် အတွင်း၌ နေမကောင်းဖြစ်၍ မှိန်းနေသော ခြောက်လအရွယ်သားငယ်၏ နဖူးကို လက်ဖဝါးလေးဖြင့် အသာစမ်းကြည့်လျက်ရှိ၏။

မကြာမီ မင်းဒင်နှင့် ထွေးလှတို့သည် ဆေးရုံရှိရာ မြို့ဆီသို့ ညတွင်းချင်း ထွက်ခဲ့ကြသည်။

အခန်း ( ၃ )

"မီးဗျို့ မီး - မီး"

ဆန်စက်ပိုင်ရှင် ဦးကျော်ဝင်းအိမ်က ထွက်ပေါ်လာသော အသံဖြစ်သည်။ ဦးကျော်ဝင်းမှာ ဆန်စက်ထဲသို့ ရောက်နေချိန်ဖြစ်သည်။

မိမိအိမ်ဆီမှ အလန့်တကြား အော်သံများကြောင့် ဆန်စက်မှ မိမိအိမ်ရှိရာသို့ ပြန်ပြေးလာခဲ့၏။ အိမ်တွင် မျက်စိမမြင်သော ဇနီးနှင့်အတူ ခြောက်လအရွယ် သားငယ်တို့ ကျန်ခဲ့သည်။

ဦးကျော်ဝင်း၏ အိမ်မှာ မီးစွဲလောင်လျက်ရှိသည်။ ရပ်ကွက်ထဲရှိ လူများမှာ အိမ်ရှေ့တွင် မီးငြိမ်းသတ်ရန် ရောက်လာကြသော်လည်း မီးအပူအရှိန်ကြောင့် အိမ်ပေါ်သို့ မည်သူမျှ မတက်နိုင်ဘဲရှိနေသည်။

မီးလောင်ချိန်က အိမ်ရှေ့ဘုရားခန်းသို့ ရောက်နေသော နှင်းရည်ကိုမူ လူအများကယ်တင်မှုကြောင့် လူအုပ်ထဲတွင် တွေ့ရသည်။

"ကျွန်မသားလေးကို ကယ်ပေးကြပါအုံးရှင်။ ကိုကျော်ဝင်းရေ ရှင့်သားလေးအိမ်ထဲမှာ ကျန်နေခဲ့တယ် ကယ်ပေးပါအုံးရှင်။"

ဇနီးသည်၏ အော်ဟစ်ငိုယိုအကူအညီတောင်းသံကြောင့် ဦးကျော်ဝင်းမှာ မီးလောင်လျက်ရှိသော အိမ်အပေါ်သို့တက်ရန် မရမက ကြိုးစားလျက်ရှိသည်။

"ဦးကျော်ဝင်း မတက်နဲ့၊ မတက်နဲ့၊ အန္တရာယ်အလွန်ကြီးတယ်"

ပတ်ဝန်းကျင်ရှိ လူများ၏ အော်ဟစ်သတိပေးသံကို ဂရုမစိုက်ဘဲ သားဇောဖြင့် ဦးကျော်ဝင်း အိမ်ပေါ်သို့ အတင်းတက်လေသည်။

ဦးကျော်ဝင်းတက်သွားပြီးသည်နှင့် တစ်ပြိုင်နက် မီးလောင်လျက်ရှိသော သစ်သားတန်းကြီးတစ်ခုသည် လူအများ၏ ထိတ်လန့်တကြား အော်ဟစ်သံနှင့်အတူ ဦးကျော်ဝင်း၏ ခန္ဓာကိုယ်ပေါ်သို့ ပြုတ်ကျလေတော့သည်။

လူအများ၏ စိတ်မချမ်းမြေ့ဖွယ် အော်ဟစ်သံများနှင့်အတူ

နောက်ဆုံးပြာပုံအတွင်းမှ ရုပ်ပျက်ဆင်းပျက် မီးလောင်ကျွမ်းထားသော ကလေးအလောင်းနှင့် ဦးကျော်ဝင်းအလောင်းကို တွေ့မြင်ရလေသည်။

မီးလောင်မှုနှင့်ပတ်သက်၍ လူအများက သင်္ကာမကင်းဖြစ်နေသောသူမှာ မင်းဒင်ဖြစ်သည်။ လူအများ၏ ပြောဆိုချက်အရ မင်းဒင်ကို ဦးကျော်ဝင်းထံ ငွေလာချေးပြီး နောက်ပိုင်း မီးမလောင်မီ အချိန်လေးတွင် ဦးကျော်ဝင်းအိမ်နား၌ နောက်ထပ်တစ်ကြိမ် တွေ့လိုက်ကြသည်ဟု ဆို၏။

သို့သော်လည်း မင်းဒင်တို့ မိသားစုမှာ ထိုမီးလောင်သောညကပင် ရွာမှ ထွက်ခွာသွားကြသောကြောင့် မျက်မမြင် နှင်းရည်အဖို့ မည်သို့မျှ မတတ်နိုင်ဘဲရှိလေသည်။

အခန်း ( ၄ )

နှင်းရည်မှာ ဦးကျော်ဝင်းနှင့် အိမ်ထောင်ကျပြီးနောက်ပိုင်း မျက်စိနာဖြစ်ပွားရာတွင် မျက်စဉ်းတစ်မျိုးကို မိမိသဘောဖြင့် ခပ်မိရာက မျက်ကြည်လွှာပျက်စီးပြီး အပြင်တိမ်ရောဂါဖြစ်ပွားကာ မထင်မှတ်ဘဲ မျက်စိကွယ်ခဲ့ရသည်။ သို့သော်လည်း မျက်စိအထူးကု ဆရာဝန်ကြီး၏ စစ်ဆေးချက်အရ မျက်ကြည်လွှာအစားထိုးကုသလျှင် ပြန်လည်မြင်တွေ့နိုင်ကြောင်း သိရသည်။

နှင်းရည်မှာ မျက်ကြည်လွှာ အစားထိုးကုသရန် စာရင်းပေးထားသော်လည်း မိမိအလှည့်ရောက်ရန် နှစ်နှင့်ချီ၍စောင့်ခဲ့ရသည်။ မျက်ကြည်လွှာအစားထိုးကုသခြင်း မခံယူရမီပင် သားလေးတစ်ယောက်ရခဲ့သည်။ သို့သော်လည်း ကံအကြောင်းမလှသဖြင့် မျက်စိအမြင်ပြန်မရမီမှာပင် လင်ယောကျ်ားဖြစ်သူနှင့် သားငယ်တို့ မီးလောင် သေဆုံးသွားရသည်။

နှင်းရည်သည် မျက်ကြည်လွှာအစားထိုးကုသမှုကြောင့် ပြန်လည်မြင်လာသော မျက်လုံးကို အသုံးပြုရင်း ကျန်ရစ်ခဲ့သော ဆန်စက်ကို ဆက်လက်လုပ်ကိုင်ခဲ့သည်။

တစ်နေ့တွင် နှင်းရည်၏ဘဝထဲသို့ မထင်မှတ်သောအရာတစ်ခု ဝင်ရောက်လာသည်။ ဆန်စက်တွင် စပါးလာကြိတ်သော အမျိုးသမီး တစ်ဦးထံက သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးကို သံယောဇဉ်ဖြစ်မိသည်။ စပါးလာကြိတ်သော အမျိုးသမီးကလည်း ကလေးငယ် မိဘများမရှိတော့ သဖြင့် မိမိကစောင့်ရှောက်ထားရကြောင်းနှင့် နှင်းရည်မွေးစားမည်ဆိုပါက စာချုပ်စာတမ်းဖြင့် အပိုင်ပေးမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။

ထို့ကြောင့် မီးလောင်၍ သေဆုံးသွားသော မိမိ၏ သားငယ် အတွက် လွမ်းဆွတ်သတိရစိတ်ကို ဖြေသိမ့်သည့် အနေဖြင့် သားအဖြစ် မွေးစားခဲ့သည်။ ရှေးဘဝရေစက်ကြောင့် ပေလောမသိ။ နှင်းရည်မှာ မိမိရင်မှဖြစ်သော ရင်သွေးမဟုတ်သည်ကိုပင် သတိမရတော့ဘဲ ဘေးပတ်ဝန်းကျင်အမြင်တွင် သားအရင်းဟု ထင်မှတ်ရလောက်အောင် ချစ်ခင်ခဲ့သည်။

ယခုဆိုလျှင် မိမိပြုစုယုယမွေးမြူခဲ့သော သားလေး သုခအောင်ပင် တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ အောင်မြင်၍ ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရခဲ့သည်။ အသက်အရွယ် အသင့်အတင့်ရလာသော နှင်းရည်သည် လည်း သားပညာသင်ယူမည့် ဆေးတက္ကသိုလ်ရှိရာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

အခန်း ( ၅ )

"အမေ့ရဲ့ မျက်လုံးတွေကို ပြန်မြင်ရအောင် မျက်ကြည်လွှာ လှူဒါန်းပေးတဲ့ အလှူရှင်ရဲ့ မိသားစုတွေကို ကျေးဇူးဆပ်ချင်တယ်

သားရယ်။ အမေ့ရဲ့ဘဝကို အသစ်တစ်ဖန် ပြန်စနိုင်အောင် အကူအညီပေး လှူဒါန်းခဲ့သူဟာ သူပဲမဟုတ်လား။''

''မှန်တာပေါ့အမေရာ။ အဲ့ဒီလို လှူဒါန်းလိုက်တဲ့ အလှူရှင်ရဲ့ မျက်လုံးတွေကြောင့်သာ သားကိုအမေတွေ့ပြီး သံယောဇဉ်ဖြစ်မိလို့ မွေးစားခဲ့တာ မဟုတ်လား''

''မှန်တာပေါ့ကွယ်။ အခြားကလေးတွေလည်း မွေးစားဖို့ အမေ့ကို လာပေးပါတယ်။ ဒါပေမယ့် အမေ့စိတ်ထဲမှာ ထူးထူးခြားခြား မဖြစ်မိဘူး။ သားကိုတွေ့လိုက်ရတဲ့ အချိန်မှာတော့ မီးလောင်လို့ သေဆုံးသွားတဲ့ သားလေးကို ပြန်တွေ့လိုက်ရသလို ဖြစ်မိတယ်။ ဒါကြောင့်လည်း သားကို ချက်ချင်းပဲ မွေးစားခဲ့တာပေါ့ကွယ်။''

''သားအပေါ်မှာထားတဲ့ အမေ့မေတ္တာနဲ့ အမေ့ကျေးဇူးတရားတွေဟာ သာမန်မိခင်ရင်းတစ်ယောက်ထက်တောင် ပိုပါသေးတယ် အမေရယ်။''

သားဖြစ်သူ သုခအောင်မှာ ပြောပြောဆိုဆိုပင် မိခင်ဖြစ်သူ ဒေါ်နှင်းရည်၏ ရင်ခွင်အတွင်းသို့ ကလေးငယ်တစ်ယောက်ပမာ တိုးဝင်လိုက်သည်။ မိခင်ဖြစ်သူ ဒေါ်နှင်းရည်ကလည်း ကျေနပ်သော ပီတိအပြုံးဖြင့် သုခအောင်၏ ခေါင်းကို အသာပွတ်သပ်ပေးနေ၏။

''ကဲပါသားရယ်။ ကလေးလုပ်မနေပါနဲ့တော့။ ကျောင်းသွားဖို့ အချိန်နီးနေပြီ။ မြန်မြန်လုပ်တော့လေ။''

''ဟုတ်ကဲ့ပါ အမေ။ သားလည်း ကျောင်းက ဆရာကြီးတွေဆီမှာ အမေ့ကို မျက်လုံးလှူဒါန်းသွားတဲ့ လူရဲ့အမည်နဲ့ နေရပ်ကို သိအောင်စုံစမ်းပေးပါ့မယ်။ အမေ့ကို မျက်ကြည်လွှာတပ်ဆင်ပေးခဲ့တဲ့ ရက်စွဲနဲ့ ဆေးရုံရဲ့ မှတ်တမ်းမှာ မျက်လုံးလှူဒါန်းသွားတဲ့လူကို ရှာကြည့်ရင်

သိနိုင်ပါလိမ့်မယ်။ အဲဒီတော့မှ အမေ့ကို မျက်စိပြန်မြင်ရအောင် လှူဒါန်းသွားတဲ့ လူရဲ့ ကျန်ရစ်ခဲ့တဲ့ မိသားစုကို ကျေးဇူးဆပ်ကြတာပေါ့ အမေ။''

''ကောင်းတာပေါ့ သားလေးရယ်။ ကဲ သားလည်း ကျောင်းသွားတော့လေ။ နောက်ကျနေအုံးမယ်။''

''ဟုတ်ကဲ့ပါ အမေ။''

အခန်း ( ၆ )

''အမေ့ကို မျက်လုံးပြန်မြင်ရအောင် လှူဒါန်းသွားတဲ့လူရဲ့ နာမည်က ဦးတင့်ဝေတဲ့ အမေရေ။''

''ဟင် ဟုတ်လား။ ဝမ်းသာလိုက်တာသားရယ်။ ဘယ်လိုသိခဲ့တာလဲဟင်။''

''သားတို့ ဆေးကျောင်းမှာ သင်တဲ့ ဆရာတစ်ယောက်က ရန်ကုန်ဆေးရုံကြီး ထိခိုက်ဒဏ်ရာခွဲစိတ်ကုဌာနမှာ လုပ်တယ် အမေရဲ့။ အမေ့ကို မျက်ကြည်လွှာလှူတဲ့ ဦးတင့်ဝေဟာ ရန်ကုန်မြို့ထဲမှာ သူ့ဇနီးနဲ့ လမ်းဖြတ်ကူးနေတုန်း ကားတစ်စီးက ဝင်တိုက်သွားပြီး အရေးပေါ်ဌာနကို ရောက်လာတယ်။ ဦးတင့်ဝေဆုံးတော့ သူ့ဇနီးက သူ့အမျိုးသားဟာ မျက်ကြည်လွှာ လှူဒါန်းထားသူဖြစ်တယ်လို့ ပြောတာနဲ့ ဆေးရုံကြီးက မျက်စိဆေးရုံကို ဖုန်းဆက်ပေးတယ်။''

''သူ့ယောက်ျားရဲ့ဆန္ဒကို ပြည့်ဝအောင် ဖြည့်ဆည်းပေးတာပေါ့နော်။ လေးစားဖို့ ကောင်းလိုက်တာ သားရယ်။''

''ဟုတ်တယ် အမေ။ မျက်စိဆေးရုံကလည်း ဖုန်းဆက်ဆက်ချင်း ရောက်လာပြီး အဲဒီလူရဲ့ မျက်ကြည်လွှာကို ထုတ်ယူသွားတယ်။ မျက်စိဆေးရုံကလည်း မျက်ကြည်လွှာ ရရချင်း အမေ့ကို လှမ်းအကြောင်း

ကြားတယ်။ အဲ့ဒီလူရဲ့ မျက်ကြည်လွှာနောက်တစ်ခုကိုလည်း အခြားလူနာတစ်ယောက်ကို အစားထိုး ကုသပေးဖို့ အကြောင်းကြားပေမယ့် အဲဒီလူက အချိန်မီရောက်မလာခဲ့ဘူး။ ဒါကြောင့်မို့ အမေတစ်ယောက်ပဲ ခွဲစိတ်ကုသခဲ့ရတယ်။ အဲ့ဒီ အကြောင်းတွေကို သားတို့စာသင်ပေးတဲ့ ဆေးကျောင်းက ဆရာဝန်ကြီးက စုံစမ်းပေးလို့ သိခဲ့ရတာပါ အမေ။''

''အဲ့ဒီ မျက်လုံးလှူဒါန်းသွားတဲ့ ဦးတင့်ဝေရဲ့ လိပ်စာကိုရော ရခဲ့ရဲ့လား။''

''ရခဲ့တာပေါ့ အမေရဲ့။ ဟောဒီမှာ သူ့ရဲ့လိပ်စာ။''

မိခင်ဖြစ်သူ ဒေါ်နှင်းရည်မှာ သုခအောင်ပေးသော လိပ်စာကို စိတ်ဝင်တစား ဖတ်လိုက်၏။ ထို့နောက် –

''ဟုတ်ပြီသားရေ့။ အမေ မနက်ဖြန်ပဲ သွားလိုက်မယ်။ ကျန်ရစ်ခဲ့တဲ့ သူ့ဇနီးကို ကျေးဇူးဆပ်ရမယ်ကွယ့်။''

''မနက်ဖြန်ဆိုရင် သားကျောက်တက်ရမှာဆိုတော့ မလိုက်နိုင်ဘူးအမေ။''

''ရတယ်သား။ အမေတစ်ယောက်တည်းပဲ သွားလိုက်မယ်။ ငါ့သားက ကျောင်းပျက်လို့ မဖြစ်ဘူးလေ။ အမေသွားတတ်ပါတယ်သားရယ်။''

မိခင်ဖြစ်သူ ဒေါ်နှင်းရည်မှာ မနက်ဖြန်တွင် မိမိ၏ မျက်လုံးကို ပြန်မြင်ရအောင် မျက်ကြည်လွှာ လှူဒါန်းသွားသူ၏ ကျေးဇူးကို ပြန်ဆပ်ခွင့်ရမည်ဖြစ်၍ ဝမ်းသာပီတိဖြစ်လျက်ရှိသည်။

အခန်း ( ၇ )

''တစ်ချိန်က ကျွန်မရဲ့ မျက်လုံးတွေကို ပြန်မြင်ရအောင် မျက်ကြည်လွှာအစားထိုး ကုသပေးတဲ့ ဆရာဝန်ကြီး ဦးသိန်းနိုင်

ဟုတ်ပါတယ်နော်။''

''ဟုတ်ပါတယ်။ ဘာဖြစ်လို့လဲ ဒေါ်နှင်းရည်။''

လူနာ၏ ဆေးကုသမှု မှတ်တမ်းစာအုပ်က အမည်ကိုကြည့်၍ မျက်စိအထူးကု ဆရာဝန်ကြီး ဦးသိန်းနိုင် မေးလိုက်သည်။

''ဆရာကြီး ကျွန်မ မျက်လုံးမှာ တပ်ဆင်ပေးထားတဲ့ မျက်ကြည်လွှာက အခုမခံမရပ်နိုင်လောက်အောင် နာကျင်ကိုက်ခဲ့နေလို့ ပြန်ခွဲထုတ်ပေးပါ ဆရာကြီးရယ်။''

''အို – ဒီလိုလုပ်လို့ ဘယ်ရမလဲဗျ ဒေါ်နှင်းရည်။ ဒေါ်နှင်းရည်လို လူနာတစ်ယောက် မျက်စိပြန်မြင်လာအောင် ကုသဖို့ ဘယ်လောက်ခက်ခဲတယ်ဆိုတာ ဒေါ်နှင်းရည်သိပါတယ်။ မျက်လုံးအလှူရှင်ဟာ သူ့မျက်ကြည်လွှာကို ကြိုတင်လှူဒါန်းရတယ်။ ရုတ်တရက် သေဆုံးသွားရင်လည်း ကျန်ရစ်တဲ့ မိသားစုက မျက်စိဆေးရုံကို ချက်ချင်းအကြောင်းကြားနိုင်ရမယ်။ မျက်စိဆေးရုံကလည်း (၄)နာရီအတွင်း သေဆုံးတဲ့လူဆီကို လာရောက် မျက်လုံးထုတ်ယူနိုင်မှ သုံးလို့ရတာလေ။ မျက်စိကွယ်သွားတဲ့ လူနာတိုင်းကိုလည်း ပြန်မြင်ရအောင် မျက်ကြည်လွှာအစားထိုးကုသလို့ ရတာမဟုတ်ဘူး။ သင့်တော် ကိုက်ညီတဲ့ လူနာမှ ကုသပေးလို့ရတာ မဟုတ်လား။''

''ဟုတ်ပါတယ် ဆရာကြီးရယ်။ ဒါပေမယ့် ကျွန်မမျက်လုံးတွေကမခံမရပ်နိုင်လောက်အောင် သိပ်ပြီး နာကျင်ကိုက်ခဲနေလို့ပါ။ အခြားဆရာဝန်တွေနဲ့လည်း ပြပြီးပါပြီ။ မထူးခြားပါဘူး။ ဒါ့ကြောင့် ကျွန်မမျက်လုံးတွေကို ခွဲထုတ်ပေးပါလို့ တောင်းပန်နေတာပါ ဆရာကြီးရယ်''

''ဒီလိုလုပ်လို့ မရသေးဘူး ဒေါ်နှင်းရည်။ ကျွန်တော် ဒေါ်နှင်းရည်ရဲ့ မျက်လုံးတွေကို သေသေချာချာ စမ်းသပ်ကြည့်ပေးပါ့မယ်။ နာကျင်

ကိုက်ခဲနေတာတွေ သက်သာသွားအောင် ဆေးပေးလိုက်မယ်။ နောက်တစ်ပတ်ကျရင် ပြန်လာပြပေါ့။''

''သက်သာမယ် မထင်ပါဘူး ဆရာကြီးရယ်။ တစ်ခြား ဆရာနဲ့လည်း ပြပြီးပါပြီ။ ဒါပေမယ့် ဆရာကြီး စကားကို နားထောင်ပြီး ဆေးသောက်ကြည့်ပါမယ်။ တစ်ပတ်ပြည့်ရင် ပြန်လာပြမယ်နော်။ မသက်သာရင်တော့ ကျွန်မ မျက်လုံးကို ပြန်ခွဲထုတ်ပေးပါ ဆရာကြီးရယ်။''

အခန်း ( ၈ )

''ဘယ်လိုလဲ ဒေါ်နှင်းရည် သက်သာတယ်မဟုတ်လား။''

''မသက်သာပါဘူး ဆရာကြီးရယ်။ ပိုတောင် ဆိုးလာသေးတယ်။ ကျွန်မ ဒီဝေဒနာကို မခံစားနိုင်တော့ဘူး။ ဒါ့ကြောင့် မျက်လုံးကို ပြန်ခွဲထုတ်ပေးပါရှင်။''

''မဖြစ်နိုင်တာပဲ ဒေါ်နှင်းရည်။ ကျွန်တော်ပေးလိုက်တဲ့ ဆေးတွေဟာ ချက်ချင်းမပျောက်ကင်းရင်တောင် နည်းနည်းတော့ သက်သာလာရမယ်။ ဒေါ်နှင်းရည်ရဲ့ မူလမျက်လုံးရော၊ အစားထိုးထားတဲ့မျက်ကြည်လွှာပေါ်မှာပါ ဘာအပြစ်အနာအဆာမှ မရှိပါဘူး။ ဒေါ်နှင်းရည်ကိုက်ခဲနေတယ်ဆိုလို့သာ အကိုက်အခဲ ပျောက်ဆေးလေးပေးလိုက်တာပါ။ ဘာရောဂါမှ မရှိဘဲ ဒေါ်နှင်းရည်ပြောသလို ခွဲထုတ်ပေးဖို့ မဖြစ်နိုင်ပါဘူး။''

''လုပ်ပေးပါ ဆရာရယ်။ ဒီမျက်လုံးကိုသာ ဆရာခွဲထုတ်ပေးမယ်ဆိုရင် ဘယ်လောက်ပဲ ကုန်ကျကုန်ကျ၊ ဘယ်လောက်ပဲ ပေးရပေးရ ကျွန်မပေးပါ့မယ်။''

''ဘာပြောတယ် ဒေါ်နှင်းရည်။ ဘယ်လောက်ပဲ ပေးရပေးရ ကျွန်မပေးပါ့မယ်။ ဟုတ်လား။ ခင်ဗျားမျက်လုံးကို ပြန်မြင်ရအောင်

မျက်ကြည်လွှာ အစားထိုးကုသပေးတုန်းကတောင် ခင်ဗျား ဘယ်လောက် ပေးခဲ့ရလို့လဲ။ ကျုပ်တို့ ဆရာဝန်တွေနဲ့ နိုင်ငံတော်ရဲ့ စေတနာရယ်၊ မျက်ကြည်လွှာ လှူဒါန်းသွားသူရဲ့ သန့်ရှင်းတဲ့ ဒါနအလှူတွေကို ခင်ဗျား မစော်ကားပါနဲ့။ ခင်ဗျားလို ခက်ခက်ခဲခဲ ပြန်မြင်ရလာတဲ့ တစ်လုံးတည်း သော မျက်စိကို ဖျက်ဆီးပစ်ချင်တဲ့ လူမျိုးကို ကျုပ်ဆရာဝန်သက်တမ်း မှာ မတွေ့ဖူးဘူး။ ခင်ဗျားမှာ ဒီမျက်လုံးကို ပြန်ခွဲထုတ်ချင်ရတဲ့ အကြောင်း အရင်း ရှိကိုရှိရမယ်။ အမှန်အတိုင်း ပြောလို့ ကျုပ်ကူညီနိုင်ရင် ကူညီ မယ်။ အမှန်အတိုင်း မပြောဘဲ ဖွတ်အတင်းခွဲထုတ်ခိုင်းနေရင်တော့ ခင်ဗျား ဒီအခန်းထဲက အမြန်ဆုံးထွက်သွားပေတော့။''

ဆရာဝန်ကြီး ဦးသိန်းနိုင်မှာ ဒေါသဖြစ်လွန်း၍ မျက်နှာကြီး နီမြန်းကာ ဒေါ်နှင်းရည်ကို နှင်လွှတ်လေတော့သည်။ ထိုအခါကျမှ ဒေါ်နှင်းရည်မှာ ဝမ်းနည်းစွာဖြင့် တသိမ့်သိမ့် ရှိုက်ငိုနေ၏။ ပြီးမှ –

''ဒီလိုပါ ဆရာကြီးရယ်။ ကျွန်မကို ကူညီပါ။ ကျွန်မ အမှန် အတိုင်း ပြောပြပါတော့မယ်။''

အခန်း ( ၉ )

''ကျွန်မနဲ့ ကျွန်မခင်ပွန်း ကိုကျော်ဝင်းတို့ဟာ လေးထောင့်ကန် ဆိုတဲ့ ရွာလေးမှာ ဆန်စက်လုပ်ငန်း လုပ်ကိုင်ကြပါတယ်။ ကျွန်မ သားလေး ကိုယ်ဝန်လွယ်ထားရစဉ်မှာပဲ မျက်စိနာဖြစ်လို့ မိတ်ဆွေ တစ်ယောက်ရဲ့ တိုက်တွန်းမှုနဲ့ မျက်စဉ်းတစ်မျိုးကို ခပ်မိပါတယ်။ ဆရာဝန်မညွှန်ကြားဘဲ ခပ်လိုက်တဲ့ မျက်စဉ်းကြောင့် ကျွန်မမျက်စိတွေ ကွယ်ခဲ့ရပါတယ်။

သားလေးမွေးပြီး ခြောက်လအရွယ်လောက်မှာ မင်းဒင်ဆိုတဲ့ ဆန်စက်အလုပ်သမားတစ်ယောက်ဟာ ကလေးနေမကောင်းလို့ဆိုပြီး

ငွေလာချေးပါတယ်။ မင်းဒင်ဟာ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ မကြာခဏ ငွေကြိုထုတ်တတ်သူတစ်ဦးပါ။ ဒါကြောင့် ကျွန်မခင်ပွန်း ကိုကျော်ဝင်းက မယုံတာနဲ့ ငွေမပေးလိုက်ပါဘူး။ အဲဒီညမှာပဲ အိမ်ရှေ့ ဘုရားခန်းမှာ ကျွန်မဘုရားရှိခိုးနေတုန်း နောက်ဖေးခန်းကို မီးလောင် ပါတယ်။ သားလေးကို ဝင်ကယ်မလို့ လုပ်ပေမဲ့ မီးအပူရှိန်ကြောင့် မကယ် နိုင်ခဲ့ပါဘူး။ အိပ်ခန်းထဲမှာ ရှိတဲ့သားလေးကို ကိုကျော်ဝင်းက ဝင်ကယ် ပါတယ်။ ကံဆိုးချင်တော့ သားလေးရော ကိုကျော်ဝင်းပါ မီးလောင်လို့ သေဆုံးသွားပါတယ်။''

''လူတွေရဲ့ ပြောစကားအရ အဲ့ဒီညက မင်းဒင်ကို မီးမလောင် မီ အချိန်လေးတင် ကျွန်မတို့ အိမ်နားမှာ တွေ့လိုက်တယ်တဲ့။ မင်းဒင် ဟာပိုက်ဆံချေးမရလို့ ဒေါသဖြစ်တာနဲ့ နောက်တစ်ကြိမ် ပြန်လာပြီး အိမ်ကို မီးရှို့တာ ဖြစ်ပါလိမ့်မယ်။ မင်းဒင်တို့ လင်မယားလည်း အဲ့ဒီညကတည်းက ရွာကပျောက်သွားပါတယ်။''

''ကံတရားဟာ အလွန်ဆန်းကြယ်ပါတယ် ဆရာ၊ ကျွန်မအခု မြင်နေရတဲ့ မျက်လုံးရဲ့ မျက်ကြည်လွှာပိုင်ရှင်ဟာ မင်းဒင်ပါပဲ။''

''ဟင် – ဘယ်လိုဖြစ်တာလဲ ဒေါ်နှင်းရည်ရဲ့။ ကျွန်တော်ဖြင့် နားတောင် မလည်တော့ဘူး။ ရှင်းပြစမ်းပါအုံး။''

''ဒီလိုပါ ဆရာ။ မင်းဒင်ဟာ အဲဒီညက အိမ်ကို မီးရှို့ပြီး လင်ရော မယားပါ ပျောက်သွားကြပါတယ်။ အမှန်တော့ ရန်ကုန်မြို့ပေါ်ကို ပြောင်းပြေးသွားကြတာပါ။''

''သူတို့ကို ကျွန်မစုံစမ်းပေမယ့် ဘာသတင်းမှ မရခဲ့ပါဘူး။ တစ်နေ့မှာ သူတို့ လင်မယားဟာ မြို့ထဲသွားတုန်း မင်းဒင်ကို ကားတိုက် ခံရတယ်။ ကားတိုက်ခံရတဲ့ မင်းဒင်ဟာ မျက်ကြည်လွှာ ကြိုတင်လှူဒါန်း

ထားတာကို သိတဲ့ သူ့ဇနီးထွေးလှက ဆေးရုံကို ပြောပြလို့ ဆေးရုံကြီးက မျက်စိဆေးရုံကို ဖုန်းဆက်တယ်။ မျက်စိဆေးရုံကလည်း ချက်ချင်းရောက်လာပြီး မင်းဒင်ရဲ့ မျက်လုံးက မျက်ကြည်လွှာကို ထုတ်ယူသွားတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ဆရာရယ်။ မင်းဒင်ရဲ့ မျက်ကြည်လွှာက ဆရာ ကျွန်မကို တပ်ဆင်ပေးခဲ့တဲ့ မျက်လုံးဖြစ်နေတယ် ဆရာ။''

''ထူးဆန်းလိုက်တာ ဒေါ်နှင်းရည်ရယ်။''

''ဒါထက် ထူးဆန်းပြီး အံ့ဩဖို့ကောင်းတာရှိသေးတယ် ဆရာရေ။''

''ဗျာ – ဟုတ်လား။ ပြောစမ်းပါအုံး ဒေါ်နှင်းရည်။''

''မင်းဒင်ရဲ့ လက်ချက်ကြောင့် ကျွန်မရဲ့ သားလေးနဲ့ ခင်ပွန်းတို့ သေဆုံးရတယ်။ ဒါတင်မက ကျွန်မအခု မွေးစားထားတဲ့ ကျွန်မရဲ့ အသက်တမျှ ချစ်ရတဲ့ သားလေးဟာ မင်းဒင်ရဲ့ သားလေးဖြစ်နေတယ်''

''ဗျာ – မင်းဒင်ရဲ့သား ဟုတ်လား''

''ဟုတ်ပါတယ် ဆရာ။ မင်းဒင်အကြံပက်စက်သလို သူ့မိန်းမထွေးလှကလည်း ကောက်ကျစ်တယ် ဆရာ။ ဆင်းရဲမွဲတေလှတဲ့ သူတို့ဘဝထဲက သားလေးကို လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် အဆင်ပြေတဲ့ ကျွန်မဆီကို မွေးစားဖို့ အမျိုးသမီးတစ်ယောက်ကို တစ်ဖက်လှည့်နဲ့ လာပေးခိုင်းတယ်။ ကျွန်မဟာ မုဆိုးမဘဝနဲ့ အထီးကျန်နေတဲ့ အချိန်မှာ ဒီကလေးကိုလည်း မြင်လိုက်ရော သံယောဇဉ်ချက်ချင်း ဖြစ်သွားတယ်။ မွေးစားဖို့လည်း သဘောတူလိုက်တယ်။ သံယောဇဉ်က ချက်ချင်းဖြစ်မှာပေါ့ ဆရာရယ်။ ကျွန်မရဲ့ မျက်လုံးတွေဟာ မင်းဒင်ရဲ့ မျက်လုံးတွေဖြစ်နေ တာကိုး။ ဖခင်တစ်ယောက်ရဲ့ မျက်လုံးကို တပ်ဆင်ထားတဲ့ ကျွန်မအနေနဲ့ သူ့သားကို မြင်လိုက်ရတဲ့အချိန်မှာ သံယောဇဉ်

ချက်ချင်းဖြစ်မိတာ မဆန်းပါဘူးဆရာ။''

''ကျွန်မရဲ့ ဘဝဟာ ဘယ်လောက် ကံဆိုးလိုက်သလဲ ဆရာ။ သားနဲ့ ခင်ပွန်းဟာ မင်းဒင်ဆိုတဲ့ လူယုတ်မာကြောင့် သေဆုံးရတယ်။ ပြီးတော့ သူ့ရဲ့ သားကိုလည်း ကျွန်မက စည်းစိမ်တွေ ပုံပေးပြီး ပြုစု ပျိုးထောင်ပေးရတယ်။''

''နေစမ်းပါဦး၊ ဒေါ်နှင်းရည်က ဒီအကြောင်းတွေကို ဘယ်က သိတာလဲ။''

''ဒီလိုပါ ဆရာ။ ကျွန်မဟာ ကျွန်မရဲ့ မျက်စိကို ပြန်မြင်ရအောင် မျက်ကြည်လွှာ လှူဒါန်းသွားတဲ့ အလှူရှင်ကို သားကတစ်ဆင့် စုံစမ်းခဲ့ပါတယ်။ အဲ့ဒီအခါ မျက်ကြည်လွှာလှူဒါန်းသွားတဲ့ လူရဲ့ အမည်ဟာ ဦးတင့်ဝေလို့ သိခဲ့ရပါတယ်။ တကယ်တော့ ဦးတင့်ဝေဆိုတာက မှတ်ပုံတင်ထဲက နာမည်ပါ။ အပြင်မှာတော့ သူ့ကို မင်းဒင်လို့ပဲ ခေါ်ကြပါတယ်။''

''ဒါနဲ့ ကျန်ရစ်ခဲ့တဲ့ သူ့မိန်းမကို ကျေးဇူးဆပ်ဖို့ သူ့အိမ်ကို ရောက်သွားခဲ့ပါတယ် ဆရာ။ သူ့မိန်းမကတော့ တရားရိပ်သာဝင်နေလို့ မတွေ့ခဲ့ပါဘူး။ တစ်ချိန်က ကျွန်မကို ကလေးမွေးစားဖို့လာပေးတဲ့ အမျိုးသမီးပဲ တွေ့ရပါတယ်။ အဲဒီ အမျိုးသမီးရဲ့ ပြောပြချက်အရ ဦးတင့်ဝေဟာ မင်းဒင်ဖြစ်ကြောင်းနဲ့ သူ့ဇနီးဟာ ထွေးလှဖြစ်ကြောင်း သိလိုက်ရတယ်။ ဒါတင်မက ကျွန်မကို မွေးစားဖို့ လာပေးတဲ့ သားလေး သုခအောင်ဟာ မင်းဒင်နဲ့ ထွေးလှတို့ရဲ့ သားဖြစ်ကြောင်းလည်း သိခဲ့ရတယ်။ ထွေးလှဟာ မင်းဒင်မရှိတော့တဲ့ နောက်ပိုင်း စီးပွားရေး မပြေလည်တော့ သူ့သားကို အဆင်ပြေတဲ့ ကျွန်မဆီကို လွှတ်ပြီး မွေးစားခိုင်းတာတဲ့ ဆရာ။''

"ဖြစ်ရလေဗျာ။ ကိုယ့်သားသမီး အရင်းကို သူစိမ်းဆီ မွေးစားဖို့ ပေးတယ်ဆိုတာ မယုံနိုင်လောက်အောင်ပါပဲ ဒေါ်နှင်းရည်။"

"မှန်ပါတယ် ဆရာ။ သူတို့လင်မယားက လိုက်ဖက်ညီတယ်။ မင်းဒင်က ရက်စက်သလို ထွေးလှကလည်း ဉာဏ်များတယ်။ သားနဲ့ အဖေကို သတ်ရုံမက သူ့သားကိုပါ ကျွန်မရဲ့ စည်းစိမ်တွေကို အပိုင်စီးဖို့ ကြံစည်တယ်။ ဒီအကြောင်းတွေကို သိလိုက်ရတဲ့ အချိန်ကစပြီး ညအိပ်ရင် အိမ်မက်ထဲမှာ မင်းဒင်က ရောက်လာပြီး ကျွန်မကို အမိန့်ပေးတယ်"

"ဘယ်လိုတွေများ အမိန့်ပေးလို့လဲ ဒေါ်နှင်းရည်"

"ငါ့မျက်လုံးကြောင့် နင်ပြန်မြင်ရတာ ဖြစ်တယ်။ ဒါ့ကြောင့် ငါ့သားကို နင်တစ်သက်လုံး ဂရုစိုက်ရမယ်။ ဂရုမစိုက်ရင် ငါ့မျက်လုံးကို ငါပြန်ယူမယ်လို့ ညတိုင်းလိုလို အိမ်မက်ထဲမှာ လာပြောနေတယ် ဆရာ။ မျက်လုံးကလည်း နာကျင်ကိုက်ခဲလာတယ်။ ငယ်စဉ်ကတည်းက ပြုစုယုယလာရတဲ့ သားလေး သုခအောင်ကို မိခင်ရင်းထက်တောင် ကျွန်မ ပိုချစ်ပါတယ်။ အဖေနဲ့ အမေရဲ့ အပြစ်တွေဟာ သူနဲ့ ဘာမှမဆိုင်ပါဘူး ဆရာ။ ဒါပေမယ့် ကျွန်မသံသယဖြစ်နေတာ တစ်ခုရှိတယ်။"

"ဘာကို သံသယဖြစ်နေကာလဲ။ ပြောစမ်းပါဦး။"

"သားလေးသုခအောင်ကို ကျွန်မချစ်မိနေတာဟာ မင်းဒင်ရဲ့ မျက်လုံးကြောင့်များလားလို့ သံသယဖြစ်မိတယ် ဆရာ။ တကယ်လို့ မင်းဒင်ရဲ့ မျက်လုံးကို ကျွန်မသာ တပ်မထားဘူးဆိုရင် သူ့ကို ချစ်မှ ချစ်ပါ့မလားလို့လည်း ထင်မိတယ်။ ဒါပေမယ့် ဆရာရယ်။ ကျွန်မရဲ့ ဘဝ တစ်ခုလုံးကို ဖျက်ဆီးခဲ့ပြီး ကျွန်မမုန်းတီးရွံရှာလွန်းတဲ့ ရန်သူရဲ့ မျက်လုံးနဲ့တော့ ကျွန်မသိပ်ချစ်လွန်းတဲ့ သားလေးကို မချစ်ချင်ဘူး ဆရာ။ သူ့အဖေလူယုတ်မာ မင်းဒင်ရဲ့ မျက်လုံးကြောင့် ချစ်တာမဟုတ်ဘဲနဲ့

ကျွန်မရဲ့ သန့်ရှင်းစင်ကြယ်တဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာတရားကြောင့် သူ့အပေါ် ချစ်မိတယ်ဆိုတာကို သက်သေပြချင်တယ်၊ သားလေး သုခအောင်အပေါ်မှာ သူ့ကို စွန့်ပစ်သွားတဲ့ မိခင်ရင်းထက် ကျွန်မက ပိုချစ်တယ်ဆိုတာကို မျက်မမြင်ဘဝနဲ့ သက်သေပြပါရစေဆရာရယ်။''

ဒေါ်နှင်းရည်၏ မျက်ရည်များကြားမှ ဝမ်းနည်းကြေကွဲစွာဖြင့် ပြောနေသော စကားများကို နားထောင်ရင်း မျက်စိအထူးကု ဆရာဝန်ကြီး ဦးသိန်းနိုင်မှာလည်း စိတ်မကောင်းဖြစ်လျက်ရှိသည်။ ဒေါ်နှင်းရည်က တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်ထားဟန်ဖြင့် ဆက်ပြောသည်။

''တကယ်လို့ ဆရာက ကျွန်မမျက်လုံးကို ခွဲမထုတ်ပေးဘူးဆိုရင် ဆရာ့ကိုတော့ စော်ကားတယ်မထင်ပါနဲ့ ဆရာ။ ငွေပုံပေးလို့ရတဲ့ တခြားဆရာဝန်တစ်ယောက်ကို ရှာပြီး ခွဲထုတ်ခိုင်းမယ်ဆရာ။ နောက်ဆုံး ဘယ် ဆရာဝန်မှ ခွဲမထုတ်ပေးဘူးဆိုရင် ကျွန်မမျက်လုံးကို ကျွန်မ ဖာသာဖောက်ထုတ်ပစ်မယ်ဆရာ။ အိပ်မက်ဆိုးတွေကြားမှာ စိတ်ပင်ပန်း ဆင်းရဲတဲ့ ဒဏ်တွေကို ကျွန်မ မခံစားနိုင်လွန်းလို့ပါ ဆရာရယ်။''

ဒေါ်နှင်းရည်၏ စိတ်အခြေအနေကို ရိပ်စားမိသော ဆရာဝန်ကြီး ဦးသိန်းနိုင်မှာလည်း မည်သို့ ပြန်ပြောရမည်ကို စဉ်းစားရခက်နေ၏။ အကယ်၍များ ဒေါ်နှင်းရည်ပြောသကဲ့သို့ စိတ်လိုက်မာန်ပါ ပြုလုပ်လျှင် အသက်အန္တရာယ် ထိခိုက်မည့် အရေးကို စိုးရိမ်မိလျက်ရှိသည်။ ခဏကြာသော် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် –

''ကောင်းပြီ ဒေါ်နှင်းရည်။ ကိုယ်ဖာသာလည်း မျက်လုံးကို ထိုးဖောက်မနေပါနဲ့။ အသက်အန္တရာယ် ဖြစ်နေပါ့မယ်။ ကျွန်တော့်ကို လည်း ငွေပုံပေးစရာမလိုပါဘူး။ ဒေါ်နှင်းရည် သိပ်ပြီး စက်ဆုပ်ရွံရှာနေတဲ့ မျက်လုံးကို မေ့ဆေးပေးပြီး ကျွန်တော်ခွဲထုတ်ပေးပါ့မယ်။ ဟောဒီ

မှာ မျက်လုံးခွဲစိတ်ဖို့ သဘောတူကြောင်း လက်မှတ်ထိုးပြီးရင် ဆေးရုံတက်ပေတော့။''

''ကျေးဇူးတင်လိုက်တာ ဆရာရယ်။''

အခန်း ( ၁၀ )

''ဘယ်လိုလဲ ဒေါ်နှင်းရည် သတိရလာပြီလား။ ခွဲထားတဲ့ ဒဏ်ရာက နာနေလား။ ပတ်တီးစည်းထားတာရော အဆင်ပြေရဲ့လား''

''ဟုတ်ကဲ့ သတိရပါပြီ ဆရာ။ ခွဲထားတဲ့ ဒဏ်ရာက သက်သာပါတယ်။ ပတ်တီးကလည်း အဆင်ပြေပါတယ်။ အခုမှပဲ စိတ်လက်ပေါ့ပါးသွားတော့တယ်။''

''အော် – ဒါနဲ့ ဒေါ်နှင်းရည်ကို မေးရအုံးမယ်။ အခု ကိုမင်းဒင်ရဲ့ မျက်လုံးကို ခွဲထုတ်လိုက်ပြီဆိုတော့ သားလေးအပေါ်မှာ ဒေါ်နှင်းရည်ရဲ့ အချစ်တွေလျော့များသွားပြီလား။ ကိုမင်းဒင်မျက်လုံးရှိတုန်းကလို သားလေးအပေါ်မှာ ချစ်သေးရဲ့လား။''

''ထူးဆန်းလိုက်တာ ဆရာရယ်။ သားလေးအပေါ်မှာ ထားတဲ့ ကျွန်မရဲ့ မိခင်မေတ္တာစိတ်ဟာ အရင်အတိုင်းပါပဲ။ မပြောင်းလဲပါဘူး။ ဒါဆိုရင် သားလေးအပေါ်မှာ ထားတဲ့ ကျွန်မရဲ့ သန့်ရှင်းစင်ကြယ်တဲ့ မေတ္တာဟာ မင်းဒင်ရဲ့ မျက်လုံးကြောင့်မဟုတ်တာ သေချာပြီ ဆရာ။ ကျွန်မရဲ့ မေတ္တာဟာ တစ်ကယ့်မိခင်မေတ္တာရင်းစိတ်နဲ့ ချစ်မိတာ သေချာပါတယ်။ ကျွန်မရဲ့မျက်စိအမြင်ပျောက်သွားပေမယ့် သားလေးအပေါ်မှာ ထားတဲ့ ချစ်ခြင်းမေတ္တာက မပျောက်ဘူးဆရာ။ ကျေးဇူးအများကြီးတင်ပါတယ်။''

''ကိစ္စမရှိပါဘူး ဒေါ်နှင်းရည်။ ဒေါ်နှင်းရည်ရဲ့ သံသယစိတ်တွေကင်းစင်ပပျောက်သွားအောင် လုပ်ပေးနိုင်တာကိုပဲ ဝမ်းသာလှပါပြီ။ ကဲ–

ပတ်တီးဖြေတဲ့ နေ့ကျမှပဲ ကျွန်တော့်ကို ကျေးဇူးတင်တဲ့အကြောင်း တဝကြီးပြောပေတော့။''

အခန်း ( ၁၁ )

''ကျွန်မကို တွေ့ချင်တယ်ဆိုတဲ့ ညွှန့်သည်က ရှင်လား။''

''ဟုတ်ပါတယ်ရှင်''

ဒေါ်နှင်းရည်မှာ မျက်နှာကို ပတ်တီးစီးထားရသဖြင့် ညွှန့်တွေ့ချိန်၌ ရောက်လာသော ညွှန့်သည်ကို မည်သူမည်ဝါမှန်းမသိချေ။ ထို့ကြောင့် ကုတင်ပေါ်တွင် လှဲနေရာမှ ထထိုင်လိုက်သည်။

''ရှင်က ဘယ်သူလဲ။ ရှင့်အသံကို ကျွန်မ မမှတ်မိဘူးရှင့်။''

''ဟုတ်ပါတယ်။ ကျွန်မနဲ့ ဒေါ်နှင်းရည်တို့ ကွဲကွာသွားတာ ၁၇နှစ်တောင် ကျော်သွားပြီလေ။ ကျွန်မဟာ ကိုမင်းဒင်ရဲ့မိန်းမ ထွေးလှ ပါ။''

''ဘာ – ထွေးလှ။ ဟုတ်လား။''

''ဟုတ်ပါတယ်။ ကျွန်မ ကိုမင်းဒင်ရဲ့ဇနီး ထွေးလှပါ။''

''ရှင် – ရှင် ဘာလာလုပ်တာလဲ။ ကျွန်မသားလေးကို လာပြန်ခေါ်တာလား။ မရဘူး။ မရဘူး။ ကျွန်မသူ့ကို သားအရင်းလို မေတ္တာမျိုးနဲ့မွေးလာခဲ့တာပါ။ ရှင် ဘာအကြံအစည်နဲ့ ထပ်ပြီး ရောက်လာခဲ့ရတာလဲ။ ကျွန်မရဲ့ ရင်သွေးလေးနဲ့ ယောက်ျားလည်း ရှင့်ယောက်ျား မင်းဒင်ယုတ်မာလို့ သေခဲ့ရပြီ။ ရှင်တို့ရဲ့သားကိုလည်း ကျွန်မပိုင်ဆိုင်ထားသမျှ ပေးဖို့ရည်ရွယ်ပြီးသား ဖြစ်နေပါပြီ။ ရှင်ဘာထပ်ပြီး ဒုက္ခပေးချင်လို့ လာရတာလဲ။''

''ကျွန်မ ရှင်းပြပါရစေ။ ဒေါ်နှင်းရည်။''

''အို –– ရှင်းပြမနေနဲ့၊ ရှင်ပြောတာတွေ ကျွန်မယုံမှာ

မဟုတ်ဘူး။ ပြန်ပါတော့ရှင်။''

''ကျွန်မစကားကို ဆုံးအောင်နားထောင်ပါအုံး ဒေါ်နှင်းရည်ရယ်။ ပြီးရင် ကျွန်မဘာမှ မတောင်းဆိုဘဲ အေးအေးဆေးဆေး ပြန်သွားပါ့မယ်။ ကျွန်မ အခု တရားရိပ်သာကနေ လာခဲ့တာပါ။ မဟုတ်မမှန်တာတွေကို မပြောဘူးဆိုတာ ယုံပါ ဒေါ်နှင်းရည်ရယ်။''

ဒေါ်နှင်းရည်မှာ ထွေးလုလု၏ စကားကြောင့် ဘာမှမပြောဘဲ အသာငြိမ်၍ နားထောင်လိုက်သည်။

''ကျွန်မရဲ့ ယောက်ျားကိုမင်းဒင်ဟာ ကလေးနေမကောင်းလို့ ဦးကျော်ဝင်းဆီမှာ ပိုက်ဆံလာချေးတာ အမှန်ပါ။ ဒါပေမယ့် မကြာခဏ အကြောင်းတစ်ခုခုပြပြီး ပိုက်ဆံလာချေးတတ်တဲ့ ကိုမင်းဒင်ကို ဦးကျော်ဝင်း မယုံတာနဲ့ ပိုက်ဆံမပေးလိုက်ဘူး။ ပိုက်ဆံအခက်အခဲကြောင့် သွေးလွန်တုပ်ကွေး ဖြစ်နေတဲ့ ကျွန်မကလေးဟာ ဆေးရုံကို အရောက်နောက်ကျခဲ့ရတယ်။ အဲဒီညက ဆေးရုံသွားတဲ့ ကျွန်မကလေးဟာ လမ်းတဝက်မှာပဲ ဆုံးပါးသွားခဲ့ပါတယ်။''

''အဲဒီ ဆုံးသွားတဲ့ ကလေးကိုကြည့်ပြီး ကိုမင်းဒင်ဟာ ဦးကျော်ဝင်းကို ဒေါသဖြစ်နေတယ်။ ဦးကျော်ဝင်းဆီက ပိုက်ဆံသာ ရခဲ့ရင် ဆေးရုံကို အချိန်မီ ရောက်မယ်။ အခုလို လမ်းတစ်ဝက်မှာ ဆုံးမှာ မဟုတ်ဘူးလို့ ထင်နေတယ်။ ဒါနဲ့ ဆုံးသွားတဲ့ ကလေးကို ရင်ခွင်မှာပွေ့ပြီး ဦးကျော်ဝင်းဆီကို ရန်တွေ့မလို့သွားတယ်။ တားမရတဲ့ ကျွန်မကတော့ အိမ်မှာ ကျန်ခဲ့ပါတယ်။''

''ကိုမင်းဒင်ဟာ ဦးကျော်ဝင်းအိမ်ကို အနီးဆုံးလမ်းဖြစ်တဲ့ အိမ်ရဲ့အနောက်ဖက်တံခါးက ဝင်ခဲ့တယ်။ အဲဒီအချိန်မှာပဲ အိပ်ခန်းထဲမှာ မီးလောင်နေတာကို တွေ့တယ်။ မီးတောက်ဟာ အလွန်ကြီးနေတာ

ကြောင့် ငြိမ်းသတ်ဖို့ မလွယ်ဘူး။ ဒါနဲ့ ကိုမင်းဒင်လည်း ကြောက်လန့်တကြား အော်ငိုနေတဲ့ ဒေါ်နှင်းရည်ရဲ့ သားလေးကို ကောက်ချီလိုက်တယ်။ ကလေးနှစ်ယောက်စလုံးကို ချီပြီး ဆင်းဖို့လုပ်ပေမယ့် ကျွန်မသားလေးက ကံဆိုးစွာနဲ့ ကျန်နေခဲ့တယ်။ ဒီဖြစ်ရပ်ကို အိမ်ရှေ့မှာ မီးငြိမ်းသတ်ဖို့ လုပ်နေတဲ့ လူအုပ်ကြီးက မသိလိုက်ကြဘူး။''

''ဟင် – ဒါဆိုရင် ကျွန်မသားလေးက မသေဘူးပေါ့နော်''

''မသေပါဘူး ဒေါ်နှင်းရည်''

''ဒါ – ဒါဆိုရင် မီးလောင်ပြီး ရုပ်ပျက်ဆင်းပျက်နဲ့ သေနေတဲ့ ကလေးဟာ ဒေါ်ထွေးလှရဲ့ ကလေးပေါ့နော်။ ဒါဆိုရင် ကျွန်မသားလေးက ဘယ်မှာလဲဟင်။''

''ဖြည်းဖြည်းပေါ့ ဒေါ်နှင်းရည်ရယ် ကျွန်မပြောပြပါ့မယ်။ ကိုမင်းဒင်က သူ့ကလေးသေရတာ ဦးကျော်ဝင်း ပိုက်ဆံမပေးလို့ဆိုပြီး ဒေါသဖြစ်ဖြစ်နဲ့ ကလေးကို အိမ်ခေါ်လာတယ်။ ဒေါ်နှင်းရည်ရဲ့ သားလေးဟာ အိမ်ရောက်တယ်ဆိုရင်ပဲ နို့ဆာလို့ ငိုပါလေရော။ ငိုနေတဲ့ ကလေးကို ကျွန်မလည်း ကျွန်မရဲ့ နို့ကို တိုက်လိုက်တယ်။ ဆုံးသွားတဲ့ ကျွန်မရဲ့ သားလေးနဲ့ အသက်အတူတူလောက်ပဲရှိတဲ့အတွက် နို့တိုက်ရတာ အဆင်ပြေတယ်။ ကျွန်မတို့လည်း ဆုံးသွားတဲ့ သားလေးအစားရတယ်ဆိုပြီး ညတွင်းချင်း ရွာကနေ ရန်ကုန်ကို ပြောင်းလာတယ်။''

''ကလေးသုံးနှစ်လောက်ရှိတဲ့ အချိန်မှာတော့ ကျွန်မနဲ့ ကိုမင်းဒင် မြို့ထဲသွားတုန်း ကိုမင်းဒင်ကို ကားတိုက်ခံရတယ်။ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနကို ရောက်ရောက်ချင်းပဲ ကိုမင်းဒင်လည်းဆုံးသွားတယ်။ ကိုမင်းဒင်ဟာ အပေါင်းအသင်းတွေရဲ့ တိုက်တွန်းမှုကြောင့် မသေခင်ကတည်းက မျက်ကြည်လွှာ လှူဒါန်းထားသူဖြစ်ပါတယ်။ ကျွန်မလည်း

ကိုမင်းဒင် ဆန္ဒပြည့်ဝအောင်ဆိုပြီး ဆေးရုံကြီးကနေ မျက်စိဆေးရုံကို ကိုမင်းဒင်ရဲ့ မျက်ကြည်လွှာ လာထုတ်ဖို့ အကြောင်းကြားခိုင်းလိုက်ပါတယ်။ ဆေးရုံ ကြီးက ဖုန်းဆက်တာနဲ့ မျက်စိဆေးရုံကလည်း ချက်ချင်း ရောက်လာပြီး ကိုမင်းဒင် မျက်ကြည်လွှာကို ထုတ်ယူသွားပါတယ်။''

''ကိုမင်းဒင်ရဲ့ မျက်ကြည်လွှာကို ဒေါ်နှင်းရည်မှာ တပ်ဆင် ထားတယ်ဆိုတာတော့ ဟိုတစ်နေ့က ဒေါ်နှင်းရည်တို့ ကျေးဇူးဆပ်မယ် ဆိုပြီး ကျွန်အိမ်ကို လာတုန်းက တွေ့ခဲ့တဲ့ အမျိုးသမီးပြောပြလို့ သိရပါ တယ်။''

''ဒါနဲ့ ကျွန်မရဲ့ သားလေးရော ဘယ်မှာလဲဟင်''

''ကိုမင်းဒင်ဟာ သူဆုံးကာနီးမှာ နောင်တရသွားတယ်။ သူ့ခေါ် လာတဲ့ ကလေးရဲ့ ဘဝနောင်ရေးကောင်းစားအောင် သူ့မိခင်ရင်းဖြစ်တဲ့ ဒေါ်နှင်းရည်ထံကို ပို့ခိုင်းတယ်။ ဒါနဲ့ ကျွန်မလည်း အိမ်နီးချင်း အမျိုး သမီးတစ်ယောက်ထံ အကူအညီတောင်းပြီး ဒေါ်နှင်းရည်ထံကို မွေးစားဖို့ ပို့ခိုင်းခဲ့တာပဲ။''

''ဟင် – ဒါဖြင့် ကျွန်မမွေးစားခဲ့တဲ့ သားလေးသုခအောင်ဟာ ကျွန်မရဲ့ သားအရင်းပေါ့။''

''ဟုတ်ပါတယ် ဒေါ်နှင်းရည်။ ကျွန်မဟာ ကျူးလွန်ခဲ့တဲ့ အပြစ် တွေကြောင့် ကိုယ်တိုင်ရင်မဆိုင်ရဲလို့ အခြားတစ်ယောက်ကို လွှတ်လိုက် ရတာ ခွင့်လွှတ်ပါနော်။ သားလေးသုခအောင် အပေါ်မှာ သံယောဇဉ်ရှိ ပေမယ့် သူ့ဘဝနောင်ရေးကောင်းစားအောင် အဆင်မပြေတဲ့ ကျွန်မ ဘဝထဲကနေ ပြည့်စုံကြွယ်ဝတဲ့ ဒေါ်နှင်းရည်ထံကို အရောက်ပို့ပေးခဲ့တာ ပါ။ သွေးက စကားပြောတယ်လို့ ဆိုရမှာပဲ။ ဒေါ်နှင်းရည်ကလည်း သားလေး သုခအောင်ကို မြင်မြင်ချင်း မေတ္တာသက်ဝင်ပြီး မွေးစားချင်

တယ်ဆိုလို့ ကျွန်မဝမ်းသာပါတယ်။''

''အော် – ကျွန်မက ကိုမင်းဒင်ရဲ့ မျက်လုံးကြောင့် သူ့သား ဖြစ်တဲ့ သုခအောင်ကို မြင်မြင်ချင်း ချစ်မိတယ်လို့ ထင်နေမိတာကိုး။ အခုတော့ ဒုက္ခပါပဲရှင်။''

''ဘာဖြစ်လို့လဲ ဒေါ်နှင်းရည်ရဲ့။''

''ကျွန်မက သားလေးသုခအောင်ကို ချစ်မိတာဟာ ကျွန်မရဲ့ ဖြူစင်တဲ့ ပင်ကိုယ်မိခင်မေတ္တာစိတ်ကြောင့် ချစ်မိတာလို့ မထင်ဘဲ ကိုမင်းဒင်ရဲ့ မျက်လုံးကိုတပ်ဆင်ထားလို့ သူ့သားဖြစ်တဲ့ သုခအောင်ကို ချစ်တာလို့ ထင်ပြီး ကျွန်မမျက်လုံးကို ခွဲထုတ်လိုက်ပြီ။''

''ဟင် – ဖြစ်မှဖြစ်ရလေ မနှင်းရည်ရယ်။ ဒါဖြင့် ဒုက္ခတော့ ရောက်ပါပြီ။ အရင်လို ပြန်မြင်ရအောင် မျက်ကြည်လွှာတစ်ခုခု ပြန်တပ် ပေးဖို့ ဆရာဝန်ကြီးကို ကျွန်မတို့ သွားပြောကြည့်ရအောင် ဒေါ်နှင်းရည်''

အခန်း ( ၁၂ )

''ဟာ – ဘယ်ရမလဲ ဒေါ်နှင်းရည်ရဲ့။ ကျွန်တော်တို့ ဆရာဝန် တွေက လူနာတစ်ယောက်ကို ကောင်းအောင်လုပ်လိုက်၊ ဆိုးအောင် လုပ်လိုက်၊ ပြီးတော့ ပြန်ကောင်းအောင်လုပ်လိုက်နဲ့ စိတ်ထင်တိုင်း လုပ်လို့ မရဘူးဗျ။ ဒေါ်နှင်းရည်ပဲ ကျွန်တော်ခွဲမထုတ်ပေးရင် ကိုယ့်ဖာသာ ကိုယ် ထိုးဖောက်ပစ်မယ်ဆို။ ဒါ့ကြောင့် ကျွန်တော်က အသက်အန္တရာယ် မဖြစ်အောင် စေတနာနဲ့ အကူအညီပေးလိုက်တာလေ။''

''ကျွန်မ ဘဝဆုံးပါပြီ ဆရာရယ်။ သားလေးအပေါ်မှာ ကျွန်မ အနေနဲ့ ကိုမင်းဒင်မျက်လုံးကြောင့် ချစ်မိသွားတယ်ဆိုတဲ့ သံသယစိတ်ဟာ မှားတယ်ဆရာ။ တကယ်တော့ သားလေးသုခအောင်ဟာ မင်းဒင်– ထွေးလှတို့ရဲ့ သားမဟုတ်ပါဘူး။ ကျွန်မရဲ့ ဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့

သွေးရင်းသားရင်းပါ။ ကျွန်မမျက်လုံးမှာ တပ်ဆင်ထားတဲ့ သူတစ်ပါးရဲ့ မျက်လုံးက မျက်ကြည်လွှာလေးတစ်ခုဟာ နှလုံးသားက ပေါက်ဖွားလာတဲ့ တုန္ဒိုင်းမရတဲ့ မိခင်မေတ္တာကို မလွှမ်းမိုးနိုင်ပါဘူးဆိုတာ ကျွန်မသဘောပေါက်ပါပြီ။ ကျွန်မ မှားပါတယ်ဆရာ။ ဒါ့ကြောင့်လည်း ကျွန်မသားလေးရဲ့ ဘဝခရီးလမ်းတစ်လျှောက်ကို ကျွန်မဟာ မျက်မမြင် ဒုက္ခိတနဲ့ပဲ မိခင်မေတ္တာကို ဖြည့်စွမ်းပေးနိုင်တော့မယ်။ ဝမ်းနည်းဖို့ကောင်းလိုက်တာ ဆရာကြီးရယ်။''

''မတတ်နိုင်ဘူး ဒေါ်နှင်းရည်။ ကျွန်တော့်ရဲ့ စေတနာက ဝေဒနာဖြစ်သွားပြီပေါ့။ ကဲ - ကြာပါတယ်ဗျာ။ ဒေါ်နှင်းရည် မျက်နှာက ပတ်တီးကို ဖြေတော့မယ်။''

ဆရာဝန်ကြီး ဦးသိန်းနိုင်သည် ဒေါ်နှင်းရည်မျက်နှာပြင်က ပတ်တီးများကို တရစ်ချင်းခွာချနေသည်။ နောက်ဆုံး ပိတ်စကို ဖြေလိုက်သည်။

''အိုး - အလင်းရောင်က စူးလိုက်တာ။ ဟာ - ကျွန်မမျက်လုံးက မြင်ရသေးတယ်။''

''ဟင် - ဒေါ်နှင်းရည်။ ရှင့်မျက်လုံးက မခွဲရသေးဘူး အရင်အတိုင်းပါပဲလား။''

ဒေါ်နှင်းရည်နှင့် ထွေးလှတို့မှာ နားမလည်နိုင်အောင်ဖြစ်သွားကြသော်လည်း သူတို့မျက်နှာပေါ်တွင် ဝမ်းသာပျော်ရွှင်မှုများဖုံးလွှမ်းနေသည်။ ဆရာဝန်ကြီး ဦးသိန်းနိုင်က ဤသို့ ရှင်းပြသည်။

''ကဲ - ကဲ နားထောင်ကြပါ။ ဆရာဝန်ဆိုတာ အယုတ်အလတ် အမြတ် မရွေး လူနာတိုင်းရဲ့ အသက်ကို နောက်ဆုံးအချိန်အထိ မရရတဲ့နည်းနဲ့ ကယ်ရတဲ့ သူတွေပါ။ ရောဂါဝေဒနာ ခံစားနေရပြီး

မျှော်လင့်ချက်လုံးဝမရှိတော့တဲ့ လူနာတစ်ယောက်ကိုတောင် ခံစားနေရတဲ့ ဝေဒနာ သက်သာပါစေဆိုပြီး ညင်ညင်သာသာနဲ့ သေအောင် ဆေးမထိုး ပေးကြပါဘူးဗျာ။''

''ကျွန်တော်တို့ မျက်စိဆရာဝန်တွေဟာလည်း ဒီအတိုင်းပါပဲ။ အမြင်အာရုံ လုံးဝကွယ်နေတဲ့ သူကိုတောင်တတ်စွမ်းသမျှ ကြိုးစား အားထုတ်ပြီး အမြင်အာရုံ ပြန်ရအောင် ကုသပေးကြပါတယ်။ အမြင်အာရုံ ကောင်းနေတဲ့ လူနာတစ်ယောက်ကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ အမြင်အာရုံပျောက်ကွယ်အောင် လုပ်မပေးကြပါဘူး။''

''ကျွန်တော်က ဒီလိုစီစဉ်ထားတာပါ။ ဒေါ်နှင်းရည်ဟာ သူ့ရဲ့ ဖြူစင်တဲ့ မေတ္တာစိတ်နဲ့ မောင်သုခအောင်အပေါ် ချစ်နေတာကို ကိုမင်းဒင် ရဲ့ မျက်လုံးကြောင့်လို့ သံသယဝင်ပြီး စိတ်ရောဂါဖြစ်နေတယ်။ ဒါပေမယ့် ဒေါ်နှင်းရည်ကို စိတ်ရောဂါကု ဆရာဝန်နဲ့ ပြခိုင်းရင်လည်း ဖြစ်ရပ်တွေ က တိုက်ဆိုင်လွန်းနေတာကြောင့် လက်ခံမှာ မဟုတ်ဘူး။ ဘယ်မျက်စိ ဆရာဝန်ကမှလည်း ကောင်းနေတဲ့ သူမျက်လုံးကို ခွဲထုတ်ပေးမှာ မဟုတ် ဘူး။ ဒါဆိုရင် သူ့မျက်လုံးကို သူတစ်ခုခုလုပ်လိုက်မှာ ကျွန်တော် စိုးရိမ် မိတယ်။''

''ဒီတော့ ကျွန်တော်က ဒေါ်နှင်းရည်ရဲ့ ကုသမှုအစီအစဉ်တွေ ကို ဒီလိုစီစဉ်ထားပါတယ်။ ပထမ မေ့ဆေးဆရာဝန်ကြီးနဲ့ တိုင်ပင်ပြီး ခွဲစိတ်ခန်းထဲထည့်မယ်။ ပြီးရင် အိပ်ဆေးထိုးမယ်။ မျက်လုံးကို ပတ်တီး စည်းထားပြီး သတိရလာတဲ့ အချိန်မှာ မျက်လုံးကို ခွဲထုတ်လိုက်ပြီလို့ ပြောထားမယ်။ ပတ်တီးကို မဖြေဘဲ ဆေးရုံတက်နေစဉ်မှာပဲ စိတ်ရောဂါကု ဆရာဝန်နဲ့ ပြပေးမယ်။ မင်းဒင်မျက်လုံးကြောင့် သားလေးသုခအောင် အပေါ်မှာ သူချစ်တာမဟုတ်ဘူးဆိုတဲ့ သံသယစိတ်ပပျောက်သွားတဲ့အခါ

ကျမှ အကျိုးအကြောင်းအမှန်ကိုပြောပြီး ပတ်တီးကို ဖြေမယ်လို့ စဉ်းစားထားတာပါ။''

''ဒါပေမယ့် အခုလို မထင်မှတ်ဘဲ ကံကောင်းထောက်မစွာနဲ့ ဒေါ်ထွေးလှရဲ့ အဖြစ်အပျက်အမှန်ကို ရှင်းပြပေးမှုကြောင့် စိတ်ရောဂါကု ဆရာဝန်နဲ့ ပြဖို့မလိုတော့ပါဘူး။ ဒါကြောင့်လည်း အချိန်မတိုင်မီ ပတ်တီး ဖြေပေးလိုက်တာပေါ့ ဒေါ်နှင်းရည်ရယ်။''

''ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်။ ကျွန်မရဲ့ ပြောမှား ဆိုမှား ရှိခဲ့တဲ့ ကိစ္စတွေကိုလည်း တောင်းပန်ပါတယ်။ ဆရာကြီးကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူးရှင်။''

''ကဲပါဗျာ။ ဘယ်လို ကျေးဇူးတင်ရမှန်းမသိလည်း ကျေးဇူး တင်မနေပါနဲ့တော့။ ဆရာဝန်ဆိုတာ ကိုယ်ကုသပေးလိုက်တဲ့ လူနာ တစ်ယောက် ရောဂါပျောက်ကင်းသွားရင် ဝမ်းသာပီတိ ဖြစ်ရပါတယ်။ လူနာတွေဆီက တုန့်ပြန်လာမယ့် မေတ္တာကို မျှော်လင့်တောင့်တနေတဲ့ သူတွေမဟုတ်ကြပါဘူး။ ကဲ – ဟောဟိုက ဆေးရုံထဲကို ဝင်လာတဲ့ သားလေး မောင်သုခအောင်ရဲ့ အပေါ်မှာသာ ဒေါ်နှင်းရည်ရဲ့ သံသယ တိမ်ညိုတွေ ကင်းစင်သွားရင် အမေ့မေတ္တာ လပြည့်ဝန်းကြီးကို ထိန်ထိန် ဖြာအောင် သာလိုက်ပေတော့ဗျာ။''

သက်ဝေမောင်

စိမ်းလန်းရွှေပြည်စာပေပြိုင်ပွဲဝတ္ထုတိုပေါင်းချုပ်(စာမူ)
တတိယဆု